

# သူ့ဝိညာဉ်နှင့် ကိုယ့်နှလုံးသား

မြတ်ငြိမ်း

**Devil's Gamble**

FRANK G. SLAUGHTER

ဒုတိယတွဲ

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၈၉ /၉၇ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀ /၉၈ (၈) |
| မျက်နှာဖုံးပုံနှိပ်သူ | ဦးတိုးဝင်း (၀၂၄၃၁)၊<br>နေလရောင်အော့ဖ်ဆက်<br>(၉၆/ခ) ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | အောင်စေတနာ ပုံနှိပ်တိုက်<br>(၉၀) ဝေပုလ္လ(၂)လမ်း၊ ဃ/ရပ်ကွက်၊<br>မြောက်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးသန်းမြင့်၊ လင်းလင်းစာပေ<br>၄/၂၉၊ မြဝတီမင်းကြီးလမ်း၊<br>၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | ပိုက်ပိုက် |
| ပုံနှိပ်မှတ်တမ်း | ပထမအကြိမ်။<br>၂၀၀၀–ပြည့်နှစ်၊ မတ်လ၊ |
| အုပ်ရေ | ၅၀၀ |
| စာအုပ်ချုပ် | ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | (၁;၁) ကျပ်။ |


# သူ့ဝိညာဉ်
## နှင့်
# ‘ကိုယ့်နှလုံးသား
## မြတ်ငြိမ်း

**Davil's Gamble**

FRANK G.
SLAUGHTER

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး – ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး – ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး – ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စု သားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြတ်ငြိမ်း

# သူ့ဝိညာဉ်နှင့် ကိုယ့်နှလုံးသား

(ဒုတိယပိုင်း)

( ဒုတိယပိုင်း )

'လာပြန်ပြီလား'

'ကျွန်မမိဘတွေဆုံးပါးသွားတော့ ကျွန်မအသက်သုံးနှစ်ပဲ ရှိသေးတယ်၊ ဦးလေးဖျော့က ကျွန်မကို ဒီ.ထက် ပိုပြီး မကြွင်နာ နိုင်တော့လောက်အောင် ကြင်နာခဲ့ပါတယ်၊ ဒါပေမယ့်လဲ ကျွန်မကို လောကကြီးအလယ်မှာ တစ်ယောက်တည်း ထားခဲ့ရမလားဆိုပြီး သူတို့ကို ကျွန်မ နာကြည်းနေတာရှင့်၊ ကျွန်မ အရွယ်ကလေး ရလာတော့ ကျွန်မရဲ့ ခံစားချက်ဟာ ဆင်ခြင်ဝံ တရားနဲ့ မကိုက်ညီဘူးဆိုတာ သဘောပေါက်လာတယ်၊ ဒါပေမယ့် ငါဟာ မိဘမဲ့ကလေး တစ်ယောက်ပါလား၊ တခြားကလေးတွေလို မိဘအစစ်တွေ မရှိပါလား ဆိုပြီး တခြား လူတွေကိုရော၊ ကမ္ဘာလောကကြီးကိုပါ အမျက်သို ရန်လိုနေတဲ့စိတ်ကို ဖျောက်ဖျက်နိုင်ဖို့ အချိန်အတော် ယူခဲ့ရတယ်လေ။

'လင်းကတော့ သူ့ရင်မှာအမြစ်တွယ်နေတဲ့ အမုန်းတရားကို ဖျောက်ဖျက်ဖို့မကြိုးစားခဲ့ဘူး ထင်တာပဲ၊ဘာပဲ ဖြစ်ဖြစ်သူက ကမ္ဘာလောကကြီးကို လက်စားချေဖို့ပဲ အမြဲအားထုတ်ခဲ့တယ်၊ သူ အားထုတ်ပုံ အားထုတ်နည်းက နောက်တစ်ကြိမ်ကျရင် ဒီတစ်ကြိမ်ဖောက်ခွဲခဲ့တဲ့ ယမ်းဗုံးထက် ကြီးတဲ့ဗုံးကို ဖောက်မယ်၊ ဒီတစ်ခါသေတဲ့ အရေအတွက်ထက် ပိုပြီးသေအောင် လုပ်မယ်ဆိုတဲ့ အားထုတ်နည်း ဖြစ်နေတယ်'

'အဲဒီအကြောင်းကို ခင်ဗျာ့စာအုပ်ထဲမှာ ထည့်ရေးထားသေးလား'

'ဟုတ်ကဲ့'

'သူဟာ ခင်ဗျားကို စနစ်တကျ အသုံးချခဲ့တယ်လို့များ တစ်ခါမှ မတွေးခဲ့မိဘူးလား၊ သူ့ဆန္ဒအတိုင်း လူတွေကသူ့ကို ထင်မြင်လာအောင် ခင်ဗျားကတစ်ဆင့်ပြောပြဖို့ ခင်ဗျားကို အသုံးချတာမျိုးလေ'

'သူ ကျွန်မကို အသုံးချခဲ့တာ သိပ်သေချာပေါ့၊ ကနဦးပိုင်းတုန်းကလေ'

သည်လို အမေးခံရသည့်အတွက် စိတ်ဆိုးပုံမပေါ်။ သည်အတွက် မိုက် အံ့အားသင့်မိ၏။

'ဒါပေမယ့် သူ ထောင်ထဲမှာရှိနေတုန်း ကျွန်မတို့ နှစ်ယောက် တဖြည်းဖြည်း ရင်းနှီးလာတယ်လေ၊ နောက်ဆုံးကျတော့ သူ ကျွန်မကို နားလည်လာပုံရတယ်၊ ကျွန်မ သူ့ကို စိတ်ဝင်စားတာဟာ လူတစ်ဦးအနေနဲ့ စိတ်ဝင်စားတာ၊ လှောင်အိမ်ထဲမှာ လှောင်ထားသင့်တဲ့ အရိုင်းတိရစ္ဆာန်၊ တစ်



ကောင်ကို စိတ်ဝင်စားတာမျိုး မဟုတ်ဘူး ဆိုတာကိုပေါ့၊ အဲ့ဒီမှာ သူ ကျွန်မကို ပွင့်ပွင့်လင်းလင်း စ,ပြောတော့တာပဲ၊ ဒါနဲ့ စကားမစပ် မေးရဦးမယ်၊ ရှင် ကျွန်မကိုအလုပ်ပြင်ပေးတာ ဘယ်လောက်ထိ အောင်မြင်တယ်ဆိုတာကို ဘယ်တော့လောက် သိရမှာလဲဟင်'

'နက်ဖြန်မနက်၊ ခွဲစိတ်ပြီး ငါးရက်မြောက်နေ့၊ ချုပ်ရိုးတွေဖြေတဲ့ အခါမှာပေါ့၊ နောက်ဆုံး ပေါ်ထွက်လာမယ့် အဖြေကို တစ်မျိုးတစ်ဖုံထင်ရလောက်အောင်ခင်ဗျာ့မျက်နှာမှာ အညိုအမည်း တွေ ထင်နေလိမ့်မယ်၊ ပြီးတော့ ယောင်အမ်းနေတာတွေ ရှိလိမ့်မယ်၊ဒါပေမယ့် ကျွန်တော် ပြုပြင်ဖန်တီးပေးလိုက်တဲ့ ကျွန်တော့်ရဲ့ စံပြအမျိုးသမီးနဲ့ ဘယ်လောက်ထိ နီးနီးစပ်စပ်တူတယ်ဆိုတာကို အကြမ်းဖျဉ်းတော့ ခန့်မှန်းလို့ ရနိုင်ပါလိမ့်မယ်'

'ရှင့် စံပြအမျိုးသမီးလား၊ ပရက်စီတလိစ်ရဲ့ စံပြ အမျိုးသမီးလား'

'နှစ်ခုစလုံး နည်းနည်းစီမှန်မယ် ထင်ပါတယ်၊ နမူနာရုပ်တုထဲမှာ ကျွန်တော်ထည့်လိုက်တဲ့ စိတ်ကူး အတော် များများနဲ့ ခင်ဗျာ့မျက်နှာကို ပြန်ပြင်ပြီး ပြုပြင်ဖွဲ့စည်းရာမှာ ထည့်လိုက်တဲ့စိတ်ကူးတွေဟာ အနုပညာရှင်တစ်ဦးဆီကဆင်းသက်လာတာဗျ၊ သမိုင်းကြောင်း တစ်လျှောက်မှာ အတော်ဆုံး ပန်းပုဆရာကြီး ပရက်စီတလိစ်လေ၊ ရုပ်အလှပြင်ခွဲစိတ် ဆရာဝန်တစ်ယောက်ဟာ အဲဒီလိုအလုပ်မျိုးကို လုပ်တိုင်း သူ စံပြထားတဲ့သူနဲ့ တူအောင် မသိစိတ်ကနေ ဖန်တီးသွားတာပဲဗျ'

'ရှင် ထုထားတဲ့ နှမ္မနာရုပ်တုရဲ့အလှအတိုင်းဖြစ်မယ်ဆိုရင်တော့ နည်းနည်းနောနော အောင်မြင်မှု မဟုတ်ဘူး'

'ဒါဆို လွန်ခဲ့တဲ့ သောကြာနေ့ညနေက ခင်ဗျား ကျွန်တော်ကို ဆက်ဆံခဲ့သလို မဟုတ်တော့ဘဲ ကျွန်တော့်အပေါ် အမြင်တစ်မျိုး ပြောင်းသွားပြီလား'

'ရှင် ဘာကို ဆိုလိုတာလဲဟင်'

'နှစ်ကုသမှု ခွင့်ပြုလွှာပုံစံတွေပေါ်က မတူတဲ့လက်မှတ်တွေကို မြင်ပြီးတဲ့နောက်ပိုင်း ကျွန်တော့်ကို တရားစွဲဖို့ ခင်ဗျား ပဲ ပြောခဲ့တယ်လေ'

ဂျက်နက် မျက်မှောင်ကြုတ်လိုက်၏၊

'ခွင့်ပြုလွှာပုံစံတွေကို ကြည့်တာ လက်မှတ်တွေ မတူတာကို သတိထားမိတာ၊ အဲ့ဒါတွေတော့ မှတ်မိတယ်၊ အဲဒီနောက် ရှင်ပြန်သွားတာကိုတော့ မသိတော့ဘူး၊ ရှင်ကျွန်မကို စောင့်နေတာပြီး ဒုတိယခွဲစိတ်ပြုပြင်မှုကို လုပ်ပေးခဲ့တာကို ကျွန်မကသင်နေတာ၊ တကယ်တမ်းပြောရရင်ကျွန်မရဲ့ ဘေးဝိယာအောက်က ခုဖိုခံဖို့အဖုအဖောင်းတွေ ဝင်တ်ရတာကို စိတ်ကုန်နေတာရှင့်'

'ခင်ဗျား နောက်ထပ်ဝယ်စရာ မလိုတော့ပါဘူးလေ'

'အဲဒါကိုတော့ မျှော့ပတ်တီးတွေ စည်းထားတဲ့အထဲကကို သိနေတယ်ရှင့်'

တစ်ခါတလေကျတော့ ခင်ဗျားဟာ နှစ်ကိုယ်ပွားနေတယ်ဂိုကို ထင်ရတယ်ဗျ၊ တစ်ကိုယ်က ခုကျွန်တော်ကေကား ပြောနေတဲ့ ခင်ဗျားပေါ့၊ သိပ်ဖော်ရွေပြီး သိပ်နှစ်လိုချင်



စရာကောင်းတဲ့ မိန်းကလေး၊ လူတိုင်းက နှစ်သက်မြတ်နိုးတဲ့ မိန်းကလေး၊ အဲ့...နောက်တစ်ကိုယ်ကတော့ မထိတရိရှုတတန့် နှစ်မြို့စရာမကောင်းတဲ့ မိန်းကလေး'

မိန်းကလေးက မိုက်အား အထိတ်တလန့်ကြည့်သည်။

'ကျွန်မမှာ မျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေးရှိတယ်လို့ ရှင်ပြောနေတာလားဟင်၊ ကျွန်မ အဲ့ဒီဖြစ်ရပ်မျိုး တစ်ခါ လေ့လာဖူးတယ်ရှင့်'

'ကျွန်တော်တို့အားလုံးမှာ အဲ့ဒါမျိုးရှိနေကြတာပဲလို့ ပါမောက္ခ မက်ကာသီက ပြောတယ်'

'ကျွန်မမှာ အဲ့ဒါမျိုးရှိနေတယ်လို့ ကျွန်မကိုယ်ကျွန်မ တစ်ခါမှ မမြင်ခဲ့ပါဘူး၊ ကျွန်မသူငယ်ချင်းတွေကလဲ ဘယ်သူမှ အဲဒီလိုမပြောကြဘူး'

'ခင်ဗျားဦးလေး လာတဲ့အခါ မေးကြည့်ရင် ကောင်းမယ်၊ သူက ခင်ဗျားအကြောင်းကို ကျွန်တော့်ထက် ပိုသိမှာပေါ့'

'ကျွန်မ နှစ်ကိုယ်ပွားဖြစ်နေတာကိုတော့ တယ်ပြီးဘဝင်မကျလှဘူး၊ အထူးသဖြင့် တစ်ကိုယ်က လေယာဉ်ပျက်ကဲ့အထဲကနေ ကျွန်မအသက်ကို ကယ်ထားတဲ့ရှင့်ကို တရားစွဲမယ်လို့ ခြိမ်းခြောက်နေမှတော့ ဘယ်လာပြီး ကောင်းနိုင်တော့မှာလဲ'

☆

## ၂၄။

ခွဲစိတ်ကုသမှုပြုလုပ်ပြီး ပဉ္စမမြောက်နေ့တွင် ချုပ်ရိုးတွေ ဖြေပေးမည်ဟု မိုက်က ဂျက်နက်အား ကတိပေးထားသည်။ ထိုနေ့နံနက်တွင် ဆေးရုံသို့ မိုက်ရောက်သွားတော့ စိုးရိမ်သောကပွားပြီး ကုပ်ချောင်းချောင်းဖြစ်နေသည့် ဂျက်နက်ကို တွေ့ရသည်။

'ကျွန်မဖြင့် ညက တစ်မှေးမှတောင် မမှေးလိုက်မိဘူး'

ဆေးရုံသုံးပစ္စည်းများ တပ်ထားသည့်လှည်းကိုတွန်းလာသည့် သူနာပြုဆရာမနှင့်အတူ မိုက်ဝင်လာလာချင်း ဂျက်နက်ကဆီးပြောသည်။

'ချီကာဂိုမှာ ကျွန်မတွေ့ဖူးတဲ့ မျက်နှာအလှပြင် လူနာတဦးလို ချုပ်ရိုးတွေ ဖြေပြီး ကျွန်မမျက်နှာပေါ်မှ အမာရွတ်တွေ ထင်ကျန်နေမလားလို့ တွေးပူနေတာလေ'

'အဲဒီလိုဖြစ်မှာ မဟုတ်ပါဘူး'



မိုက်က ကတိစကားပြောရင်း မျက်လုံးထောင့်နှစ်ဖက်မှ ဒဏ်ရာများပေါ်တွင် အုပ်ထားသည့် ပတ်တီးစကို ဖြေသည်။

ဒဏ်ရာတွေက ကောင်းကောင်း ကျက်နေပြီ၊ ချုပ်ရိုးများကိုဖြေပြီး သူက ဂရုတစိုက်ဖြင့်ပလတ်စတစ်အထုပ်ကြီးနှင့် အောက်ခံပိတ်ခေါက်များကို ခွာလိုက်၏။ နှာခေါင်းရိုး သွင်းရန် နှာခေါင်းဖျားတွင် ခွဲထားသည့် ဒဏ်ရာကလေးပေါ်မှ ပတ်တီးကိုလျှော့သည်။ ပြီးတော့ ဒဏ်ရာကို ချုပ်ထားသည့် ချုပ်ရိုးကို ဖြေသည်။

'ကြည့်ချင်လား'

မိုက်ကမေးသည်။ စားပွဲပုကလေးပေါ်မှ ကြည့်မှန်ကို ချိန်ဆပေးသည်။

'ကျွန်မပါးစပ်က ချုပ်ရိုးတွေလဲ ဖြေမပေးသေးဘူး'

'အဲဒီကြိုးတွေက အရည်ပျော်တဲ့ကြိုးတွေ၊ နောက် သုံးလေးရက်ဆိုရင် သူ့ဘာသူ ပျော်ဝင်သွားလိမ့်မယ်'

'ဟိုက်....ကျွန်မစားတဲ့အစာထဲမှာ ပါသွားမှာလား'

'ဒီကြိုးတွေက အစာလဲ ကြေလွယ်ပါတယ်၊ ဒီတော့ စိတ်ပူမနေပါနဲ့'

ဂျက်နက်သည် ခုထိမျက်စိတွေမဖွင့်သေး။ သို့ဖြင့်မိုက်က ထပ်ပြောသည်။

'မျက်နှာဖုံးကြီးကို ပြန်မအုပ်ခင် ကိုယ့်မျက်နှာကိုယ် ကြည့်ထားသင့်တယ်နော်၊ ခင်ဗျာ့မျက်နှာ အသစ်ကတကယ့်ကို လက်ရာမြောက်တဲ့အနုပညာပစ္စည်းတစ်ခုပဲဗျ'

ဂျက်နက်က မျက်လုံးများကိုမဖွင့်မိ မိုက်၏လက်ကို စမ်းပြီး ကိုင်သည်။ တင်းတင်းကျပ်ကျပ် ဖျစ်ညှစ်ထားသည်။ ထို့နောက်....မှုန်ထဲမှ ပုံရိပ်သည် ဖြည်းဖြည်းချင်း ကြည်လင်လာသည်။ ဂျက်နက်သည် အံ့သြခြင်းကြီးစွာဖြင့် ဟယ်ခနဲ အသံထွက်သွားသည်။ သူသည် ပီတိဖြစ်မှု၊ မယုံကြည်နိုင်မှုများကြောင့်အသက်ရှူဖို့ပင် မေ့လျော့နေ၏။

'ရှင်....ရှင် ကျွန်မကို စွယ်စုံကျမ်းထဲက ပရက်စီတလိစ်ရဲ့ အက်ဖရိုဒိုက်နဲ့တူအောင် လုပ်ပေးနိုင်ပါပေါ့လား၊ ကျွန်မ မျက်နှာလောက် စုတ်ပြတ်နေတဲ့ မျက်နှာကို ရှင် အဲဒီလို လုပ်ပေးနိုင်မှာ မဟုတ်ဘူးလို့ သေချာပေါက်တွက်ထားတာ ရှင့်'

'ကျေနပ်ရဲ့လား'

'အို....မိုက်ရယ်၊ ကျေနပ်တာပေါ့၊ ကျွန်မလေ မိုင်ဖဲယားလေဒီထဲက အဲလစ်ဇာလိုပဲ ခံစားရတယ်ရှင့်'

'ခင်ဗျားနောက်ထပ်ကပြရမယ့် အပိုင်းတစ်ပိုင်းကို ကျွန်တော်သိတယ်၊ ခင်ဗျား ချော....ချောပါသလားရှင် လှ....လှပါသလားရှင်ဆိုတဲ့ သီချင်းကို ဆိုရဦးမှာ'

'အဲ့ဒီထက်ကို မကပါဘူးရှင်၊ ဒီ....ဇေသူးကြည်....'

'ဇေသူးကြည်ဥတွေ'

'ရှင် သတိပေးခဲ့တဲ့အတိုင်း ဇေသူးကြည်ဥတွေနဲ့တောင် ကျွန်မရဲ့မျက်နှာဟာ ဟိုတုန်းကလို ရှက်ကြမ်းရေကျို ဂျက်နက် မဟုတ်တော့ဘူး၊ ဒီမျက်နှာအသစ်က ချစ်စရာကောင်း



နေတော့မှာ၊ ရှင်ဒီမျက်နှာဖုံးကြီး ပြန်ခွာဦးမှ ဖြစ်မှာလား တင်'

'တစ်ပတ်လောက်တော့ စွပ်ထားရဦးမယ်၊ မတော်တဆ တစ်ခုခုနဲ့ တိုက်မိပြီး လဲရင် ကျွန်တော် အနုစိတ်အလှဆင်ပေးထားတဲ့ ခင်ဗျားနှာခေါင်းရိုး ကျိုးသွားနိုင်တယ်'

'ရှင်ဟာ တကယ့်မှော်ဆရာပဲ၊ ကျွန်မ သတိပြန်လည်လာပြီး ကျွန်မမျက်နှာ ဘယ်လောက် ဆိုးဆိုးရွားရွား ဒဏ်ရာရသွားတယ်ဆိုတာကို သိရတော့ ကျွန်မတစ်ခါတည်း သေသွားခဲ့ရင် ကောင်းသားလို့ တွေးမိတာ၊ ဒါပေမယ့်ခုတော့ လဲ....'

'ရင်သပ်ရှုမောရလောက်တဲ့ အလှပိုင်ရှင်အဖြစ်နဲ့ဘဝသစ်တစ်ခုလုံးက ခင်ဗျားကို ကြိုဆိုနေပါပြီ၊ အဲ့ဒီဘဝမျိုးဟာ ဘယ်လိုနေမလဲဆိုတာ ခင်ဗျား စဉ်းစားမိရဲ့လား'

'ငါသာ မိန်းမချောကလေးဖြစ်ခဲ့ရင်ဆိုတဲ့ စိတ်ကူးယဉ်မှုမျိုးကို ကျွန်မစိတ်ကူးယဉ်ခဲ့ပါတယ်၊ မိန်းကလေးတိုင်း ဒီလိုပဲ စိတ်ကူးယဉ်ကြတာပါလေ၊ ကျွန်မကိုယ်ကျွန်မ မှန်ထဲမှာ ကြည့်မိတိုင်း ငါဟာ အချည်းနှီးစိတ်ကူးယဉ်နေတာပါကလားလို့ ကိုယ့်ကိုကိုယ်ပြောမိတယ်ရှင့်၊ ဒါပေမယ့် ခုတော့ ရှင်ဟာ ကျွန်မရဲ့ စိတ်ကူးယဉ်အိပ်မက်တွေကိုတကယ်ဖြစ်လာအောင် လုပ်ပေးလိုက်ပြီလေ'

သူက မိုက်၏လက်ကို ဖျစ်ညှစ်လိုက်၏။

'ဒီအလုပ်အတွက် ထရိုင်ကွန်တီနင်တယ် လေကြောင်းကုမ္ပဏီကို ရှင် ကြေးကောင်းကောင်းတောင်းလိမ့်မယ် ထင်ပါတယ်၊ တောင်းလဲ တောင်းထိုက်ပါတယ် မိုက်ရယ်'

'ကဲ....ခင်ဗျားကို ပလတ်စတစ် မျက်နှာဖုံးကြီး ပြန်စွပ်ပေးဦးမှပါ၊ ဒါပေမယ့် ဒီမျက်နှာဖုံးအောက်မှာ ဘာရှိတယ် ဆိုတာ သိနေမှတော့ ခင်ဗျား စိတ်ပူနေစရာ မလိုတော့ပါဘူး'

မိုက်က သွက်သွက်လက်လက် လှုပ်ရှားသည်။ မျက်လုံးနှစ်လုံး၏ ထောင့်မှ ဒဏ်ရာများကို ပတ်တီးဖြန့်စည်းသည်။ ပြီးတော့ ပါးရိုးများနှင့် နှာတံကို ဖေးမ ပေးထားနိုင်အောင် ပလတ်စတစ်မျက်ဖုံးကို နေရာတကျ ပြန်တပ်ပေးသည်။

'ကဲ....ခင်ဗျား ခုတင်ပေါ်မှာ မတ်မတ်ထိုင်ပြီး ဆရာမက အိပ်ရာဝင် ဝတ်ရုံကို ချွတ်ပေးတာကို ခံပါ၊ ပြီးမှကျွန်တော်တို့ရဲ့ ဒုတိယ ခွဲစိတ်ပြုပြင်မှုဟာ ပထမ ခွဲစိတ်ပြုပြင်မှုလိုပဲ အောင်မြင်သလား ဆိုတာ ကြည့်ကြတာပေါ့၊ ကျွန်တော်တို့က မျှော့ပတ်တီးကြီးကို ဖြုတ်ပြီးတဲ့အခါ ခင်ဗျာ့ ညာဘက်လက်နဲ့ တဘက်တစ်ထည်ကိုင်ပြီး ခင်ဗျာ့ရင်သားတွေကို ဖုံးထားနိုင်တယ်'

'ဘာလုပ်ဖို့ ဖုံးထားရမှာလဲ'

'ကျွန်တော်က နည်းနည်းရှေးဆန်တယ်ဗျ၊ မိန်းမသားတစ်ဦးဟာ သူကိုယ်တိုင်ကလုပ်ချင်သပါ့ဆိုရင် သူ့ဆရာဝန်



ရှေ့မှာပဲဖြစ်ဖြစ် သူ့အရှက်ကို သူ ထိန်းသိမ်းခွင့် ရှိတယ်လို့ ယူဆတယ်ဗျ'

ဂျက်နက်ဘတ် ဟက်ခနဲရယ်လိုက်၏။

'ဒီခေတ် ဒီအခါမှာ ဝတ်နေကြတဲ့ ရေကူးဝတ်စုံတွေအကြောင်း စဉ်းစားကြည့်မယ်ဆိုရင်ရှင့်အယူအဆကတကယ်ပဲ ရှေးဆန်နေတာပေါ့၊ ဒါပေမယ့် ကျွန်မ ကျိန်းသေတွက်မိပါတယ်....ရှင့်လက်ရာ ဘယ်လောက်ကောင်းသလဲ ဆိုတာ ရှပ်လဲ့တွေချင်မြင်ချင်...'

ထိုအခိုက်မှာပင် ရင်ဘတ်ကို စည်းထားသည့် ပတ်တီးစကြီး ကွာကျသွားသည်။ ပတ်တီးအုပ်ထားသည့် ခွဲစိတ်ဒဏ်ရာများမှ ချိုင်းအောက်တွင်ဖြင်ရာ ပတ်တီးစကြီး ကွာကျသွားသည်နှင့် ပြန်လည်ပြုပြင်ထားသည့်ရင်သားနှစ်မြွာသည် ထင်းထင်းကြီး ပေါ်လာသည်။

ရင်သားများ၏ ပုံစံက လှပသည်။ ချစ်စရာ ကောင်းသည်။ သွေးကြည်ဥအရာများကလည်း အရေပြား၏ လှပချောမွတ်မှုကို မနှောင့်ယှက်နိုင်။ ဂျက်နက်၏ရင်ဖိုလှိုက်မောစွာ သက်ပြင်းရှိုက်သံကို ကြားလိုက်ရသည်။ ဤအချင်းအရာသည်သာ မိုက်အတွက် ပြည့်စုံလုံလောက်သောဆုလာဘ်တစ်ခု ဖြစ်ပါတော့သည်။

'ရှင် ကျွန်မကို နတ်ဘုရားမတစ်ပါးရဲ့ရင်သားတွေ ပေးအပ်လိုက်တာပ ကလားနော်၊ မဟုတ်ဘူးလားဟင်'

'နူးညံ့မှုကို စမ်းကြည့်၊ အစားထိုးပစ္စည်းတွေ ရှိနေတယ် ဆိုတာတောင် ခင်ဗျားသိမှာ မဟုတ်ဘူး'

ဂျက်နက်က သူ့ရင်သားတစ်ဖက်စီကို ညင်ညင်သာသာ ဖျစ်ညှစ်ကြည့်သည်။ သူ့မျက်လုံးတွေ ပိုပြီး ပြူးကျယ်သွားသည်။

'ကျွန်မဖြင့်လေ....ကျွန်မက ဘယ်နေရာမှာဆုံးပြီး ဆီပီ ကွန်အိတ်က ဘယ်နေရာက စတယ်ဆိုတာတောင်မပြောတတ်တော့ဘူး'

'ကောက်ကြောင်းပုံစံကလဲ လှတယ်ဗျ'

မိုက်က ပြောရင်း ခွဲစိတ်ဒဏ်ရာနှစ်ခုမှ ချုပ်ရိုးများကို ဖြေသည်။

'သုံးဆယ့်ခြောက်၊ နှစ်ဆယ့်ငါး၊ သုံးဆယ့်ခြောက်' အချစ်နတ်ဘုရားမ 'ဗီးနပ်'ရဲ့ အချိုးအဆက်လောက်တော့ မလှသေးဘူး၊ ဒါပေမယ့် ဒီနေ့ ဒီအချိန်မှာ အတော်ကြီးကို အချိုးဆက် ကျနေပါပြီ၊ အဲ....တစ်ခုတော့ ပြောထားရဦးမယ်၊ ခင်ဗျား ဘရာစီယာ ဝတ်စေချင်တယ်၊ ဘရာစီယာက ဘယ်လောက်ပါးပါး ဘယ်လောက်ချင်ချင်ကလေး ဖြစ်ဖြစ် ဝတ်ထားပါ၊ ဒါမှ ရင်သားတွေကို အောက်ကပင့်တင်ထိန်းထားပေးပြီး အစားထိုးပစ္စည်းတွေ အောက်ကို လျှောကျမလာမှာ'

'ဘာမှမပူနဲ့၊ ရှင် ကျွန်မကို လုပ်ပေးသွားတာတွေ ဘယ်လို အကြောင်းကြောင့်မှပြောင်းလဲသွားစရာဘူး၊ ဒါထက် ကျွန်မ ဆေးရုံမှာ ဘယ်လောက်ကြာကြာ ဆက်နေရဦးမယ်ဆိုတာ ပြောပြနိုင်မလားဟင်'



'ခင်ဗျား့မေးရိုးတွေကို လေးပတ်လောက်တော့ ပူးချည်ထားဖို့ လိုသေးတယ်၊ ဒါပေမယ့် အဲဒီလောက်ကြာကြာ ဆေးရုံမှာနေဖို့ မလိုပါဘူး၊ ဆေးရုံမှာ နောက်ထပ်နှစ်ပတ်လောက် နေပြီးရင် လုံလောက်ပါပြီ၊ ခင်ဗျား့ မင်္ဂလာပွဲကို ဘယ်တော့လောက် လုပ်မယ်လို့ စီစဉ်ထားလဲ'

'ဘာမင်္ဂလာပွဲမှ ရှိတော့မှာ မဟုတ်ဘူး၊ ကျွန်မ ဂျူယ်ရယ်ကို နှင်ထုတ်လိုက်ပြီလို့ ထင်ရတာပဲ'

'ဟင်...ခင်ဗျား မသိဘူးလား'

ဖြစ်ပေါ်လာသည့် အနေအထားကြောင့် မိုက် အလန့်တကြား ဖြစ်သွားသည်။

'ပြောလွှတ်လိုက်တာ ကျွန်မရဲ့ကိုယ်ပွား ဖြစ်မယ်၊ ဒေါက်တာ မက်ကာသီ ပြောတဲ့ တစ်ခါတစ်ခါမှာ ကျွန်မကို စိုးစီးသွားတဲ့ တစ်ယောက်လေ'

သူ့အသံသည် ရှက်တရက်ဆိုသလို စိတ်ညစ်သံပေါက်လာသည်။

'ဒါပေမယ့် သူ ဘာလုပ်မယ်ဆိုတာ ကျွန်မ မသိရတာနဲ့ ကျွန်မဘဝကို ချယ်လှယ်နေ သူတစ်ဦး ကျွန်မကိုယ်ထဲ ဝင်နေတာကိုတော့ လက်မခံနိုင်ဘူး'

'ဒုတိယကိုယ်ပွားဟာ ဦးခေါင်းထိခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်လို့ ဒေါက်တာမက်ကာသီက ယူဆတယ်၊ အဲဒီလိုဖြစ်လာတာဟာ မကြာခင် ပျောက်သွားမှာပါတဲ့'

'ပျောက်မသွားရင် ဘယ်နှယ့်လုပ်မလဲ'

'ပျောက်သွားချင်မှပျောက်သွားမယ်လို့ထင်ရလောက်တဲ့ အကြောင်းတစ်ခုခုများရှိလား'

'ကျွန်မ မပြောတတ်ဘူး၊ အဲဒီ မပြောတတ်တာကိုက ပြဿနာပေါ့၊ ခုချိန်ထိတော့ ဖြစ်လာတာတွေက အကောင်းဆုံးတွေချည်းပဲ၊ ဆိုလိုတာက ကျွန်မမှာ မျက်နှာအသစ်ရပြီး ချစ်စရာရင်သားတွေလဲရပြီ၊ နောက်ပြီး ကျွန်မ ဂျယ်ရယ်နဲ့ အဆက်ပြတ်ဖို့စဉ်းစားနေခဲ့တာ၊ ဒါပေမယ့် ဟိုတစ်ယောက် ဘာပဲလုပ်လိုက်လုပ်လိုက် အဲဒီလုပ်ရပ်အတွက် တာဝန်ရှိသူက ကျွန်မပဲမဟုတ်လား'

'အဲဒီလိုပဲယူဆရမှာပဲ....တခြားဖြေရှင်းချက်တစ်ခု မတင်ပြနိုင်ရင်ပေါ့လေ'

'ရှင် ဘာဆိုလိုတာလဲ'

'ကျွန်တော်ထုတ်ပြောရလောက်အောင် မသေချာသေးဘူးဗျ၊ ဒါပေမယ့် ကျွန်တော့်မှာ ယူဆချက်တစ်ခုရှိနေတယ်၊ အဲဒီယူဆချက်ဟာ ယုတ္တိတန်တယ်လို့ထင်ရလောက်အောင် ဖြစ်ပေါ်လာရင် ခင်ဗျားကို ကျွန်တော်ပြောပြမယ်၊ ခင်ဗျားဒဏ်ရာတွေလုံးဝပျောက်ကင်းသွားပြီဆိုရင် ခင်ဗျား ဘာလုပ်ဖို့စဉ်းစားထားလဲ၊ ချီကာဂိုကိုပြန်မှာလား'

'တာပဲဖြစ်ဖြစ် လောလောဆယ်တော့ မပြန်သေးဘူး၊ ပြန်ဖြစ်ချင်မှလဲပြန်ဖြစ်တော့မယ်၊ ဦးလေးဂျော့က ကျွန်မကို ဝါရှင်တန်ကိုပြောင်းလာစေချင်တာရှင့်၊ ခု ကျွန်မက ဒီမှာ ရောက်နေပြီဆိုတော့ ဆက်နေဖြစ်လိမ့်မယ်ထင်တာပဲ၊ နောက် တစ်ချက်က လင်းတောလ်မင်းရဲ့ဂိုဏ်းသားတွေဟာ ချီကာဂို



မှာ ရှိနေဦးမှာပဲ၊ ဒီတော့ ချီကာဂိုဟာ ကျွန်မအတွက် လောလောဆယ် အန္တရာယ်များတဲ့နေရာလို့ ဦးလေးကယူဆထားတယ်'

'သူယူဆတာမှန်နိုင်ပါတယ်၊အက်ဖ်ဘီအိုင်က ခင်ဗျားကို ခုထိ အကာအကွယ်ပေးနေတုန်းပဲဟာ'

'ကျွန်မစာအုပ်ရေးပြီးချိန်အထိ တစ်နေရာရာမှာသွားပြီး ကိုယ်ယောင်ဖျောက်နေရင် ကောင်းမယ်လို့ ဦးလေးဂျော့က ယူဆတယ်၊ ဒါပေမယ့် တစ်ချိန်လုံး သူ့အိမ်ထဲမှာအောင်းနေရမှာကြီးကိုတော့ မကြိုက်ပါဘူး'

မိုက်၏ခေါင်းထဲတွင် အတွေးတစ်ခု ရုတ်ခြည်းပေါ်လာသည်။

'မေရီလင်းမှာ ကျွန်တော့်အိမ်ကလေးတစ်လုံး ရှိတယ်၊ ပိုဘိုမက်မြစ်ရဲ့အရှေ့ဘက်ကမ်း၊ အိုင် ၄၉၅ လမ်းမကြီးရဲ့ တောင်ဘက်မှာ၊ ခင်ဗျားစီးလာတဲ့လေယာဉ်ကြီးဆိုးဆင်းလာတာကိုမြင်ရတော့ ကျွန်တော် အဲဒီအိမ်ကနေ လေယာဉ်ကွင်းကို လာနေတုန်းမှာပေါ့၊ အိမ်ကလေးက တသီးတခြားရှိတယ်၊ သက်တောင့်သက်သာနေလို့ရတယ်၊ ခင်ဗျား အလုပ်လုပ်ဖို့ အချိန်တွေလိုသလောက်ရမယ်၊ ဒါမှမဟုတ် ဦးတည်ရာမဲ့လျှောက်သွားနေချင်လဲရတယ်၊ အဲဒီကို ခင်ဗျား ရောက်နေတယ်ဆိုတာကို ဘယ်သူမှသိမှာမဟုတ်ဘူး'

'ဟား....အဲဒါဆို စိတ်ကူးယဉ်ချင်စရာကြီး၊ ဒါပေမယ့် ရှင် ကျွန်မကိုငှားမှနေမယ်'

သူက အိပ်ရာဝင်ဝတ်ရုံကိုပြန်ဝတ်နေသည်။

'ခင်ဗျားက ငှားမှနေမယ်ဆိုလဲငှားရတော့မှာပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သိတင်းပတ်ကုန်ရက်တွေကလွဲရင် အဲဒီကိုရောက်ခဲ့ပါတယ်'

* * *

'ချုပ်ရိုးများဖြေပြီး၊ ဒဏ်ရာများကောင်းကောင်းကျက်အောင်မဖြန့်မီ ဂျက်နက်ဘတ်၏ဆေးမှတ်တမ်းတွင်ရေးမှတ်လိုက်၏။ မိန်းကလေး၏ ကျန်းမာရေးအခြေအနေကောင်းသည်။ သည်အတွက် မိုက် ကျေနပ်ဝမ်းသာသည်။ သို့သော် မိန်းကလေး၏ နောင်ရေးအလားအလာများအတွက်တော့ သိပ်မကျေနပ်နိုင်။ သိပ်ဝမ်းမသာနိုင်။

ချီကာဂို မိစ္ဆာဝါဒီဂိုဏ်း၏ဘုရင်မဖြစ်သူ လင်းတောလ်မင်းကား ဖျက်ဆီးရေးကိုအလွန်အားသန်သူဖြစ်၏။ ထိုသို့ဖျက်လိုဖျက်ဆီးပြုချင်အောင် သူ့အား နတ်ဆိုးတစ်ပါးပါးက တွန်းအားပေးနှိုးဆော်နေခြင်းဖြစ်မည်။အဆိုပါနတ်ဆိုးသည် ယခု ဂျက်နက်ဘတ်၏ကိုယ်ခန္ဓာထဲသို့ ဝင်ရောက်ပူးကပ်နေခြင်းဖြစ်မည်ဟု မိုက်သံသယဝင်သည်။ အကယ်၍ မိုက်၏ထင်မြင်ချက်သာမှန်နေလျှင် အဆိုပါနတ်ဆိုး၊ သို့မဟုတ်



ဂျက်နက်ဘတ်၏ဗုဒ်ယကိုယ်ပွားသည် ပြောင်းလဲလာမည်မဟုတ်ဟု ဘယ်သူမျှမပြောနိုင်။ယခုချိန်အထိမူ သည်နတ်ဆိုးက သိပ်ဆိုးဆိုးဝါးဝါးကြီး တန်ခိုးမပြသေး။ အယ်လင်ဝေထံ ရာဘို၏ စကားလုံးအရဆိုလျှင် 'ကောက်ကျစ်သော' အကြည့်လောက်ကိုပဲ ပြသေးသည်။ ဂျက်နက်ဘတ်ကိုယ်တိုင်က အဆက်ဖြတ်တော့မည်ဟု ဆုံးဖြတ်ထားသော ဂျယ်ရယ်ဟုယ်ချင်ဆန်ကို သူက ကြားဝင်ပြီး ကိစ္စဖြတ်ပေးသွားတာလောက်ပဲ ရှိသေးသည်။ တင်နည်းဆိုရလျှင် ထိခိုက်နစ်နာမှုမကြီးကျယ်သော ညစ်ကျယ်ကျယ်လုပ်ရပ်ကလေးတွေ မျိုးပဲလုပ်သေးသည်။

သို့သော်....

ယခုအခါ ဂျက်နက်ဘတ်အနေဖြင့် အကုသိုလ်ဒုစရိုက်မှုများ ကျူးလွန်ချင်လျှင် အလွယ်တကူကျူးလွန်လို့ရလောက်သည့် အရည်အသွေးများဖြင့်ပြည့်စုံနေပြီဖြစ်၏။ ဆိုလိုသည်မှာ ဂျက်နက်ဘတ်သည် မိန်းမချောကလေးဖြစ်နေပြီဖြစ်၏။ အကယ်၍ သည်မိန်းမချောကလေးကို ဝင်ရောက်ပူးကပ်နေသည့် နတ်ဆိုးက လုံးဝအုပ်စီးထိန်းချုပ်သွားနိုင်ပြီ ဆိုလျှင်တော့ အန္တရာယ်ဖက်ကွင်းကိုကြုံတွေ့ရတော့မည် ဖြစ်ပေသည်။

၂၅။

မ်က်က သူ့ရှုံးခန်းမှနေပြီး ဂျော့စတန်းဖီး၏သတင်းစာတိုက်ရုံးခန်းသို့ တယ်လီဖုန်း လှမ်းဆက်သည်။

'ခုလို မောင်ရင်ဆက်တာ ဝမ်းသာတယ်ကွာ၊ ဦးအနေနဲ့ လွန်ခဲ့တဲ့ ရက်ပိုင်းတွေကတည်းက ဆက်ပြီး ဂျယ်ရယ်ဟတ်ချင်ဆန်ရဲ့ ရိုင်းစိုင်းမှုအတွက် မောင်ရင့်ကိုတောင်းပန်သင့်တာ'

'ကံအားလျော်စွာပဲ သူ ဘာအထောက်အထားမှ လက်ဆုပ် လက်ကိုင် မပြနိုင်ပါဘူး၊ ကျွန်တော်လဲ ဒီမနက်မှသိရတယ် ဦးရဲ့၊ သူ့ကိုခေါက်လိုက်ပြီလို့ ဂျက်နက်ကပြောတယ်'

'နောက်တောင် နောက်ကျနေသေးတယ်'

'သူ့ကို အပြတ်ပြောလွှတ်လိုက်တာ ဂျက်နက်ရဲ့ ဒုတိယကိုယ်ပွားက ဆိုတာကော ဦး သိသလား'



'ဟင့်အင်း၊ အဲဒီဟာက ဂျက်နက်ရဲ့ဘဝကိုလွှမ်းမိုးသွားပြီလို့ ဆိုလိုတာလား'

စတန်းဖီး၏ လေသံသည် တည်ကြည် လေးနက်နေ၏။

'မဟုတ်ပါစေနဲ့လို့ ဆုတောင်းပါတယ်၊ ဂျ[illegible]က်က ပြောပါတယ်....၊ တကယ်လို့ ဟိုတစ်ယောက်က မပြောလဲ ဒီစကားကို သူကိုယ်တိုင် ပြောဖြစ်မှာပါတဲ့၊ ဒီတော့ ကျွန်တော်ကသာ ခြတောင်ပို့ကို ဧရာမတောင်ကြီး ဖြစ်အောင် ပုံကြီးခဲ့ကြည့်နေမိတာ ဖြစ်မှာပါ'

တစ်ခဏမျှ တခ်ဖက်မှ ငြိမ်နေသည်။ ဘာသံမျှမကြားရ။ ထိုနောက်တွင် စတန်းဖီးက ပြောသည်။

'မောင်ရင် ပြောပုံက နည်းနည်း ဆန်းနေတယ် မိုက်၊ မောင်ရင် ဘာဆိုလိုတယ်ဆိုတာ တစ်ဆိတ်ရှင်းပြနိုင်မလား'

'အဲ်ဒါဟာက ကျွန်တော့် စိတ်ထဲမှာကို မသေချာမရေရာသေးဘူး ဦးရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ယုံကြည်လို့ ထင်နေတဲ့ကိစ္စဟာ လုံးဝ မဖြစ်နိုင်လို့ လဲ ဖြစ်ချင် ဖြစ်နေမှာ'

'ဘာပဲဖြစ်ဖြစ် ဦးကိုပြောပြကွာ၊ ဦးလဲ သတင်းစာသမားဘဝမှာ ထူးဆန်းတဲ့အကြောင်းအရာတွေတော်တော်များများ ကြုံခဲ့ဖူးပါတယ်၊ ဒီတော့ ဘာကိုမှမသိကျိုးကျွန်ပြုမနေတတ်တော့ဘူးလေ'

'အတွေးတစ်ခုက ကျွန်တော့်ကို ဖိစီးနှိပ်စက်နေတယ် ဦးရဲ့၊ အဲဒီအတွေးက လင်းတောလ်မင်းကို လွှမ်းမိုးထားတဲ့ နတ်ဆိုးဟာ လင်းတောလ်မင်း မသေခင် အခိုက်အတန့်

ကလေးမှာ တစ်နည်းတစ်ဖုံနဲ့ ဂျက်နက်ဘတ်ရဲ့ကိုယ်ခန္ဓာထဲကို ကူးဝင်လာသလားဆိုတဲ့ အတွေးပဲ'

'ဒါပေမယ့် အဲဒါက ဖြစ်မှမဖြစ်နိုင်တာ'

'ကျွန်တော့်ရဲ့ လူနာတစ်ယောက်ရှိတယ်၊ ဆရာတော် ဂျူလီယံအိုမီယာရာတဲ့၊ သူက ပယောဂဆရာလေ၊ ကျွန်တော်တို့နှစ်ယောက် သူကမေးခဲ့တဲ့အမှုတွေ၊ ပယောဂကုထုံးလို့ ခေါ်ရမလား၊ အဲဒီအကြောင်းတွေ ဆွေးနွေးဖြစ်ကြတယ်၊ ဆရာတော် အိုမီယာရာ ပြောတဲ့အတိုင်းဆိုရင် ပယောဂကို ကုရတာဟာ ပယောဂဆရာနဲ့ မကောင်းဆိုးဝါး ဘယ်သူ အစွမ်းထက်သလဲဆိုပြီး အားပြိုင်တဲ့ပွဲပဲတဲ့'

'အဲဒီကိစ္စတွေက အလယ်ခေတ်နဲ့အတူ ပျောက်ကွယ်သွားပါပြီကွယ်'

'ဆရာတော် ဂျူလီယံ ပြောစကားအရဆိုရင် နတ်ဆိုးတွေက ကျွန်တော်တို့ကို အဲဒီအတိုင်း တွေးစေချင်ကြသတဲ့၊ ဒါပေမယ့် ဆရာတော်နဲ့ သူ့တပည့်တွေ ကုခဲ့တဲ့ တရားဝင် မှတ်တမ်းမှတ်ဂျူတွေကို ဖတ်ကြည့်၊ ပြီးတော့ အသံသွင်းထားတဲ့ တိပ်ခွေတွေကို နားထောင်ကြည့်၊ အဲဒီလို လုပ်ပြီးတဲ့ အခါကျ ဒီပယောဂတို့၊ စုန်းတို့၊ နတ်တို့ဆိုတာတွေဟာ လုံလောက်တဲ့ကိစ္စတွေပါလားဆိုတာ ဦး တွေ့လာလိမ့်မယ်'

'ဒါပေမယ့် ဂျက်နက်မှာ ဒီလိုမဖြစ်နိုင်တာ သေချာပါတယ်၊ ဦးက သူ့ကိုတစ်ဆက်လုံး သိလာတာပဲ မိုက်'



'ဒါပေမယ့် သူ့ကို ဝင်ပူးကပ်ပြီး.... တကယ်ပူးကပ်ရင် ပေါ့လေ၊ အဲဒီနောက်ပိုင်းမှာ ဦး သူ့ကို ခဏတစ်ဖြုတ်ပဲ တွေ့ရသေးတယ်ဆိုတာလဲ မမေ့နဲ့ဦးလေ'

'အဲဒီ မောင်ရင့်ယုံကြည်ချက်အကြောင်း သူ့ကိုပြောပြပြီးပြီလား'

'ဟင့်အင်း၊ ဒီ့ထက် ခိုင်ခိုင်မာမာ သက်သေမတူနိုင်သေးသမျှ မပြောဘူး၊ ဒါပေမယ့် သူလဲ အရိပ်အမြွက်တော့ သိနေတယ်ထင်တာပဲ၊ သူ့ရဲ့မသိစိတ်က ဒီကိစ္စနဲ့ပတ်သက်တဲ့ တံခါးပေါက်တွေကို ပိတ်ထားတာ ဖြစ်နိုင်တယ်၊ အဲ...ကြုံတောင့်ကြုံခဲ တစ်ခါတလေကျမှ ပွင့်ထွက်လာတာဖြစ်မှာပေါ့၊ ဟို...ခွဲစိတ်ကုသမှု လုပ်ကုန်းက မေ့ဆေးပေးတော့ ဖြစ်တဲ့ အဖြစ်မျိုးလေ'

'မောင်ရင် ဘာတွေပြောနေသာလဲ မိုက်'

'ဩော်...အဲဒီတုန်းက အဲဒီအဖြစ်အပျက်အကြောင်း ဦးကို ကျွန်တော်ပြောမပြမိဘူး ထင်ပါရဲ့၊ ဘာဖြစ်လို့ မပြောသလဲဆိုတော့ အဲဒီလို ပူးကပ်နေတာ သိသာထင်ရှားနေပြီဆိုတာကို ကျွန်တော့်ဘာသာ ကျွန်တော်တို့ ဝန်မခံချင်လို့ ဖြစ်မှာပဲ'

ထို့နောက် ဂျက်နက်အားမေ့ဆေးပေးစဉ်က ဂျက်နက်၏ နှုတ်ဖျားမှထွက်လာသည့် ရှန့်ရင်းကြမ်းတမ်းသော စကားလုံးများအကြောင်း စတန်းပီးအား ပြောပြသည်။

'မောင်ရင် ဒါ့ကြောင့်တိပ်ခွေတွေ နားထောင်ချင်တယ်လို့ ပြောတာလား'

'ဟုတ်ကဲ့၊ အသံကော စကားလုံးတွေကော အတူတူပဲ ခင်ဗျ၊ လင်းတောလ်မင်းဟာ ဂျက်နက်ရဲ့ပါးစပ်ကနေ တစ်ဆင့် စကားပြောနေတဲ့ အတိုင်းပါပဲ'

'ဦးတော့ ကြောင်သွားပြီဟေ့၊ အဲဒီကိစ္စကို ဦး ယုံလဲ မယုံဘူး၊ ဥပေက္ခာလဲ ပြုမထားနိုင်ဘူး'

'အဲဒီ မကောင်းဆိုးဝါးဟာ တန်ခိုးအရှိန် တက်လာပြီလို့ ကျွန်တော်ထင်တယ်၊ ဂျယ်ရယ်ဟတ်ချင်ဆန်ကို အပြတ်ပြော လိုက်တာ ဒုတိယ ကိုယ်ပွားက ပြောလိုက်တာလို့ ဂျက်နက်က ဝန်ခံတယ်လေ'

'အဲ့ဒီတစ်ခါကတော့ ဘယ်သူကပဲ လုပ်လုပ်၊ ဘာပဲ လုပ် လိုက်လုပ်လိုက် ဦးတို့ကို အကျိုးပြု လိုက်တာပါပဲ၊ ဒါပေ မယ့် ခု ဦးတို့ဘာလုပ်ကြမလဲ'

'လောလောဆယ်မှာတော့ ဘာမှလုပ်လို့ မရဘူး၊ ကျွန် တော့် ယူဆချက်ဟာ လုံးလုံးလျားလျား မှားချင်လဲ မှား နေမယ်၊ တကယ်လို့ ကျွန်တော် မှားနေတာဖြစ်ခဲ့ရင် မက် ကာသီ ပြောတဲ့ မျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေးဖြစ်ပေါ်မှု ဆိုတဲ့ ပိုပြီး ရိုးရှင်းတဲ့ ရောဂါအမည်တပ်မှုကို ကျွန်တော် ဝမ်းမြောက်ဝမ်းသာ လက်ခံမှာပါ'

'အဲဒီအတိုင်းသာ ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲဟေ့'

'ကျွန်တော် အပြည့်အဝ သဘောတူပါတယ်၊ ဒီနေ့မနက် တော့ ဂျက်နက်ကို ကျွန်တော်ပြောလိုက်တယ်၊ နောက် နှစ် ပတ်ဆို ဆေးရုံက ဆင်းနိုင်ပြီလို့၊ ဒါပေမယ့် ဦးရဲ့ အိမ်မှာ



တစ်ပတ်လောက်တော့ နေသင့်တယ်၊ ဒါမှ သူ့ဒဏ်ရာတွေက ဘာများ ဖောက်ပြန်လာဦးမလဲဆိုတာ ကျွန်တော် စစ်ဆေး ကြည့်ရှုပေးနိုင်မယ်လို့၊ အဲဒီနောက်မှာတော့ သူ့အနေနဲ့ ခဏတဖြုတ်လောက် တစ်ကိုယ်တည်း လွတ်လွတ် လပ်လပ် အေးအေးချမ်းချမ်း နေသင့်တယ်လို့ အကြံပေးလိုက်တယ်၊ ပြီးတော့ အင်ဒီယန်းဟက်ရဲ့ မြောက်ဘက်နားလေးက ပိုတို မက်မြစ် ကမ်းနဖူးပေါ်မှာရှိတဲ့ ကျွန်တော့် အိမ်ကလေးမှာ နေဖို့လဲ ကမ်းလှမ်းလိုက်တယ် ခင်ဗျ'

'ဟား....ချစ်စရာကောင်းတဲ့ နယ်မြေကလေးပဲ၊ ချားလ် မြို့နယ်က ရဲမှူးကြီး ဂျိမ်းနော့ဟာ ဦးရဲ့မိတ်ဆွေဟောင်းကြီး ပေါ့၊ အဲဒီမြစ်ရိုးမှာပဲ သူ့ အိမ်ကလေးတစ်လုံး ရှိတယ်ကွယ့်၊ ပသျှူးငါးတွေဥချိန်ဆို ဦးတို့ အဲဒီမှာ သွားသွားပြီး ငါး များလေ့ရှိတာပေါ့'

'သူ့မျက်နှာ ယောင်အမ်းတာတွေ၊ အရေပြားအောက် မှာ သွေးကြည်ဥတာတွေ ပျောက်အောင်စောင့်ရင်း အဲ့ဒီမှာ နေတာ သူ့အတွက် စိတ်ချရမယ်ထင်ပါတယ်'

'အသားမျှင်တွေအားလုံး သူ့ဟာနဲ့ဘူပုံမှန်အနေအထား ကိုပြန်ရောက်သွားရင်မောင်ရင့်ရဲ့ အံ့မခန်းစွမ်းဆောင်ချက်ကို အထူးဆောင်းပါးရေးဖို့ စီစဉ်ထားတယ်ကွယ်၊ ဒါပေမယ့် လင်းတောလ်မင်းရဲ့ဝိညာဉ်ဆိုးက ဂျက်နက်ရဲ့ကိုယ်မှာ ဝင်ပြီး ပူးကပ်နေတာနဲ့ ပတ်သက်လို့ မောင်ရင့်အယူအဆကိုဘယ်လို သက်သေပြမလဲ၊ ဒါမှမဟုတ် အဲ့ဒီလိုမဟုတ်ကြောင်းဘယ်လို ပြောမလဲ'

'ကျွန်တော် မနေ့မနက်ကပဲ ဒေါက်တာမက်ကာသီကို ခွဲစိတ်ပေးလိုက်သေးတယ်၊ မျက်နှာပြုပြင်မှုပေါ့၊ သူနဲ့ ဂျက်နက်တာဆေးရုံပေါ်ကအထပ်တစ်ထပ်တည်းမှာဆယ်ရက်လောက် အတူရှိနေကြလိမ့်မယ်၊ ကျွန်တော် ထင်ပါတယ်၊ အဲဒီအတောအတွင်းမှာ မက်ကာသီက နောက်ဆုံးအဖြေကို ထုတ်ပေးနိုင်ပါလိမ့်မယ်'

☆

## ။၂၆

ဇွန်လ၏ နေ့ရက်တွေ တရွေ့ရွေ့ ကုန်လွန်လာသည်။မိုက်သည် သူ ဂုဏ်ယူစွာ ခွဲစိတ်ပြုပြင်ပေးခဲ့သည့်လူနာတစ်ဦး၏ ဒဏ်ရာများ လျင်မြန်စွာ ပျောက်ကင်းလာသည်ကိုတွေ့ရ၏။ခွဲစိတ်ကုသပြီး သီတင်းနှစ်ပတ်အကုန်တွင် သူက ဂျက်နက်မျက်နှာပေါ်မှပလာတ်စတာစ်အစွပ်ကြီးကို ဖြုတ်ပေးလိုက်၏။ဂျက်နက်ဘတ်၏မျက်နှာပေါ်တွင် ကနဦးထင်နေသည့် အညိုအမည်းများ ပျောက်ကုန်ပြီ။ ပြီးတော့ ဂျက်နက်၏မျက်နှာသည် သူ သွန်းထုထားသည့် နမူနာရုပ်တုထက်ပင် ချောလှနေသည်ကို တွေ့ရ၏။ သည်တော့ မိုက်မှာ ဝမ်းသာမဆုံး ဖြစ်ရသည်။

တနင်္လာနေ့နံနက်တွင် သူက ကြေးသွန်းအလုပ်ရုံသို့ဝင်ပြီး အပ်ထားသည့် ကြေးသွန်းရုပ်တုကို ယူခဲ့သည်။ ဂျက်နက်က

သူတို့အထပ်၏ ဝရန်တာအဆုံးရှိ နေစာလှုံခန်းတွင် ဘီးတပ်လှည်းပေါ်၌ ထိုင်နေသည်။ သူက ရန်းဒေါမက်ကာသီနှင့် စကားပြောနေသည်။ မက်ကာသီသည် ခွဲစိတ်ကုသမှု ပြုပြီး တတိယနေ့ကတည်းက သွားလာလှုပ်ရှားနေပြီဖြစ်၏။ သူ့မျက်နှာမှာ ပတ်တီးစည်းထားရဆဲ ဖြစ်၏။ ပတ်တီးတွေကြားထဲမှ ချွန်းထွက်နေသည့်နှာခေါင်းကြီးနှင့် သူ့မျက်နှာကို ကြည့်ရသည်မှာ ထူးထူးခြားခြား ဖြစ်နေသည်။

ဝရန်တာတွင် သူတို့နှစ်ယောက် ပထမဆုံးအကြိမ် အတူထိုင်ဖြစ်စဉ်က မက်ကာသီက 'လှမိမယ်နှင့်ကိုကျည်းတန်' ဟု ကင်ပွန်းတပ်ခဲ့သည်။ ထိုအချိန်တွင် သွားလိုက်လာလိုက်ဖြင့် အမြဲလို ရှုပ်ယှက်ခတ်နေသည့် လူနာတွေ ရှင်းသည်။ သူနာပြုဆရာမတွေ ရှင်းသည်။ နောက်တော်ပါးတွင် ဆေးကျောင်းသားတွေ တသီကြီးနှင့် လောလောဆယ် စစ်ဆေးကြည့်ရှုခဲ့သည့် ရောဂါအကြောင်း လေသံတိုးတိုးဖြင့် ရှင်းပြနေသည့် ပါမောက္ခကြီးတွေ ရှင်းသည်။ ခုချိန်တွင် တခြား လူနာတွေလည်း အိပ်ရာမှ မထကြသေး။ သည်တော့ ဂျက်နက်၊ မိုက်နှင့် မက်ကာသီတို့က နေစာလှုံခန်းကို သုံးယောက်တည်း အပိုင်စီးထားကြသည်။

'လင်းတောလ်မင်းအကြောင်း ရေးနေတဲ့စာအုပ် ပြီးပြီးချင်း နောက်ထပ် စာအုပ်တစ်အုပ်ကို ပရော်ဖက်ဆာနဲ့ကျွန်မ ပေါင်းပြီးရေးဖို့ စီစဉ်နေတယ် မိုက်ရဲ့'

'အထူးအာရုံသိမှု၊ ဒါမှမဟုတ် အကြားအမြင် ရတယ်ဆိုတာ တကယ်ဖြစ်နိုင်တဲ့အကြောင်းအမှန်တရားတွေကို တင်ပြ



မယ်ဗျာ၊ အဲ့ဒီအထဲမှာ ဆရာတူ၊ဆရာယောင်တွေရဲ့ သိမ်ဖျင်းတဲ့ လုပ်ရပ်တွေကော တကယ့်အစစ်အမှန်ဖြစ်ရပ်တွေပါ ပါမယ်'

မက်ကာသီက ရှင်းပြသည်။

'မယ်တော်ကြီး အယောင်ဆောင်နေတဲ့ လင်းတောလ်မင်း အကြောင်းကော မပါဘူးလား'

'ကျွန်မကတော့ လင်းကို အယောင်ဆောင်နေတဲ့သူလို့ မယုံကြည်ဘူး၊ ဒါပေမယ့် သူကတော့ ပြောပါတယ်၊သူဟာ လူအဖြစ် ဝင်စားနေတဲ့ မကောင်းဆိုးဝါး တစ်ကောင်ပဲတဲ့၊ နတ်ဆိုးရဲ့ သတို့သမီးတဲ့'

'အဲဒါ တကယ်ကော ရှိရဲ့လားဗျ၊ နတ်ဆိုး ဆိုတာလေ' မိုက်က မေးသည်။

'ကျွန်မကို လင်း ပြောပြတဲ့အတိုင်းဆိုရင် သူ့အဲ့ဒီတုန်းက အသုံးချနေတဲ့ကိုယ်ခန္ဓာအပြင်အခြားကိုယ်ခန္ဓာတွေအတော်များများကို စီးထားသေးတယ်တဲ့၊ အလာဘားမားမှာ လူမျိုးရေး ပဋိပက္ခတွေနဲ့ရှုပ်ထွေးနေတုန်းကလူလေးယောက် အသတ်ခံရတဲ့ကိစ္စ မှတ်မိသေးလား'

'ဝိုးတိုးဝါးတားပဲ'

'အဲဒီလူသတ်မှုတွေကို သူ စီစဉ်ခဲ့တာလို့ လင်းက ပြောတယ်၊ အဲဒီတုန်းက သူက အပေါစား စားသောက်ဆိုင်ကလေး တစ်ဆိုင်မှာ စားပွဲထိုးမယ် လုပ်နေတာ၊ သူက ကာယဃံမြောက်ကျူးလွန်တဲ့ လူသတ်သမားတွေကိုသွေးထိုး

ပေးခဲ့တာ၊ အဲဒီလိုလုပ်ရင် သူ့ဘို့နဲ့အတူ အိပ်မယ်လို့ ကတိ
ပေးပြီး မြှောက်ပေးခဲ့တာ'

'သူက ဘာဖြစ်လို့ အဲဒီမှာပဲ ဆက်မနေတာလဲ'

'သူဟာ ကိုယ်ခန္ဓာတစ်ခုကနေ တခြားတစ်ခုကို ကူးသွား
နိုင်တဲ့ တန်ခိုးရှိတယ်လို့ သူက ပြောတယ်၊ ဒါပေမယ့် ကျွန်မ
ကတော့ မယုံခဲ့ပါဘူး'

'သူ့ဆန္ဒရှိတိုင်း အဲဒီလို လျှောက်ပြီး ကူးပြောင်းနေနိုင်
လား'

'သူ့ဝိညာဉ်ကို လက်ခံရမယ့်သူက လိုလိုချင်ချင်ရှိမှ
ရသလား၊ လိုလိုချင်ချင်မရှိရင် မရဘူးလား ဆိုတာတော့
ကျွန်မသေသေချာချာ မသိဘူး၊ ဒါပေမယ့် သင်းကစိတ်ဓာတ်
ပြင်းထန်တဲ့ လူတစ်ယောက်ချင့်၊ သူဟာ သူ လုပ်ချင်တာကို
မဖြစ်ဖြစ်အောင် ဇွတ်လုပ်နေကျပဲ၊ ဝိညာဉ်ဥာဏ် ကူးပြောင်း
တဲ့ ကိစ္စမျိုးမှာတောင် ဒီလိုပဲ လုပ်မှာပဲလို့ ကျွန်မ စဉ်းစား
ကြည့်တယ်'

ဂျက်နက်က မက်ကာသီဘက်သို့ လှည့်လိုက်သည်။

'ဒီလို စိတ်သွင်းကိစ္စမျိုးမှာ ရှင်က ဆရာတစ်ပါးပဲ ရန်း
ဒေါ်၊ နတ်ဆိုးဆိုတာ တကယ်ပဲ ရှိသလား'

'ဒီမယ် ကလေးမ၊ ဒီလောက် ရှုပ်ထွေးထွေးသိကဲ့ ကမ္ဘာ
လောကကြီးမှာ ကျွန်တော်တို့ ဘာကိုမှ အခိုင်အမာမပြော
နိုင်ဘူး၊ ဒါထက် မိုက်ရေ….ဂျက်နက်က ပြောနေပါလား၊
ပေါ်လဝင်းက ခင်ဗျာ့အိမ်ကလေးမှာ သူ သွားနေမယ်လို့ ဆို'



'သူ့စာအုပ်ကို လက်စသတ်နေတုန်းနားနေဖို့ အဲ့ဒီအိမ်
ကလေးကို သူက ငှားမှာပါ'

'ရော်ဂျာနဲ့ ရီတာကိုဗင် ဆိုတဲ့ ကျွန်တော့် မိတ်ဆွေ
ဇနီးမောင်နှံက ဇူလိုင်နဲ့ဩဂုတ်လအတွင်းနေဖို့ ချက်ဆာပီမှာ
အိမ်တစ်လုံး ရှာနေတယ်၊ ကျွန်တော် မျက်နှာ လူလိုသူလို
ပြန်ဖြစ်လာတဲ့အထိ အဲဒီမှာနေဖို့လဲ ပြောတယ်၊ ဒါပေမယ့်
ငှားမယ့်အိမ်က ရှာလို့မရဘူးဗျ၊ ခင်ဗျားတို့ အဲဒီပိုတိုမက်မြစ်
ရိုးမှာ ငှားမယ့်အိမ်ကလေးများ မရှိဘူးလား'

'ကျွန်တော်တော့ မသိဘူး၊ ဒါပေမယ့် အိမ်ပွဲစား တစ်
ယောက်ကိုတော့ ညွှန်းလိုက်နိုင်တယ်၊ သူက ကျွန်တော်
နယူးယောက်မှာပညာသွားသင်တဲ့ကာလအတွက်ကျွန်တော့်
အိမ်ကလေးကို ငှားပေးထားတာ၊ သူ့နာမည်က မက်ဂီဗီ
ယာဆန်တဲ့၊ အင်ဒီးယန်းဟက်က သူ့အိမ်မှာ ရုံးခန်းဖွင့်
ထားတယ်'

'ကျွန်တော် ရီတာ့အိမ်ကိုလှမ်းဆက်လိုက်မယ်လေ၊ ရီတာ
က ခင်ဗျာ့ပွဲစားကို ဆက်သွယ်နိုင်တာပေါ့၊ ရော်ဂျာက
အနုမြူစွမ်းအင် ကော်မရှင်မှာ အလုပ်လုပ်တယ်၊ ရီတာက
တော့ လက်ရေးတို လက်နှိပ်စက်စာရေးမပဲ၊ လွန်ခဲ့တဲ့နှစ်
အတော်ကြာက ဒူမှာ သူတို့နှစ်ယောက်စလုံး ကျွန်တော်နဲ့
အတူ အလုပ်လုပ်ဖူးကြတယ်လေ'

'ကျွန်တော် သွားဦးမှပဲ၊ ဂျက်နက်… ခင်ဗျာ့အခန်းကို
ကျွန်တော်နဲ့ ပြန်လိုက်တော့မလား၊ ဒီကြေးသွန်းရုပ်တုကို
ဘယ်နေရာမှာထားမယ်ဆိုတာ ပြဦးလေ'

'သွားမယ်လေ၊ ခဏနေမှ တွေ့တာပေါ့ ရန်းဒေါ်'

'ဖြည်းဖြည်းပေါ့၊ ကျွန်တော်ကမနက်စာစားပြီးတစ်ရေးနှပ်ဦးမှာဗျ'

ဟု မက်ကာသီက ခပ်မြူးမြူးပြောသည်။

'ကျွန်တော့် ဆွဲဆောင်မှုအားက ကျွန်တော် မျက်စိကျတဲ့ ဆူဆူဖြိုးဖြိုး သူနာပြုတစ်ယောက်ကို အခန်းလွတ်တစ်ခုခုထဲကို ဖြားယောင်းပြီး ခေါ်မသွင်းနိုင်ရင်ပေါ့ဗျာ'

ဟု ထပ်ပြောလိုက်၏။

'ဒေါက်တာမက်ကာသီ တစ်ယောက် ပိုတိုမက်မြစ်ကမ်းနံဘေးက ရှင့်အိမ်နဲ့ ခပ်နီးနီးလာနေမှာကို ရှင်သဘောမကျဘူး မဟုတ်လား'

အခန်းဆီသို့ အတူလျှောက်သွားရင်း ဂျက်နက်က မေးသည်။

'ဘာဖြစ်လို့ ခင်ဗျား အဲဒီလိုပြောတာလဲ'

'ရှင့်လေသံက သိသာနေတာပဲဟာ၊ သိတယ်မဟုတ်လား၊ ရှင့်အကြောင်းကို ကျွန်မ အတော်ကြီး သိနေပြီနော'

'ကျွန်တော်ကတော့ လေယာဉ်ပျက်မကျခင်က သက်ရှိထင်ရှားရှိခဲ့တဲ့ ဂျက်နက်ဘတ် ဆိုတဲ့မိန်းကလေးတစ်ယောက်အကြောင်းကို ခင်ဗျာ့ဦးလေး ပြောပြသလောက်က လွဲလို့ ဘာမှမသိသလောက်ပါပဲဗျာ'

'လေယာဉ်ပျက်ကျပြီး နောက်ပိုင်း သက်ရှိထင်ရှားရှိနေတဲ့ ဂျက်နက်ဘတ်အကြောင်းတော့ သိသင့်တာမှန်သမျှ ရှင်အားလုံးသိနေတာ သေချာပါတယ်'



'ခင်ဗျား မြစ်ကမ်းနံဘေးက အိမ်ကလေးမှာ သွားနေတဲ့အခါ ခင်ဗျားနဲ့အချိန်များများနေနိုင်အောင် ကျွန်တော်ကြိုးစားပါဦးမယ်၊ အဲ....ခင်ဗျား အလုပ် လုပ်နေချိန်မှာ တစ်ကိုယ်တည်း တသီးတသန့် နေဖို့ မလိုဘူး ဆိုရင်ပေါ့ဗျာ'

'ဩြော်....ရပါတယ်၊ သီတင်းပတ် ကုန်ရက်တွေမှာကောရှင်အားတဲ့ အချိန်တွေမှာပါလာနေမယ်လို့ ကျွန်မ မျှော်လင့်နေတာပါ'

'ခင်ဗျား ကျွန်တော့်ကို ဖိတ်ခေါ်ပါစေလို့ ဆုတောင်းနေတာဗျ၊ အဲဒီအနီးအနားမှာ မက်ကာသီလဲ ရှိနေမှာဆိုတော့ ခင်ဗျားတို့ နှစ်ယောက်စလုံးမှာ သွေးကြည်ဥတွေပျောက်သွားတဲ့အထိ ကျွန်တော် စစ်ဆေးပေးလို့ရတာပေါ့၊ တစ်ခုရှိတာက ကျွန်တော် သူ့ကို ဘယ်တုန်းကမှ စိတ်မချခဲ့ဘူးဗျ၊ ဘာကြောင့် ဆိုတာလဲ ကျွန်တော် မပြောတတ်ဘူး'

'ကနဦးပိုင်းတုန်းက ကျွန်မလဲ အဲဒီလို ခံစားရတယ်ရှင့်၊ ဒါပေမယ့် သူ ဒီဆေးရုံကိုရောက်ပြီး ကျွန်မနဲ့ တစ်ထပ်တည်းနေခဲ့တဲ့ အချိန်ကစပြီး ကျွန်မကို ဆက်ဆံတဲ့နေရာမှာ သူ့ထက် ဘယ်သူမှ ပိုပြီး ပျူငှာချိုသာ မရှိနိုင်တော့ပါဘူး၊ ဒီတော့ ကျွန်မရဲ့ ကနဦးအမြင်ဟာ မှားကောင်း မှားနေမှာပေါ့၊ ခွဲစိတ်မှုမပြုခင်ကတော့ သူ့ ပုံစံက စားပွဲထိုးမယ်တွေကို ဖင်လိုက်ဆိတ်နေပြီး မိန်းမတွေ ရေချိုးခန်းကို ယိုက်ချောင်းကြည့်နေမယ့် ပုံစံမျိုးပဲ'

'ကျွန်တော် သူ့မျက်နှာကို ပြောင်းပေးလိုက်တယ်၊ ဒါပေမယ့် တခြား ဘာမှ ပြောင်းမပေးလိုက်ဘူးနော်'

'ဒီတော့ရှင်....ကျွန်မတို့ သူ့ကို သံသယအကျိုးခံစားခွင့်လေး ပေးကြည့်ကြရအောင်ပါ'

ဂျက်နက်က အဆိုပြုလိုက်၏။

* * *

အိမ်ပြေပွဲစား မက်ဂီပီယာဆန် တယ်လီဖုန်းဆက်ချိန်တွင် မိုက်သည် နေ့လယ်စာကို အဆာပြေစားပြီး ပြန်ရောက်ရုံရှိသေးသည်။

'ကိုဗင်ဇနီးမောင်နှံကို ကျွန်မဆီညွှန်ပေးလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် မိုက်၊ ကျွန်မ သူတို့အတွက်အိမ်ကလေး တစ်လုံး ငှားပေးလိုက်ပါတယ်၊ မစ္စစ်ကိုဗင်က ရှင့်အိမ်နဲ့နီးနိုင်သမျှ နီးနီးမှာ လိုချင်တယ်လို့ ပြောပါတယ်၊ ခု ကျွန်မ ငှားပေးလိုက်တဲ့အိမ်က ရှင့်အိမ်နဲ့ဆို မိုင်တစ်စိတ်လောက်ပဲ ဝေးပါလိမ့်မယ်'

'ဂင်ဂျား တယ်လီဖုန်းနဲ့စကားပြောပြီး ငှားပေးလိုက်တာလား'



'မစ္စတာဗင်က ကျွန်မဆီကို အရင်ဆက်တယ်၊ နောက်တော့ သူကိုယ်တိုင်ရောက်လာပြီး ပထမလငှားခအတွက်ချက်လက်မှတ်တစ်စောင်ပေးသွားတယ်၊ သူကတော်တော်ချောတဲ့ မိန်းမပဲ'

'ကျွန်တော် သူတို့ကိုတစ်ခါမှ မတွေ့ဖူးပါဘူး၊ ဒေါက်တာ မက်ကာသီဆိုတဲ့ ကျွန်တော့်လူနာ တစ်ယောက် ခွဲစိတ်ထားတဲ့ဒဏ်ရာတွေပျောက်တဲ့အချိန်ထိ သူတို့နဲ့အတူ နေမှာလေ'

'ရှင်ပြောလိုက်တာ မက်ကာသီတဲ့လား'

'ဟုတ်ကဲ့....ဘာဖြစ်လို့ပါလိမ့်'

'အဲဒီအမျိုးသမီး ကျွန်မကို ပေးသွားတဲ့ ချက်လက်မှတ်ကို လက်မှတ်ထိုးတာက ရှန်းဒေါ မက်ကာသီတဲ့ရှင်၊ အခု သူက ခွဲစိတ်ကုထားတာဆိုတော့ ခဏတစ်ဖြုတ်လောက်ရှင်နဲ့ နီးနီးနေချင်တယ်ထင်ပါရဲ့နော်'

'ဘာကြောင့်လဲတော့ ကျွန်တော်မသိဘူး၊ ကျွန်တော် သူ့ကိုလုပ်ပေးလိုက်တာက မျက်နှာနုပျိုလာရုံလောက်ပါပဲ'

'ဟင်... ဒါဆို ရှင်ယောကျ်ားတွေကိုလဲ အဲဒီလိုလုပ်ပေးနေပြီပေါ့၊ ကျွန်မသူ့ကို တစ်ချက်စောင့်ကြည့်လိုက်ဦးမယ်၊ ကျွန်မကလဲ ကျွန်မမျက်နှာကို အဲဒီလိုလုပ်ဖို့ကြံစည်နေတာရှင့်၊ ယောကျ်ားတစ်ယောက်ကိုတောင် ကြည့်ကောင်းလာအောင် လုပ်ပေးနိုင်တယ်ဆိုရင် ကျွန်မလဲစမ်းကြည့်လို့မမှားတန်ကောင်းပါဘူး'

'အချိန်မရွေးလုပ်ပေးပါမယ်မက်ဂီ၊ ခင်ဗျားဆိုရင် ကျွန်တော်က စျေးတောင်လျှော့ပေးဦးမယ်၊ ဒါထက် စကားမစပ် ပြောရဦးမယ်၊ မီးစ်ဂျက်နက်ဘတ်က ကျွန်ကော်ဒ့်အိမ်မှာ ဆယ်ရက်လောက်နေပြီး သူ့ စာအုပ်တစ်အုပ်ကို အပြီးရေးလိမ့်မယ်၊ သူက အနှောင့်အယှက်ကင်းတဲ့ တစ်ကိုယ်တော်ဘဝကို အရမ်းလိုချင်နေတာဗျ'

☆

## ၂၇။

ဇူလိုင်လ၏ သောကြာနေ့တစ်နေ့ မွန်းလွဲပိုင်းတွင် မိုက်နှင့် ဂျက်နက်တို့ ကားကိုယ်စီမောင်းပြီး အိမ်ကလေးသို့ သွားကြသည်။ ဂျက်နက်က ငှားလာသည့်ကားကို မောင်းပြီး မိုက်က သူ၏ ပေါ့ရှ်ကားကြီးဖြင့် နောက်မှလိုက်လာသည်။ သူတို့က မေရီလင်းပြည်နယ် လမ်းမကြီး အမှတ် ၂၁၁ ၏ တောင်ဘက်သို့ ချိုးပြီး ပိုတိုမက်မြစ်ကြောအတိုင်း လိုက်လာသည်။ နေမင်းကြီး ပျောက်ကွယ်ဖို့အချိန်မှာ နှစ်နာရီလောက်စောနေသေးသည်။ သူတို့က အိမ်နှင့် နှစ်မိုင်လောက်အကွာရှိ လမ်းဆုံစတိုးဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်သည်။ မိုက်က ဆိုင်ထဲသို့ဝင်သွားသည်။ စနေ၊ တနင်္ဂနွေနှစ်ရက်အတွက် သူတို့နှစ်ယောက်စာ အစားအသောက်များ ထပ်ဖြည့်ဖို့ လိုသည်။ ပြီးတော့ သူနောက်တစ်ခေါက်ရောက်လာမည့်ဗုဒ္ဓဟူး

နေ့ထိ ဂျက်နုက်တစ်ယောက်စာ အစားအသောက်များ လိုသည်။

ဂျယ်ရယ်ဟတ်ချင်ဆန်အား စွန့်ပယ်လိုက်ပြီဖြစ်ကြောင်း အပြက်ပြောပြီးသည့်နောက်ပိုင်း ညစ်ကျယ်ကျယ် ဒုတိယကိုယ်ပွား၏ အရိပ်အယောင်ကို ဂျက်နုက်ထံတွင် မတွေ့မမြင်ရတော့။ မိုက်ကတော့ ထာဝရ ပျောက်ကွယ်သွားပါစေဟု ဆုတောင်းမိ၏။ ကိုယ်ပိုင်လမ်းကလေးအဆုံးတွင် မိုက်၏ အိမ်ကလေးသို့ရောက်သည်။ အိမ်ကလေးက မြစ်ကမ်းနဖူးပေါ်တွင် ရှိနေသည်။ နောက်ဘက်ခရန်တာမှကမ်းစပ်အထိ ဖောက်ထားသည့် လမ်းကလေးအဆုံးတွင် စက်အားကောင်းသော မော်တော်ဘုတ်ကလေးတစ်စီးအား ကြိုးချည်ထားသည်ကို တွေ့ရ၏။ ဂျက်နုက်က ကြည်နူးရွှင်ပျစွာဟစ်ကြွေးလိုက်၏။

'ဟယ်...မိုက်၊ ဒီနေရာကလေးဟာ ဒီလိုနေမယ်လို့ ရှင် ကျွန်မ့ကို ပြောမပြခဲ့ပါကလား၊ ဒီနေရာကလေးကတကယ့်ကို လှမှလှပဲ'

'ဒီနေရာကို ကျွန်တော်မြတ်နိုးတယ်'

မော်တော်ကားနောက်ဖုံးထဲမှ အစားအသောက် အိတ်တစ်လုံးကို ထုတ်ယူရင်း မိုက်ကပြော၏။

'ဒီအိမ်ကလေးက မိသားစုနွေရာသီအနားယူတဲ့ နေရာလေ၊ ကျွန်တော့်မိဘတွေ ဆုံးသွားတော့ ကျွန်တော်က ဆက်ထိန်းထားတာ၊ ကျွန်တော့်မြေနဲ့ဆက်နေတဲ့သစ်တောက နိုင်ငံပိုင်သစ်တောရဲ့ တစ်စိတ်တစ်ပိုင်းပေါ့၊ တခြားအိမ်



တစ်အိမ်က ဒီကနေ ကိုက်တစ်ရာအကွာလောက်မှာပဲရှိတယ်၊ ဒီတော့ ခင်ဗျားအတွက် လွတ်လပ်မှု အများကြီးရှိပါတယ်'

'ဒီအိမ်ကလေးကို ရှင်ဘယ်လိုလုပ်ပြီး ငှားရက်တာလဲရှင်....'

'အမှန်အားဖြင့်တော့ ကျွန်တော်ငှားလေ့မရှိဘူး၊ အဲ... ကျွန်တော် နယူးယောက်ကိုသွားပြီး ပညာသင်နေတုန်းကသာ စရိတ်စက ကလေးတွေ ကာမိအောင် ငှားခဲ့တာ၊ အဲဒီက ပြန်ရောက်လာပြီးနောက်ပိုင်း သီတင်းပတ်ကုန်ရက်တိုင်းလိုလို ဒီမှာလာပြီးနေတာပဲ'

'ခုနောက်ပိုင်းလဲ ဆက်ပြီးလာနေနော်'

'ဒီသီတင်းပတ်ကုန်ရက်မှာ ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်တည်း ဒီမှာလာနေတာကို ခင်ဗျားဦးလေးက ဖွင့်မပြောဘဲ မျိုသိပ်ထားတာများ ရှိမလား'

'ကျွန်မဦးလေးရဲ့ သဘောကတော့ ရှင့်ကိုအကောင်းမြင်နေတာပါ၊ ဒါ့အပြင် ကျွန်မဟာ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်စွမ်းရှိပါတယ်၊ အထက်တန်းကျောင်းတုန်းက သင်ရိုးညွှန်းတမ်းထဲမှာကို မိန်းကလေးတွေ ကိုယ့်ကိုကိုယ် ခုခံကာကွယ်နည်း သင်တန်းတစ်ခုပါတယ်၊ ပြီးတော့ ဂျူဒိုနဲ့ ကရာတေးပညာ နည်းနည်းပါးပါးပေါ့ရှင်'

'အဲဒါကို ကျွန်တော်သတိရနေပါ့မယ်၊ ပြီးတော့ အနေအထိုင်လဲ ယဉ်ကျေးသိမ်မွေ့ရပါစေ့မယ်'

'သေးမှိုက ဆရာမတွေရဲ့ စကားအရဆိုရင် ရှင့်အနေနဲ့ မိန်းကလေးအဖော် ရှာရတာ အခက်အခဲမရှိပါဘူးတဲ့'

'ခင်ဗျား ဆေးရုံက အတင်းစကားတွေကို ယုံလို့ ဘယ်ဖြစ်မလဲ၊ ဒါပေမယ့် ကျွန်တော့်ကိုလဲ အလွန်အကျွံကြီး မယုံနဲ့ပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်လဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲလေ၊ နောက်ပြီး ခင်ဗျားတစ်ခါကတိပေးခဲ့တယ် မဟုတ်လား၊ ကျွန်တော်နဲ့အတူ အိပ်ပါ့မယ်လို့'

'ဘာပြောတယ်'

'ခင်ဗျားကို မခွဲစိတ်မီ အကြိုညနေကခင်ဗျားကျွန်တော့်ကို ပြန်ခေါ်ပြီး ရင်သား ခွဲစိတ်ပြုပြင်မှုလုပ်ပေးဖို့ ပြောပြီး စကလေးမှာ ကတိပေးခဲ့တာလေ'

'အဲ့ဒါကိုလဲ ကျွန်မ မမှတ်မိဘူး၊ ဒါပေမယ့် ရလာတဲ့ ရလဒ်နဲ့ ချိန်ကြည့်ရင် ပြုပြင်ပေးဖို့ ပြောမိခဲ့တာကိုပဲ ဝမ်းသာနေပါပြီ'

'ခွဲစိတ်မှုရဲ့အရေးကြီးတဲ့အပိုင်းမှာ ခင်ဗျား အခြေအနေကောင်းနေရင် တစ်ဆက်တည်း လုပ်ပေးမယ်လို့ ကျွန်တော် ပြောခဲ့တယ်၊ ဒီတော့ ခင်ဗျားက၊ အဲဒီလို လုပ်ပေးတဲ့အတွက် ရှင်နောင်တ မရစေရပါဘူး၊ ကျွန်မ ကတိပေးပါတယ် တဲ့လေ'

'အဲဒီလိုစကားမျိုး ကျွန်မပါးစပ်က ထွက်လာတာ ထူးခြားတယ်လို့ ရှင် မထင်ဘူးလား'

'ပြောနေတာဟာ ခင်ဗျားဆိုတာကို မယုံနိုင် လောက်အောင် ဖြစ်ရတာဗျ၊ ဒါပေမယ့် ခင်ဗျား ချီကာဂိုကယူလာတဲ့ လင်းတောလ်မင်းနဲ့ တွေ့ဆုံ ဆွေးနွေးခန်း တိပ်ခွေကို နားထောင်ကြည့်မှ သိလာတယ်၊ ကျွန်တော် နောင်တမရ



စေရပါဘူးလို့ ခင်ဗျားပြောတဲ့ အသံက သူ့အသံနဲ့ တစ်ထပ်တည်း ဖြစ်နေတာကိုး....နောက်ပြီး ခင်ဗျားကို မခွဲစိတ်ခင် ဟဲလ်ပက်ထင်က မေ့ဆေးထိုးပေးတော့ ရှန်ရင်း ကြမ်းတမ်းတဲ့စကားတွေ တစ်သီကြီး ပြောတော့တာပဲ၊ အဲဒီ အသံကလဲ သူ့အသံအတိုင်းပဲ'

ဂျက်နက် ဆတ်ခနဲ ထိုင်ချလိုက်၏။ သူ့မျက်နှာဖြူရော်နေသည်။ ကုလားထိုင် လက်တန်းကို ဆုပ်ကိုင်လိုက်သောအခါ လက်တွေ တုန်ယင် နေကြောင်း မိုက် တွေ့လိုက်ရ၏။

'မိုက်ရေ၊ ရေခဲသေတ္တာထဲမှာ သောက်စရာ တစ်ခုခု အေးအေးလေးများ ရှိမလား ကြည့်ပေးပါလား၊ ကျွန်မ ယုံရခက်တဲ့အကြောင်းတွေကို ရှင်က ပြောနေတာကိုး၊ ဒါပေမယ့် အဲဒါတွေဟာ အမှန်တွေဆိုတာ ကျွန်မသိတယ်၊ နောက်ပြီး အဲဒါတွေက ကျွန်မကို ခြောက်လှန့်နေတယ်လေ၊ အထူးသဖြင့် အဲ့ဒီ တိပ်ခွေတွေထဲမှာ လင်းပြောပုံ ဆိုဟန်တွေကို ပြန်တွေးကြည့်မိတဲ့အခါမှာပေါ့'

မိုက်က ကမန်းကတန်းပင် အချိုရည်တစ်ဘူးကို ဖွင့်ပြီး ဂျက်နက်အားပေးလိုက်၏။

'ခင်ဗျားကို အဲဒါတွေ အကုန်လျှောက်ပြောမိတာမှားပြီ ထင်ပါရဲ့ဗျာ'

'ရင်သား ခွဲစိတ်ပြုပြင်မှု လုပ်ပေးဖို့ ရှင့်ကို ကျွန်မ ပြောတော့ ကျွန်မအသံနဲ့ အမူအရာတွေ ပြောင်းနေတယ်လို့ ရှင် ပြောတယ်နော်၊ ရှင်ပြောပြတဲ့ ရိုင်းရိုင်းစိုင်းစိုင်းစကားတွေ ပြောတော့ကော ဘယ်လိုနေလဲ'

'အဲဒီအသံအတိုင်းပဲ၊ တိပ်ခွေထဲမှာပြောသွားတဲ့ စကားလုံး တော်တော်များများ ကိုတောင် သုံးသွားသေးတယ်'

'ဒါပေမယ့် ကျွန်မ ဘယ်လိုလုပ်ပြီး....'

'ခင်ဗျား ဦးလေးတင်တာကတော့ ချီကာဂိုမှာ ခင်ဗျားတို့နှစ်ယောက် တရင်းတနှီးနေကြတော့ သင်းရဲ့ထူးခြားတဲ့ အသံနဲ့ ဟန်အမူအရာတွေကို အတုခိုးမိတာ ဖြစ်မယ်တဲ့၊ ခင်ဗျားခေါင်းကို ထိခိုက်မိပြီး ခင်ဗျားဦးနှောက်တွေ လှုပ်ခါသွားတော့ မှတ်ဉာဏ်အပိုင်းအစကလေးတွေဟာ တစ်ချီတစ်ချီပေါ်လာမယ်၊ အဲဒါတွေကို စကားလုံးတွေ အဖြစ် ပြောမယ်၊ ဒါပေမယ့် အဲဒီလိုပြောတာတွေကို မမှတ်မိဘူး ဖြစ်နေမယ်'

'တကယ်လို့ အဲဒါသာ မှန်ခဲ့ရင် ဘယ်လောက်ကြာကြာထိ ဆက်ဖြစ်နေမှာလဲ ဟင်'

'ပြီးသွားပြီလို့ ကျွန်တော် ထင်ပါတယ်၊ ခင်ဗျား ဦးနှောက်တွေ အခြေအကျ ပြန်ဖြစ်သွားပြီး ခင်ဗျားရဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒက ပြန်ပြီးလွှမ်းမိုးနိုင်လာပြီဆိုရင် အဲဒီ မှတ်ဉာဏ်တွေဟာ ထပ်ပြီးပေါ်လာဖို့ အကြောင်း မရှိတော့ပါဘူး....'

'အဲ့ဒီလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းကြပါစို့ ရှဲရှင်'

ဂျက်နက်က မျှော်လင့်တကြီးဖြင့် ပြောလိုက်၏။

'လွန်ခဲ့တဲ့ သီတင်းပတ် အတော်ကြာကြာကတည်းက ကျွန်တော်ကို တရားစွဲမယ်လို့ ခင်ဗျား ခြိမ်းခြောက်ပြီးကတည်းက ခင်ဗျား မူပျက်တာကို မတွေ့မိပါဘူး'



'တကယ်လို့ ဗီညာရှင့်အိပ်ရာထဲကို ကျွန်မတိုးဝင်သွားတာများ တွေ့ရင်....'

ခုမှ ကိုယ့်စိတ်ကိုယ် ထိန်းနိုင်ပြီဖြစ်သော ဂျက်နက်က ရယ်ရယ်မောမောပြောသည်။

'အဲဒါကျွန်မမဟုတ်ဘူးလို့သာမှတ်လိုက်၊ ပြီးရင် ကျွန်မကို ကန်ထုတ်လိုက်နော်၊ ကျွန်မရဲ့လက်မောင်းတွေကိုရေကူးလို့ရလောက်အောင် လှုပ်ရှားလို့ရမယ်ဆိုရင် ညနေစာ မစားခင် ခဏတဖြုတ် ရေကူးချင်တယ်၊ ကျွန်မတို့ အချိန်ရရဲ့လား ဟင်....'

'ဒီနေရာ ဒီဒေသမှာ အချိန်ကာလက အရေး မကြီးပါဘူး၊ နောက်ပြီး ခင်ဗျား ချိုင်းအောက်က အနာတွေ လဲ ပျောက်နေတာ ကြာလှပြီ၊ ကျွန်တော် ရေကူးဘောင်းဘီ ဝတ်ပြီး ဂဏန်းထောင်ခဲ့မယ်၊ ဒါမှ ရေကူးပြီးချိန်လောက်မှာ ညနေစာစားဖို့ အဆင်သင့်ဖြစ်နေမယ်၊ ခင်ဗျားကတော့ ဧည့်သည်အိပ်ခန်းထဲမှာ အဝတ်အစားသွားလဲချေ၊ ကျွန်တော့် အဝတ်အစားတွေ တိုးလို့တွဲလောင်းမရှိတာ အဲ့ဒီ တစ်နေရာပဲ ရှိတယ်'

သူက ဂဏန်းထောင်ချောက်ကို မော်တာကြိုး ချည်သည့် တံတားအဆုံးတွင်ချသည်။ ကဏန်းစာကိုမူ လမ်းဆုံးစတိုးမှ ဝယ်လာသည့် ငါးခေါင်းများကို အသုံးပြု ထားသည်။ ထိုအခိုက် ဂျက်နက်က အိမ်ထဲမှထွက်လာသည်။ အဖြူရောင် ဘီကီနီဝတ်စုံကိုဝတ်ပြီး ထွက်လာသည့် ဂျက်နက်ကိုတွေ့လိုက်ရသောအခါ မိုက်မှာ အသက်ရှူပင် မှားသွားသည်။

'ဟော....ဗီးနပ်ကိုယ်တိုင်ပါလား'

'ကျွန်မက ဗီးနပ်နတ်ဘုရားမ ဝတ်လေ့ရှိတဲ့ အဝတ်အစားထက် ပိုပြီး မဝတ်ချင်ဘူးရှင့်'

ဂျက်နက်က ဝန့်ခံစကားဆို၏။ မိုက်၏ ရူးစိုက်ငေးမောမှုကြောင့် အသားအရေတွေ ပန်းရောင်ကြွနေသည်။

'ဝါရှင်တန်က ဆန်းဆန်းပြားပြား အားကစား ဝတ်စုံတွေ ရောင်းတဲ့ဆိုင်ကို ဖုန်းဆက်ပြီး အရောင်းစာရေးမကို ကျွန်မရဲ့ ကိုယ်အတိုင်းအထွာတွေ ပြောပြတော့ ကျွန်မနဲ့ တော်မယ့် ရေကူးဝတ်စုံတွေ ရှိပါတယ်တဲ့၊ ဒါနဲ့ ကျွန်မက အပြုတစ်ထည် အပြာတစ်ထည် ပို့ပေးဖို့ မှာလိုက်တယ်လေ၊ သူပို့လိုက်တဲ့ ရေကူးဝတ်စုံတွေကို ကျွန်မလဲ စမ်းဝတ်မကြည့်မိပါဘူး၊ ခုမှပဲသူပို့လိုက်တာ၊ ဒီနေ့ ခေတ်စားနေတဲ့ 'ကြိုးမျှင်' ဘီကီနီတွေမှန်း သိတော့တယ်'

'ရဲမှူးကြီးနေ့က ခပ်ဗျာ့ ဦးလေးကို ကတိပေးထားတယ်၊ သူ့လက်ထောက် တစ်ယောက်ကို တစ်နေ့တစ်ခါ ခင်ဗျားကို လာကြည့် ခိုင်းပါမယ်တဲ့၊ ဒါပေမယ့် အဲဒီ ရဲတပ်သား ခင်ဗျားကို လာကြည့်ချိန်မှာတော့ ဒီအဝတ်အစား ဝတ်မထားပါနဲ့ဗျာ၊ မဟုတ်ရင် ခင်ဗျားကို ဟီရိဖြတ္တပွဲတရားကင်းတဲ့ အဝတ်အစားတွေ ဝတ်ဆင်မှုနဲ့ ဖမ်းနေပါဦးမယ်'

ဂျက်နက်က သူ့ဆံပင်များကို ကြက်ပေါင်ရေကူးဦးထုပ်အောက်တွင် စုခေါက်ပြီး သွင်းထား၏။ သို့ဖြစ်သည့်တိုင် တစ်စွန်းတစ်စထွက်နေသည့် ဆံပင်အချို့သည် ယုံနိုင်စရာ



မရှိလောက်အောင် လှနေသည့် သူ့မျက်နှာနှင့် အရမ်းပနံရနေ၏။ ပြီးတော့ ချစ်စရာ့ ရင်သားမို့မို့မောက်မောက်များ။ ကောက်ကြောင်းလှလှဖြင့် ပြေလျောကျလာသည့် ပခုံးသားနှင့် လက်မောင်းသားများ။ သိမ်ငယ်သော ခါးနှင့် စွင့်ကားသောတင်ပါးများ။ သွယ်သည်။ ဆိုသော် ကြွက်သားများဖြင့် တောင့်တင်းသည့်ပေါင်တံများ၊ သလုံးသားများ၊ ခြေကျဉ်းဝတ်များ၊ ခြေထောက်များ။ သူနှင့်ပတ်သက်သမျှ အရာရာတိုင်းသည် ပန်းချီဆရာတစ်ဦး၊ သို့မဟုတ် ချစ်ဖော်တစ်ဦးကို အသက်ရှူ မှားလောက်စေသည်။

'ဗိုင်ဗင်မထိုးရင်ကောင်းမယ်၊ တံတားအစပ်မှာ ရေကတော်တော်နက်ပါတယ်၊ ဒါပေမယ့် ကျွန်တော် လုပ်ပေးထားတဲ့ နှာခေါင်းလှလှကလေး ပြားမသွားစေချင်ဘူး'

'ကျွန်မ ဆင်ခြင်ပါ့မယ်'

အိမ်ထဲမှထွက်လာပြီး မိုက်နှံဘေးတွင် ယှဉ်ရပ်ရင်း ဂျက်နက်က ကတိပြုသည်။

'ရှင် အဲဒီထောင်ချောက်နဲ့ တကယ်ပဲ ဂဏန်းတွေဖမ်းလို့ ရလို့လား'

'ကျွန်တော်တို့ လိုသလောက် ရတယ်၊ နက်ဖြန်ကျရင် ခင်ဗျာ့လျှာပေါ်မှာ အရည်ပျော်သွားမယ့် 'ကက်ဆာရိုးလ်' ဟင်းချက်နည်းကို ကျွန်တော် ပြမယ်'

သူက မြင်ကြွမ်းပြင်ပေါ်ရှိ ထောင်ချောက်တွင် တွဲထားသည့် ကြိုးစကို တံတားတိုင်တွင် ချည်လိုက်၏။

'လှေကားက ဟိုဘက်မှာရှိတယ်၊ ခင်ဗျာ့ ချစ်စရာမျက်နှာကျကလေး ပျက်စီးမသွားအောင် အဲဒီလှေကားက နေဆင်းနိုင်တယ်၊ ဒါပေမယ့် လှေကားက မသုံးတာကြာတော့ နည်းနည်းချောနေတယ်ဗျ၊ ဒီတော့ ကျွန်တော် အဲဒီနေရာ ရေကူးသွားပြီး ခင်ဗျားဆင်းလာရင် ထိန်းပေးမှ ကောင်းမယ် ထင်ပါရဲ့'

ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းသည်။ လှေကားဆီသို့ ရေကူးသွားသည်။ လှေကားထစ်တစ်ခုကို ခြေထောက်ဖြင့် ချိတ်သည်။ လှေကားပေါ်မှဆင်းလာသည့် ဂျက်နက်ဆီသို့ လက်မြှောက်ပြီး ထိန်းကိုင်ပေးသည်။ ထိုသို့ ထိန်းကိုင်ပေးတော့ ဂျက်နက်သည် သူ့ရင်ခွင်ထဲသို့ ရောက်နေသည်။ သူက မော့ကြည့်လိုက်၏။ သူ့ကို ပြုံးပြီးငုံ့ကြည့်နေသည့် မိန်းကလေးကို တွေ့ရသည်။

'အရမ်းပိရိတဲ့ လှည့်ကွက်ကလေးပဲ ဒေါက်တာ'

လှေကားထစ်အတိုင်း ဆက်ဆင်းလာသည်။ ရေပြင်ပေါ်တွင် သူတို့နှစ်ယောက်၏ ဦးခေါင်းများ တစ်ညီတည်းဖြစ်သွားသည်ထိ ဆင်းသည်။

'ဒီလှည့်ကွက်ကလေးကို ကြံစည်နိုင်တဲ့အတွက် ရှင် ဆုတစ်ဆုတော့ ရထိုက်ပါတယ်'

မိန်းကလေး၏ ရည်ရွယ်ချက်ကို သဘောမပေါက်မီ ဂျက်နက်က မျက်နှာကို လှည့်လိုက်၏။ မိုက်၏ နှုတ်ခမ်းများကို လျှပ်တစ်ပြက် နမ်းလိုက်သည်။ နမ်းချိန်က ခဏကလေးမျှသာ။ သို့သော် ရင်ဖိုလိုက်မောစေသည့် အနမ်း။ မိုက်က



သက်နှစ်ဖက်ဖြင့် မိန်းကလေးကိုရစ်သိုင်းဖို့ ဟန်ပြင်လိုက်ချိန်မှာပင် မိန်းကလေးက လှေကားကို ခြေထောက်ဖြင့်ကန်ပြီး သူ့လက်တွေကြားထဲမှ ရေထဲသို့ လျှောခနဲကွက်သွားသည်။ ပြီးတော့ လေ့ကျင့်ထားသော၊ အားပါသော လက်ယက်ချက်များဖြင့် တံတားအဆုံးနှင့် ပေငါးဆယ်အကွာလောက်တွင် ကျောက်ချထားသည့် ရေပေါ် ဖောင်ကလေးဆီသို့ ရေကူးသွားသည်။

မိုက်က သူ့နောက်မှ ရေကူးပြီး လိုက်သွားသည်။ မိုက် ဖောင်နားသို့ ရောက်ချိန်တွင် ဂျက်နက်က ဖောင်ပေါ်သို့ ရောက်နေပြီ။ ဖောင်ပေါ်တွင်ထိုင်ပြီး ခြေနှစ်ဖက်ကို ရေထဲသို့ တွဲလောင်းချထားသည်။ မိုက်ကိုငုံ့ကြည့်ပြီး ရယ်နေသည်။

'နှေးကွေးလိုက်တဲ့ အဘိုးကြီး၊ မိန်းကလေးတစ်ယောက်က ရှင်လိုက်မမီအောင် ရေကူးသွားတာကို ရှင် မရှက်ဘူးလား'

'ကျွန်တော်က သိပ်မကူးနိုင်တော့ဘူးဗျ'

အသက်ကို မနည်းလုရှူရင်း မိုက်က ပြောသည်။

နာရီဝက်လောက် ရေကူးကြသည်။ ထို့နောက် မြစ်ရိုးတစ်လျှောက် လျှောက်ကြည့်ဖို့ မော်တော်ဘုတ်ပေါ် တက်ကြသည်။ 'မောင့်ဗာနွမ်' တောင်ကိုကွယ်နေသည့် မြေအငူကို ကျော်ဖြတ်သွားကြသည်။ မြစ်နောက်ခြမ်းတွင် ရှိသည့် မောင့်ဗာနွမ်ကို အိမ်မှလှမ်းကြည့်လျှင်ပင်း မမြင်နိုင်။ သူတို့ ပြန်လှည့်လာချိန်တွင် မှောင်ရီဖျိုးဖျ ဖြစ်နေပြီ။

မိုက်က ဂဏန်းထောင်ချောက်ကို ဖော်သည်။ အထဲမှ ဂဏန်းဆယ့်နှစ်ကောင်ကိုခါချသည်။ ဂျက်နက်ကတောင်းထဲ ပုံနှင့် ဘလောက်စ်ဒက်ကို သဲဝတ်သည်။ ရေချိုးထားသဖြင့် စိုနေသည့်ဆံပင်များကို ခြောက်အောင် ပွတ်တိုက်နေသည်။ မိုက်ကတော့ ဂဏန်းပြုတ်ဖို့ ရေနွေးတည်နေသည်။

'ပွက်ပွက်ဆူနေတဲ့ ရေနွေးထဲကို ဂဏန်းတွေ ပစ်ထည့်ရတာ သိပ်ရက်စက်လွန်းတယ်လို့ ကျွန်မစိတ်ထဲ အမြဲထင်ခဲ့တယ်၊ ဒါပေမယ့် ဦးလေးဂျော့က ပြောတယ်ရှင့်၊ ဂဏန်းတွေဟာ ရေနွေးနဲ့ထိထိချင်း သေတာတဲ့လေ'

'ဘူပြောတာကို ကျွန်တော် ထောက်ခံတယ်၊ ခင်ဗျား ဆာပြီလား'

'အဲဒီဂဏန်းတွေကို လက်မကော အခွံကောကို စားပစ်ချင်တာ'

'အဲဒါကတော့ ပျောက်ကာစမေးရိုးတွေအတွက်သိပ်နိုင်မယ် မထင်ပါဘူး၊ ဒါပေမယ့် အခွံတစ်စလောက်ကို မဝါးမိဘူးဆိုရင် အန္တရာယ်ကင်းပါတယ်'

မိုက်က ဘေ့စ်ဘောရိုက်တံ ကဲ့သို့သော သစ်သားတုတ်တစ်ချောင်းကို ယူသည်။ သည်တုတ်ကတော့ ဘေ့စ်ဘော ရိုက်တံထက် သေးသည်။ တိုသည်။ ရောမ ဂဏန်းလက်မကြီးတစ်ချောင်းကိုစားပွဲပေါ်တင်ပြီး အဆိုပါတုတ်ဖြင့်ခတ်ခနဲ ထုသည်။ လက်မအခွံကို ခပ်လွယ်လွယ်ပင် ခွာလိုက်သည်။ ပြီးတော့ ကျိုးသွားသည့်ဘက်တွင် ပြူထွက်နေသည့် အဖြူရောင် အသားကိုစားနိုင်ရန် ဂျက်နက်အားလှမ်းပေးသည်။



ဘီယာသောက်ပြီး ဂဏန်းတွေ ကုန်အောင်စားရသည်မှာ မိနစ်လေးဆယ်လောက်ကြာသည်။ ပြီးတော့ မိုက်က ဂဏန်းခွံများကို ရေထဲသို့ပစ်ချသည်။

'အဲဒါမှ ငါးတွေများများလာတယ်'

ဟုလည်း ရှင်းပြသည်။

ညသည် ပူနွေးနေ၏။ အမြင့်ဘက်တွင် လသာနေသည်။ မိုက်က သူတို့ကိုယ်ပေါ်တွင် ဖုံးအုပ်ဖို့ နေစာလုံရာ၌သုံးသည့် အခင်းများကို ယူလာသည်။ နောက်ပြီး ညဥ့်ငြိုသည်များ ဖြစ်သည့် ခြင်များ မလာအောင် ဆေးဖျန်းသည်။ ပြီးမှ တံတားပေါ်ရှိ ခုံတန်းရှည်များပေါ်တွင် ထိုင်ကြသည်။

'ကျွန်တော် အသက် သိပ်ကြီးသွားပြီး ဆေးကုမရတော့ဘူးဆိုရင် ဒီမှာပဲ နေတော့မယ်၊ ကျွန်တော့် အဘွားက ကျွန်တော့်အတွက်ရှေးဟောင်းလုပ်ကုလားထိုင်ကြီးတစ်လုံး ထားခဲ့တယ်၊ အဲဒီ ကုလားထိုင်ကြီးက ခင်ဗျား အိပ်ခန်းထဲမှာလေ၊ ကျွန်တော်ကတော့ တံတားပေါ်မှာ အဲဒီကုလားထိုင်ကြီးနဲ့ ထိုင်ပြီး ဖြတ်သွားဖြတ်လာသင်္ဘောတွေကိုပဲကြည့်နေတော့မယ်'

'ဒီနေရာကလေးက အရမ်းသာယာတာပဲ၊ကျွန်မ့်စာအုပ်ပြီးသွားရင်တောင် ဒီနေရာကနေ မခွာချင်လောက်အောင်ပဲ...'

'ခင်ဗျား ပျော်သလောက် နေနိုင်ပါတယ်ဗျာ၊ အဆင်ပြေတဲ့ ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွေနဲ့ သီတင်းပတ်ကုန်ရက်တွေမှာ ကျွန်တော် လာနေလို့ရရင် တော်ပါပြီ'

'ကျွန်မမှာ လုပ်စရာတွေလဲ ရှိသေးတယ်လေ၊ သိတယ် မဟုတ်လား၊ ထုတ်ဝေသူက ကျွန်မ စာအုပ်ကို မြန်နိုင် သလောက် မြန်မြန် ပြီးစေချင်ပြီ၊ ဦးလေးဂျော့က်တော့ တနင်္ဂနွေနေ့ထုတ် 'စတားနယူး' သတင်းစာထဲမှာ အခန်း ဆက် ဆောင်းပါးအဖြစ် အမြန်ဆုံး ထည့်ဖို့ စီစဉ်နေ လေရဲ့'

'အဲဒီစာအုပ် ပြီးအောင် ဘယ်လောက်ကြာကြာရေးရ မလဲ'

'တစ်လ....နှစ်လလဲ ဖြစ်ချင် ဖြစ်သွားမယ်၊ ကျွန်မက လင်း ကို ဖမ်းမိတာရယ်၊ ချီကာဂိုမှာ ရုံးတင် တရားစွဲတာရယ်က စပြီး ရေးရမှာ၊ ပြီးမှ နောက်ဆုံးတည်းဖြတ်ပြင်ဆင်ဖို့ အယ်ဒီ တာ အဖွဲ့ကို စာမူအပ်ရမှာ'

'ကျွန်တော်က ဆေးပညာဂျာနယ်တွေလောက်သာ ဖတ် ဖြစ်တာဗျ၊ ဒီတော့ လင်းရဲ့ဇာတ်လမ်းကိုသိပ်မသိဘူး၊ ဒါနဲ့ သူ့ကို ဘယ်လိုလုပ်ပြီး မိသွားကြတာလဲ'

'သူ ခေါင်းဆောင်ဖြစ်နေတာကို မနာလိုတဲ့ ဂိုဏ်းသား တစ်ယောက်ယောက်က သစ္စာဖောက်လိုက်တာလို့ လင်းက ထင်တယ်၊ သူကလဲ သူ့ဂိုဏ်းမှာ အရေးပါတဲ့နေရာကိုရထား တာ ဆိုတော့ လူတိုင်းလူတိုင်းက သူ့စကားကို နှုတ်လှန် မထိုးဘဲ နာခံကြရတယ်၊ သူ ကျွန်မကို ပြောဖူးတယ်၊ သူ ခေါင်းဆောင်ဖြစ်နေတာကို မရှုစိမ့်ဘဲ့ယောကျ်ားတွေရှိဘယ် တဲ၊ အဲဒီအထဲမှာ သူ့ရဲ့ချစ်ဖော် အာမန်ဒက်စတော့တောင် ပါနိုင်တယ်တဲ့'



'ဒီလူက ဘယ်လိုပုံစံလဲ'

'ကျွန်မ သူ့ကို တစ်ခါမှမမြင်ဖူးဘူးရှင့်၊ ဒါပေမယ့် သူနဲ့ လင်းဟာ ချစ်ဖော်တွေ ဖြစ်နေတာကြာပြီ ဆိုတာတော့ သိ တယ်၊ လင်းက ပြောတယ်၊ ဒီလူက သူ့ကိုယ်သူ ဒီဂိုဏ်းမှာ အဆင့်မြင့်ဘိုးတော်လို့ ထင်နေတာတဲ့၊ ဒီတော့ဒီလူကအိမ်ရှေ့ နန်းလျာဘဝနဲ့ နေရတာကို ငြီးငွေ့ပြီး လင်းကိုသစ္စာဖောက် တာ ဖြစ်နိုင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ....လင်းဟာ မကြာ မကြာ ဆိုသလို ညဉ့်နက်နက်မှာ ကန်နံဘေးမှာ လမ်း လျှောက်တတ်တယ် ဆိုတာရယ်၊ အရက်ဆိုင်တစ်ဆိုင်ကိုအခါ အားလျော်စွာ သွားပြီး သူသဘောကျတဲ့ ယောကျ်ားတွေနဲ့ တွဲတတ်တယ်ဆိုတာရယ်ကိုတော့ ဒီလူသိရမယ်'

'ဒက်စကော့က သဝန်တိုတာဖြစ်မှာပေါ့'

'သူတို့အုပ်စုအကြောင်းကို သူ့ဆီက များများစားစား ညှစ်ထုတ်လို့ မရဘူးရှင့်၊ ဒါပေမယ့် သူတို့အုပ်စုက တစ်လင် တစ်မယား စနစ်ကိုပဲ ကျင့်သုံးမယ် ဆိုတဲ့မူတော့ မရှိဘူးတဲ့၊ သူ့စကားအရဆိုရင် သူတို့ဟာ ကြီးကြီးကျယ်ကျယ်တစ်ခုခု ကိုလဲ ကြံစည်နေတယ်၊ ဒါကို တခြားလူတွေက ဆက်ပြီး တာဝန်ယူသွားရမှာ ဆိုပဲ'

'သူတို့ရဲ့ နောက်စီမံကိန်းက ဘာလဲ ဆိုတာ ခင်ဗျား နည်းနည်းမှ မရိပ်မိဘူးလား'

'သူက ပြောမပြဘူးရှင့်၊ ဒါပေမယ့် သူ ကြွားလုံးထုတ်ခဲ့ တာ ရှိတယ်၊ သူဟာ ဉာဏ်စဉ်နောက်တစ်ဆင့်တက်သွားဖို့ရှိ

တယ်တဲ့၊ နောက်ပြီး မှောင်မိုက်ခြင်းကမ္ဘာမှာ သူကတာဝန်ခံဖြစ်မယ်ကဲ့'

'အဲဒါက သူ ဘာကိုပြောတာလဲ'

'ယုတ်စွအဆုံး သူ့စိတ်ထဲမှာတော့ သူဟာ ကမ္ဘာမြေကြီးပေါ်မှာ လူအမျိုးကိုးကွယ်ခြင်း ခံရတဲ့ မယ်တော်ပေါ့ရှင်၊ လူစိဖွာဆိုတဲ့ မာရ်နတ်က တာဝန်ပေးအပ်ခြင်း ခံရတဲ့ မယ်တော်ပေါ'

'အဲ့ဒါကို ခင်ဗျားယုံတယ်ပေါ့'

'ကျွန်မ ယုံတယ်လဲမဟုတ်ဘူး၊ မယုံဘူးလဲ မဟုတ်ဘူး၊ ဒါပေမယ့် သူပြောပြတဲ့ ကိစ္စတချို့ကို ကြည့်ရင် သူ့ကို နတ်ဆိုးဘင်ပါးက စီးနေတယ် ဆိုတာကို မငြင်းနိုင်လောက်အောင်ပဲ၊ ခုခေတ် ခုအခါမှာ လူအဘော်များများကဒါမျိုးတွေ ယုံနေကြပြီရှင့်'

'ကျွန်တော့် မိတ်ဆွေ ဘုန်းကြီးတစ်ပါးဆိုရင် သူတို့ဂိုဏ်းချုပ် စီရင်စုပိုင် နယ်မြေမှာ သူဟာ ဘာရားဝင်ပယောဂ ဆရာကြီးပဲ၊ သူ အဲဒီလို ပယောဂကုႈ အစွဲချုတ်နေတဲ့ အချိန်မှာ ဆရာဝန်တစ်ယောက်လောက် သူ့နားမှာ ခေါ်ထားဖို့ အမြဲပြောတယ်ဗျ၊ ကျွန်တော့်ကိုလဲ လာပြီး လေ့လာဖို့ အစ်ကြိမ်မက ပြောခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော်က တစ်ခါမှ မသွားဖြစ်ခဲ့ဘူး'

'ဘာဖြစ်လို့ မသွားတာလဲ၊ ကျွန်မတို့မျက်စိနဲ့ မမြင်နိုင်တဲ့ နာနာဘာဝလောက တကယ်ရှိသလားဆိုတာ ရှင် အတော်လေး စိတ်ဝင်စားတယ်ဆိုတာ သိသာနေတာပဲဟာ'



'လင်းတောလ်မင်း ကိစ္စမှာ ပတ်ပတ်သက်သက် မဖြစ်သေးခင်ကတော့ အဲ့ဒီကိစ္စတွေကို ကျွန်တော်စိတ်မဝင်စားခဲ့ဘူးဗျ၊ ကျွန်တော့် တစ်သက်မှာ မေ့လို့ မရနိုင်လောက်တဲ့ ကိစ္စတစ်ခုရှိတယ်၊ အဲဒါကတော့ သူ့ရဲ့မျက်နှာပေးပဲ၊ သူ မသေခင် ခံစားရမယ့် ဝေဒနာတွေကြားထဲက ဒီမျက်နှာပေးမျိုးဟာနိုင်တာ ကျွန်တော်မြင့်ဖူးရော၊ သူ့မျက်နှာပေးက တစ်စုံတစ်ယောက်ကို ညစ်ကျယ်ကျယ်လုပ်ပြီး ချောက်ချလိုက်ရလို့ ကျေနပ်ပီတိဖြစ်နေတဲ့ မျက်နှာပေးမျိုးဗျ'

ဂျက်နက် မတ်ဟတ်ရပ်လိုက်၏။

'ခုနေ ကျွန်မသွားအိပ်ရင် ရှင် စိတ်ကသိကအောက်များဖြစ်မလား ဟင်၊ ကျွန်မ ခုထိ အားပြန်မပြည့်သေးဘူးရှင့်'

'အဲဒါကို မေ့သွားတဲ့အတွက် ခွင့်လွှတ်ပါဗျာ'

မိုက် ချက်ချင်းပင် နေ့ခင်းတရည့် ပေါက်သွားသည်။

'မနက်ကျရင် စောစောသချင်လား၊ နေမြင့်တဲ့ထိ အိပ်ချင်လား'

'မဖြစ်မနေ လုပ်ရတာမဟုတ်ရင် ကျွန်မက စောစော အိပ်ရာထကျင့်ရှိတယ်ရှင့်၊ ဒါပေမယ့် ကျွန်မတို့ နိုးတဲ့အချိန် ထကြတာပေါ့ရှင်၊ မင်္ဂလာရှိတဲ့ညချမ်းပါ မိုက်'

'ညဘက်မှာ အသံဗလံတွေ ကြားရလို့ စိတ်အနှောင့်အယှက်ဖြစ်ရင် အကူအညီတောင်းလို့ရအောင် ကျွန်တော့်အခန်းတံခါး ဖွင့်ထားမယ်လေ၊ မြစ်ကမ်းပါး တစ်လျှောက်မှာ 'အုံအွမ်…အုံအွမ်'နဲ့ အော်နေတဲ့ ဖားမဖားပြုပ်ကြီးတွေ ရှိတယ်၊ နောက်ပြီး အိမ်ထဲက အစားအသောက်တွေများ

ရနိုင်မလား ဆိုပြီး တံခါးကိုလာပြီး ကုတ်ခြစ်တတ်တဲ့ တောကြောင်တွေရဲ့အသံကိုလဲ မကြာ....မကြာ ကြားရတတ်တယ်'

'ကျွန်မကတော့ ဘာအသံမှကြားရမယ် မထင်ပါဘူး၊ သာယာလှပတဲ့ ရှင့်အိမ်ကလေးကို ငှားတဲ့အတွက် ကျေးဇူးတင်တယ် မိုက်၊ ကျွန်မ ဒီအိမ်ကလေးကို ချစ်သွားပြီ'

'အဲဒီအချစ်တွေကို အိမ်ပိုင်ရှင်ဆီ လွှဲပြောင်းပေးချင်သပါ့ဆိုရင်လဲ အချိန်မရွေး လွှဲပြောင်းပေးနိုင်ပါတယ်နော်'

'အဲ့ဒါက သိပ်ခဲယဉ်းလှမယ် မဟုတ်ပါဘူး'

ဂျိုက်နက်၏အသံက အလေးအနက် ဖြစ်နေသည်။ သို့သော် နွေးနွေးထွေးထွေး ရှိသည်။

'ဒါပေမယ့် ကျွန်မကိုမလောနဲ့ မိုက်၊ လူသစ်တစ်ယောက်အကြောင်းသိဖို့ ကြိုးစားရတာကိုကပဲ စိတ်ပင်ပန်းစရာကောင်းလှပြီ'

☆

## ၂၀ ။

နွေကာလများဆိုလျှင် မိုက်က သည်အိမ်ကလေးတွင် အိပ်နေကျ ဖြစ်၏။ သို့ဖြစ်သည့်တိုင် သည်ညတော့ ချွေးတွေ ရွှဲနစ်ပြီး အိပ်ရာမှ လန့်နိုးလာသည်။ အိပ်ရာနံဘေးရှိ စားပွဲပုကလေးပေါ်မှ နာရီကို လှမ်းကြည့်လိုက်သည်။ ညဥ့်ကြည့်ဒိုင်ခွက်က ဆယ့်နှစ်နာရီထိုးပြီး ဆယ့်ငါးမိနစ်သာ ရှိသေးကြောင်း ဖော်ပြနေသည်။ သို့သော် ညဘက်တွေတွင် သည်အိမ်ကလေးကို အအေးဓာတ်ပေးနေကျ ဖြစ်သည့် မြစ်လေသည် သည်ည ငြိမ်နေသည်။ မုန်တိုင်းအကြို သင်္ကေတများလား မသိ။ ဟိုးခပ်လှမ်းလှမ်းဆီမှ မိုးခြိုန်းသံတွေတော့ကြားနေရသည်။

ခါတိုင်းဆို သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကျဖြစ်၏။ သည်ညမှ ဘယ်လိုဖြစ်ပြီး နိုးလာရပါလိမ့်။ အတွေး

ပွားနေဆဲမှာပင် မြစ်ဘက်ဆီမှ အသံတစ်သံ ကြားရသည်။ သူက အိပ်ရာမှ ထသည်။ ပြတင်းပေါက်ဆီသို့ သွားသည်။

လရောင်မှာ ထိန်ထိန်သာနေဆဲပင်။ အနောက်တောင်ဘက်ဆီသို့ အုံကျင်းဖွဲ့ပြီး လွင့်နေသည့်တိမ်မည်းများကလမျက်နှာပြင်ကို မဖုံးအုပ်မိသေး။ ပထမတော့ သူကြားရသည့် ရေသံသည် ငါးတစ်ကောင်ကောင် မြူးပြီး ခုန်သည့်အသံဖြစ်မည်ဟု ထင်မိသည်။ ထို့နောက် တံတားအဆုံးတစ်ဝိုက်ဆီသို့ဖြန့်ကျက်ကြည့်သည်။ သည်တော့မှ ရေထဲတွင် ဖွေးခနဲ…ဖွေးခနဲ ကူးခတ်နေသည့် လက်နှစ်ဖက်ကို မြင်လိုက်ရ၏။ ရေကူးနေသူသည် ရေပေါ် ဖောင်ကလေးဆီသို့ ကူးသွားနေသည်။

သူကြည့်နေခိုက်မှာပင် ရေကူးသမားသည် ဖောင်ဆီသို့ ရောက်သွားသည်။ ပြီးတော့ ဖောင်မျက်နှာပြင်ပေါ် ရောက်အောင် ဘေးကပ်လှေကားမှ တက်သွားသည်။ သည်တော့မှ ကောင်မလေး၏ ကိုယ်ခန္ဓာကို ဖွေးခနဲ မြင်လိုက်ရ၏။ သည်လောက် အကွာအဝေးမှ လှမ်းမြင်ရသည့်တိုင် လှပသွယ်လျသော ကိုယ်ခန္ဓာအချိုးအဆက်မှာ သိသာထင်ရှားနေသည်။

ပြီးနောက် ထိုကောင်မလေးသည် ဂျက်နက်ကိုယ်တိုင်ပင် ဖြစ်နေခြင်း။ ဧကန္တတော့ သူလည်း မိမိလိုပင် ပူလှောင်အိုက်စပ်လာသဖြင့် ညဉ့်ဝတ်အင်္ကျီကို ဆွဲချွတ်ပြီး ရေဆင်းကူးနေခြင်း ဖြစ်မည်ဟု မိုက်ကောက်ချက်ချမိ၏။

ဂျက်နက်က ဖောင်ပေါ်တွင် အေးအေးလူလူ ထိုင်နေသည်။ ခြေနှစ်ဖက်ကိုရေထဲချပြီး လှုပ်ယမ်းဆော့ကစားနေသည်။ ရေကူးဦးထုပ်ဆောင်းမထားသဖြင့် မျက်နှာပေါ်သို့



ကျနေသည့် ရေစိုဆံပင်များကို နောက်ဘက်သို့သပ်တင်လိုက်၏။ သူ့ကိုကြည့်ရသည်မှာ နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် ပျော်ရွှင်မြူးတူးနေသည့်ဟန်။ သူ့ကို ကြည့်ရသည်မှာ အသက်ရှူမှားလောက်အောင်လှသည့် ပန်းချီကားတစ်ချပ်ကို ကြည့်နေရသည့်နှယ်။

မိုက်က ကောင်မလေးနှင့်သွားပြီးပူးပေါင်းသင့်၊ မပူးပေါင်းသင့်ကို ခဏမျှချိန်ဆနေသည်။ သွားပြီးပူးပေါင်းလိုက်လျှင်တော့ ရင်ခုန်လှိုက်မောစရာကောင်းမည် အမှန်။ သို့ဖြစ်သော်လည်း သူက သွားရောက်ပူးပေါင်းဖို့အကြံကို လက်လျှော့လိုက်၏။

ဂျက်နက်ဖောင်ပေါ်တွင် ဆက်ထိုင်နေသည်မှာ ငါးမိနစ်လောက်ကြာမည်ထင်သည်။ ထို့နောက် လှေကားမှတစ်ဆင့် ရေထဲသို့လျှောဆင်းလိုက်သည်။ တံတားဆီသို့ပြန်ပြီး ရေကူးလာသည်။ တံတားအစွန်းသို့ရောက်သည်။ တံတားနံဘေးရှိ ကပ်လှေကားမှတွယ်တက်သည်။ တံတားပေါ်သစ်သားကြမ်းခင်းပေါ်သို့ ရောက်သည်။ သည်လှုပ်ရှားမှုအားလုံးကို မိုက်က စောင့်ကြည့်နေ၏။ စောစောက ဖောင်ပေါ်တွင် လှမ်းမြင်လိုက်ရသည့် အလှမြင်ကွင်းသည် ခုမှ ပိုပြီး ပိုမြင်ကြည်လင်လာသည်။

ရေမကူးမီက တံတားကြမ်းပြင်ပေါ်တွင် ပစ်ချခဲ့သည့် ထဘက်ကိုကောက်ယူသည်။ ဆံပင်တွေကို ခြောက်အောင် ထဘက်ဖြင့်ပွတ်သိုက်ရင်း အိမ်နောက်ဘက်တံခါးပေါက်ဆီသို့ လျှောက်လာသည်။ သည်တော့ သူ့ဘာသာသူ အနေခက်

အယှက်ကင်းစွာ နေပါစေဟူသောစိတ်ကူးဖြင့် မိုက်က အိပ်ရာထဲပြန်ဝင်ပြီး လဲလျောင်းနေလိုက်၏။

အိပ်ရာထဲတွင်လဲလျောင်းနေရင်း အသံတွေကိုကြားနေရ၏။ နောက်ဖေးတံခါးပိတ်သံ။ ပြီးတော့ ခြေသံဖွဖွများ။ ခြေသံဖွဖွများက အိပ်ခန်းနှစ်ခန်းကိုခြားထားသည့် စင်္ကြံလမ်းအတိုင်း ရွေ့လျားလာသည်။ သို့သော် ဂျက်နက်က သူ့အခန်းဘက်သို့မသွား။ မိုက်၏အခန်းထဲသို့ဝင်လာသည်။ သူက တဘက်ဖြင့် ဆံပင်များကိုပွတ်တိုက်နေဆဲ။ ခုတင်နားသို့ ချဉ်းကပ်လာသည်။ လဲလျောင်းနေသည့် မိုက်အား ခြေဆုံးခေါင်းဆုံး ကြည့်သည်။ မိုက် တစ်ချက်ကလေးမျှ မလှုပ်ရဲ၊ မလှန့်ရဲ၊ မလှုပ်ရဲ။ မိမိနိုးနေသည်ကို သိသွားလို့မဖြစ်။ မဟုတ်လျှင် သူရေကူးနေသည်ကိုထပြီး ချောင်းကြည့်နေတာ ပေါ်သွားမည်။

တစ်ဒင်္ဂ။ သည်တစ်ဒင်္ဂကား သည်းထိတ် ရင်ဖိုဖွယ် တစ်ဒင်္ဂ။ ဂျက်နက်သည် မိမိအိပ်ရာထဲသို့ဝင်လာတော့မည်ဟု မိုက်ထင်လိုက်မိ၏။ ထို့နောက် 'တဟင်းဟင်း'နှင့် တိုးတိုးတိတ်တိတ် ရယ်မောလိုက်သံကိုကြားရသည်။ သည်အသံသည် လည်ချောင်းသံ။ မိုက်မှတ်မိနေသည့်အသံ။ မိုက်အား တံခါးဝရောက်မှပြန်ခေါ်ပြီး ရင်သားခွဲစိတ်ပြုပြင်မှုပြုလုပ်ပေးရန် ပြောခဲ့စဉ်က ကြားဖူးသည့်အသံ။

မည်သို့ဖြစ်စေ ဂျက်နက်က အခန်းထဲမှပြန်ထွက်သွားသည်။ ခဏနေတော့ သူ့အခန်းဘက်မှ ခုတင်သံတကျွီကျွီ



ကိုကြားရသည်။ အဓိပ္ပာယ်မှာ ဂျက်နက်အိပ်ရာထဲပြန်ဝင်သွားပြီဆိုသည့် သဘော။

မိုက် ခုတင်ပေါ်မှာပင် နာရီဂက်လောက် ကြာအောင်ဆက်ပြီး လဲလျောင်းနေသည်။လောလောလတ်လတ်မြင်တွေ့လိုက်ရသည့်မြင်ကွင်းအကြောင်းစဉ်းစားနေသည်။ပြီးတော့ သည်မြင်ကွင်း၏ ထူးခြားသည့်လက္ခဏာကို သို့လော သို့လော စဉ်းစားနေသည်။ဂျက်နက်အားတခြားကိုယ်ပွားက လွှမ်းမိုးချုပ်ကိုင်သွားသည်။ ဒါတော့ သေချာသည်။ လည်ချောင်းသံအက်အက်ဖြင့်တဟင်းဟင်းရယ်မောသံသည်ထူးခြားသော ကိုယ်ပွား၏ ရယ်သံဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာမရှိ။ သည်ကိုယ်ပွား၊ သို့မဟုတ် မကောင်းဆိုးဝါးဝိညာဉ်။ သည်ဝိညာဉ်က ဂျက်နက်၏ကိုယ်ထဲတွင် ဝင်ရောက် ပူးကပ်နေသည်။ ပြီးတော့ သူကြိုက်သည့်အချိန်၊ သူကြိုက်သည့်နေရာတွင် မူလဂျက်နက်ကိုလွှမ်းမိုးချုပ်ကိုင်ပြီး သူလုပ်ချင်ရာလုပ်သွားတတ်သည်။

တစ်ခုစဉ်းစားရမည်မှာ အဆိုပါ ဒုတိယကိုယ်ပွား၏ မူလအစအကြောင်းဖြစ်၏။ထိုသို့ ဒုတိယကိုယ်ပွားပေါက်ဖွားဆင်းသက်လာရာ မူလအစအကြောင်း စဉ်းစားကြည့်ရသည်ကိုက ထိတ်လန့်ကြောက်မက်စရာ ကောင်းနေတော့သည်။

* * *

ဝက်သားခြောက်ကြော်ရနံ့ ကသင်းပျံ့နေသည်။ တိုးတိုးညင်ညင် တေးညည်းနေသည့် မိန်းမအသံတစ်သံက စားဖိုဆောင်ဘက်ဆီမှ လွင့်ပျံ့လာနေသည်။ သည်ရနံ့၊ သည်အသံနှင့်အတူ မိုက်အိပ်ရာမှနိုးလာသည်။

သူက ရေကူးဘောင်းဘီကိုဝတ်သည်။ စားဖိုဆောင်ထဲသို့သွားသည်။ သူ့ကိုအပြုံးဖြင့်မော့ကြည့်သော ဂျက်နက်က ညှပ်ဖိနပ်စီးထားသည်။ ဘောင်းဘီတို ဝတ်ထားသည်။ အပေါ်ပိုင်းမှာတော့ ဘရာစီယာပဲဝတ်ထားသည်။

'မင်္ဂလာရှိတဲ့နံနက်ခင်းပါ၊ ကျွန်တော်မျက်စိကျယ်သွားအောင် နည်းနည်းလောက် ရေကူးလိုက်ချင်တယ်၊ ဖြစ်တယ်မဟုတ်လား'

'ဖြစ်ပါတယ်၊ အေးအေးဆေးဆေးလုပ်ပါ၊ ရှင့်အတွက် ကြက်ဥကိုဘယ်လိုကြော်ပေးစေချင်လဲ'

'ကျက်ရုံကလေးဆို တော်ပြီ၊ ကျွန်တော် မကြာဘူးနော်'

မိုက်က ဖောင်ကာသားဆီသို့ရေကူးသွားသည်။ ပြီးတော့ ပြန်ကူးလာသည်။ ကံတားလှေကားမှတက်လာပြီး ခပ်သွက်သွက် ရေချိုးသည်။ ဘောင်းဘီတို၊ စပို့ရှပ်အင်္ကျီတို့ ဝတ်ဆင်ပြီး အပြင်ထွက်လာချိန် ဂျက်နက် ဝက်သားခြောက်ကြော် လေးချပ်ထည့်ထားသည့် ပန်းကန်ပြားထဲသို့ ကြက်ဥကြော်တွေကို ဒယ်အိုးထဲမှလျှောချနေသည်။ ပေါင်မုန့်ထည့်ထားသည့် ပေါင်မုန့်မီးကင်စက်က စားပွဲပေါ်မှာ အဆင်



သင့်။ ပန်းကန်ပြားနှစ်ချပ်၏ နံဘေးတွင် လိမ္မော်ဖျော်ရည် တစ်ဖန်ခွက်စီ ချထားသည်။

သူတို့နှစ်ယောက်စလုံး ဆာလောင်မွတ်သိပ်နေပြီ။ သည်တော့ စကားများများ မပြောနိုင်။ ဂျက်နက်က သူတို့နှစ်ယောက်အတွက် ဒုတိယမြောက် ကော်ဖီတစ်ခွက်စီငှဲ့ထည့်ပြီးမှ စကားပြောနိုင်ကြသည်။

'ခင်ဗျားဟာ စာရေးကောင်းတယ်၊ ရေကူးကောင်းတယ်၊ ဟင်းချက်ကောင်းတယ်၊ နောက်ပြီးမနက်စောစော ဒီအချိန်ကြီးမှာလဲ လှပပြီး ကြည့်ကောင်းနေတယ်၊ အဲဒါတွေအပြင် တခြားဘာတွေ ကောင်းကောင်းလုပ်တတ်သေးလဲဟင်'.

ဂျက်နက် ရယ်မောလိုက်၏။

'နောက်ဆုံးအစိတ်အပိုင်းကတော့ ရှင့်ကျေးဇူးကြောင့်ပါ၊ လေကြောင်းကုမ္ပဏီကို ငွေကြေးပမာဏ အတော်များမယ့် ငွေတောင်းခံလွှာတစ်စောင် ရှင်ပို့လိုက်လိမ့်မယ် ထင်ပါတယ်၊ ဦးလေးဂျော့က ပြောတယ်၊ ကျွန်မကိုယ်တိုင်လဲ လျော်ကြေးတော်တော်များများ ရလိမ့်မယ်တဲ့၊ ဒါပေမယ့် ရှင်....ကျွန်မကိုယ်ကျွန်မ မှန်ထဲကြည့်ပြီး အရင်ကမျက်နှာနဲ့ ခုမြင်နေရတဲ့ မျက်နှာကို ယှဉ်ကြည့်မိတော့ လေကြောင်းကုမ္ပဏီကို တရားစွဲရမှာတောင် သိပ်လိုင်ပြ မသန့်တော့ဘူးရှင်'

'ခင်ဗျားအသက်ဆုံးရှုံးဖို့ဘယ်လောက်နီးကပ်သွားတယ်ဆိုတာနဲ့ ဘယ်လောက် ဝေဒနာခံစားလိုက်ရတယ် ဆိုတာလဲ မေ့မထားနဲ့ဦးလေ'

'ကျွန်မရဲ့ဘဝအတွက် ကျေးဇူးတင်ရမယ့်သူက ရှင် တစ်ယောက်ပဲ ရှိပါတယ်မိုက်'

'အရှေ့တိုင်းမှာဆိုရင် အဲ့ဒီစကားဟာ ခင်ဗျားကို ကျွန်တော်က သေတစ်ပန်သက်တစ်ဆုံး တာဝန်ယူဖို့ဖြစ်လာပြီလို့ အဓိပ္ပာယ်ရောက်တယ်ဗျာ'

မိုက်က နောက်ပြောင်ကျီစယ်သည့်လေသံဖြင့် ပြော၏။ သို့သော် စကားဆက်သောအခါ သူ့လေသံသည် အလေးအနက်ဖြစ်နေ၏။

'အဲဒီ အလားအလာကို မျှော်မျှော်စဉ်းစားလေ၊ အဲ့ဒီအလုပ်ဟာ ကျွန်တော်လုပ်ချင်တဲ့အလုပ် ဖြစ်လာလေမဲ့ဗျ'

ဂျက်နက်က ခင်မင်တွယ်တာမှုကို ဖော်ပြသည့်အနေဖြင့် စားပွဲမျက်နှာပြင်ကို ကျော်လွန်ပြီး မိုက်၏လက်ကို ဆုပ်ကိုင်လိုက်၏။

'ဩော်...ချစ်ရပါတဲ့မိုက်ရယ်၊ ရှင့်ရဲ့ချစ်ခြင်းမေတ္တာကို ရယူခံစားဖို့ဆိုတာ ဘယ်မိန်းကလေးမဆို မက်မောမယ့် ဆုကြီး လာဘ်ကြီးတစ်ပါး ဖြစ်မယ်လို့ ကျွန်မ ထင်ပါတယ်'

'ဒါဆိုလဲ ဘာဖြစ်လို့ တင်းခံနေရတာလဲဗျာ'

'ဘယ်သူက တင်းခံနေလို့လဲ၊ ဒါပေမယ့် ကျွန်မတို့ ခြေလှမ်း သိပ်မကျဲရင် ကောင်းမယ်၊ တကယ်တမ်းကျတော့ ကျွန်မလက်ထပ်မယ်လို့ ယူမှတ်ထားတဲ့ ခင်ပွန်းလောင်း တစ်



ယောက်ကို အဆက်ဖြတ်ပြီးစပဲရှိသေးတယ်လေ၊ ရှင်နဲ့ တွေ့ပြီးမှ ဆိုပါတော့၊ နောက်တစ်ခုရှိတာက ရှင်ဟာ မိန်းကလေးတစ်ယောက်ကို အတည်တကျ အိုးအိမ်ထူထောင်ဖို့ အသင့်မဖြစ်သေးဘူးလို့ ကျွန်မထင်တယ်'

'ကျွန်တော် ခုလေးပဲ ပြောပြီးပါပြီကော၊ ကျွန်တော် ခင်ဗျားကို ချစ်နေပါပြီလို့၊ ကျွန်တော် လူနာတစ်ယောက်ကို ဒီစကားမျိုး ဘယ်တော့မှမပြောဘူးလို့ ဆုံးဖြတ်ထားတဲ့ အဓိဋ္ဌာန်ပြုချက်ကို ချိုးဖောက်လိုက်တာပေါ့ဗျာ၊ ကဲ.... ဒီထက်ပိုပြီး ဘယ်ပုံဘယ်နည်းနဲ့ သက်သေ ပြစေချင်သေးလို့လဲ'

'အစမ်းကာလတစ်ခုဖြစ်ဖြစ်ပေါ့၊ တစ်လင်တစ်မယား စနစ်နဲ့ အခြေချနေထိုင်ဖို့ ရှင်အဆင်သင့်ဖြစ်ပြီလား ဆိုတာ သက်သေထူဖို့လေ၊ တကယ်တော့ ရှင်ဟာ လူပျိုလူချော တစ်ယောက်မှာ ရှိနိုင်တဲ့ ဆန္ဒမှန်သမျှကို ဖြည့်စွမ်းနိုင်နေပြီ ပဲလား'

'ခင်ဗျားကလွဲလို့ပေါ့'

'အမယ်လေး....ကျွန်မမရှိလဲ ဖြစ်ပါတယ်ရှင်၊ ကျွန်မရဲ့ ဗီရိုအံဆွဲအောက်ခံ အခင်းစက္ကူအောက်မှာ အသားကပ် ဘောင်းဘီရှည်တစ်ထည် တွေ့တယ်၊ နောက်ပြီးရေချိုးခန်းထဲက ဆေးပစ္စည်း သေတ္တာကလေးရဲ့ နောက်ဘက်ခြမ်းမှာ ပုလင်းတစ်ဝက်ပဲ ကျန်တော့တဲ့ ပဋိသန္ဓေတားဆေးတွေလဲ တွေ့တယ်'

'အဲဒါက ပထမအိမ်ငှား ကျန်ခဲ့တာဖြစ်မယ်'

ဂျက်နက် ဟက်ခနဲ ရယ်ပစ်လိုက်သည်။

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မကတော့ တယ်ပြီ
ယုံချင်ဘူး၊ ကျွန်မမှာ အပြီးရေးရမယ့် စာအုပ်တစ်အု
ရှိတယ်၊ လေကြောင်းကုမ္ပဏီနဲ့ အပြတ်ရှင်းရမယ့် အမှုတစ်
ရှိတယ်၊ ဒါ့အပြင် ကျွန်မတို့ တစ်ယောက်အကြောင်း တ
ယောက် သိသထက် သိလာအောင် အချိန်ယူကြရဦးမယ်
ကျွန်မဟာ ဂျယ်ရယ်ကို ကျွန်မရဲ့ဓံပြုပုဂ္ဂိုလ်အဖြစ် မှတ်ယူ
တယ်လေ၊ သိတယ်မဟုတ်လား၊ ဒါပေမယ့် ခုချိန်မှာကျွန်မ
ဘယ်လိုဖြစ်ပြီး ဒီလောကတုံးခဲ့တာပါလိမ့်ဆိုတာ စဉ်းစာ
လို့ မရဘူး'

'ဒီတော့ရှင်....ကျွန်မတို့ တစ်ယောက် အကြောင်း တ
ယောက် ပိုသိလာအောင် သုံးလလောက် အချိန် ယူလိုက်ကြ
ရအောင်ပါ၊ အဲ့ဒါဆိုရင် ကျွန်မတို့ အေးအေးဆေးဆေး
ဆုံးဖြတ်ရမယ့် ဆုံးဖြတ်ချက်တွေကို အမြင် ပယောဂတွေ
ကြောင့် အစောတလျှင် မလုပ်မိတော့ဘူးပေါ့'

'ဘယ်လို ဆုံးဖြတ်ချက်မျိုးတွေကို ပြောတာလဲ'

'ကျွန်မဟာ ရှင့်ရဲ့ ဖန်တီးမှုလက်ရာ တစ်ခုပဲဆိုတာ မမေ့
နဲ့လေ၊ အဲ့ဒီတော့ ကျွန်မ အတွက် ရှင့်မှာတာဝန်ရှိတယ်လို့
ရှင်ခံစားရမှာ သဘာဝပဲပေါ့၊ ဒါပေမယ့် တခြား မိန်းမ
တွေကိုလဲ လှလာအောင် ရှင်လုပ်ပေးဦးမှာပဲ၊ အဲ့ဒီအခါကျ
ရှင်လို ကိုလူချောတစ်ယောက် လိုချင်မက်မောတဲ့ကိစ္စကို သူ
တို့က လိုက်လျောဖို့ စိတ်အား ထက်သန်ကြလိမ့်မယ်၊ အိမ်
ထောင်ပြုခြင်းဆိုတဲ့ အနှောင်အဖွဲ့ကြီး မပါဘဲနဲ့လေ ...'



'အချစ်နတ်ဘုရားမ 'အက်ဖရိုဒိုက်' ကိုယ်တိုင်ကို ဇနီး
ဖြစ် ရနေမှတော့ ကျွန်တော်က ဘယ်လိုလုပ်ပြီး တခြား
န်းမတစ်ယောက်ကို မက်မောနေတော့မှာလဲ'

'အိမ်ထောင်တစ်ခုမှာ ကျွန်မဟာ အလှအဆင် တန်ဆာ
စ်ခုအနေနဲ့ အောင်မြင်ပေမယ့် ရုပ်ပိုင်းဆိုင်ရာဖြည့်ဆည်း
အရ ကျွန်မ အောင်မြင်ချင်မှ အောင်မြင်မယ်ဆိုတာလဲ မေ့
သွားနဲ့ဦး၊ အလှအဆင် တန်ဆာအနေနဲ့ အောင်မြင်တာ
တာင် ရှင့်ကြောင့် အောင်မြင်တာနော်'

'ဩော်....ဒီမေးခွန်းကို ကျွန်တော်တို့ လွယ်လွယ်လေး
ဖြေရှာလို့ ရပါတယ်'

'ဒီလောက်ကြီးလဲ မလောပါနဲ့ ချာတိတ်ရယ်'

ဂျက်နက်က ရယ်မောရင်းပြော၏။

'ဆရာဝန်တွေရဲ့ အိမ်ထောင်ရေးတွေဟာ ပြောစရာဖြစ်
သာက်အောင်ကို မတည်ငြိမ်ဘူးရှင့်၊ ဘာဖြစ်လို့လဲဆိုတော့
နာမိန်းကလေးအတော်များများဟာ သူတို့ကို ကုသပေး
ဆရာဝန်တွေကို ချစ်ခင်မြတ်နိုးတတ်ကြတယ်၊ သူတို့ရဲ့
ချစ်ကိုလဲ သက်သေ ထူချင်ကြတယ်လေ၊ ဒီတော့ ရှင်
န်မ ကိုယ့်စိတ်ကိုယ်မနိုင်ခင်....ကျွန်မကိုယ်ကျွန်မ ဘာမှန်း
သိသေးခင် ဘာမှ အလောတကြီး မလုပ်ချင်ဘူး၊ မယား
ာင်းတစ်ယောက် ပီပီသသ မဖြစ်နိုင်သေးဘဲနဲ့ ရှင့်ကို
ပိုင်စီး မထားချင်ဘူးလေ'

'ဒီတော့ ဘာလုပ်ကြမှာလဲ'

'ခု ကျွန်မတို့နေ့တွဲအတိုင်းပဲပေါ့၊ နှစ်ယောက်အတူ နေ ကြရတဲ့ ကြည်နူးမှုကို ခံစားမယ်၊ အိပ်ရာထဲမှာ အတူအိပ် ကြတာထက် လျော့နည်းတဲ့ ပျော်ရွှင် ချမ်းမြေ့မှုတွေကို မျှဝေ ခံစားကြမယ်'

'ဒီမနက်ဆယ်နှစ်နာရီခွဲလောက်တုန်းကဆို ကျွန်တော်တို့ ခုလက်ရှိထက်ပိုပြီး တရင်းတနှီးဖြစ်ပြီလို့ ကျွန်တော်ထင်...'

သူ့မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်သွားသည်ကို မိုက် မြင်လိုက်ရ၏။ အံ့အားသင့်ခြင်း၊ ပြီးတော့ စိုးရိမ် ထိတ် လန့်ခြင်းတို့ လွှမ်းသော မျက်လုံးများ....

'ရှင် ဘာတွေပြောနေတာလဲ ဟင်'

'ခင်များ သန်းခေါင်ယံမှာ ငိုရကူးခဲ့တာကို မမှတ်မိ ဘူးလား၊ ဒါမှမဟုတ် ကျွန်တော့် ခုတင်နံဘေးမှာမတ်တတ် ရပ်ပြီး ကျွန်တော်နဲ့အတူ ဝင်အိပ်ရကောင်းမလားလို့ ချီတုံ ချတုံ ဖြစ်နေတာကကော သတိမရဘူးလား'

'ဩော်....ဒါကြောင့် မနက်က ကျွန်မအိပ်မက်တွေ ရေ နေသေးတာကိုး'

သူ့မျက်နှာတွင် သွေးဆုတ် သွားသည်။ သူ့ကိုယ် တိန်းသည့်အနေဖြင့် စားပွဲကို လှမ်းကိုင်ထားသည်။

'ဘာတွေ ဖြစ်ခဲ့သေးလဲဟင်'

'ဘာမှ မဖြစ်ခဲ့ဘူး'

မိုက် စိတ်မကောင်း ဖြစ်သွားသည့် လေသံဖြင့်ပြော

'ဒါပေမယ့် စောစောလေးက ခင်များပြောတဲ့ ပုံ အတိုင်းဆို ကျွန်တော်က ခင်များကို လိုချင်မက်မောသ



ခင်များကလဲ ကျွန်တော့်ကို လိုချင်မက်မော နေတာပဲ၊ ဒီတော့မျာ မနေ့ညက ခင်များနဲ့ကျွန်တော် အတူအိပ်ဖြစ် ကြတော့ကော ဘာဖြစ်သေးလဲ၊ အဲဒါ ဘာမှားသလဲ'

'မိုက်၊ ရှင်ပြောနေတာတွေကို ကျွန်မ ဘာမှမသိဘူးရှင့်'

'ဒါဆို ကျွန်တော်က လိမ်ပြောနေတာလို့ ခင်များစွပ်စွဲ နေတာလားဟင်'

'မဟုတ်ရပါဘူး အချစ်ရယ်'

ဂျက်နက် ကမန်းကတန်း တောင်းပန်သည်။

'ဒါပေမယ့် ကျွန်မတို့အချစ်နယ်ကျွံမိရင်တောင်မှ အဲဒါ ကျွန်မအစစ်ဖြစ်မှာ မဟုတ်ဘူး၊ ကဲ....အဲ့ဒီအကြောင်း ပြော ဖြစ်မပါဦး'

မိုက်က ဇာတ်ကြောင်းပြန်ပြသည်။ ဂျက်နက် ဘိတ္တား စွန်းမှ ဒိုင်ဗင်တိုးဆင်း သံကြောင့် မိမိအိပ်ရာမှ လန့်နိုးပုံ၊ လရောင်အောက်တွင် ဂျက်နက်ရေကူးသည်ကို ကြည့်နေမိပုံ ဘိတ္တားပေါ်သို့ ပြန်တက်လာပြီး အိမ်ထဲသို့ပြန်ဝင်လာပုံ....။

'ရှင့်အိပ်ခန်းထဲကို ကျွန်မဝင်လာတယ်လို့ပြောတာလား'

'ခင်များဟာ ကျွန်တော့် ခုတင်နဲ့ နှစ်ပေလောက် အတွင်းမှာရောက်နေတာဗျ၊ လရောင်က ထိန်ထိန်သာနေ တုန်းဆိုတော့ ခင်များကို ကျွန်တော် ရှင်းရှင်းကြီးမြင်နေ ရတာ၊ ကျွန်တော်က ငြိမ်ပြီး လှဲနေတယ်လေ၊ ခင်များ ယောင်ပြီး အိပ်လျက် လမ်းလျှောက်နေတာ၊ အဲ....ရေကူး နေတာဖြစ်မလားလို့ စဉ်းစားနေတာ၊ ဒါပေမယ့် အိပ်လျက် ယောင်ပြီး ရေကူးတယ်ဆိုတာမျိုးတော့ ကျွန်တော်မကြား

ူးဘူးလေ၊ အနည်းဆုံး, တစ်မိနစ်တော့ ကြာမယ်ဗျ၊ ခင်
ျား ကျွန်တော့်ကို ကြည့်နေကာ ခြေဆုံး ခေါင်းဆုံး....'
'အဲ့ဒီတုန်းက ရှင်က....'
'နွေဘက်ဆို ကျွန်တော်က အဲ့ဒီလို အိပ်နေကျဗျ၊ ခင်ဗျား
ျွန်တော့်ကို ကြည့်ပုံရှုပုံကခင်ဗျား ဝယ်မလို့ စဉ်းစားတဲ့
ွင်းတစ်ကောင်ကို ကြည့်ပုံရှုပုံမျိုးကြီး၊ အဲဒီနောက် ကျွန်
တော့်နားကို ခြေတစ်လှမ်း တိုးလာပါလေရော၊ ဒီတော့
ျွန်တော်က ကျိန်းသေ တွက်လိုက်တယ်၊ ဒီသူငယ်မတော့
ိရင်ခွင်ထဲ တိုးဝင်လာတော့မှာပဲလို့၊ ဒါပေမယ့်ခင်ဗျားက
နာက်ပြန်လှည့်သွားတယ်၊ အဲဒီလို လှည့်အသွားမှာအဲဒီအသံ
တိုင်း တဟင်းဟင်း ရယ်သံကို ကြားလိုက်ရတယ်လေ'
'အဲ့ဒီအသံအတိုင်း....ဟုတ်လား၊ အဲ့ဒီအသံကို ရှင်က ဘယ်
ုန်းက ကြားဖူးလို့လဲ'
'ခင်ဗျာ့ ရင်သားတွေ ခွဲစိတ်ပြုပြင်ပေးဖို့ ပြောတုန်းက
ပါ့၊ အဲဒီတုန်းကတော့ ကျွန်တော်လဲ ရင်တွေ ပူလောင်ပြီး
တ်တွေ ကသောင်းကနင်းဖြစ်နေပြီဆိုတော့ ခင်ဗျားဘယ်
မ်းပဲရွေးရွေး ရွေးတဲ့လမ်းအတိုင်း လိုက်လျောက်ဖို့အသင့်
စ်နေတာကလား၊ ဒါပေမယ့် ခင်ဗျားက အပြင်ထွက်သွား
ယ်၊ နောက်တစ်ကြိမ် ခင်ဗျားကိုတွေ့ရတာက ကျွန်တော်
ပ်ရာက နိုးမှပဲ၊ အဲဒီတော့ ခင်ဗျားကအရင်နိုးနေပြီးမနက်
 ချက်နေပြီလေ'
'အဲ့ဒီလို ဖြစ်တတ်တယ်ဆိုတာကို အရင်က ကျွန်မ မယုံခဲ့
း'



ငိုရှိုက်တော့မည့်အသွင်ဖြင့် ပြော၏။
'ဒါပေမယ့် ခုတိုင်းဆို ကျွန်မဟာ တကယ့်ကိုနှစ်ကိုယ်ခွဲ
ဖြစ်နေတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဆက်ငြင်းနေလို့ဖြစ်တော့
မလဲ၊ တစ်ကိုယ်က ကျွန်မသိတဲ့ တကယ့်ကျွန်မ၊ နောက်တစ်
ကိုယ်ကတော့ အထိန်းအကွပ်မရှိတဲ့ မိန်းမတစ်ယောက်'
'သိပ်လဲ စိတ်ကသိကအောက် မဖြစ်ပါနဲ့လေ'
မိုက်က ဂျက်နက်၏လက်ကို လှမ်းကိုင်လိုက်သည်။ ဇော
ချွေးပြန်နေသည့် လက်ဖဝါးကို ဆုပ်ကိုင်မိသည့်တိုင် မိုက်က
တော့ အံ့သြခြင်း မဖြစ်မိ။

'တစ်ယောက်ယောက်က ပြောဖူးတယ်ဗျ၊ စံပြ မယား
ဆိုတာ ဧည့်ခန်းထဲမှာတည်ကြည်ခန့်ညားတဲ့ ဣန္ဒြေရှင်မိန်းမ
ဖြစ်ရမယ်၊ စားဖိုဆောင်ထဲမှာဆိုရင်'ကော်ဒွန်ဘလိုး'အချက်
အပြုတ်သင်တန်းဆင်း ဖြစ်နေရမယ်၊ နောက်ပြီး အိပ်ခန်းထဲ
ကျတော့ အထိန်းအကွပ်မဲ့မိန်းမတစ်ယောက် ဖြစ်နေရမယ်တဲ့
ဗျ'
'ဒါပေမယ့် ကျွန်မက အဲ့ဒီအရည်အချင်းတွေတစ်ခုမှမရှိ
တဲ့ မိန်းမရှင့်'
ကောင်မကလေး ငိုတော့မလိုဖြစ်နေသည်ကို မိုက်တွေ့ရ
သည်။
'ကျွန်မက လူနှစ်ယောက်လေ၊ တစ်ယောက်ကစီးမိသွား
ရင် သူ ဘာလုပ်မယ်ဆိုတာကို ကျန်တဲ့တစ်ယောက်က သိရ
တာ မဟုတ်ဘူး'

မိုက်က စားပွဲကို ခပ်သွက်သွက် ကွေ့ပတ်သွားသည်။ ပြီးတော့ ကောဝ်မလေးကို ပွေ့ဖက်ထားလိုက်သည်။

'တကယ်လို့ ခင်ဗျား အထိန်းအကွပ်မဲ့ မိန်းကလေး ဆိုရင် ကျွန်တော်နဲ့ပဲ အထိန်းအကွပ်မဲ့နေဝ်'

'အဲဒါခက်တာပေါ့၊ ကျွန်မရဲ့ကိုယ်ပွားကို ကျွန်မမထိန်းနိုင်ဘဲ'

'မနေ့ညက ခင်ဗျား ထိန်းနိုင်ခဲ့သားပဲ၊ ကျွန်တော်သာ အဲဒီလို ထိန်းနိုင်ခဲ့တာကြီးကို သိပ်ဘဝင်မကျ ဖြစ်နေတာ'

'အဲဒီကိစ္စနဲ့ပတ်သက်ပြီး မနေ့ကစ်မ်းပါနဲ့ မိုက်ရယ်၊ အဲ့ဒီလိုမျိုးတွေ ဖြစ်ပြီး ကျွန်မစိတ်နဲ့ကျွန်မကိုယ် ပြန်ဖြစ်လာတဲ့အခါ ကျွန်မ ရူးနေပြီလားလို့တောင် တွေးမိတယ်၊ တကယ်ပဲ'

'ဂျက်နက်ဘက်အနေနဲ့ ခင်ဗျား မရူးပါဘူးဗျာ၊ ခင်ဗျားဦးခေါင်းမှာ အပြင်းအထန် ဒဏ်ရာရသွားတယ်၊ ခင်ဗျားရဲ့ ကလာပ်စည်းတွေဟာ မိနစ်အတော်ကြာကြာ အောက်ဆီဂျင် နည်းနည်းလေးပဲရခဲ့တယ်၊ အောက်ဆီဂျင်အရနည်းမှုကြောင့် နောက်ပိုင်းမှာ ဦးနှောက်လှုပ်ရှားပုံ မမှန်တာမျိုး ဖြစ်သွားတတ်တယ်၊ ဒါပေမယ့် ခင်ဗျာ့ဦးနှောက် ဓာတ်ရှက်ချက်တွေကတော့ ပုံမှန်နေတာပဲ'

'မနေ့ညက လွဲလို့ပေါ့'

'အဲဒါကို အလွယ်ဆုံး ဖြေရှင်းချက်ပေးရရင် အိပ်လျက်လျောင်ပြီး လမ်းလျှောက်တာလို့ပဲ ဆိုကြပါစို့ ပါ၊ မနေ့ညက ပူလောင်အိုက်စပ်နေတာဗျ၊ အဲ.... တံတားအဆုံးက ရေဟာ



အေးမြပြီး ဇိမ်ရှိတယ် ဆိုတာကို ခင်ဗျား သိထားပြီလား၊ ဒီတော့ ဒီအရသာကို ခင်ဗျား ခံစားလိုက်တာပေါ့ဗျာ'

'အဲဒီ နောက်ပိုင်းကျတော့ကော၊ ရှင့်အခန်းထဲ ကျွန်မ ဝင်လာတဲ့အပိုင်းလေ'

မိုက် ပြုံးစိစိ လုပ်လိုက်၏။

'ခင်ဗျားရဲ့ သွေးသား ဆန္ဒဟာ ခင်ဗျားကိုယ်ခင်ဗျား ထင်ထားတာထက် ပိုပြီး ပြင်းထန်နေလို့ဖြစ်မှာပေါ့၊ မိန်းမအများစုဟာ အဲဒီလိုဖြစ်လေ့ရှိတဲ့အကြောင်းကို 'မားစတားနဲ့ဂျွန်ဆင်'ဆိုတဲ့ ဆရာကြီးနှစ်ဦးက သက်သေထူ ပြခဲ့တယ်၊ များသောအားဖြင့် မိခင်တွေက ရိုက်သွင်းပေးလိုက်တဲ့ အသိကြောင့် သူတို့ဟာ သူတို့ရဲ့သွေးသားဆန္ဒတွေကိုကလေးဘဝကတည်းက ဖိနှိပ်ချုပ်နှိမ်ခဲ့ကြတယ်၊ အဲဒီ ဖိနှိပ်မှုသိပ်ရမှုတွေကို ဖောက်ထွက်နိုင်ပြီဆိုတာနဲ့ ဖောက်ထွက်ကြတော့တာပဲတဲ့၊ မနေ့ကဆို ခင်ဗျား ဖောင်ပေါ်မှာ ထိုင်နေတာကို ကြည့်ရတာ မီးနှပ်စ် နတ်သမီးကိုယ်တိုင် လှိုင်းတွေကြားထဲက ပေါ်လာတဲ့အတိုင်းပဲ၊ ကျွန်တော်ဆို ခင်ဗျာ့ဆီကို လိုက်လာဖို့ အတော်ကြီးကို အာသီသ ပြင်းပြခဲ့တာဗျို့၊ နောက်ပြီး ကျွန်တော့် ခုတင်နံဘေးလရောင်ဝင်းဝင်းအောက်မှာလာရပ်နေတော့လဲ လှလိုက်တဲ့ဖြစ်ခြင်း၊ ကျွန်တော်ကတော့ အသက်ရှူဖို့တောင် မေ့နေမိတယ်ဗျ၊ အဲဒီတုန်းကလဲ ဝုန်းခနဲဒုန်းထပြီး ခင်ဗျားကို တွေးမပွေ့မထားမိအောင် ကျွန်တော့်မှာ နှမ့ရာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားခဲ့ရတယ်။

'ဒါပေမယ့် ခင်ဗျားဟာ ကိုယ့်အခန်းကိုယ်ပြန်သွားတာပါပဲ၊ ဆိုလိုတာက ခင်ဗျားရဲ့ စိတ်တန်ခိုးဟာ ခင်ဗျား ထိန်းချုပ်မှု အောက်မှာပဲ ရှိနေတယ်၊ ဘယ်ကိုယ်ပွားရဲ့ ထိန်းချုပ်မှု အောက်မှာမှ မရှိဘူး၊ အဲဒီကိုယ်ပွား ဆိုတာကလဲ ထိခိုက်ဒဏ်ရာရသွားတဲ့ ဦးနှောက်ကလာပ်စည်းကလေးတွေကြောင့် ယာယီဖြစ်ပေါ်လာတာ၊ အချိန်တန်ရင်သူ့ဟာသာသူ ပျောက်သွားမှာ'

'ရှင်ပြောတာ မှန်မှာပါ၊ ဒါ့အပြင် ရန်းဒေါမက်ကာသီကလဲ ကျွန်မကို ကူညီဖို့ ကတိပေးထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က ဒီမြစ်ရိုးပေါ်က အိမ်နီးနားချင်းတွေဖြစ်တော့မှာကိုး၊ သူ့ မိတ်ဆွေ ကိုဗင်လင်မယားက ဒီအနီးအနားမှာ အိမ်တစ်အိမ် ငှားလိုက်ပြီဆိုတာ ရှင် သိတယ်မဟုတ်လား'

မိုက် ခေါင်းညိတ်ပြသည်။ မဆိုစလောက်ကလေးမျက်နှာကို ပုပ်သိုးလျက်....

'ကျွန်တော်ကတော့ အဲဒီစိတ်ကူးကို ခုထိ မကြိုက်နိုင်သေးဘူးဗျ၊ ကျွန်တော်က ခင်ဗျားကို ဗုဒ္ဓဟူးနေ့ညနေပိုင်းတွေနဲ့ သီတင်းပတ် ကုန်ရက်တွေမှာပဲ တွေ့ခွင့်ရနေချိန်မှာ ဒီလူက ဒီမှာလာပြီး ခင်ဗျားနဲ့ နေ့စဉ်တွေ့နေတာကြီးကို မကြိုက်နိုင်ပါဘူး'

'ကျွန်မတို့နှစ်ယောက်စလုံး နာလန်ထဖို့ ကြိုးစားနေချိန်မှာ ကျွန်မကိုယ်ပေါ်က လူဆိုးတစ်ယောက်ကို မောင်းထုတ်



နိုင်အောင် ရန်းဒေါက ကူညီနိုင်မယ်ဆိုရင်—ဟိုပြီးမကောင်းဘူးလား'

'လူဆိုး ဆိုလို့ ပြောရဦးမယ်၊ ခင်ဗျား သေနတ်ပစ်တတ်လား'

'တော်တော်လေး ပစ်တတ်ပါတယ်၊ ဘာဖြစ်လို့လဲ'

'ရဲမှူးကြီးနော့ခ်ရဲ့ လူတွေက သီတင်းပတ်ရက် တွေမှာ တစ်နေ့တစ်ကြိမ် ခင်ဗျားဆီ လာပြီးကြည့်လိမ့်မယ်၊ ဒီတော့ သူတို့မလာတဲ့ အချိန်တွေမှာ ခင်ဗျားကိုယ်ခင်ဗျား ကာကွယ်နိုင်ရင် ကောင်းတာပေါ့၊ ခဏလေးစောင့်၊ ကျွန်တော်တို့ သေနတ်ပစ် လေ့ကျင့်ကြည့်ရအောင်'

မိုက်က အိပ်ခန်းထဲကိုသွားပြီး .၂၂ ပစ္စတိုတစ်လက်နှင့် ကျည်ဆန်တစ်ဘူးကို ယူလာသည်။

'ကျွန်တော်ကတော့ဒီသေနတ်ကိုငါးတွေလန့်ပြေးအောင် လုပ်တဲ့ လိင်းတွေကို ပစ်ဖို့ ဆောင်ထားတာ၊ ဒါပေမယ့် ဒီမြစ်ကမ်းနဖူးပေါ်က အိမ်တွေကို သူခိုးတွေကလဲ တစ်ချိတစ်ချီ ဝင်စီးတတ်တယ်၊ အထူးသဖြင့် သူတို့ အလုပ်လက်မဲ့ဖြစ်တဲ့ ဆောင်းရာသီမှာ ရေဒီယိုတို့၊ တီဗီတို့ကို ဝင်ခိုးတော့တာပဲ၊ ကျွန်တော်က မြို့နဲ့ဝေးအောင်ဆိုပြီး ဆောင်းတွင်း သီတင်းပတ်ကုန်ရက် အတော်များများကို ဒီမှာလာနေလေ့ရှိတယ်'

'ဒါပေမယ့်ကျွန်မ ကြားရသလောက်ဆိုရင်တစ်ယောက်တည်း လာနေတာ မဟုတ်ပါဘူးနော်၊ ကျွန်မ ဒီအိမ်ကလေးကိုငှားမယ့်အကြောင်း အယ်လင်စထရာဘိုကိုပြောပြ

တော့ သူက ပြောတယ်လေ၊ အရမ်းချစ်စရာကောင်းတဲ့နေရာကလေးတဲ့'

'ကဲ....ကျွန်တော်တို့ တံတားပေါ် သွားပြီး ခင်ဗျား ဘယ်လောက်ကောင်းကောင်းပစ်နိုင်သလဲဆိုတာ ကြည့်ကြရအောင်'

တံတားဆီသို့ အသွားတွင် နောက်ဖေး တံခါးပေါက်နားရှိ အမှိုက်ပုံးထဲမှ ဘီယာဘူးခွံတချို့ကို ကောက်ယူသွားသည်။

'အင်း....သတိရတုန်း ပြောရဦးမယ်'

မိုက်က စားဖိုဆောင်တံခါး၏ အပြင်ဘက် နံရံပေါ်တွင် ချိတ်ထားသည့် မီးသတ်ဘူးကို ညွှန်ပြပြီး ပြောသည်။

'မတော်တဆ မီးများလောင်ရင် ဒီဘူးကိုယူ၊ ကြိုးတပ်ထားတဲ့ ပင်ကို ဆွဲထုတ်၊ လက်ကိုင်ကိုညှစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက် အမြှုပ်တွေကို မီးတောက်ရဲ့ အခြေကို ပက်ထည့်'

'အဲဒီမီးသတ်ဘူးမျိုးကို ကျွန်မသုံးတတ်တယ်၊ ကျွန်မအိမ်မှာ တစ်ဘူးရှိတယ်လေ'

တံတားပေါ် ရောက်တော့ မိုက်က ကျည်ဆန်ကတ်ကို ပစ္စတိုထဲထည့်ပြီး ဂျက်နက်အား ပေးသည်။ သူက ဘီယာဘူးခွံကို မြစ်ထဲသို့ လွှင့်မပစ်မီ....

'ခင်ဗျား ဒီဘူးခွံကို ထိအောင်ပစ်နိုင်မယ် ထင်သလား'

ဟု မေးသည်။



'စမ်းကြည့်မယ်လေ၊ ကျွန်မကို ချီကာဂိုဌာနခွဲမှာသွားပြီး အလုပ်လုပ်ဖို့ မလွှတ်ခင် ဦးလေးဂျော့က သေနတ်ပစ်နည်းကို အရင် သင်ပေးထားတာရှင့်'

သူက သေနတ်ကို မြှောက်ပြီး ရေပေါ်တွင် ပေါလောပေါ်နေသည့် ဘီယာဘူးခွံကို ပစ်လိုက်၏။ ဘီယာဘူးခွံကလေးသည် ရေမျက်နှာပြင်ပေါ်တွင် ပေအနည်းငယ်မျှ လျှပ်တိုက်ပြေးသွား၏။

'ကောင်းလိုက်တဲ့ ထိချက်ဗျ၊ ကျွန်တော်တောင် အဲဒီလောက် ထိချက်ကောင်းအောင် ပစ်နိုင်ပါ့မလားမသိဘူး'

ဂျက်နက်က ပစ္စတိုကို လှမ်းပေးသည်။ မိုက်က သေနတ်ကို ယူပြီးပစ်သည်။ ဘီယာဘူးခွံသည် ရေထဲ မြုပ်သွားသည်။

'ကျွန်တော် ဒီသေနတ်ကို ကျည်အပြည့်ထည့်ထားတဲ့ ကျည်ကပ်နဲ့ အတူ အပိုကျည်ဆန်တွေကိုပါ ခင်ဗျားအခန်းထဲကဗီရိုအံဆွဲထဲမှာ ထားခဲ့မယ်၊ ခင်ဗျား ဆန္ဒရှိမယ်ဆိုရင် အသားအပုပ်အသိုးတွေ လိုက်စားနေတဲ့ လိပ်ဦးရေကို လျှော့ချပစ်ပါ၊ နောက်ပြီး မသင်္ကာစရာ လူတစ်ယောက်တလေတွေ့ရင် လေထဲကိုသာ တစ်ချက်လောက် ပစ်လိုက်၊ သူတို့လန့်ပြီးပြေးလိမ့်မယ်၊ အဲဒီလို လာတဲ့လူတွေကလဲ ဒီအနီးအနားကလူငယ်တွေ ဖြစ်နေတတ်တယ်၊ ချစ်သူစုံတွဲတွေကို လိုက်ချောင်းကြတာလေ'

'ဒါထက် ရှင် ဒီမနက် ဘာလုပ်ချင်လဲဟင်'

'ခင်ဗျား ပြောလေ'

'ရှင် အာရုံဝင်စားစရာအလုပ်တစ်ခုခုရှိမယ်ဆိုရင် ကျွန်မ ရေးလက်စစာအုပ်ကို ပြန်ကိုင်လိုက်ချင်တယ်၊ အနည်းဆုံး သုံးလေးနာရီလောက် ဖြစ်ဖြစ်ပေါ့'

'ကျွန်တော် ငါးမျှားတံတစ်ချောင်းယူပြီး ကျွန်တော်တို့ ညစာအတွက် ငါးတွေအများကြီးရအောင် သွားမျှားမယ် လေ'

'ရှင် စိတ်မကွက်တာ "သေချာပါတယ်နော်'

'လုံးဝမဖြစ်ဘူး၊ တကယ်တော့ ကျွန်တော် ငါးမျှားတဲ့ အကျင့်ကိုပစ်ပယ်ထားတာ ကြာနေပြီဗျ၊ နောက်ပြီး နေ့ လယ်စာအတွက်လဲ မပူနဲ့၊ အသားညှပ်ပေါင်မုန့်တွေ အဆ သင့် ဖြစ်တဲ့အချိန် မွန်းလွဲတစ်နာရီလောက်ကျရင် ခင်ဗျား ကို လာခေါ်မယ်'

ဂျက်နက်က ညနေလေးနာရီကျမှ စာအရေးရပ်သည်။ ထိုအချိန်တွင် မိုက်က ငါးအတော်များများ ရထားပြီ။ ငါး တွေကို ရေဆေး၊ ရင်ခွဲ၊ ကလီစာတွေထုတ်ပြီး ရေခဲသေတ္တာ ထဲ ထည့်ထားသည်။ ထို့နောက် စက်အားကောင်းလှသည့် မော်တော်ဘုတ်ကိုမောင်းပြီး မြစ်ရိုးအတိုင်း ဆန်တက်သွား ကြသည်။ သုံးဆယ့်ငါးမိုင်လောက် ဆန်တက်လိုက်သော အခါ 'ယူအက်စ်–၃၀၁' လမ်းမကြီးနှင့် ဆက်နေသည့် မြစ်ကူးတံတားသို့ရောက်သည်။ မြစ်ကူးတံတားသည် မြစ် အကျဉ်းဆုံးနေရာမှ ဖြတ်ကူးထားခြင်း ဖြစ်၏။

သူတို့ပြန်လှည့်လာချိန်တွင် နေလုံးကြီးသည် ပိုတိုမက်မြစ် အနောက်ဘက်ကမ်းရှိ 'မောင်ဗာနွန်' တောင်ထိပ်တွင်



မေးတင်နေပြီ။ နီရဲဝိုင်းစက်သော နေလုံးကြီးကို ကြည့်ခြင်း အားဖြင့် မနက်ဖြန်သည် ကြည်လင်သာယာမည့် နေ့တစ်နေ့ ဖြစ်မည်မှာ သေချာနေသည်။

'တစ်ခါတစ်ခါကျတော့လေ...ဒီအဖြစ်အပျက်တွေ အား လုံးဟာ အိပ်မက် မက်နေတာများလို့တောင် အောက်မေ့မိ တယ်'

မော်တော်ဘုတ်ကို တံတားတွင် ကြိုးချည်နေခိုက် ဂျက် နက်က ဝန်ခံစကားဆို၏။

'လေယာဉ်ပျက်ကျတာနဲ့ယ်၊ နောက်ပြီး ကျွန်မကိုလှလာ အောင် လုပ်ပေးဖို့ ရှင်က အနီးအနားတစ်ဝိုက်မှာ ရောက် နေတာရယ်လေ'

'နောက်ပြီး အက်ဖ်ဘီအိုင်က လင်းတောလ်မင်းကို ဖမ်း ထားတော့ ခင်ဗျားက သူ့ကိုထောင်ထဲမှာသွားပြီး တွေ့ဆုံ မေးမြန်းဖို့ ကြိုးကိုင်တာလဲ ပါတာပေါ့'

'လင်းတောလ်မင်းနဲ့ တွေ့ခွင့်ရဖို့က ကြိုးကိုင်တာမဟုတ် ဘူးရှင့်၊ ချီကာဂိုဌာနခွဲက ပေါလ်မာ့စ်က ကျွန်မထက်ပိုပြီး သမ္မာရင့်တဲ့ တခြား တစ်ယောက်ကို တာဝန်ပေးတာ၊ ဒါ ပေမယ့် ကျွန်မရေးတဲ့ ဆောင်းပါးတချို့ကို ဖတ်ဖူးထားတဲ့ လင်းတ ကျွန်မကလွဲရင် ဘယ်သူ့မှ အတွေ့မခံဘူးလို့ ငြင်း ခဲ့တာ'

'ဒါဒီတောင်းဆိုချက် ပေါ်လာချိန်မှာ ခင်ဗျား သူ့ကို သိနေကာ ဘယ်လောက်ကြာပြီလဲ'

'သူ့ကို ကျွန်မ စပြီးမြင်ဖူးတာ တီဗီသတင်းထဲမှာရှင့်၊ အက်ဖ်ဘီအိုင်က သူ့ကိုဖမ်းပြီး ထောင်ထဲသွားသွင်းတုန်းက ရိုက်ပြထားတဲ့ တီဗီသတင်းထဲမှာ၊ သူက ကျွန်မကို တောင်းဆိုလိုက်တော့ မေါလ်မာ့စ်သာမဟုတ်ဘူး၊ ကျွန်မကိုယ်တိုင်ကို အံ့ဩမိတာ၊ သူက ကျွန်မအကြောင်း အမြွေးခါးမကျန် သိနေတာလဲ ထူးဆန်းတာပဲ၊ ကျွန်မနဲ့ ဦးလေးရဲ့ အဆက်အသွယ်ရှိတာ၊ နေ့သဝက်စတန်းမှာ ကျွန်မသတင်းစာပညာသင်တန်း တက်ခဲ့တာ၊ ကျွန်မအကြောင်း ကျွန်မသိထားသလောက်နီးပါးကို သူကလဲသိသွားတာရှင့်'

'ခင်ဗျား သူ့အကြောင်း ရေးထားတဲ့ ဆောင်းပါးတချို့ကို ကျွန်တော်ဖတ်ရပါတယ်၊ စာအုပ်ထဲမှာကျတော့ အဲဒီဆောင်းပါးတွေကို ပြန်ရေးမှာလား'

'အကြောင်းအရာ အတူတူပဲ၊ ဒါပေမယ့် ပိုကောင်းအောင် ရေးထားတယ်ပေါ့ရှင်၊ သတင်းစာ တစ်စောင်စောင်အတွက် ရေးရတဲ့ အခါကျတော့ ဖောင်ပိတ်ချိန်မီအောင် ကသောကမျော ရေးရတာရှင့်၊ ကျွန်မရေးထားတဲ့ စာမူအဆင့်ကို ရှင်ဖတ်ကြည့်ချင်လား'

'ဖတ်ချင်တာပေါ့၊ ဒါပေမယ့် ကျွန်တော် ကြိုပြီး သတိပေးထားတယ်နော်၊ ကျွန်တော်ဟာ စာပေ ဝေဖန်ရေးသမား မဟုတ်ဘူးဆိုတာ'

'ဒီစာအုပ်က စာပေရသပိုင်းဆိုင်ရာ စာအုပ် မဟုတ်ပါဘူး၊ လင်းကိုယ်တိုင် ကျွန်မကိုပြောပြခဲ့တာတွေကိုသူ့စကားအတိုင်း အတိအကျ ပြန်ရေးထားတာပါ၊ အချက်အလက်



တွေ မှန်မမှန်ဆိုတာတော့ ကျွန်မက တစ်သီးတခြားစီ စစ်ဆေးကြည့်တာပေါ့၊ ဒါပေမယ့် စီကာစဉ်ကာ ဖြစ်အောင်ပြန်လုပ်ထားတယ်လေ'

'ကျွန်တော် ရေမိုးချိုး၊ အဝတ်အစားလဲပြီးတာနဲ့ စ,ပြီးဖတ်လို့ရပြီဗျ၊ ခင်ဗျားက ကျွန်တော်တို့နှစ်ယောက် စားဖို့အဆာပြေ မုန့်လေးတစ်ခုခု လုပ်ပေးပါလား'

အိမ်ထဲသို့ဝင်ရင်း မိုက်က ပြော၏။

'အဲဒီထက်သာအောင် လုပ်ပေးနိုင်ပါတယ်၊ စံပြမယားတစ်ဦးမှာ ရှိသင့်တယ်လို့ ရှင်တောင်းဆိုတဲ့အတိုင်း 'ကော်ဒွန်ဘလိုး' ချက်ပြုတ်နည်းအတိုင်းတော့ မီချင်မှ မီမယ်ပေါ့ရှင်....'

'ကျွန်တော်က တောင်းဆိုတယ်လို့ ကျွန်တော် မပြောခဲ့ရပါဘူးဗျာ၊ တချို့လူတွေက တောင်းဆိုတယ်လို့ပဲ ပြောခဲ့တာပါ'

'ဩြော်....ဟုတ်သားပဲ'

ဂျက်နက်က ရယ်မောလျက် ပြောသည်။

'ရှင်လိုချင်တာက နောက်ဆုံးအစိတ်အပိုင်းပဲ၊ အိပ်ခန်းထဲမှာဆိုရင် အထိန်းအကွပ်မဲ့တဲ့ မိန်းမတစ်ယောက် ဖြစ်ဖို့လေ၊ ကဲ....သွား....သွား၊ ရေချိုးချေ၊ ဒါပေမယ့် ရေနွေးတွေ အကုန်ချိုးမပစ်လိုက်နဲ့နော်'

စာမူထပ်ကြီးကိုကြည့်ပြီး မိုက် အံ့သြသွားသည်။ အားလုံး စာမျက်နှာ နှစ်ရာကျော်သည်။ လင်းတောလ်မင်း ကအစိုးရ သက်သေအဖြစ် ပြောင်းလဲ အစစ်ခံဖို့ ဆုံးဖြတ်ချက်ချပုံ၊ ချီကာဂိုမှ လေယာဉ်ဖြင့်လာကြပုံ၊ လေယာဉ်ကြီး အဖြစ်ဆိုးဖြင့် ကြုံပြီး ထိုးဆင်းခဲ့ရပုံ၊ နောက်ထပ်ကျန်သေးသည်။

မိုက်က စာမူထပ်ကြီးကို တောက်လျှောက် ဖတ်သည်။ ညစာစားဖို့ ခဏတစ်ဖြုတ်ပဲ နားသည်။ ဇာတ်လမ်းထဲတွင် အာရုံနှစ်မြုပ်လာလေ ဂျက်နက်တစ်ယောက် သူ့လုပ်ငန်းနှင့် ဘာကြောင့် သည်လောက် မြန်မြန် အောင်မြင်လာသည်ကို သိလာလေဖြစ်တော့၏။

လက်နှိပ်စက်ရိုက်ထားသည့် စာမျက်နှာများပေါ်မှ တစ်ဆင့် လင်းတောလ်မင်း၏ ရုပ်လုံးသည် ကြွတက်လာ၏။ သိနားလည်ရခက်သူ၊ စာနာမှုကင်းမဲ့သူ၊ အခြားသူများ၏ ထင်မြင်ချက်ကို အလေးမထားသူ။ မည်သည့် ကိုယ်ကျင့်တရားခံ၊ မည်သည့် ယဉ်ကျေးမှုစံချိန်ဖြင့် ချိန်ထိုးကြည့်သည် ဖြစ်စေ အကုသိုလ်အမှုတစ်ခု ဖြစ်နေသည့် လှုပ်ရှားမှုမျိုးကို ဦးဆောင်ဦးရွက်ပြုခဲ့သူ။ ထိုသို့ ဦးစီးခေါင်းဆောင် လုပ်ပြီ ဆိုလျှင်လည်း လူသတ်သမားတစ်ဦး ဖြစ်နိုင်တတ်သူ။

စာမူ၏နောက်ဆုံးစာရွက်ကို အောက်သို့ချပြီး မီးလင်းဖို ခေါင်းပေါ်မှ နာရီကိုလှမ်းကြည့်မိမှ မိုက် အလန့်တကြား ဖြစ်သွားသည်။ ညဉ့်တစ်နာရီကျော်နေပြီ။ ညဉ့်ဦးပိုင်းတုန်းကတော့ ဂျက်နက်သည် အခန်းတစ်ဖက်ရှိ ကုလားထိုင်



တစ်လုံးတွင် ထိုင်ပြီးစာဖတ်နေသည်ကို တွေ့ရ၏။ သူ ဘယ်အချိန်က အိပ်ရာဝင်သွားသည်ကို မိုက် မသိလိုက်။ ယခု ကုလားထိုင်အလွတ်ကိုတွေ့ရမှ ဂျက်နက် မရှိတော့ကြောင်း သတိထားမိသည်။

သူက ဂျက်နက်၏ အိပ်ခန်းဆီသို့ ခြေဖျားထောက်ပြီး သွားသည်။ အိပ်ခန်းတံခါး ဖွင့်ထားသည်ကို တွေ့ရသည်။ ပြတင်းပေါက်မှတိုက်ခတ်လာသည့် လေပြည်အေးကလေး ဝင်စေလို၍ဖြစ်မည်။ နောက်ပြီး မိုက်အား ယုံကြည်စိတ်ချသည့် သဘောလည်းဆောင်သည်။ သည်အမှတ်လက္ခဏာကလေးကို တွေ့လိုက်ရတော့ မိုက်က သူ့ကို ပို၍ပို၍ ချစ်သွားသည်။

သူ ဝတ်ထားသည်မှာ ညဉ့်ဝတ်ရုံ ပါးပါး လွာလွာကလေး။ လက်မောင်းသားများမှာ လရောင်ရှန်းမြအောက်တွင် ကျောက်ဖြူသားလို ဖြူညက်နေသည်။ ဆံပင်တွေကတော့ ခေါင်းအုံးပေါ်တွင် ဖြန့်ကြဲနေသည်။

ဪ....အလွန်မတန် ချောမောလှပသည့်မိန်းကလေး။ အလွန်မတန် ချစ်စရာကောင်းသည့် မိန်းကလေး။ သည် မိန်းကလေးကိုမှ တစ်နေ့နေ့တစ်ချိန်ချိန်တွင် မိမိပိုင်ဆိုင်ရလျှင် အလွန်မတန် ရင်နာစရာ ကောင်းတော့မည်။

ရုတ်တရက် ဖြစ်ပေါ်လာသည့် စိတ်အလိုကို လိုက်ကာ အခန်းထဲသို့ ခြေဖျားထောက်ပြီး ဝင်ခဲ့သည်။ ခုတင်နားရောက်တော့ ခါးကိုင်းပြီး အိပ်ပျော်နေသည့် နှုတ်ခမ်း

ကလေးများကို နမ်းလိုက်၏။ သူ့နှုတ်ခမ်းသားများသည် မိုက်၏ နှုတ်ခမ်းများအောက်တွင် ပျော့ပျောင်းနေ၏။ သူ့လက်နှစ်ဖက်က မြောက်တက်လာပြီး မိုက်၏ လည်ပင်းကို ခဏတာဖက်ထားသည်။ ပြီးတော့ မြတ်နိုးတွယ်တာခြင်း၏ ချိပ်လက္ခဏာကလေးကို အိပ်ပျော်ခြင်းက ဖျောက်ဖျက်ပစ်လိုက်၏။ သူ့လက်နှစ်ဖက်သည် မိုက်၏လည်ပင်းကိုသိုင်းဖက်ထားရာမှ ပြေကျသွားသည်။

☆

၂၉။

နောက်တစ်နေ့မှာ တနင်္ဂနွေနေ့ ဖြစ်သည့်အလျောက် မိုက်နှင့်ဂျက်နက်တို့သည် နေမြင့်အောင် အိပ်ကြ၏။ ဆယ်နာရီလောက်မှ အိပ်ရာမှနိုးပြီး ခဏတဖြုတ်ရေကူးကြသည်။ ထို့နောက် ရေချိုးကြသည်။ ဂျက်နက်ရေချိုးနေခိုက် မိုက်က နံနက်စာ စားဖို့ပြင်ဆင်သည်။ ပြီးတော့ နှစ်ဦးသား နံနက်စာစားကြသည်။ ကြိတ်မုန့်အဝိုင်း၊ ဝက်အူချောင်း၊ ထောပတ်၊ သစ်သီးဖျော်ရည်နှင့် ကော်ဖီ။

'ကျွန်မရဲ့စာမူအပေါ်မှာ ရှင်စီရင်ချက် ချနိုင်ပြီ၊ ခုဆို စီရင်ချက်ကို ခံယူနိုင်လောက်အောင် ကျွန်မအားအင်ပြည့်ဖြိုးလာပါပြီ'

စားသောက်ဖွယ်များကို တစ်ဝစားသောက်ပြီး ပန်းကန်ပြားကို တွန်းပစ်လိုက်ကြသည်။ မိုက်က သူတို့နှစ်ယောက်အတွက် ကော်ဖီခွက်များကို ဒုတိယအကြိမ် ဖြည့်နေသည်။

'ကျွန်တော့်တစ်သက်မှာ အဲဒီလောက် စိတ်ဝင်စားစရာကောင်းတာမျိုးကို မဖတ်ဖူးသေးဘူးဗျ၊ ခင်ဗျားကတော့ အောင်မြင်ကျော်ကြားပြီး ချမ်းသာဦးမှာပဲ၊ တကယ်လို့စာရေးပြီး အသက်မွေးဝမ်းကျောင်းတော့မယ်လို့ စိတ်ကူးရင် ခင်ဗျား အလုပ်ဖြစ်သွားပြီ၊ ခင်ဗျားစာရေးလဲ ပုံစံအတိုင်းဆိုရင် တောလမ်း စာအုပ် ထွက်လာပြီးတာနဲ့ ခင်ဗျား အလွယ်ကလေး အောင်မြင်မှု ရတော့မယ်'

'အဲဒီပြဿနာပေါ့ မိုက်ရဲ၊ ကျွန်မ ဘာမှသိပ်မသိသေးခင်ကတော့ ကျွန်မ ရထားတဲ့ အဆင့်ကလေးနဲ့ ကျွန်မကျေနပ်နေခဲ့တယ်၊ ပြီးတော့ ဂျယ်ရယ်နဲ့ လက်ထပ်ရမယ့် အရေးကိုတွေးပြီး ကြည်နူးနေခဲ့တယ်၊ ခုတော့...ကျွန်မဘာလုပ်ရမှန်း မသိတော့ဘူး၊ ပိုပြီးဆိုးတာက ကျွန်မကဘာလဲ၊ ဘယ်သူလဲ ဆိုတာကို မသိတော့တာပဲ'

'ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်မိရင် အဲဒီလိုမျိုး ဖြစ်ပါတယ်'

'ရှင်ကော ရန်းဒေါ်လက်ကာသီကပါ အဲ့ဒီလိုဖြစ်တာပါလို့ ကျွန်မကို ပြောခဲ့ကြတယ်၊ ရှင်တို့ နှစ်ယောက်စလုံးဟာ ကိုယ့်ပညာပိုင်းမှာ ထိပ်တန်းတွေချည်းပဲ၊ ဒီတော့ ရှင်တို့ပြောတာကို ကျွန်မ ယုံရမှာပဲ၊ ဒါပေမယ့်'

တယ်လီဖုန်းခေါ်သံမြည်လာသည်။ နားကြားပြင်းကတ်စရာကောင်းသည့်အသံ။

'သေတော့မှာပဲ'



မိုက်က ရေရှုတ်ရင်း နံနက်စာစားပွဲမှ ထပြီး အိပ်ခန်းထဲသို့ ဝင်သွားသည်။

'ခင်ဗျားတို့ အဲဒီဘက်မှာ အိပ်ရာကနိုးကြပြီလားဒေါက်တာရေ'

ရန်းဒေါ်လက်ကာသီ၏ တောက်ကျယ်ဟောင်ကျယ် အသံကြီးက မေးသည်။

'နိုးပါပြီ...ကျွန်တော်တို့ ရေကူးပြီး မနက်စာတောင် စားပြီးပြီ၊ ခင်ဗျား ဘယ်တုန်းက ရောက်လာလဲ'

'သောကြာနေ့ညက၊ စနေနေ့ကလဲ ပစ္စည်းတွေ နေရာချနေရတာနဲ့ အလုပ်ရှုပ်နေကြတယ်ဗျ၊ မနေ့ညနေပိုင်းကတော့ ရော်ဂျာကိုဗင်ရဲ့ မော်တော်ဘုတ်နဲ့ ကျွန်တော်တို့ လာကြသေးတယ်၊ ခင်ဗျားတို့ မော်တော်ဘုတ်ကို မတွေ့ဘူး၊ ကျွန်တော် ခေါ်တော့လဲ ဘယ်သူမှမထူးဘူး'

'ကျွန်တော်တို့ မော်တော်ဘုတ် လျှောက်စီးကြတာ ၃၁၃ လမ်းဆုံအထိပဲ၊ ပြန်ရောက်တော့ မှောင်နေပြီ'

'ကဲ...ဒီတော့ ဒီနေ့နေ့လယ်စာအတွက်စီစဉ်မနေနဲ့တော့ ခင်ဗျားတို့ နှစ်ယောက်စလုံးကို လဟာပြင် နေ့လယ်စာ စားပွဲကလေးမှာ စားဖို့ဖိတ်ခေါ်တယ်၊ ပြီးတော့ စိတ်ပါမယ်ဆိုရင် ရေကူးဖို့ကော ရေလွှာလျှောစီးဖို့ပါ ဖြစ်တယ်၊ ရေကူးဝတ်စုံတွေ ဝတ်လာပါ၊ ဒီနေ့အတွက် ကျွန်တော်တို့ရဲ့ တူညီဝတ်စုံက အဲဒါပဲ'

'ကျွန်တော် ဂျက်နက်ကို မေးကြည့်ဦးမယ်'

'မေးပါ၊ ဒါပေမယ့် ဟင့်အင်းလို့တော့ မပြောစေနဲ့ဗျာ၊ ကျွန်တော်တို့ကဒီဝန်းကျင်မှာ ခဏတဖြုတ်အတူရှိနေကြမှာဆိုတော့ ဂျက်နက်ကို ကိုဗင်လင်မယားနဲ့လဲ မိတ်ဆက်ပေးချင်သေးတယ်၊ သူ့ကို ပြုပြင်ပေးလိုက်တဲ့ ခင်ဗျားရဲ့ အံ့မခန်းလောက်တဲ့ လက်ရာအကြောင်း သူတို့ကို ပြောပြနေရတာဗျ၊ နောက်ပြီး ကျွန်တော့်မျက်နှာပေါ်မှာ သွေးကြည်ဥတွေ ရှိနေတာတောင် ခင်ဗျားဘယ်လိုလုပ်ပေးလိုက်သလဲဆိုတာ သူတို့မြင်နေရတယ်လေ၊ သူတို့က ခင်ဗျားတို့နှစ်ယောက်စလုံးကို အသေအလဲ တွေ့ချင်နေကြတာဗျ'

မိုက်က စကားပြောခွက်ကို လက်ဝါးဖြင့် အုပ်ထားပြီး အိပ်ခန်းတံခါးဝသို့ ရောက်လာသည့် ဂျက်နက်အား လှမ်းပြောသည်။

'မက်ကာသီ ဆက်နေတာ၊ ကိုဗင်တို့က ကျွန်တော်တို့နှစ်ယောက်ကို ရေကူးဖို့နဲ့ နေ့လယ်စာစားဖို့ ဖိတ်တယ်၊ ဘယ်လိုသဘောရလဲ'

'ရှင်သွားချင်ရင် သွားလေ၊ ကျွန်မကတော့ ဖြစ်ပါတယ်'

'ကျွန်တော်ကတော့ ခင်ဗျားနဲ့ နှစ်ယောက်တည်းပဲနေချင်တာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားနဲ့ ဆက်ဆံရမယ့် အိမ်နီးချင်းတွေဟာ ဘယ်လိုလူတွေလဲဆိုတာတော့ သိချင်သေးတယ်'

မိုက်က စကားပြောခွက်ပေါ်မှ လက်ကိုရုပ်လိုက်၏။



'ဂျက်နက်ကလာမယ်လို့ ပြောတယ်ဗျို့၊ ကျွန်တော်တို့ တစ်နာရီလောက်အတွင်း ရောက်လာမယ်လေ'

'ကြိုက်တဲ့အချိန်မှာလာခဲ့၊ ကျွန်တော်တို့မျှော်နေမယ်'

မိုက်၏ကုန်းခိုရိပ်သာကလေးနှင့် မိုင်တစ်စိတ်နီးပါးအကွာရှိ 'လိန်း'အိမ်ကလေးနားသို့ ရောက်သွားသောအခါ မြစ်ကမ်းနဖူးတွင် နေစာလှုံနေသည့် ရုပ်ရည်သန့်သန့်ပြန့်ပြန့် လူသုံးယောက်ကိုတွေ့ရ၏။ မိုက်က သူ့မော်တော်ဘုတ်ကို တံတားနားသို့ကပ်သည်။ ဂျက်နက်က မော်တော်ကြိုးကို တံတားပေါ်သို့ပစ်တင်ပေးသည်။ ရေကူးဘောင်းဘီဝတ်ထားသည့် ပိန်ပိန်သွယ်သွယ် ခပ်ချောချော လူတစ်ဦးက ကြိုးကိုဆီးဖမ်းသည်။ ရန်းဒေါမက်ကာသီက အပန်းဖြေကုလားထိုင်ပေါ်မှထလာသည်။ မော်တော်ပေါ်မှဆင်းလာသည့် ဂျက်နက်ကို လက်တစ်ဖက်ကမ်းပေးပြီးဖေးမသည်။

'ခင်ဗျားတို့ကို ဖိတ်ခေါ်တဲ့အိမ်ရှင်က ရော်ဂျာကိုဗင်၊ ဟောဟိုက ရွှေရောင်ဆံပင်နဲ့ ဆူဆူဖြိုးဖြိုးအမျိုးသမီးက ကရိတာ၊ ရော်ဂျာရဲ့ဇနီးပေါ့၊ အပေါင်းအသင်းတို့....သူတို့က မိုက်နဲ့ဂျက်နက်လေ၊ ကျွန်တော်တို့စပြီးသိကတည်းက နောက်က နာမည်တွေဖျောက်ပြီးခေါ်ကြတာပေါ့၊ ဟုတ်လား'

မြစ်ကမ်းနဖူးရှိ အပန်းဖြေမြေကွက်ကလေးသို့ မိုက်ရောက်သွားသောအခါ ရိတာကလဲလျောင်းနေရာမှထထိုင်သည်။ ဘယ်ဘက်လက်က ဘရာစီယာကြိုးကိုအုပ်ပြီးကိုင်ထားသည်။ သို့တိုင် သူ့လက်သည်အသားစိုင်များကိုလုံခြုံအောင် ဖုံးအုပ်နိုင်စွမ်းမရှိ။ ရန်းဒေါမက်ကာသီသည် ရိတာကိုဗင်နှင့်

ပတ်သက်ပြီးညွှန်းဆိုရာတွင် တိကျမှန်ကန်သော နာမဝိသေသကို သုံးနှုန်းနိုင်ပါသည်ဟု မိုက်က ကောက်ချက် ချလိုက်သည်။

ရွှေရောင်ဆံပင်နှင့်။ မျက်လုံးပြာပြာနှင့်။ မက်ကာသီ၏ စကားလုံးအတိုင်း ဆူဆူဖြိုးဖြိုးရှိသည်။ ဝတ်ထားသည့် ဘီကီနီဝတ်စုံမှာ ဂျက်နက်။ ဘီကီနီဝတ်စုံသက်သေးသည်၊ မျှင်သည်။ သူ့ယောကျ်ားကတော့ ပခုံးကျယ်ကျယ် ရှပ်ကြမ်းကြမ်းနှင့် မာကျောသော မီးခိုးရောင်မျက်လုံးများရှိသည်။ သည်မျက်လုံးများကိုတွေ့ရတော့ မိုက် လန့်သွားသည်။ သည်လူက တရင်းတနှီးနှုတ်ဆက်သည်။ သို့သော် သူ့မျက်လုံးတွေထဲတွင် နွေးထွေးမှုအရိပ်အယောင် လုံးဝမရှိ။

'မိုက်က မင်းကို ပရက်စီတလိစ်ရဲ့အက်ဖရိုဒိုက်နဲ့တူအောင် ပြုပြင်ပေးခဲ့တဲ့အကြောင်း ရန်းဒေါက ဟိုကိုပြောပြောနေတာကွယ့်'

ရီတာကိုဇင်က အားကျမနာလိုသံကလေး စွက်လျက် ဂျက်နက်ကိုပြောသည်။

'လွန်ခဲ့တဲ့နှစ်နှစ်လောက်က ဗြိတိသျှပြတိုက်မှာ အဲဒီ ကိုယ် တစ်ပိုင်းပြတ်ရုပ်တုကို တို့များတွေ့ဖူးတာမှတ်မိနေတယ်လေ၊ အဲဒီကတည်းက ရှင်တော့ ဦးနှောက်အဆံချောင်နေ ပြီလို့ ရန်းဒေါ်ကိုတို့ကပြောခဲ့တာ၊ ခုတော့ မင်းကို သက်ရှိထင်ရှား မြင်နေရပြီဆိုတော့ တို့များ နောက်ပြီးပြောခဲ့တဲ့စကားကို ပြန်ရုပ်သိမ်းရမှာပေါ့လေ'



သူက မိုက်ဘက်သို့လှည့်လိုက်၏။

'မိုက်၊ ရှင်ကတော့အနုပညာရှင်ပဲ၊ သွေးနဲ့သားနဲ့ကိုယ်ကို အလှဖန်တီးပေးတဲ့ အနုပညာရှင်ရှင့်'

'ကျွန်တော်ကိုင်တွယ်ပြီးလုပ်ရတဲ့ ပစ္စည်းတွေကိုက ကောင်းနေတာပါ၊ ဂျက်နက်ရဲ့အရိုးတွေ ကြေမွပျက်စီး သွားပေမယ့် အဲဒီအရိုးတွေရဲ့ဖွဲ့စည်းပုံက နဂိုကတည်းက ကောင်းနေတယ်ဗျ၊ ကျွန်တော်က အဲဒီအရိုးတွေကို နဂိုအတိုင်းဖြစ်အောင် ပြန်ပြီးဖွဲ့စည်းပေးရုံပါပဲ၊ နောက်ပြီး ဟိုနားနည်းနည်း ဒီနား နည်းနည်း ပြုပြင်ပေးလိုက်တာပေါ့ဗျာ'

'နောက်ပြီး ရန်းဒေါ်ကို ရှင်လုပ်ပေးလိုက်တာကကော၊ နှစ်ပေါင်းများစွာအတွင်း ကျွန်မတို့က သူ့ကို ရန်လိုနေတဲ့ ဘိတ်သိုးကြီးတစ်ကောင်လို မြင်သိနေတာရှင့်၊ ဒါပေမယ့် ရှင်က သူ့ကို ခပ်ဖြောင့်ဖြောင့်လူတစ်ယောက် ဖြစ်အောင် လုပ်ပေးခဲ့တယ်၊ ကျွန်မဖြင့် ယုံကိုမယုံနိုင်တာရှင့်'

'သူ့ မျက်နှာကိုပြုပြင်ရတာလဲ အဆင်ပြေသွားပါတယ်'

'ရှင်ပြောတာ ဘာအဓိပ္ပာယ်ပဲ ဖြစ်နေဖြစ်နေ....မှားနေတာ တစ်ခုပဲရှိတယ်ရှင့်'

ရီတာက အပြုံးဖြင့်ပြော၏။

'ဘာများပါလိမ့်'

'သူဟာ အရင်ကတောင် ခပ်ကြွားကြွားရယ်ရှင့်၊ ခုဆိုတော့ ပြောမနေနဲ့တော့၊ ကျွန်မတို့က ဟိုတုန်းကတည်းက ဒီမှာအတူနေခဲ့ကြတဲ့အကြောင်း ရှင့်ကိုသူပြောပြပြီးလောက်ရောပေါ့'

'ရော်ဂျာနဲ့ရီတာက ကျွန်တော်သုတေသနပြုခဲ့တဲ့ အထူးအာရုံသိမှု စမ်းသပ်မှုအစီအစဉ်မှာ အတော်ဆုံး စမ်းသပ်ခံနှစ်ယောက်ပဲဗျို့၊ တစ်ခါကဆို ကျွန်တော်က အင်္ဂလန်ကနိုးနှောဖလှယ်ပွဲတစ်ခုကိုရောက်နေတယ်၊ ရော်ဂျာက ဒီမှာနှင့်တဲ့ ရှားပါးသစ်ခွပန်းတစ်မျိုးကို ကျွန်တော့်ဆီ အာရုံခံအသိနဲ့ပို့ပေးဖို့ စမ်းသပ်ကြည့်တယ်၊ ကျွန်တော်က အာရုံထဲမှာ ပေါ်လာတဲ့ သစ်ခွပန်းပုံကို ပီပီပြင်ပြင်ကြီး ပုံကြမ်းဆွဲပြနိုင်ခဲ့တယ်လေ'

'မမစိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို သိနေတဲ့ယောကျ်ားတွေအနားမှာနေရတာ မမစိတ်ထဲ မလုံမလဲဖြစ်နေမှာပဲနော်'

ဂျက်နက်က ရီတာအားပြောသည်။

ရီတာ ရယ်မောလိုက်သည်။

'သိပ်ပြီး ကသိကအောက်မဖြစ်လှပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အချိန်တော်တော်များများမှာ တို့ကလဲ သူတို့တွေးတဲ့ကိစ္စတွေကိုပဲ တွေးနေတာကိုး'

သူ့စကားအဓိပ္ပာယ်မှာ ဒွိဟဖြစ်စရာမရှိလောက်အောင်ရှင်းနေပါသည်။

'ရီတာရဲ့ တဲ့တိုးကျမှုကြောင့်လန့်မသွားနဲ့နော် ဂျက်နက်၊ တကယ်တော့ သူကိုယ်တိုင်ကိုက အကြားအမြင်ပေါက်နေတဲ့သူတစ်ယောက်ပါ၊ အဲ....တစ်ဖက်ကလဲ သောက်ရမ်းတော်တဲ့ လက်ရေးတို လက်နှိပ်စက်စာရေးမ တစ်ယောက်ဗျ၊ ဒါနဲ့ စကားမစပ်ခင် ခင်ဗျာ့ စာအုပ်အခြေအနေ ဘယ်လိုရှိနေပြီလဲ'

မက်ကာသီက ဝင်ပြော၏။

'နက်ဖြန်မနက် မိုက် ပြန်သွားတာနဲ့နောက်ဆုံးအခန်းတွေကို စ,ကိုင်ပြီ'

'ကျွန်တော် ပြန်မယ့်အချိန်က တော်တော်စောလိမ့်မယ်၊ ဆယ်နာရီမှာ ဆံပင်အစား စိုက်ပေးရမယ့်ကိစ္စတစ်ခု ရှိနေတယ်'

မိုက်က ပြောသည်။

'တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်လဲ အဲဒီလိုလုပ်ဖို့ မလိုလို့'

'ကျွန်မ ရေးပြီးသလောက်ကို မိုက်က မနေ့ညက ဖတ်ပြီးသွားပြီ၊ အတော်ကောင်းတယ်လို့ မိုက်က ပြောတာပဲ'

'အတော်ကောင်းတယ်ဆိုတာ ဘာမှ မဟုတ်သေးဘူး၊ လက်ကမချနိုင်အောင်ကို ဖမ်းစားထားတာဗျ'

မိုက်က ကြွေးကြော်၏။

'ခင်ဗျား ရေးပြီးသွားရင် ကျွန်တော် ဖတ်ကြည့်ချင်စိတ်အရမ်းပြင်းပြနေပါတယ်'

တစ်ယောက်နှင့် တစ်ယောက် နောက်ပြောင်ကျီစယ်နေကြစဉ်က တစ်ခွန်းမျှ ဝင်မပြောခဲ့သည့် ရော်ဂျာကိုဗင်က ပြောသည်။ နောက်ပြီး လေးနက်ပြင်းပြသောလေသံကြောင့် မိုက်ကော ဂျက်နက်ပါ တအံ့တဩ ဖြစ်သွားသည်။

'ချီကာဂိုတက္ကသိုလ်၊ ပထမနှစ် ရူပဗေဒ သင်တန်းမှာ ကျွန်တော် လက်ထောက်ဆရာ လုပ်နေတုန်းက လင်းတောလ်မင်းက အဲဒီအတန်းမှာ တက်ခဲ့တယ်လေ'

'သူ့အကြောင်း ရှင် သတိရသလောက် ပြောပြပါလား ဟင်'

ဂျက်နက်က စိတ်အားထက်သန်စွာ ပြော၏။

'ရှင်တို့နှစ်ယောက် ရှေးဟောင်းသမိုင်းကြောင်းကို ပြန်လှန်နေတုန်း ကျွန်မကတော့ ရေလွှာလျှောစီးလိုက်ဦးမယ်'

ရီတာ လိုပ်ရာမှထပြီး ရေကူးဦးထုပ်ကို ဆောင်းသည်။

'ကျွန်တို့ ယောက်ျားနှစ်ယောက်က ကျွန်မကို မော်တော်ဘုတ်နဲ့ ဆွဲပေးဖို့ အက်အက်ကြွကြွ မရှိဘူး ဆိုရင်တော့ မဘတ်နိုင်ဘူးပေါ့ရှင်'

'ကျွန်တော်တို့ ကျွန်တော့် မော်တော်ဘုတ်ကို သုံးလို့ရပါတယ်'

မိုက်က ကမ်းလှမ်း၏။

'ကျွန်တော် မောင်းမယ်၊ ခင်ဗျားက ရီတာနဲ့အတူလျှောစီးလေ မိုက်'

မက်ကာသီက အဆိုပြု၏။

'ဂျက်နက်လဲ ကျွန်မတို့နဲ့ လိုက်ချင်မှာပေါ့'

'ကျွန်မက ရေလွှာလျှောစီး သိပ်မကျွမ်းကျင်ဘူး မမရဲ့၊ နောက်ပြီး မိုက်က ကျွန်မ လောလောဆယ် လျှောစီးမှာကို စိုးရိမ်နေတယ်၊ ကျွန်မ မတော်တဆ ရေငုပါကို အရှိန်နဲ့ ဖျောက်လျှက်ကျရင် ကျွန်မမျက်နှာကိုပြန်ပြီးပြုပြင်ပေးရလိမ့်



မယ်လို့ သူကပြောတယ်၊ ဒါ့အပြင် ကျွန်မက ရော်ဂျာနဲ့ လင်းအကြောင်း ပြောချင်သေးလို့ပါ'

မက်ကာသီက မော်တော်ဘုတ်ကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနိုင်သည်။ သူတို့သည် မြစ်ရိုးတစ်လျှောက် အတော်ဝေးဝေး စုန်ဆင်းကြသည်။ ထို့နောက် ပြန်ကွေ့လာသည်။ သူတို့တစ်တွေ ကမ်းကပ်လာသည့်တိုင် ရော်ဂျာနှင့် ဂျက်နက သည် စိတ်ပါလက်ပါ စကားပြောကောင်းနေကြဆဲ ဖြစ်၏။ သူတို့နှစ်ယောက် ပြောနေကြသည်မှာ လင်းတောလ်မင်း အကြောင်း ဖြစ်မည်။ လင်းတောလ်မင်းအား ရော်ဂျာ သိခဲ့စဉ်တုန်းက အကြောင်းတွေ ဖြစ်မည်ဟု မိုက် မှတ်ယူ လိုက်၏။

'ခင်ဗျား ရေလွှာလျှောစီးနည်းကို အဲဒီလောက် ကျွမ်းကျွမ်း ကျင်ကျင် တတ်အောင် ဘယ်မှာသင်ယူခဲ့သလဲဗျ'

တံတားနံဘေးရှိ ကပ်လှေကားမှ အပေါ်သို့ ရီတာတက်နေခိုက် မိုက်ကမေး၏။ မက်ကာသီကတော့ မော်တော်ဘုတ်၏ နောက်ဘက်တွင် ပေငါးဆယ်လောက်ပေါ်ထောပေါ်နေသည့် ရေလွှာလျှောစီး ကြိုးကိုဆွဲသိမ်းနေသည်။

'ကျွန်မတို့ 'အုတ်ရစ်ချ်'မှာ နေတုန်းက 'တင်နက်ဆီ'က တိုင်ဝီအေကာန်စုမှာ အရမ်းစီးခဲ့ကြတာရှင့်၊ ရော်ဂျာက အနုမြူ စွမ်းအင်ကော်မရှင်မှာ အလုပ်လုပ်တယ်လေ၊ သိတယ် မဟုတ်လား'

'ကျွန်တော့်ကို ရန်းဒေါ ပြောဖူးတယ် ထင်ပါရဲ့၊ ခင်ဗျားတို့ လိုးအိမ်ကလေးကို ငှားနေမယ်၊ သူလဲ နာလန်ထ

ကာလမှာ ခင်ဗျားတို့ရဲ့ ညွှသည်အဖြစ် အတူနေမယ် လို့ပြော တုန်းက ပြောခဲ့တာဖြစ်မယ်'

'ရော်ဂျာက အင်ဂျင်နီယာလေ....သူ့ အလုပ်ထဲမှာ စိတ်ရော ကိုယ်ပါ မြှုပ်ထားတာ၊ ဒီတော့ ကျွန်မ အပြင်ထွက်လည်နေတဲ့ အကြောင်း မဟုတ်ဘူးပေါ့ရှင်၊ တစ်နေ့ လုံး.... တစ်ညလုံးလဲ နေလို့ရတယ်၊ အဲ....စနေနေ့ကလွဲလို့ပေါ့.... စနေနေ့ ရောက်ပြီ ဆိုတာလဲ သူက သိချင်မှသိတာရှင့်'

သူ့စကား၏ ဆိုလိုချက်မှာ သိသာ ထင်ရှားပါသည်။ သည်အဓိပ္ပာယ်ကို သိနားလည်လောက်အောင် မိုက်မှာ ဖိုသတ္တဝါများ၏ သဘာဝသိစိတ် ရှိနေပါသည်။

'လာမယ့်သုံးလေးလအတွင်း ကျွန်တော်တို့ ဒီကို ခဏခဏ ရောက်မယ် ထင်ပါတယ်၊ လမ်းဆုံရဲ့ ဟိုဘက် ကျော်ကျော် ကလေးမှာ 'တဗားနားမီလာနို' ဆိုတဲ့ အရက်ဆိုင်ကလေး ရှိတယ်၊ ကျွန်တော်တို့အားလုံး တစ်ခါတလေ အဲဒီကို သွားပြီး ယမကာလေး မှိတ်နိုင်တာပေါ့ဗျာ'

'အားလုံး....ဟုတ်လား'

သူ့ မျက်ခုံးတွေ ကကြီးပုံစံ ပေါ်အောင် မြင့်တက်သွားသည်။

'ညီလာခံတစ်ရပ် ကျင်းပဖို့တော့ ကျွန်မ စိတ်ကူး မရှိဘူးရှင့်'

'ကျွန်တော် အုတ်ရစ်ချိုကို တစ်ခါမှ မရောက်ဖူးဘူး၊ အဲ့ဒီဒေသက ဘယ်လိုနေလဲဟင်'

မိုက်က စကားလမ်းကြောင်း ပြောင်းလိုက်၏။



'ပျင်းစရာကြီး၊ မလိုအပ်ဘဲ လုပ်ထားတဲ့ လုံခြုံရေး အစီအမံတွေက တစ်ပုံကြီး၊ မိန်းမတွေက ချစ်ဖော်တွေရှာဖို့မကြိုးစားဘဲ တခြားအလုပ်တွေထဲမှာ အာရုံပြောင်းထားဖို့ကြိုးစားကြတယ်၊ ယုတ်စွအဆုံး အဲဒီဒေသကိုရောက်ရောက်ချင်း ကာလတွေမှာပေါ့လေ၊ နောက်တော့ သူတို့လဲ အထာကလေးတွေ ညက်လာတာပါပဲ၊ လူမှုရေးဘဝက တော်တော်ငြီးငွေ့စရာကောင်းတာရှင့်၊ ပင်ပန်းနွမ်းနယ်ပြီး စိတ်ကူး မယဉ်တတ်တဲ့ လင်ယောကျ်ားတွေ၊ ပျင်းစရာကောင်းတဲ့ ဖဲဝိုင်းတွေ၊ ကလေးတွေကို ကျောင်းသွား ကျောင်းပြန် ကားနဲ့ကြိုပို့ လုပ်ရတာတွေ၊ လူမှုရေး အစည်းအဝေးတွေ၊ ရှင် သိပါတယ်လေ'

'ခင်ဗျားတို့မှာ ကလေး တစ်ယောက်မှ မရှိဘူးနော်၊ ဟုတ်တယ် မဟုတ်လား'

'မရှိဘူး၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မကတော့ မရှိတာကိုပဲ ကြိုက်တယ်၊ ရော်ဂျာက ချစ်ဖော်တစ်ယောက်အနေနဲ့ ကျေနပ်လောက်စရာ ကောင်းပါတယ်၊ သူ စိတ်ပါရင်ပေါ့လေ၊ သူ့ စိတ်ကလဲ ပါခဲတာသနဲ့'

'ခင်ဗျားတို့အာရုံ အပြောင်းအလဲဖြစ်ဖို့ဆိုရင်တော့ လိန်းအိမ်က အုတ်ရစ်ချိုထက် ပိုပြီး ပျင်းစရာကောင်းနေလိမ့်မယ် ထင်တယ်'

ရီတာ ရယ်မောလိုက်၏။

'ရှင့်က ကျွန်မတို့မိတ်ဆွေကြီး ရန်းဒေါ မက်ကာသီကို လျှော့တွက်ထားတာကိုး၊ စိတ်ကုဆရာဝန် တစ်ယောက်က

'လူတွေ ကစားတဲ့ ပြိုင်ပွဲများ' ဆိုတဲ့ စာအုပ် တစ်အုပ် ရေးခဲ့တယ်ဆိုတာ ရှမ့်မသားနဲ့လေ၊ အဲဒီစာအုပ်ကိုရေးတဲ့ စာရေးဆရာ ကြားတောင်မကြားဖူးတဲ့ ပြိုင်ပွဲတချို့ ကို ရန်းဒေါကသိသားဘယ်ရှင့်'

သုံးနာရီတွင် စားသောက်ကြသည့် နေ့လယ်စာ ပွဲကာအရသာရှိလှသည်။ မိုက်က နောက်နေ့နံနက်အစောကြီး ပြန်ရမည်ကို အကြောင်းပြပြီး သူတို့နှစ်ယောက် ပြန်ခဲ့ကြသည်။

'ရှင်နဲ့ ရီတာကတော့ အလွမ်းသင့်နေတာပဲနော်'

မော်တော်ဘုတ်ကိုအိမ်ဘက်သို့ မောင်းလာခိုက်ဂျက်နက်က ပြောသည်။

'သူသဲ တော်တော်ချောတာပဲနော်'

'ခင်ဗျားနဲ့ အတူအိပ်ဖို့လောက်ပဲ အကွက်ချောင်းနေတဲ့ ရွှေရောင်ဆံပင်နဲ့ ဆူဆူဖြိုးဖြိုး မိန်းမမျိုးကိုမှ ကြိုက်တယ်ဆိုရင်တော့ မဆိုးဘူးလို့ ပြောရမှာပေါ့'

ဂျက်နက်က မိုက်အား အလန့်တကြား လှည့်ကြည့်သည်။

'ရှင် ဆိုပ်ဖြီး စိတ်မပါလက်မပါဖြစ်နေမှာ မဟုတ်ဘူးလို့ ကျွန်မက ထင်နေတာ၊ တခြား ပတ်ဝန်းကျင် အခြေအနေမျိုးမှာ ဆိုရင်လေ'

မိုက် ပြုံးဖြီးဖြီးလုပ်လိုက်၏။

'ယောကျ်ားတစ်ယောက်ဟာ လောင်းကစား လုပ်တော့မယ်ဆိုရင် အရှုံးမပေါ်အောင်, ကာပြီး ထိုးရတယ်၊ ကာပြီး မထိုးရင် မိုက်မဲရာကျတာပေါ့၊ ဒါ့ထက် ကျွန်တော်က ဝါ

ရ ... ခဲ့ ... ဟာ ... သွားဟယ်



လုပ်နေရချိန်မှာ ခင်ဗျားက မ,ကျမ်းကြေတဲ့ပါမောက္ခမက်ကာသီနဲ့ ခဏခဏ တွေ့နေတော့မှာပေါ့နော်'

'ဘာပဲဖြစ်ဖြစ် သူကမှ ကျွန်မကို ဂရုစိုက်ဖော် ရသေးတယ်၊ ဒီတစ်နေ့ခင်းလုံး ရှင် ကျွန်မကို ဂရုစိုက်တာထက် သူက အများကြီး ဂရုစိုက်ခဲ့တာ'

ဂျက်နက်က မကျေမနပ်ဖြင့် ပြောသည်။

'သူ့ဆီက ဘာလေးများ သိရမလဲလို့ စကား အစ်ကြည့်နေတာပါ၊ ရီတာက တစ်နာရီ, နှစ်နာရီလောက် တွေ့ပြီး အရက်ကလေး တစ်ခွက်နှစ်လောက်သောက်ပြီးရင် စကားတွေ ဖောင်လောက်အောင် ပြောလာတတ်တဲ့ အကျင့်ရှိပုံရတယ်'

'ရှင် သူ့ဆီက ဘာများ သိလာနိုင်စရာရှိလို့လဲ'

'စပ်စုချင်တာသက်သက် ဖြစ်ချင်လဲ ဖြစ်မှာပေါ့၊ ဒါပေမယ့် ကျွန်တော် အံ့သြနေတာက သူတို့ရဲ့ မိတ်ဆွေဟောင်းတစ်ယောက်ကို ညှော်ဝတ်ကျေဖို့လောက်နဲ့ ဘာဖြစ်လို့ အချိန်တိုတိုကလေးအတွင်း အိမ်တောင်ပစ္စည်းတွေပါ ပြောင်းရွှေ့လာသလဲဆိုတာပဲ'

'ရှင်ပြောတာ မဟုတ်လား၊ ရန်းဒေါက အိမ်လခပေးတာဆို'

'အဲဒါကိုလဲ အံ့သြတာပဲ၊ အင်ဂျင်နီယာ တစ်ယောက်လဲဖြစ်၊ အဆင့်မြင့် အစိုးရအမှုထမ်းလဲဖြစ်တဲ့ ဗရော်ဂျာကိုဗင်ဟာ လခကောင်းကောင်းကိုရမယ်၊ ရန်းဒေါထက်တောင်လခကောင်းဦးမယ်၊ သူတို့ ဒီမှာလာပြီးနေတာဟာကျွန်တော်

တို့ကို ပြောတဲ့အကြောင်းအပြင် တခြားအကြောင်း တစ်ခုခု ရှိကိုရှိနေရမယ်’

‘ရှင်ဆိုလိုတာက သူတို့ရဲ့အစီအစဉ်တွေအကြောင်း ရီတာ့ကို မေးကြည့်ခဲ့တယ်လို့ ဆိုလိုတာလား’

‘ဟင့်အင်း၊ သူတို့သုံးယောက် အတူနေပြီး သာယာမှုကို ရှာနေတဲ့အကြောင်း သူက တစ်စွန်းတစ်စမှ မပြောပါဘူး ကျွန်တော်ပြောတာ သာယာမှုကို ရှာကြတာနော်’

‘ဘုံ အိမ်ထောင်ကို ပြောတာလား’

‘အဲဒီလိုမျိုးပေါ့’

‘ဘုံအိမ်ထောင်တွေအကြောင်း ကျွန်မဖတ်ဖူးတယ်၊ ဒါပေမယ့် အဲဒီလိုနေတဲ့ လူ တစ်ယောက်နဲ့မှ ကျွန်မမဆုံဘူး။ အဲဒီလို နေကြတော့ အဆင်ပြေရဲ့လားဟင်’

‘တကယ်လို့ ခင်ဗျား မသိသေးဘူးဆိုရင် ကျွန်တော် ပြောမပြချင်ဘူး၊ ကျွန်တော့် ဇနီးလောင်း တစ်ယောက် အနေနဲ့ အဲ့ဒါမျိုးတွေမသိတာကို ကျွန်တော်ပိုပြီး သဘောကျတယ်’

‘ကျွန်မမသိနားမလည်တာတွေအများကြီးပဲမိုက်၊ လင်းနဲ့တုန်းကလဲ အဲဒီလို ကျွန်မမသိတာတွေ ပြန်ပြန်မေးလွန်းလို့ သူနောက်တာ ပြောင်တာ ခံခဲ့ရတယ်လေ’

‘ကျွန်တော့်ကို တစ်ခုလိုက်လျောပါဗျာ’

မော်တော်ဘုတ်ကို တံတားတွင် ကြိုးချည်၊ မော်တော်ဘုတ်ပေါ်တွင် ပတ္တူပြားအုပ်ရင် မိုက်ကပြော၏။



‘သူတို့ သုံးယောက်ကို ခင်ဗျား လိုအပ်သလောက်ထက် ပိုပြီး မဆက်ဆံပါနဲ့’

‘ဆိုလိုတဲ့အဓိပ္ပာယ်က ရှင်သဝန်တိုနေတာလား၊ ရန်ဒေါ မက်ကာသီကိုလေ’

‘မှန်တာပေါ့၊ ဒါပေမယ့် အဲ့ဒီလောက်လဲ မကဘူးဗျ ဇာတ်လမ်းစကတည်းက ဒီလူနဲ့ ကိုဗင်လင်မယားရဲ့ အနေအထားပုံမှန်တယ်လို့ ကျွန်တော် မယုံကြည်ခဲ့ဘူး’

‘ဒါဆိုလဲ ရှင် ဘာဖြစ်လို့ သူ့ကို ခွဲစိတ် ပြုပြင်ပေးသေးလဲ....’

‘ဒေါ်လာသုံးထောင်ဆိုတဲ့ ငွေကြေးကို ဘယ်သူ လွန်ဆန် နိုင်ပါ့မလဲ၊ အထူးသဖြင့် ကျွန်တော် ချစ်နေတဲ့ မိန်းကလေးက သဘောတူပြီ ဆိုတာနဲ့ အမြန်ဆုံး လက်ထပ်ဖို့ စိတ်ကူးထားတဲ့ လူတစ်ယောက် အနေနဲ့ ဘယ်လို လုပ်ပြီး ငြင်းဆန်ပါ့မလဲ၊ ဒါထက်နေပါဦး လင်းအကြောင်း ခင်ဗျား မသိသေးတာတွေကို ရော်ဂျာက ပြောပြနိုင်ရဲ့လား’

ဂျက်နက် မျက်မှောင်ကြုတ်လိုက်၏။

‘ရှင်....ဘာပြောနေတာလဲ’

‘လင်းကို ချီကာဂိုမှာတုန်းကို သူသိခဲ့တယ်လို့ ရော်ဂျာက ပြောတယ်လေ၊ နောက်ပိုင်း ခင်ဗျားတို့နှစ်ယောက် တစ်ခုတစ်ခု အကြောင်းကို စူးစူးစိုက်စိုက် ပြောနေကြတာပဲဟာ’

‘အဲ့ဒါ ထူးဆန်းတယ်’

ဂျက်နက် စိတ်ညစ်သည့် အသံဖြင့်ပြော၏။

'သူသင်နေတဲ့ ရူပဗေဒ သင်တန်းမှာ လင်းဘက်ခဲ့တယ်လို့ သူပြောတာကိုပဲ မှတ်မိတော့ဘယ်၊ အဲဒီနောက်ပိုင်း လင်း အကြောင်း သူပြောတာတွေကို ဘာမှ မမှတ်မိတော့ဘူး ခို ....'

စကား ရပ်လိုက်သည်။ မိုက်အား ငူးငူးစမ်းစမ်း ကြည့် သည်။

'အဖြေက ဘာလဲဟင် မိုက်'

'မပြောတတ်ဘူး၊ အဲဒီအချိန်ကစပြီး ဒုတိယ ကိုယ်ပွားက ပူးကပ်သွားတာဖြစ်မယ်၊ ဒါပေမယ့် ဘာကြောင့် ပူးကပ်ရ သလဲဆိုတာတော့ စဉ်းစားလို့ မရဘူး၊ ဒီတော့ မျက်စိတွေ ဖွင့်၊ နားတွေစွင့်ထားချာ၊ တစ်ခုခု ပုံမှန်မဟုတ်တာမျိုး ဖြစ် လာရင် ကျွန်တော့် ဆီ လှမ်းဆက်ဗျာ'

'ကျွန်မ ဘယ်လိုလုပ်ပြီး အတိတ်ဆိုးနိမိတ်ဆိုးလို ဟာ မျိုးတွေကို စောင့်ကြည့်နေနိုင်မှာလဲ၊ ရှင် ပြောပုံအရဆို အတိတ်ဆိုး နိမိတ်ဆိုးလို့ပဲ ပြောရမှာပဲ၊ ဒါပေမယ့် အဲဒါ တွေက ဘယ်ဟာမျိုးတွေဆိုတာ ရှင်လဲ မသိဘူးမဟုတ်လား'

'တကယ်လို့ ကျွန်တော် သံသယတွေ မှန်နေခဲ့ရင်၊ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်စလုံး သတိရှိနေမယ်ဆိုရင် ကျွန်တော်တို့ အဖြေကို ဖော်ထုတ်နိုင်မှာပါ၊ ပြီးတော့.... ဘာကြောင့်လဲဆိုတဲ့ မေးခွန်းကိုလဲ သိလာမှာပါ၊ အဖြေကို



သိလာတဲ့ အခါကျ အဲဒီ ကိစ္စဟာ ခင်ဗျားနဲ့ ပတ်သက်နေ မယ် ဆိုတာ သေချာတယ်၊ ဒါကြောင့်လဲ ကျွန်တော် ဒီလောက် စိတ်ပူနေတာပေါ့'

'ဒါနဲ့ သတိရတုန်း ပြောထားရဦးမယ်၊ ခြံရဲ့ ကမ်းစပ် ထောင့်မှာ ခေါက်ဆီအပြည့် ထည့်ထားတဲ့ ပီပါ တစ်လုံးရှိ တယ်၊ တကယ်လို့ ခင်ဗျား ဟိုဟိုဒီဒီ သွားချင်ရင် ခေါက်ဆီ ထည့်လို့ ရအောင် ပြောထားတာပါ'

'ရှင် ပြန်ရောက် မလာခင်အတွင်း ဓမ်ာတော်ဘုတ်ကို အသုံးပြုရာအကြောင်း ရှိမယ်မထင်ပါဘူး၊ ကျွန်မလိုအပ် မယ့် စားသောက်စရာတွေကို လမ်းဆုံစတိုးကနေ ဝယ်ပေး မယ်လို့ ရီတာကိုဗင်က ကတိပေးထားတယ်လေ၊ ဒီတော့ ကျွန်မစာအုပ်ကိုပဲ အာရုံစိုက် ရေးနိုင်တာပေါ့'

'ကျွန်တော် ညစဉ်၊ ဒါမှမဟုတ် နှစ်ညတစ်ကြိမ်လောက် ဖုန်းဆက်မယ်လေ'

နောက်နေ့နံနက်၊ ဝါရှင်တန်သို့ မိုက် မပြန်မီ နံနက် စာကို စောစော စားရင်း မိုက်က သတိပေးသည်။

'ဒါပေမယ့် ရဲမှူးကြီးနေဘ့ရဲ့ ရဲဘော်တွေကို ဘီကိနီ ဝတ်စုံနဲ့ တော့ သွားပြီး မကြိုဆိုလိုက်နဲ့နော်၊ မဟုတ်လို့ ကတော့ အဲဒီသတင်းဟာ တစ်မြို့လုံးပြန့်ပြီး အာသာ မေ်း မေ်းနဲ့ ယောကျ်ားတွေ ခင်ဗျားစန်းကျင်မှာ ပြည့်နေလိမ့် မယ်'

'ရဲဘော်တွေလာပြီးမှ ကျွန်မရေကူးပါ့မယ်၊ ပြောရမယ်ဆိုရင်တော့ ဒီပတ်ဝန်းကျင်မှာ နိုင်ငံသားကောင်း တစ်ယောက်အနေနဲ့ မဲ့တစ်ပေါက်မစွန်းတဲ့ ကိုယ်ကျင့်သိက္ခာနဲ့ နေခဲ့တဲ့ ရှင်ရဲ့ဂုဏ်သိက္ခာကို မထိခိုက်စေရပါဘူး'

ဝါရှင်တန် အနောက်ခြမ်းရှိ အိုင်-၄၉၅ မြို့ပတ်လမ်းမကြီးအတိုင်း ကားမောင်းလာသည်။ ဗာဂျီးနီးယား ကျေးလက်ပိုင်းသည် ဝေ့ကာဝိုက်ကာကျန်ခဲ့၏။ ဂျော့ဇ်တောင်းနှင့် တက္ကသိုလ်ဆေးရုံသို့သွားရင်း ဒါးလက်စ် လေယာဉ်ကွင်းသို့ သွားသည့် လမ်းခွဲကို ဖြတ်မောင်းလာသည်။

ထိုသို့ ကားမောင်းလာရင်း မိုက်အတွေးကြွယ်နေမိ၏။ ထိုတနင်္လာနေ့က မိုးကောင်းကင်ကို မော့ကြည့်ပြီး လေယာဉ် ကွင်းသို့ဆင်းရန် ပြုသနာပေါ်နေသည့် ၇၂၇ လေယာဉ်ကြီးကို မြင်တွေ့လိုက်ရသည့် အဖြစ်။ အကယ်၍များ ထိုနေ့က ထိုနေရာသို့ ဆယ့်ငါးမိနစ် နောက်ကျပြီး ရောက်ခဲ့လျှင် သူ့ဘဝသည် မည်သို့မည်ပုံ ခြားနားနေလေမည်လဲ။

ကဲ....ခုတော့ သူ၏ ဆဋ္ဌမအာရုံက သတိပေး နှိုးဆော်နေသည်။ ဂျက်နက်မှာ အန္တရာယ်ရှိနေသည်။ သို့သော်.... သည်အန္တရာယ်က ဘယ်နေရာဘယ်ဒေသမှ ဘယ်အချိန် ပေါ်လာမည်မသိ။ ဖြစ်နိုင်ခြေရှိတာ တစ်ခုပဲစဉ်းစားလို့ရသည်။ လင်းတောလ်မင်း၏ အယူသီးဂိုဏ်းမှ အဖွဲ့ဝင်တစ်ယောက်ယောက်က ဂျက်နက်အား အစတုံး သုတ်သင်ဖို့ ချောင်းမြောင်းနေနိုင်သည်။



အကြောင်းမှာ ဂျက်နက်ထုတ်ဝေမည့် စာအုပ်က ဂိုဏ်းထဲမှ အခြား အဖွဲ့ဝင်တွေ အကြောင်း ဖော်ထုတ်တင်ပြလိုက်မည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။

သို့ဖြစ်သည့်တိုင် သည်အလားအလာကလည်း သိပ်ပြီးဖြစ်နိုင်ချေမရှိ။ မြို့နယ်ရဲအဖွဲ့က မသင်္ကာဖွယ်လူများကို စောင့်ကြည့်နေသည် မဟုတ်လား။

☆

၃၁။

နောက်သီတင်းနှစ်ပတ်ကား မိုက်အတွက် သုခဘုံသို့ ရောက်နေသော ကာလများ ဖြစ်ပေသည်။ ဗုဒ္ဓဟူးနေ့ ညနေပိုင်းများနှင့် သီတင်းပတ်ကုန်ရက်များတွင် အိမ်ကလေးသို့သွားသည်။ ကွန်းခိုရိပ်ကလေးတွင် နားခိုသည်။ ပြီးတော့ သူဖန်ဆင်းခဲ့သည့် လှမိမယ်ကလေးကို ပို၍...ပို၍ချစ်လာသည်။ သည်မိန်းကလေးကို သည်လောက်လှလာအောင်ဖန်ဆင်းနိုင်လိမ့်မည်ဟု ကိုယ့်ကိုကိုယ်ပင် မထင်မှတ်ခဲ့။ ခုတော့ မိမိကချစ်သလို သူ့ဘက်ကလည်း မိမိအား ပြန်ချစ်နေပြီဟု မိုက်ယုံကြည်သည်။ သူတို့သည် ကိုဗင်လင်မယားနှင့် သိပ်မတွေ့ဖြစ်။ ရန်းဒေါမက်ကာသီနှင့်လည်း သိပ်မဆုံဖြစ်။ သူတို့ကနှစ်ယောက်တည်း သီးခြား ကမ္ဘာကလေး တည်ဆောက်ပြီး နေချင်ကြသည်။



ထို့နောက် တတိယသီတင်းပတ်၏ ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းတွင် အရေးပေါ်ကိစ္စတစ်ခု ပေါ်လာသည်။ ဆေးရုံတစ်ရုံတွင် အရေးပေါ် ခွဲစိတ်ကုသမှု ပြုလုပ်နေရသဖြင့်မွန်းလွဲပိုင်းသည် တတိတိ ကုန်သွားသည်။ ခါတိုင်းလို နေ့လယ်စာစားချိန်တွင် ကွန်းခိုရိပ်သာလေးသို့ မပြေးနိုင်တော့။

ခွဲစိတ်ကုသခန်းထဲမှ မိုက် ထွက်လာချိန်တွင် ည ကိုးနာရီထိုးနေပြီ။ အိမ်နောက်ဘက် ခြံထဲတွင် ဒုံးပျံတစ်လက် တည်ဆောက်ပြီး ဂျင်းဒုံးပျံကို လွှတ်တင်ဖို့ ကြိုးစားခဲ့သည့် ကောင်လေးတစ်ယောက်၏ မျက်နှာပေါ်မှမီးလောင်ဒဏ်ရာများကို ခွဲစိတ်ဖယ်ရှားပြီး အသားအစားထိုး ကုသပေးနေခဲ့ရသည်။ မိုက်က ခွဲစိတ်ခန်းထဲမှ ထွက်လာပြီး အရပ်ဝတ် အရပ်စားများကို မလဲမိမှာပင် ကွန်းခိုရိပ်သာသို့ တယ်လီဖုန်း ဆက်သည်။ သို့သော် တယ်လီဖုန်းလိုင်းက မအား။ နောက် နာရီဝက်လောက်ကြာမှ ဆက်လို့ရသည်။

'မိုက်....ရှင် ဘာများဖြစ်နေလဲလို့ ကျွန်မစိတ်ပူနေတာ'

'ကျွန်တော် မီးလောင်ဒဏ်ရာရတဲ့ကိစ္စတစ်ခုကို ခွဲစိတ်ပြီး အသားအစားထိုး ကုသပေးနေရတာ၊ ခုလေးပဲ ပြီးသွားတယ်'

'အမယ်လေး....ကျွန်မလဲ ဘဲဒီလိုဖြစ်လုနီးပါးဖြစ်ခဲ့ရတာကို ပြန်ပြီး အစဖော်မပေးပါနဲ့ မိုက်ရယ်'

'အဲဒီမှာ ခင်ဗျား အဆင်ပြေရဲ့လား'

'အဆင်ပြေပါတယ်၊ တစ်နေ့မှာ ဆယ်နာရီ အလုပ်လုပ်ပြီး ညဆယ့်တစ်နာရီမှာ အိပ်ရာထဲ ဘုံးဘုံးလဲတာပဲ၊ ညဥ့်နက်

ပိုင်း တီဗီသတင်းတောင် နားမထောင်ဘူး၊ ဦးလေး ဂျော့တောင် မနက်က တယ်လီဖုန်းဆက်သေးတယ်၊ ထုတ်ဝေသူက လောနေပြီတဲ့၊ စာအုပ်ကို စပြီး ပုံနှိပ်ချင်ပြီတဲ့၊ ဒီနှုန်းအတိုင်း ကျွန်မ ဆက်ရေးသွားရင် နောက်ဆယ်ရက်ဆို စာမူပြီးသွားပြီ မိုက်ရဲ့၊ ဒီလိုစာအုပ်မျိုးက စာအုပ်ဆိုင်ပေါ်ကို မြန်မြန်ရောက်မှ ကောင်းတာ၊ စိတ်ဝင်စားစရာကောင်းတဲ့ လင်းသေဆုံးမှုမျိုးကို ပရိသတ်တွေ မေ့မသွားခင် ထုတ်ဝေနိုင်မှ ကောင်းမယ်လေ'

'ဒေါက်တာ မက်ကာသီနဲ့ တော်တော်များများ တွေ့ဖြစ်သေးလား'

'ကျွန်မ အလုပ် လုပ်နေချိန်မှာ သူ မနှောင့်ယှက်သင့်ဘူးဆိုတာ သူသိပါတယ်၊ သူကလဲ နှောင့်ယှက်ဖို့ မကြိုးစားပါဘူး'

ဂျက်နက်က ပျော်ရွှင်မှုအပြည့်ဖြင့် လွင်လွင်ကလေး ရယ်လိုက်၏။

'ဒီမှာက ပူအိုက်လှောင်နေတာ မိုက်ရဲ့၊ ဒီတော့ ကျွန်မလဲ နောက်ပိုင်းမှာဘီကီနီဘောင်းဘီကလေးပဲဝတ်ပြီးအလုပ်လုပ်နေတာ'

'သိပ်ပူလွန်းတဲ့ညတွေကျရင် ခြံထဲက ကုက်လပ်ကလေးထဲမှာ ညောင်စောင်းခင်းပြီး အိပ်လေ၊ ကျွန်တော်တော့ မကြာမကြာ အဲဒီလိုအိပ်တယ်၊ ခြင်တွေက ခွင့်ပြုရင်ပေါ့လေ'

'မနေ့ညကပဲ အဲဒီလို အိပ်လိုက်သေးတယ်၊ အတော်ဇိမ်ရှိတာပဲ'



'အဲဒီလိုမှန်း သိရင် ကျွန်တော် မရောက်ရောက်အောင် လာတာပေါ့ဗျာ'

'သောကြာနေ့ညကျရင်တော့ လာမှာမဟုတ်လား'

'ကမ္ဘာကြီး မပျက်သေးရင် လာမှာပေါ့၊ ဘာဖြစ်လို့လဲ'

'ဒီည ရှင်ရောက်မလာတော့ မနေတတ် မှထိုင်တတ်ကြီး ဖြစ်နေတာကိုပြေပျောက်အောင်ဆိုပြီး ညစာမစားမိ အရက်တစ်ခွက်သောက်မလို့ လုပ်တော့ အရက်ကုန်နေတာ တွေ့ရလို့'

'အဝေးပြေးလမ်းမကြီးပေါ်မှာ စတိုးဆိုင်တစ်ဆိုင်ရှိပါတယ်၊ သောကြာနေ့ ညနေပိုင်း ကျွန်တော် အလာမှာ ဝင်ပြီး ဝယ်ခဲ့မယ်လေ၊ ကဲ…ခင်ဗျားကို အိပ်ရာဝင်ခွင့်ပေးတော့မှ ကောင်းမယ်ထင်တယ်၊ သိပ် မငိပငိပန်းပန်းကြီးလဲ အလုပ်လုပ်မနေနဲ့လေ'

'မလုပ်ပါဘူး၊ နေ့လယ်တုန်းက ကျွန်မ တယ်လီဖုန်းနဲ့ လှမ်းမှာထားတဲ့ အစားအသောက်တွေကို ချီတာကိုဗင်က လာပို့ရင်း ကျွန်မကိုတောင် ဖိတ်သွားသေးတယ်၊ မနက်ဖြန်ကျရင် သူတို့နဲ့ ဟေးလားဝါးလားလုပ်ဖို့ လိုက်ခဲ့ပါလားတဲ့၊ ဒါပေမယ့် ကျွန်မ သိပ်သွားချင်စိတ် မရှိလှပါဘူး'

'ကောင်းသားပဲ၊ ခင်ဗျားအတွက် လိုအပ်ပါတယ်၊ ဒါပေမယ့် မက်ကာသီဆိုတဲ့ ငနဲကိုတော့ သတိထားနော်၊ သူဟာ ခင်ဗျားကို ကြံစည်နေတာတော့ အမှန်ပဲ၊ အဲဒီ အကြံအစည်တွေဟာ လူကြီးလူကောင်း ဆန်ချင်မှဆန်မယ်'

ချက်နက် ရယ်မောလိုက်၏။

'အထက်ဘန်း ကျောင်းမှာတုန်းက ကိုယ်လုံးပညာကို ကျွန်မ သင်ထားတယ်လို့ ရှင့်ကို ကျွန်မ ပြောပြီးပါပြီကော၊ တကယ်လို့ ရန်ဒေါက်တစ်ယောက် မဟာတရား ကြံစည်လာရင် သူ့ပေါင်ခြံတည့်တည့်ကို ကန်ပစ်လိုက်ရုံပဲ၊ မတော်မတရား ကြံစည်တဲ့တစ်ယောက် အကြောသေသွားအောင် လုပ်ချင်ရင် အဲဒီနည်းဟာ အကောင်းဆုံးပဲလို့ ကျွန်မတို့ဆရာက မှာထားတယ်လေ'

* * *

'ဆရာ့အိမ်နီးချင်း အသစ်တွေကတော့ တကယ့်လူတွေပဲ ဒေါက်တာကန်း'

ညောကြာနေ့ညနေတွင် ကမားနှာ‌း မီလာအိုဒ္ဒ ဝင်ပြီး အရက်ဝယ်သောအခါ အရက်ကောင်တာစာရေး ဂျုတ်က မိုက်အား ပြော၏။

'မနေ့ညက သူတို့အုပ်စု ဒီကို ရောက်လာကြတယ်လေ... မီးစ်ဘတ်လဲ ပါတယ်ဗျ၊ အား...ကျွန်တော် တွေ့ဖူးသမျှထဲမှာတော့ တကယ့်ရွှေချပ်ကလေးပဲဗျို့'



'မိန်းကလေးက အရမ်းလှတာ'

'ကျွန်တော် စစ်တပ်ထဲမှာရှိတုန်းက သွားပြီး အမှုထမ်းခဲ့တဲ့ ဂရိမှာ တွေ့ဖူးတဲ့ ကျောက်ဆစ်ရုပ်တွေ အတိုင်းပဲဗျို့၊ ဒါပေမယ့် ဆရာရေ့၊ မနေ့ညကတော့ သူ အတော်ကြီး မြူးကြွနေတာကလား၊ နောက်ပြီး ဟိုပါမောက္ခကော၊ သူက ပြောပါတယ်၊ ဆရာက သူ့ကို ဆယ်နှစ်လောက် ငယ်သွားအောင် လုပ်ပေးလိုက်တာတဲ့'

'ဆိုပါတော့'

'အဲဒီ ပါမောက္ခကို ဆရာ ပြုပြင်ပေးလိုက်တဲ့အကြောင်း၊ မီးစ်ဘတ်ကိုလဲ မတော်တဆမှုဖြစ်ပြီး နောက်ပိုင်း ဆရာပဲ မျက်နှာအသစ် တပ်ပေးလိုက်တဲ့ အကြောင်း လူတိုင်းက ပြောနေကြတာ ဆရာရဲ့၊ ဒါထက် လင်းတောလ်မင်း အကြောင်း သူ စာအုပ်ရေးနေတယ်ဆိုတာ တကယ်ပဲလား ဟင်'

'ဟုတ်ပါတယ်၊ သူက ကျွန်တော့် အိမ်ကလေးကို ငှားပြီး စာအုပ်ကို လက်စသတ်နေတာ၊ စာအုပ်က မကြာခင် ထွက်လာတော့မယ်လေ'

'အဲ့ဒီစာအုပ်တော့ ကျွန်တော်ဖတ်ချင်တယ်ဗျို့၊ လေ့ာကမှာ သုံးကိုယ်ခွဲထားတဲ့မိန်းမယောက်တစ်ယောက် ရှိတယ်ဆိုရင် အဲဒီမိန်းမဟာ လင်းတောလ်မင်းပဲ'

* * *

ခြံထဲသို့ မိုက်ကားမောင်းဝင်သွားတော့ အိမ်ထဲမှ ဂျက်နက် ထွက်လာသည်။ သူက နွေဝတ်စုံခပ်ပါးပါးဝတ်ထားသည်။ နွေဝတ်စုံနှင့် လိုက်ဖက်သည့် လက်ကိုင်အိတ်ကိုလည်း ကိုင်ထားသည်။ မိုက်၏မျက်စိထဲမှာတော့ သူကလေးသည် လှပြီးရင်း လှနေသည်။ မိုက် အကြံပေးထားသည့်အတိုင်း မိတ်ကပ် အရောင်ရင့်ရင့်ကို လိမ်းခြယ်ထားသဖြင့် မျက်နှာပေါ်တွင် ထင်နေသေးသည့် အညိုအမည်းတွေကို မမြင်ရသလောက် ဖြစ်နေသည်။

'ဦးလေးဂျော့က ကျွန်မတို့နှစ်ယောက်ကို အလက်ဇန်ဒရီးယားမှာ လာပြီး ညစာစားစေချင်တယ်တဲ့၊ ကျွန်မတို့ အဲဒီကိုသွားဖို့ အချိန်မီရှိကလေးပဲ'

'ဘာကိစ္စ အလောတကြီးခေါ်ရတာလဲ'

မိုက်က ဂျက်နက်အား နမ်းရင်းမေး၏။

'ကျွန်မ မိန်းမဆိုးကလေး ဖြစ်သွားလို့ဆိုဘာ ဒဏ်ခံရမှာပဲ၊ မနေ့ညက ရန်းဒေါ်၊ ရော်ဂျာနဲ့ ရီတာရယ်၊ ကျွန်မရယ် ညဥ့်ကလပ်ကို သွားကြတော့ ကျွန်မ ရေချိန်လွန်သွားတယ် ထင်ပါရဲ့၊ အဲဒီလို ရေချိန်လွန်တိုင်း ကျွန်မက စကားတွေ အရမ်းပြောတတ်တယ်ရှင့်၊ အဲဒီအကြောင်းကို တစ်ယောက်ယောက်က ဦးလေးဂျော့ကို လှမ်းတိုင်လိုက်တာ နေမှာပေါ့'

'ကျွန်တော် စတိုးဆိုင်မှာဝင်ပြီး အရက်ဝယ်တော့ အရက်ဆိုင်က စာရေးက ပြောလိုက်တယ်၊ ခင်ဗျားဟာ ကျွန်



တော်တို့ မိတ်ဆွေကြီး မက်ကာသီရယ်၊ ကိုဗင်လင်မယားရယ်နဲ့အတူ အော်ဟာစ်မြို့တူးသွားတယ်တဲ့၊ အဲဒါကို ခင်ဗျား သတိမရဘူးလား'

'ကဗားနားမီလာနိုကို ကျွန်မတို့ရောက်သွားတာတောင် မမှတ်မိဘူး'

'အဲဒီလောက် အပျော်ကြူးပြီး အဲဒီလို အပျော်မြူးခဲ့တယ် ဆိုတာတောင် မမှတ်မိတာကတော့ ရှက်စရာကောင်းတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျား အဲဒီကို ရောက်ခဲ့တာတော့ အမှန်ပဲ၊ အရက်ရောင်းစာရေးက ပြောတယ်....ခင်ဗျားက ပျော်ပွဲရဲ့ အသက်ပဲတဲ့'

'အဲဒါကို ရှင် သဝန်တိုနေတယ်မဟုတ်လား'

ဂျက်နက်က မိုက်အား နမ်းလိုက်ပြန်၏။ သည်တစ်ကြိမ် အနမ်းမှာ နွေးထွေးလွန်းလှသဖြင့်....

'ကျွန်တော်တို့ အိမ်ထဲဝင်ပြီး ခဏတစ်ဖြုတ်လောက် ဒီအတိုင်း ဆက်လုပ်ကြရအောင်လေ'

ဟု မိုက်ကပြော၏။ သည်တော့ ဂျက်နက်က ရယ်မောလျက် မိုက်အား ကားထဲသို့ ပြန်တွန်းသွင်းလိုက်၏။

'ခုချိန်မှာ ဒီလောက်ပဲ ရမယ်၊ အဲဒါကိုမှ သိမ်သိမ်မွေ့မွေ့ မနေလိုကတော့ ဒီည ဒီကိုပြန်ရောက်လာရင် အနားကို မကပ်ရဘူး မှတ်၊ နောက်တစ်ခုရှိတာက ရှင် ရန်းဒေါမက်ကာသီကိုလဲ ဘာမှ သဝန်တိုမနေနဲ့၊ သူက ကျွန်မကိုမြူဆွယ်ချင်တာလောက်ပါ'

'အဲဒါဆို မလုံလောက်သေးဘူးလား'

'အချစ်ရယ်၊ ကျွန်မကိုယ်ကျွန်မ စောင့်ရှောက်နိုင်တယ်လို့ ကျွန်မ ပြောထားပါပြီကော၊ တကယ်လို့ ရန်းဒေါက ကိုယ်လိုလက်ရောက် ကဲလာပြီဆိုရင် ကျွန်မ သူ့ကို ခွေခွေကလေး လဲနေအောင် လုပ်ပစ်လိုက်မှာပေါ့၊ ဒါပေမယ့် ကျွန်မ အလုပ်ပင်ပန်းနေတဲ့အခါမျိုး၊ တာခတ်ကျနေတဲ့ အခါမျိုးမှာ သူက ကျွန်မကို ရှင်မြူးလာအောင် လုပ်ပေးတယ်၊ ဒီအတွက် သူ့ကို ကျေးဇူးတင်ရမှာပဲ'

'ရော်ဂျာနဲ့ ရိတာကိုပင်တို့ကရော'

မိုက်က ကားကိုပြန်လှည့်ပြီး လမ်းမကြီးဘက်သို့ ဦးတည်မောင်းရင်းမေး၏။

'ရော်ဂျာက အသိရခက်တဲ့ လူတစ်ယောက်ပဲ၊ သူဟာ ချီကာဂိုတက္ကသိုလ်မှာနေပြီး အနုမြူရူပဗေဒ ဘာသာရပ်နဲ့ အင်ဂျင်နီယာဘွဲ့ရခဲ့တယ်လို့ ရိတာကပြောတယ်၊ ဒါပေမယ့် အဲဒီအကြောင်းကို ဒီလူသိပ်မပြောဘူး'

'ဒီလူ ကျွန်တော့်ကိုလဲ သိပ်စကားမပြောဖော်ရော မရှိလှဘူး'

'အိမ်ထောင်ရေးဆိုတာလဲ ရှင်ပြောတာမှန်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရိတာဟာ ရန်းဒေါနဲ့ အကျွမ်းတဝင်ရှိနေတယ်လို့ ကျွန်မထင်တယ်၊ သူတို့နှစ်ယောက် ငြိနေတာ ကြာပြီဆိုတာ သိသာပါတယ်၊ သူတို့အခန့်အထားက ဘယ်လိုပဲ ဖြစ်နေဖြစ်နေ....ရော်ဂျာက သိပ်ဂရုစိုက်ပုံမရဘူး'



'ခင်ဗျား ဘာ့ကြောင့် အကုသိုလ်အမှုတွေကိုဖော်ထုတ်တဲ့ သူတင်းထောက် ဖြစ်နေတယ်ဆိုတာ ကျွန်တော် သဘောပေါက်သွားပြီ၊ ခင်ဗျားဟာ မီးမမှိန်တမှိန်လင်းနေတဲ့ ညဥ့်ကလပ်ထဲမှာခဏတမ်းမြူတာကလေးနေရတာတောင်ဒီလောက်သိလာ....'

'ကျွန်မ ပြောပြီးပြီလေ၊ အဲဒီနေရာကိုရောက်တာတောင် ကျွန်မ မမှတ်မိပါဘူးလို့၊ အဲဒီအကြောင်းအများစုကို ကျွန်မ မှာထားတဲ့ပစ္စည်းတွေ လာပို့ရင်း ရိတာကပြောပြသွားတာ၊ အဲဒီနောက်ပိုင်းတော့ ကျွန်မ ဘာလိုသေးလဲလို့ လှမ်းမမေးသေးဘူးရှင့်'

'ဒါဆို ခင်ဗျား ရန်းဒေါမက်ကာသီနဲ့ဆက်ဆံရတာတော့ ပျော်တယ်ပေါ့'

'ရှင်ကြီး သဝန်တိုနေတဲ့ အချိန်မျိုးဆို ကျွန်မက သိပ်ချစ်တာရှင့်'

မော်တော်ကားလက်ကိုင်ဘီးပေါ်ရှိ မိုက်၏လက်တစ်ဖက်ကို သူ့လက်တစ်ဖက်ဖြင့် အုပ်ကိုင်သည်။ ပြီးတော့ ချစ်မြတ်နိုးစွာ ဖျစ်ညှစ်လိုက်၏။

'ရှင်နဲ့ပတ်သက်ပြီး ကျွန်မ ဘယ်လိုခံစားရတယ်ဆိုတာကို ပွင့်ပွင့်လင်းလင်း ဝန်မခံသေးတာဟာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကို ဖန်ဆင်းပေးလိုက်တာ ရှင်မဟုတ်လား၊ ဒီတော့ ဦးစားပေး ပိုင်ဆိုင်ခွင့်ကို ရှင်ပဲရသင့်တယ်လို့ ရှင်

သဘောထားမှာစိုးလို့ ကျွန်မ မပြောဖြစ်သေးတာ ထင်တာပဲ'

'ကျွန်တော့်မှာရှိလားဟင်၊ ဦးစားပေးပိုင်ဆိုင်ခွင့်လေ'

'သိပ်မရှိဘူး၊ ဒါပေမယ့် အဲဒီအခွင့်အရေး ရှင့်မှာရှိလာပြီဆိုရင် ကျွန်မပြောမယ်၊ လင်းတောလ်မင်း အကြောင်းရေးတာပြီးသွားပြီး အဲဒီ အကြောင်းတွေကော ကျွန်မ မတော်တဆ ထိခိုက်မှုဖြစ်တာတွေကော ကျွန်မ ရင်ထဲမှာ အမှတ်ထင်ထင်ကြီး စွဲမနေတော့ဘူးဆိုတာနဲ့ ရှင့်ကို အသိပေးမယ်'

'အဲဒါက ဘယ်တော့လောက် ဖြစ်မလဲ'

'နောက်ထပ် ဆယ်ရက်ပေါ့၊ ရီတာက ကျွန်မနဲ့တွေ့တိုင်း အဲဒီစာအုပ်အကြောင်းချည်း မေးနေတာကလား'

'ရော်ဂျာနဲ့ လင်းဟာ ချီကာဂိုမှာ ချိတ်ဆက် တစ်ခုရှိကောင်းရှိနိုင်တယ်၊ ကျွန်တော်တို့ လိန်းဂေဟာကိုသွားတဲ့ တနင်္ဂနွေနေ့က လင်းကို သူသိတဲ့အကြောင်း ဒီလူပြောတာ ကျွန်တော် မှတ်မိနေတယ်'

မိုက်၏ဦးနှောက်တစ်နေရာတွင် သတိပေးနှိုးဆော်သည့် ခေါင်းလောင်းသံကလေး မြည်လာသည်။

'ဒီလူ အဲဒီအကြောင်း ပြောသေးလား'

မိုက်က အမှုမဲ့အမှတ်မဲ့ မေးလိုက်၏။

'အဲဒီအကြောင်းပြန်စဉ်းစားကြည့်မယ်ဆိုရင် တဗားနားမီလာနိုက်ကိုမသွားခင် သူတို့ ဒီမှာထိုင်ပြီး တစ်ခွက်တစ်ဖလား



သောက်ကြသေးတယ်လေ၊ အဲဒီတုန်းက သူက ကျွန်မကို ပြောတယ်၊ လေယာဉ်မှူးက အီးတွေချလို့မရတော့ဘူးလို့ သတိပေးချိန်ကစပြီး ကျွန်မ လေယာဉ်ထဲက လွင့်စဉ်ကျပြီး သတိမေ့သွားချိန်ထိအတွင်း ဖြစ်ပျက်သမျှကို အသေးစိတ် ပြောပြပါတဲ့၊ အဲဒါဆို သူနဲ့လင်းနဲ့ ချီကာဂိုမှာ အဆက်အသွယ် ရှိတဲ့အကြောင်း ပေါ်လွင်ထင်ရှားမယ်လို့ ရှင်ထင်လား'

'ဖြစ်နိုင်တယ်၊ ဒါပေမယ့် စပ်စုချင်တဲ့စိတ် သက်သက်ကြောင့်လဲ ဖြစ်နိုင်တယ်'

ဂျက်နက်က ခေါင်းကိုယမ်းခါ၏။

'အဖြေက အဲဒီလောက် ရိုးရိုးစင်းစင်း မဟုတ်ဘူးလို့ ထင်တယ် မိုက်၊ ကျွန်မအထင်တော့ ရော်ဂျာဟာ လင်းနဲ့ သိခဲ့တာကြာပြီ၊ သူနဲ့ ရီတာ လက်မထပ်ခင် ကတည်းက သိခဲ့တာ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ခုမှသတိရတယ်၊ သူကလဲ ဦးခေါင်းထိခိုက် ဒဏ်ရာရမှု အကြောင်း ပြောတယ်ရှင့်၊ ကောလိပ်မှာတုန်းက လက်ပစ်ဘောကစားရင်းဦးခေါင်းကို ထိခိုက်ဖူးတယ်တဲ့၊ အဲဒီနောက်ပိုင်း သတိ လစ်လစ်သွားတဲ့ ဝေဒနာကို လပေါင်းများစွာ ခံစားခဲ့ရတယ်တဲ့'

'ဘယ်လို သတိလစ်သွားတာမျိုးလဲ'

မိုက် မေး၏။ ရုတ်တရက် နိုးနိုးကြားကြား ဖြစ်လာသည်။

'ဖျတ်ခနဲ သူ သတိရလာတဲ့အခါမှာ...သူပြောတာ အဲဒီအတိုင်းပဲလေ၊ သူရောက်နေတဲ့နေရာကို ဘာ့ကြောင့်ဘယ်လိုရောက်နေမှန်း သတိမရတော့ဘူးတဲ့၊ ဒါ့မှမဟုတ် ဘာတွေကို ဘယ်လောက်ကြာကြာ ဖြစ်နေမှန်းကို သူ မသိဘူးတဲ့၊ ကျွန်မ မကြာမကြာဖြစ်တဲ့ ပုံစံအတိုင်း အတိအကျပဲ'

☆

၃၁။

ပိုတိုမက်မြစ်တစ်ဖက်ကမ်း၊ မြို့ပတ်လမ်းမကြီးပေါ်ရှိ ဟောင်းဝပ်ကျွန်ဆန် စားသောက်ဆိုင်သို့ရောက်တော့ ကားရပ်ကွင်းရှေ့ကွင် လူးလာခေါက်တုံ လမ်းလျှောက်နေသည့် ဂျော့စတန်းဖီးအား တွေ့ကြရ၏။

'ဘာတွေအရေးတကြီးဖြစ်နေတာလဲ'

သတင်းစာဆရာကြီးက သူတို့နှစ်ယောက်အား အခန်းလွတ်တစ်ခန်းထဲသို့ဝင်ဖို့ လက်ဝှေ့ယမ်းပြသဖြင့် မိုက်ကမေးလိုက်၏။ ပြီးမှ သူတို့နှစ်ယောက်ကားထဲမှထွက်လာသည်။

'အထဲကိုလာ၊ ဦးရှင်းပြနေတုန်း တို့များ အသားညှပ်ပေါင်မုန့်နဲ့ကော်ဖီ စားကြတာပေါ့၊ ဒါပေမယ့် လောလောဆယ်မှာ မောင်ရင်တို့အတွက် ညစာကို ဒီလောက်နဲ့ပဲကျေနပ်ရလိမ့်မယ်ထင်တယ်'

'တကယ်လို့ ဦးလေးပြောမယ့်ကိစ္စဟာ ဟိုညက ဗားနားမီလာနို့မှာဖြစ်ခဲ့တဲ့ကိစ္စနဲ့ ဆက်နွယ်နေတယ် ဆိုရင်တော့ ကျွန်မစိတ်မကောင်းပါဘူးလို့ တောင်းပန်ပါရစေ ဦးလေးရှေ့၊ အဲဒီညက ကျွန်မ နည်းနည်းအမူးလွန်ပြီး စကားပြောတာ အတော်များသွားပုံရပါတယ်'

'အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့၊ ညည်းကို ဒီလောက် အကြာကြီး အလုပ်တွေဖိခိုင်းမထားသင့်ဘူးဆိုတာ ဦးလေးသိသင့်တာပေါ့၊ ဒါပေမယ့် ဦးလေးက ညည်းရဲ့စာမူအပ်ပွဲနဲ့ ဂျက်နက်ဘတ်အသစ်ကို ပွဲထုတ်တဲ့ပွဲကို တစ်ချိန်တည်းပေါင်းပြီးလုပ်ဖို့ စဉ်းစားထားတာကွယ့်'

'အိမ်မှာ အရက်နှစ်ခွက်သောက်ပြီးကတည်းက ကျွန်မဘာဆိုဘာမှ သတိမရတော့ဘူး၊ အရက်က အမြဲတန်း ကျွန်မကို အဲဒီလိုထိခိုက်စေတာချည်းပဲ'

စတန်းဖိုးက စားပွဲထိုးမယ်တစ်ဦးကို လှမ်းခေါ်လိုက်သည်။

'သုံးယောက်စာဟမ်ဘာဂါနဲ့ ကော်ဖီလိုချင်တယ်၊ တို့အချိန်သိပ်မရဘူးနော်'

စားပွဲထိုးမယ်အားမှာကြားပြီး မိုက်တို့နှစ်ယောက်ဘက်သို့ ပြန်လှည့်လိုက်၏။

'အနောက်ဘက်ကမ်းမှာရှိတဲ့ ဦးတို့ရဲ့ သတင်းထောက်တစ်ယောက်က အဲဒီညက ညည်းတို့သွားတဲ့ အရက်ဆိုင်ကို ရောက်နေတယ်လေ၊ အဲဒါ ညည်းတို့ ရှုတ်ရှုတ်သဲသဲလုပ်



သွားတဲ့သတင်းကို တီးတိုးသတင်းဆောင်းပါးရှင် ဆီဒီမနက်တယ်လီဖုန်းဆက်ပြီး သတင်းပို့လိုက်တယ်၊ အဲ့ဒီညက အဲ့ဒီဆိုင်မှာ အခြားသတင်းစာ၊ ရေဒီယိုနဲ့တီဗီသတင်းဌာနတွေက ဘယ်သူတွေရှိနေမှန်း ဦးတို့မသိရဘူးလေ၊ ဒီတော့ ညည်းနေတဲ့ အိမ်ကလေးရဲ့တံခါးဝမှာ တီဗီသတင်းထောက်တွေစုပြုံရောက်မလာမီ ညည်းကို တနင်္ဂနွေနေ့ထုတ်သတင်းစာမှာ ပွဲထုတ်လိုက်တော့မယ်လို့ ဦးလေးဆုံးဖြတ်လိုက်တယ်၊ မောင်ရင့်အနေနဲ့ ဆေးရုံမှတ်တမ်းတွေထဲက သတင်းအချက်အလက်တွေ ဘယ်လောက်ပေးနိုင်မလဲမိုက်'

'ဦး အဲ့ဒီမှတ်တမ်းတွေကို လိုမှာမဟုတ်ပါဘူး၊ ဆေးရုံဓာတ်ပုံဆရာက ခွဲစိတ်မှုအစအဆုံးကို မှတ်တမ်းတင်ထားတယ်၊ အဲ့ဒီ ဆေးရောင်စုံမှတ်တမ်းဓာတ်ပုံ တွေကလဲကျွန်တော့်ရုံးခန်းမှာရှိတယ်၊ အဲ့ဒီဓာတ်ပုံတွေသုံးစွဲခွင့်ကိုလဲ ဆေးရုံကပေးထားပါတယ်'

'ကောင်းပါလေ့ကွာ၊ အဲ့ဒါဆို အထူးသတင်းဆောင်းပါး အဖြစ်တင်ပြဖို့ ဆောင်ရွက်ရမယ့်ဒုက္ခတွေ တော်တော်ကင်းသွားတာပေါ့၊ ဂျက်နက်ရဲ့အသက်ကို ကယ်ဆယ်လိုက်ရုံမကဘူး၊ ဂျက်နက်ကို မိန်းမချောကလေးတစ်ယောက်ဖြစ်လာဖို့ မယုံနိုင်စရာကောင်းလောက်အောင် လက်စွမ်းပြခွဲစိတ်ပြုပြင်ခဲ့တာတွေကို အသေးစိတ်ဖော်ပြမှာ'

စတန်းဖိုးက ရှေ့သို့ခါးကိုင်းပြီး သူ့တူမ၏မျက်နှာကို ခဏမျှလှလှကြည့်သည်။ ပြီးတော့ ကျေနပ်အားရစွာ ခေါင်းတဆတ်ဆတ်ညိတ်သည်။

‘ညည်းအခုသုံးထားတဲ့ မိတ်ကပ်အရောင်ရင့်ရင့်က ကျ[…] နေသေးတဲ့ အညို့အမည်းတွေကိုဖုံးထားနိုင်တယ်ကွယ့်၊ ဒီည[…] သတင်းစာတိုက်က စတူဒီယိုမှာသုံးဖို့ငှားထားတဲ့ မိတ်ကပ်[…] ပညာရှင်က အညို့အမည်းတွေအားလုံးပျောက်သွားအောင်[…] လုပ်ပေးနိုင်မှာပါ’

သူက မိုက်ဘက်သို့ပြန်လှည့်လိုက်၏။

‘ခွဲစိတ်မှုမပြုခင်က မောင်ရင်သွန်းထုထားတဲ့ နမူန[…] ရုပ်တုကော၊ ဘယ်မှာလဲ’

‘အဲဒီရုပ်တုက ခွဲစိတ်မှုနဲ့ပတ်သက်တဲ့ တခြားပစ္စည်းတွေနဲ့ အတူ ကျွန်တော့်အခန်းမှာရှိပါတယ်၊ မကြာခင်ကျင်း[…] မယ့် အသားအစားထိုး ခွဲစိတ်ကုသမှုဆရာဝန်တွေရဲ့ အစည်း[…] အဝေးမှာတင်ပြဖို့ ကျွန်တော်စုစည်းပြင်ဆင်နေပါတယ်’

‘ဒါဆို မောင်ရင်က မောင်ရင့်အခန်းကိုသွားပြီး အဲဒီ ပစ္စည်းတွေ အားလုံးယူလာခဲ့ပါလား၊ ဦးက ဂျက်နက်ကို မိတ်ကပ်ပညာရှင်စောင့်နေတဲ့သတင်းစာတိုက်ကိုခေါ်သွား မယ်၊ ညည်းကကော ဦးလေးမှာထားတဲ့အတိုင်း ရေကူး ဝတ်စုံကို ယူလာခဲ့ရဲ့လား’

‘ဟုတ်ကဲ့၊ ဒါပေမယ့် အဲဒီဝတ်စုံက အတော့်ကို မလုံ ခြုံဘူး’

‘အင်း...မလုံခြုံလေ တနင်္ဂနွေမနက်မှာ တို့ သတင်းစာ ပိုရောင်းရလေပေါ့၊ မောင်ရင် ရောက်လာချိန်လောက်ဆို ဦးတို့ ‘စတားနယူး’ ခေတ်ပုံ စတူဒီယိုထဲမှာ ရှိနေလိမ့်မယ်



မိုက်၊ မောင်ရင် ဘယ်သူဆိုတာ အစောင့်ကိုသာ ပြောလိုက် သယ်စရာရှိတာတွေ သူသယ်ပေးလိမ့်မယ်၊ မောင်ရင်ထုထား တဲ့ ရုပ်တုကို ယူလာဖို့လဲ မမေ့နဲ့ဦးနော်’

‘ကျွန်တော် ဗြိတိသျှပြတိုက်က ပရက်စီတလိစ်ရဲ့ အက်ဖရိုဒိုက် ရောင်စုံခေတ်ပုံကိုပါ ယူလာခဲ့မယ်၊ အက်ဖရိုဒိုက်ရဲ့ ပုံကို အသုံးပြုမယ်လို့ စိတ်ကူးရတာနဲ့ လန်ဒန်က မိတ်ဆွေ တစ် ယောက်ဆီ လှမ်းပြီး ဖုန်းဆက်ခဲ့တယ်လေ၊ သူက ရောင်စုံ ခေတ်ပုံ တစ်ပုံရိုက်ပြီး ပို့ပေးလိုက်ပေမယ့် ခွဲစိတ်ချိန် အမီ ရောက်မလာဘူး၊ ဒါပေမယ့် ပုံကလေးက အတော့်ကိုလှ တယ် ခင်ဗျ’

‘ကောင်းတာပေါ့၊ လူသားအကျိုး ဆောင်းပါးတွေ ရေးနေရာမှာ မော်လ်ပေါ်တာဟာအတော်ဆုံးဆောင်းပါး ရှင်ပဲ၊ ခု သူက ဦးတို့ကို စောင့်နေတယ်၊ ဦးတို့ ဂျက်နက်ကို ယခု ပုံတွေရိုက်နေတုန်း သူက ဂျက်နက်ကို တွေ့ဆုံမေးမြန်း ခန်း လုပ်လိမ့်မယ်၊ မောင်ရင် နမူနာရုပ်တု မထုခင်က ဦး ငှားလိုက်တဲ့ ရောင်စုံခေတ်ပုံက ယခင်ပုံဖြစ်မယ်၊ ဒီတော့.... အဲဒီပုံပါ ယူခဲ့ဖို့ မမေ့နဲ့နော်’

‘ဟား....အဲဒါတွေ စီစဉ်နေတဲ့အထဲမှာ ကျွန်မက တစ် ခွန်း တစ်ပါဒမှလဲ ပြောခွင့်မရပါလား’

ဂျက်နက် ပြော၏။

‘ပြောခွင့်ရှိပါတယ်၊ ညည်းက ဘာများ ကန့်ကွက်စရာ ရှိလို့လဲ’

'ဘာမှ ရှိမယ်မထင်ပါဘူး၊ ဒါတွေအားလုံး ဖြစ်ကုန်ရတာ ကျွန်မကြောင့်ပဲနေ့ာ်'

နောက်တစ်ရီလောက် အကြာတွင် မီးတော့လင်းထိန်နေသည့် ဓာတ်ပုံစတူဒီယိုထဲသို့ မိုက် ဝင်လာသောအခါ အဖြူရောင် အကီနီဝတ်စုံဖြင့် ဓာတ်ပုံအရိုက်ခံနေသည့် ဂျက်နက်ကို တွေ့ရ၏။ မိုက်က ကြေးသွန်းထားသည့် သူ၏နမူနာရုပ်တုကို သယ်လာသည်။

သူ့နောက်မှလိုက်လာသည့် လုံခြုံရေးဝန်ထမ်းက စက္ကူဘူးကြီးနှစ်ဘူးကိုသယ်လာသည်။ စက္ကူဘူးထဲတွင် ဂျက်နက်အား ရိုက်ထားသည့် ဓာတ်မှန်ပြားများကို ပြန်ကူးထားသည့် ပုံတွေပါသည်။ ခွဲစိတ်ကုသမှု ပြုလုပ်စဉ် ရိုက်ကူးထားသည့် ဓာတ်ပုံတွေလည်းပါသည်။

'တယ်မြန်ပါလားကွ မိုက်'

စတန်းဖီးက အမှောင်ခန်းထဲမှ ထွက်လာပြီးပြောသည်။

'အရင်ဆုံး ရိုက်လိုက်တဲ့ အဖြူအမည်း ပုံတွေကတော့ ကောင်းတယ်ကွယ့်၊ မောင်ရင့်ကို ဦးငှားထားတဲ့ ရောင်စုံ ဓာတ်ပုံကော တွေ့ရဲ့လား'

'ဒီမှာ ပါလာပါတယ်'

မိုက်က ဓာတ်ပုံကို စက္ကူအိတ်ကြီးထဲမှထုတ်ယူပြီး သတင်းစာ ဆရာကြီးနောက်မှလိုက်လာသည့် ဓာတ်ပုံဆရာကို လှမ်းပေးသည်။ ဓာတ်ပုံဆရာက ဓာတ်ပုံကို ခဏမျှ လှည့်လာကြည့်သည်။ ပြီးတော့ ကျေနပ်စွာ ခေါင်းညိတ်သည်။



'ဒါ ကိုဒက်ရောင်စုံဖလင်နဲ့ ရိုက်ထားတာ၊ ဟုတ်တယ်မဟုတ်လား'

သူက ဂျက်နက်ကိုမေးသည်။

'ဟုတ်ကဲ့၊ ပုံက မကောင်းဘူးလား'

'ကျွန်တော်တို့ လိုချင်တဲ့အတိုင်း ကွက်တိခွင်ကျပဲ၊ ဒီပုံကို ခု ကျွန်တော်တို့ ရိုက်မယ့် ကိုယ်လုံးပေါ်ပုံကြီးတွေနဲ့ ယှဉ်ပြီး ပြရမယ်လေ'

သူက နမူနာရုပ်တုကိုကြည့်သည်။ ပြီးတော့ စွယ်စုံကျမ်းထဲမှ ပုံကို ကူးထားသည့်ပုံတွေကိုလည်း ကြည့်သည်။

'လူတွေ တအံ့တဩ စိတ်ဝင်စားသွားမှာ ဘာလဲ၊ သိလား၊ စွယ်စုံကျမ်းထဲကပုံရယ်၊ ဒေါက်တာကာန်းရဲ့ ရုပ်တုပုံရယ်၊ မီးစ်ဘာတ်ရဲ့ ပုံတစ်ပုံရယ်ကို သုံးကောက်လံခွဲပြီး ဖြန့်ထည့်လိုက်'

ဓာတ်ပုံဆရာက တိုးတိုးကလေး လေချွန်လိုက်၏။

'လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်ကျော်က အလှဘုရင်မရယ်၊ ခွဲစိတ်ပြုပြင်မှုမလုပ်ခင်က ဒေါက်တာကာန်းရဲ့ စိတ်ကူးကို ဖော်ပြတဲ့ ရုပ်တုရယ်၊ နောက်ဆုံး ပေါ်ထွက်လာတဲ့ အဖြေ....အချစ်နတ်ဘုရားမ အက်ဖရိုဒိုက်ရယ်'

'ဒါပေမယ့် ခု ကျွန်မဝတ်ထားတဲ့ ဘရာစီယာကလေးနဲ့တော့ ဓာတ်ပုံအရိုက် ခံပါရစေနော်'

'ရတယ်လေ၊ ခင်ဗျားက အဲ့ဒီလိုမှ အရိုက် ခံချင်တယ်ဆိုလဲ အဲဒီအတိုင်းပဲပေါ့'

ဓာတ်ပုံဆရာက ပခုံးတစ်ချက်တွန့်ပြီး ပြော၏။

'စံမက်စရာကောင်းလှတဲ့ အဲဒီရင်သားကို ဒီအတိုင်း ရိုက် ပြလိုက်လို့ကတော့ ဒေါက်တာကန်း သူဌေးဖြစ်ပြီသာမှတ်'

မော်လီဝေါကာက ဝင်ပြော၏။

'တနင်္လာနေ့ မနက်ဆိုရင် ဆရာ့ ချုံးခန်းရှေ့မှာ မိန်းမ တွေ တန်းစီပြီး အဲဒီ ရင်သားမျိုး ရအောင် ပြုပြင်ပေးဖို့ တောင်းပန်တိုးလျှိုး နေကြလိမ့်မယ်'

'ကျွန်တော်တို့ရဲ့ မင်းသမီးက ဟင့်အင်းလို့ပြောရင် ကျွန် တော်တို့ကလဲ ဟင့်အင်းရမှာဘဲ'

မိုက်က ယတိပြတ်ပြောသည်။

'နောက်ပြီး....ကျွန်တော်လဲ ငွေကြေးအရ အတော်လေး ပြေလည်နေပါပြီ'

* * *

တိတ်ဆိတ်ငြိမ်သက်သော ဝါရှင်တန်လမ်းများပေါ်တွင် မိုက်နှင့်ဂျက်နက်တို့ ကားမောင်းပြီး ပြန်လာတော့ညဉ့်သန်း ခေါင် ကျော်နေပြီ။

ဂျော့စတန်းဒ်းကတော့ အကြံပေးခဲ့သေးသည်။ သူ့အိမ် တွင် ဂျက်နက် ညအိပ်ပြီး နံနက်ကျမှ မိုက်က ဂျက်နက်ကို



လာခေါ်ဖို့။ သို့သော် ဂျက်နက်က သူ့စာအုပ်၏ နောက်ဆုံး ခန်းကို နံနက်စောစောထရေးဖို့အားသန်နေသည်။ သည် တော့ ညဉ့်နက်သန်းခေါင် ကျော်နေသည့်တိုင် သူတို့၏ ရိပ် သာကလေးဆီသို့ ပြန်ကြဖို့ဆုံးဖြတ်လိုက်သည်။

ညက သာယာလှပသောသည်။ အဝေးပြေး လမ်းမကြီး ၂၁၀ ပေါ်သို့ ရောက်သည်နှင့် မော်တော်ကား အသွား အလာ သိသိသာသာ ကျဲသွားသည်။ ဂျက်နက်က ထိုင်ခုံ ခါးပတ်ကိုပတ်ပြီး ကျုံ့ကျုံ့ကလေး ကွေးအိပ်နေသည်။ သူ့ခေါင်းကို မိုက်၏ ပခုံးပေါ်တွင် မှေးတင်လျက်။ သူတို့ ခြံကလေးထဲတွင် ကားရပ်ပြီး မိုက်ကအသာအယာ လှုပ်နှိုးမှ ဂျက်နက် အိပ်ပျော်ရာမှ နိုးလာသည်။

'ခင်ဗျား ခြေကုန်လက်ပန်းကျနေပြီ၊ ကျွန်တော်တို့ ကိုလံ ဘီယာ မြို့နယ်ထဲကထွက်ပြီး မေရီလင်းပြည်နယ်ထဲဝင်တာနဲ့ ခင်ဗျား အိပ်ပျော်နေတော့တာပဲ'

'ခုထိလဲ ပင်ပန်းနေတုန်းပဲ၊ ဒါပေမယ့် ခု နိုးသွားပြီဆို တော့ ပြန်အိပ်လို့ ရပါတော့မလား မသိဘူး'

'ခင်ဗျား အိပ်ရာဝင်ဖို့ အဝတ်အစားလဲနေတုန်းခင်ဗျာ့ အတွက် အရက်တစ်ခွက် ဝယ်ပေးမယ်၊ အဲဒါသောက်လိုက် ရင် ခင်ဗျား တင်းကျပ်မှုတွေအားလုံး ပြေလျော့ပြီး ကြမ်း ပြင်ပေါ်မှာတောင် အိပ်ပျော်သွားနိုင်တယ်'

မိုက်က အရက်နှစ်ခွက် စပ်သည်။ ပြီးတော့ ဂျက်နက်၏ အိပ်ခန်းတံခါးကို သွားခေါက်သည်။ သို့သော် အိပ်ရာပေါ်

တွင် ခြေကားရားလက်ကားရား အိပ်ပျော်နေသည့် ဂျက်နက်ကို တွေ့ရသည်။ သူ့အဝတ်အစားများမှာ ကားပေါ်မှာကတည်းက တွန့်ကြေနေပြီ ဖြစ်၏။ သည်တော့ သည်အဝတ်အစားဖြင့်ပင် အိပ်ပျော်သွားတော့လဲ ပြီးတာပဲဟုမိုက်တွေး၏။ သို့ဖြင့် လေဝင်လေထွက် ကောင်းအောင် တံခါးကို ဟထားခဲ့သည်။ သူကတော့ စားဖိုဆောင်သို့ ပြန်သွားသည်။ စပ်ထားသည့် အရက်နှစ်ခွက်စလုံးကိုသောက်ပစ်လိုက်သည်။ ပြီးတော့ အိပ်ရာထဲ ဝင်သည်။

မွှေးကြိုင်နေသည့် ကော်ဖီနံ့ကိုရှူရင်း အိပ်ရာမှနိုးလာသည်။ နံနက်စောစော ကြားနေကျ ငှက်မြည်သံများနှင့် တံခါးကို ညင်ညင်သာသာရိုက်ခတ်နေသည့် ရေသံများကို ကျော်လွှား ထွက်ပေါ်နေသော လက်နှိပ်စက်သံကိုလည်း ကြားနေရသည်။ မိုက်က အိပ်ခန်းပြတင်းပေါက်မှ တစ်ဆင့် အိမ်နောက်ဘက်လေသာဆောင်နှင့်တံခါးဆီသို့လှမ်းကြည့်လိုက်၏။ ခေါက်စားပွဲတစ်လုံးပေါ်တွင် လက်နှိပ်စက် တင်ပြီး ရိုက်နေသည့် ဂျက်နက်ကို တွေ့ရ၏။ ဂျက်နက်ကလျှပ်စစ်ကြိုးကို သူ့အိပ်ခန်းထဲမှ ဆွဲသွယ်ထားသည်။ ဝတ်ဆင်ထားသည်မှာ ဘောင်းဘီတိုနှင့် လည်သိုင်းကြိုးတပ် အင်္ကျီကို ဖြစ်၏။ လုံးစုံအတိုင်းမြင်ကွင်းက လှသောပန်းချီကားတစ်ချပ် ဖြစ်နေသည်။

'မင်္ဂလာရှိတဲ့ နံနက်ခင်းပါ၊ ကော်ဖီလေးများ ကျန်သေးလား'



'စားဖိုဆောင်က ခုံပေါ်မှာကြည့်၊ ညက အရက်နှစ်ခွက်စလုံး ရှင်သောက်ပစ်လိုက်တာ ဒီမနက်တွေ့ရတော့ ရှင်နိုးလာရင် ခေါင်းကိုက်နေမှာပဲလို့ တွက်ပြီး ကော်ဖီတွေ တစ်အိုးကြီး နှပ်ထားတယ်၊ ဆေးသေတ္တာထဲမှာ အက်စ်ပရင် ဆေးပြားတွေလဲ တစ်ပုံကြီး ရှိနေလေရဲ့'

'ကျွန်တော် ခဏတဖြုတ် ရေစိမ်လိုက်ဦးမယ်၊ ပြီးမှ ကော်ဖီသောက်မယ်'

ရေကူးဘောင်းဘီကို ကောက်စွပ်သည်။ အပြင်ထွက်လာသည်။ ခါးကိုင်းပြီး ဂျက်နက်ကို နမ်းသည်။

'သွား....ရေကူးလိုက်ဦး၊ ကျွန်မ မနက်စာ ပြင်ထားလိုက်မယ်'

ဂျက်နက်က မိုက်အား ပြန်နမ်းပြီးနောက် တွန်းပစ်လိုက်သည်။

'ကျွန်မ ရှင်နဲ့မှအတူစားမလို့ စောင့်သေးတယ်၊ ဒါပေမယ့် ကျွန်မက မနက်စောစော ကော်ဖီတစ်ခွက်မှမသောက်ရရင် စာတစ်လုံးတောင်ရေးလို့မရဘူး၊ ဒါနဲ့ရှင်အိပ်နေတုန်း ကော်ဖီတစ်ခွက် သောက်လိုက်တယ်'

ဆယ့်ငါးမိနစ်အကြာတွင် ဂျင်းဘောင်းဘီနှင့်တီရှပ်ဝတ်ဆင်ပြီး ထမင်းစားခန်းကလေးထဲသို့ မိုက် ဝင်လာသည်။ နံနက်စာက စားပွဲပေါ်မှာ အသင့်ဖြစ်နေပြီ။

'ခင်ဗျားက ဒီနေ့ အလုပ်လုပ်မှာဆိုတော့ ကျွန်တော်လဲ အလုပ်လုပ်မယ့် အဝတ်အစားတွေ ဝတ်မယ်'

မိုက်က ဝက်ပေါင်ခြောက်ကြော်နှင့် ကြက်ဥကို စားရင်း ပြော၏။

'ခြံထဲမှာ နည်းနည်းပါးပါး ရှင်းဦးမှ'

'ဒီနေ့ အပြင်မှာ တောင်တောင်ပူလိမ့်မယ်'

'သိပ်ပူလာတော့လဲ ရေထဲခုန်ဆင်းပြီး အအေးစိမ်လို့ ရ ပါတယ်၊ ခြံထောင့်က တဲထဲမှာ ဓာတ်ဆီတွေနဲ့အတူဥယာဉ် သုံး ထွန်စက်ကလေးတစ်စီး ရှိတယ်၊အနည်းဆုံး ရှည်နေတဲ့ မြက်တွေနဲ့ ပေါင်းပင်တွေကို အစုအပုံလိုက်ချပေးရင် ငါး တွေနေဖို့ အခင်း ဖြစ်သွားမယ်၊အဲဒါဆို ကျွန်တော်အနာ ယူမယ့် နှစ်ကာလတွေအတွက် ငါးတွေ အလွယ်တကူ ဖမ်း ရတာပေါ့'

'ရှင်ဟာ အစစအရာရာကို ထောင့်စေ့အောင် စဉ်းစား တာပဲနော်'

'အစစအရာရာတော့ မဟုတ်ပါဘူး၊ ကျွန်နေသေး ကျွန်တော့် သက်တမ်း တစ်လျှောက်လုံး ကမ္ဘာပေါ်မှ အချော့အလှဆုံး မိန်းကလေးနဲ့ အတူနေသွားရမှာရယ်၊ ကိုယ်ဝန်ကြီး တဖြည်းဖြည်း ဝလာတာကို စောင့်ကြည့်နေ မှာရယ်၊ သူက သူလို ချောချောလှလှကလေး နှစ်ယောက် မွေးလာတာကို ထွေးပွေ့ရမှာရယ်၊အဲဒီ အလားအလာ ကို တွေးကြည့်ပြီး ကြည်နူးနေရတာနဲ့ တခြားကိစ္စတွေ မ စားအားပါဘူးဗျာ'



'တကယ်လို့ ရှင့်ကို ကျွန်မ လက်ထပ်ဖို့ဆုံးဖြတ်ပြီး ဆိုရင်တော့ ကျွန်မတို့ သမီးကလေးကို ကျွန်မနဲ့ တူပါစေ၊ ကိစ္စရှိဘူး၊ ဒါပေမယ့် သားလေးကိုတော့ သူ့ဖေဖေနဲ့ တူပြီး သူ့ဖေဖေလို ခွဲစိတ်ကုဆရာဝန်ကောင်းတစ်ယောက် ဖြစ်စေချင်တယ်'

ဂျက်နက်က ပန်းကန်ခွက်ယောက်များကို ရေဆေးကြောခွက်ဆီသို့ သယ်သွားသည်။

'ဒါပေမယ့် ကျွန်မ အနာဂတ်ဘဝကို မျှော်မကြည့်ဘဲ စာအုပ်ကိုလဲ ပြီးအောင်မရေးရင် တစ်ယောက်က ကျွန်မကို အတင်းရိုက်ပြီး ခိုင်းလိမ့်မယ်'

'ခင်ဗျား တကယ်လုပ်ချင်တဲ့ကိစ္စကို မလုပ်ဘဲ တင်းခံနေတာကို ရပ်တန်းက ရပ်ပြီး ဘာဖြစ်လို့ ကျွန်တော့်ကို ခုချက်ချင်း လက်မထပ်ရတာလဲ'

သူက ပန်းကန်များကို မဆေးကြောမီ ရေဖြင့်ကျင်းပစ်နေ၏။ သို့သော် ရုတ်တရက်ရပ်လိုက်ကာ အိမ်နောက်ဖက်နံရံကို စိုက်ကြည့်နေ၏။ သူစကားပြောသောအခါသူ့အသံသည် အားပျော့နေ၏။

'ဟိုညက ကျွန်မ ပြောခဲ့သားပဲ၊ ကျွန်မ ဘယ်သူလဲဆိုတာကို သိအောင်လုပ်ရဦးမယ်လို့၊ ပြဿနာက ကျွန်မဟာ ခု စကားပြောနေတဲ့ ကျွန်မအပြင်တခြားတစ်ယောက်လဲ ဖြစ်နေတယ် ဆိုတဲ့အစွဲကြီး....သောကလို့ဆိုရမလား....အဲဒီအမြင်ကြီးထဲက လွတ်အောင် ရုန်းမထွက်နိုင်သေးတာပဲ၊ ဘာဖြစ်

လို့လဲဆိုတော့ နောက်ထပ် ကျွန်မတစ်ယောက်က သိပ်ပြီး ရည်ရည်မွန်မွန် မရှိလှဘူးလို့ ထင်တယ်လေ'

ကောင်မလေး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရ၏။ ထို့ကြောင့် မိုက်က စားပွဲခုံကို ခပ်သွက်သွက်ကွေ့သွားပြီး ကောင်မလေးကို ထွေးပွေ့ထား လိုက်၏။

'ကဗားနားမီလာနိုက ပျော်ပွဲ ရှင်ပွဲမှာ ခင်ဗျားက ဂုဏ်ထူးဆောင်မင်းသမီး ဖြစ်ခဲ့တာကိုတောင် မမှတ်မိဘဲနဲ့ အဲ့ဒီညကအကြောင်းကို သောကဖြစ်နေသေးတယ်ပေါ့လေ၊ ဟုတ်ရဲ့လား'

'အဲဒါတင် မဟုတ်ဘူး၊ လွန်ခဲ့တဲ့ အပတ်က တစ်မနက် အိပ်ရာကနိုးလာတော့ ကျွန်မဆံပင်တွေစိုနေတာတွေ့ရတယ်၊ ကြည့်ရတာ ကျွန်မတို့ ဒီကိုရောက်တဲ့ ပထမညကဖြစ်သလို ည ဘက်မှာ ရေဆင်းကူးခဲ့မိသလိုပဲ'

'အဲဒီတုန်းက ကျွန်တော် ဒီမှာရှိနေချင်လိုက်တာဗျာ'

'အဲ့ဒါ နောက်စရာမဟုတ်ဘူး အချစ်ရယ်၊ ပထမတစ်ခါ ရေကူးတယ်၊ နောက်တော့ ညဥ့်ကလပ်မှာ ဘာတွေ လုပ် ပြီး ဘာတွေပြောခဲ့တယ် ဆိုတာ မမှတ်မိဘူး၊ တကယ်လို့ အဲဒီလို ထူးထူးဆန်းဆန်းကိစ္စတွေ ဆက်ဖြစ်နေရင် ကျွန်မ ဘာလုပ်ရမလဲ'

'အဖြေတစ်ခုကတော့ ကိုယ်နဲ့ လက်ထပ်လိုက်ဖို့ပဲ'



'ဘယ်အချိန် ဘယ်အခါမှာ တခြားသူတစ်ယောက်အဖြစ် ကူးပြောင်းသွားမလဲဆိုတာ ကိုယ့်ကိုကိုယ် မပြောနိုင်ဘဲနဲ့.... ရှင့်ကိုတောင် သစ္စာဖောက်ဖြစ်သွားမယ့် အနေအထားကြီး မျိုးနဲ့....ဘယ်လိုလုပ်ပြီး ကျွန်မ ရှင့်ကို လက်ထပ်လို့ ဖြစ်မှာလဲ'

'ခင်ဗျားရဲ့ တခြားကိုယ်ပွားတစ်ခုဟာ ခင်ဗျာ့ကိုယ်ကျင့် သိက္ခာကို ချိုးဖောက်ပြီး ခင်ဗျား မလုပ်ချင်တာ တစ်ခုကို ထွက်လုပ်နိုင်းရလောက်အောင် အင်အားမရှိဘူးထင်ကယ်ဗျ၊ ကျွန်တော် အစိုးရိမ်ဆုံးက ခင်ဗျား ရေဆင်းကူးရင်းရေနစ် နေမှာမျိုး၊ ဒါမှမဟုတ် ကားနဲ့မောင်းထွက်သွားပြီး ယာဉ် တိုက်မှု ဖြစ်နေမှာမျိုးပါပဲ၊ ခင်ဗျာ့ဦးလေးကော ကျွန်တော် ပါ ခင်ဗျားကို စောင့်ရှောက်နိုင်တဲ့ မြို့ထဲကို ဘာဖြစ်လို့ ပြန် လာပြီး မနေရတာလဲ'

ထိုအဆိုပြုချက်ကို ဂျက်နက်က ခေါင်းခါပြီး ခိုင်ခိုင်မာမာ ငြင်းပယ်သည်။

'ဒီမှာကျတော့ ကျွန်မ စာကိုမြန်မြန်သွက်သွက်ကြီးရေး နိုင်တယ်၊ ဒါ့အပြင် ဒီအိမ်ကလေး၊ ဒီမြစ်နဲ့ ဒီပတ်ဝန်းကျင် တစ်ခုလုံးကို ကျွန်မ ချစ်နေမိပြီ၊ ကျွန်မကိုယ်ပွားဆိုတဲ့တခြား တစ်ယောက်ဟာ ဘာကြီးပဲ ဖြစ်နေ ဖြစ်နေ.... အဲဒီ တစ် ယောက်ဟာ ကျွန်မကိုယ်ပွားပါလို့ ရှင်နဲ့ရန်းဒေါ်တို့ ယုံသလို ကျွန်မ မယုံပေမယ့် ဒီပြဿနာကို ကျွန်မဘာသာကျွန်မ ရှင်း ပစ်ရမှာပဲ'

‘ဒါပေမယ့်....’

‘ရှင် ခုလေးပဲ ပြောသွားတယ်နော်၊ ကျွန်မရဲ့ကိုယ်ကျင့်သိက္ခာက ခိုင်မာတယ်လို့....တကယ်လဲ ခိုင်မာပါတယ်၊ ကျွန်မသတိလစ်နေတဲ့ အချိန်တွေမှာတောင် ဘယ်ယောကျ်ားမှ ကျွန်မအပေါ် အခွင့်အရေး ယူလို့မရဘူးမှတ်’

‘သူတို့ကတော့ အားထုတ်ကြတော့မှာပဲ၊ အထူးသဖြင့် စတားနယူးထဲမှာ ခင်ဗျားအကြောင်းပါလာတဲ့မနက်ဖြန်ရဲ့နောက်ပိုင်းမှာပေါ့၊ ကျွန်တော်ပေးထားတဲ့ ပစ္စတိုကော.... လွယ်လွယ်ကူကူ ယူလို့ရတဲ့နေရာမှာ ထားရဲ့လား’

‘ရှင် ထားခဲ့တဲ့ မှန်တင်ခုံအံဆွဲထဲမှာပဲ’

‘ကျွန်တော်မပြန်ခင် ကျည်ကပ်ကိုတပ်ထားခဲ့မှထင်တယ်၊ လိုရမည်ရပေါ့’

‘တပ်ထားပြီ၊ ဟိုတစ်ညက ရှင့်တဲကလေးထဲက ငါးမျှားတံကို ယူပြီး ငါးစာချထားတယ်၊ ညစာအတွက်ငါးကလေးများ ရမလားလို့၊ ကျွန်မ အိပ်ရာကထလာတော့ ငါးကြီးနှစ်ကောင် မိထားတာ တွေ့ရတယ်၊ ဒါပေမယ့် ငံသနာကျလိပ်ကြီးက အဲဒီငါးတွေကို စားသွားတာ ခေါင်းပဲကျန်တော့တယ်လေ၊ အဲဒီလိပ်ကြီးက ရေပေါ်မှာ ခေါင်းကလေးဖော်ပြီး ရေလျှောက်ကူးနေတယ်၊ သူလုပ်ချင်တာ လုပ်လိုက်ပြီး ကျွန်မကို သရော်နေသလိုမျိုး၊ ဒါနဲ့ အိမ်ထဲဝင်ပြီး ပစ္စတိုယူပြီး ပစ်ထည့်လိုက်တာ ပူဖောင်းတစ်လုံးပေါက်သလို စွင့်ထွက်သွားတာပဲ’



မိုက် ရယ်မောလိုက်၏။

‘ဒီနေ့ကစပြီး နေခင် ဒီကိုလာရင် အဝေးပြေး လမ်းမကြီးပေါ်မှာ ရှိတဲ့ အများသုံး တယ်လီဖုန်းကို သုံးပြီး ကျွန်တော် လာမယ်ဆိုတဲ့ အကြောင်း ကြိုတင်အကြောင်းကြားထားမှပဲ၊ ခင်ဗျားပစ်လိုက်တဲ့ ကျည်ဆန်တစ်တောင့်တောင့် ကျွန်တော့်ကိုယ်ထဲ ဝင်သွားမှာတော့ ကျွန်တော် မလိုလားဘူး အမှန်ပဲ’

၇၂။

ကိုဗင်တို့၏ မော်တော်ဘုတ်ကလေး တဖြည်းဖြည်း အရှိန်လျော့ပြီး တံတားနားတွင် ထိုးဆိုက်လာသည်။ ထိုအချိန်တွင် မိုက် ရေစပ်မှ ပေါင်းမြက်များကို ထွန်စက်ဖြင့် ရိတ်ဖြတ်နေခိုက်ဖြစ်၏။ မော်တော်ဘုတ်ပေါ်တွင် ရန်းဒေါ တစ်ယောက်ပဲ ပါလာသည်။

'ရော်ဂျာနဲ့ ရိုဟာက ဝါရှင်တန်ကို သွားတယ်၊ အိမ်ထဲမှာ ဂျက်နက် လက်နှိပ်စက်ရိုက်နေသံလဲ ကျွန်တော် ကြားရတယ်၊ ကျွန်တော်တို့နှစ်ယောက်က အထီးကျန်တွေ ဖြစ်နေမှတော့ မတူးပါဘူး၊ ငါးများထွက်ကြမလား'

စိတ်ရောဂါကု ဆရာဝန်က လှမ်းမေးသည်။

'ကျွန်တော် အချိန် သိပ်မရဘူးဗျ၊ အိမ်ပတ်လည်က ပေါင်းမြက်တွေ ရိတ်ဖြတ်ပြီးတာနဲ့ ငါးတွေနေတဲ့ အခင်းဖြစ်အောင် ဒီမြက်ငုတ်တွေကို ရေထဲချရဦးမယ်'



'ခင်ဗျားကို ကျွန်တော် ကူမယ်လေ၊ တစ်ယောက်တည်း ငါးများရတာ မနိပ်ပါဘူး'

မက်ကာသီက မော်တော်ဘုတ်မှာ ကြိုးတစ်ချောင်းဖြင့် တံတားတိုင်ကို ချည်သည်။

'ဘီယာ သောက်မလား၊ ကျွန်တော့်မှာ ရေခဲဘူးထဲ ထည့်လာတဲ့ ဘီယာတစ်ဒါဇင်လောက် ပါတယ်ဗျ'

'အဲဒါတော့ဖြစ်တယ်'

ထွန်စက်ကိုစက်သတ်ပြီး တံတားနံဘေးတွင် ပေါက်နေသည့် သစ်ပင်ရှိရာသို့ မြစ်ကမ်းပါးအတိုင်း လျှောက်လာသည်။ သည်အချိန်ဆို သည်သစ်ပင်က အရိပ်ရသည်။ မိုက်က တံတားပေါ် တွင်ထိုင်ပြီး မက်ကာသီ ဖွင့်ပေးသည့် ဘီယာဘူးကို တမက်တမော သောက်သည်။ ပြီးမှ ဘီယာဘူးကို ချကာ....

'ကောင်းလိုက်တာ'

ဟု ရေရွတ်သည်။

'ကျေးဇူးပဲ'

ဟု နောက်ဆက်တွဲ ပြောသည့်အခါတွင်မူ သူ့အသံတွင် မကျေနပ်သည့် လေသံကလေး စွက်သွားသည်။

'ခင်ဗျား မကျေမနပ် တစ်ခုခုတော့ဖြစ်နေပြီ၊ အဲဒါက လဲ ကျွန်တော်နဲ့ ပတ်သက်နေတယ်ဆိုတာ သိသာနေတယ်ဗျ၊'

မက်ကာသီက ကိုင်ထားသည့် ဘီယာဘူးပေါ်မှ ကျော်ကြည့်ရင်းပြော၏။

'အဲဒီကိစ္စကို ရင်ဖွင့်လိုက်ချင်သလား'

'ဂျက်နက် နေမယ်လို့ စီစဉ်ထားတဲ့နေရာနဲ့ ကပ်နေတဲ့ နေရာကိုမှရွေးပြီး နာလန်ထစခန်းလုပ်တာ ဘာကြောင့်လဲ ဆိုတာက စပြီးရှင်းပြဗျာ'

'ဒါကလွယ်ပါတယ်၊ တစ်ချိန်တုန်းက ဟောဒီ ပိုတိုမက် မြစ်ကမ်းနံဘေးမှာ ကျွန်တော်နေဖူးပြီး ဒီနေရာကလေးကို ကျွန်တော် သဘောကျခဲ့တယ်လေ၊ ဂျက်နက်ကလဲ ဘယ် ယောကျ်ားမဆို ရုပ်ပိုင်းဆိုင်ရာ ရှုထောင့် တစ်ခုတည်းနဲ့ကို စွဲမက်စရာကောင်းတဲ့ မိန်းမချောကလေးဗျ၊ ခင်ဗျားစွဲမက် နေသလိုပေါ့၊ ဒါပေမယ့် သူက ဉာဏ်ရည်ထက်မြက်တယ်၊ ရိုင်းပင်းမှုရှိတယ်၊ ခုနောက်ပိုင်း မိန်းမချောကလေးတွေမှာ တွေ့ရခဲတဲ့ အရည်အချင်းကလေးတွေပေါ့ဗျာ။

'ဂျက်နက်နဲ့ ဆက်ဆံရတာ ကျွန်တော် ကြည်နူးတယ်၊ အဲဒီလိုပဲ သူလဲ ကျွန်တော်နဲ့ ဆက်ဆံရတာ ကြည်နူးလိမ့်မယ် လို့ မျှော်လင့်တယ်၊ ဒီတော့ဗျာ....ကျွန်တော်တို့နှစ်ယောက် စလုံး တစ်လ၊ ဒါမှမဟုတ် တစ်လကျော်လောက်အထီးကျန် ဘဝနဲ့ နေရမယ့်အတူတူ ကျွန်တော်တို့ချင်း နီးနီးကပ်ကပ် ဆက်ဆံနေထိုင်ကြတာ ကြောင်းကျိုး ဆီလျော်တယ် ထင် ပါရဲ့'

'လိန်းဂေဟာ အတွက် ခင်ဗျားက အိမ်ငှားခပေးတဲ့ အတိုင်းအတာအထိပေါ့၊ ဟုတ်လား'



'ဪ....ခင်ဗျားက အတော်ကလေး ပတ်ပတ်နပ်နပ် စုံစမ်းထားတာကိုး၊ အဲဒီလိုစုံစမ်းတဲ့အတွက်လဲ ခင်ဗျားကို အပြစ်မတင်ပါဘူး'

မက်ကာသီ၏ လေသံသည် ခပ်မင်ရင်းနှီးသည့် လေသံ ပေါက်နေဆဲ။

'ကိုဗင်တို့နဲ့ကျွန်တော်က ဒုမှာကတည်းကပေါင်းဟောင်း သင်းဟောင်းတွေဗျ၊ ကျွန်တော်တို့ နှစ်ပေါင်း အတော် ကြာကြာ စိတ်နယ်လွှန်ပညာ လက်တွေ့ စမ်းသပ်ခန်းမှာ အတူ အလုပ်လုပ်ခဲ့ကြတယ်၊ ရီတာနဲ့ ကျွန်တော်ကလဲ သူ အပျိုဘဝကတည်းက တွဲခဲ့ကြတယ်၊ ဒါပေမယ့် ကျွန်တော် ဟာ အိမ်ထောင်အတည်တကျနဲ့ နေမယ့်လူစားမျိုး မဟုတ် ဘူးဆိုတာ သူ သိမြင်သွားတော့ သူ ရော်ဂျာကို ရွေးလိုက် တယ်လေ။

'သူတို့ ဝါရှင်တန်ကိုရောက်လာတော့ ကျွန်တော်နဲ့ ပြန် ဆက်မိကြတယ်၊ ရော်ဂျာက အနုမြူစွမ်းအင် ကော်မီရှင်ရဲ့ လျှို့ဝှက်စီမံကိန်းတွေထဲမှာ နစ်မြုပ်နေတဲ့လူ ဆိုတော့ ကျွန် တော်နဲ့ ရီတာဟာ တတွဲတွဲဖြစ်နေတာပေါ့....၊ အရမ်းလဲ ကြည်နူးနှစ်သိမ့်ကြတယ်ပေါ့ဗျာ'

'အဲဒါကို ကိုဗင် သိသလား'

'ဟား....မိုက်ရာ....တကယ်ပါပဲ၊ ခင်ဗျား အဲဒီလောက် တော့ မထုံးဘူးထင်ပါရဲ့၊ ဒီကိစ္စမှာ ပါဝင်ပတ်သက်နေတဲ့ မိန်းမက ရမ္မက်ဆန္ဒ ပြင်းထန်တယ်၊ မက်လောက်စရာလဲ

ကောင်းတယ်၊ ဒါပေမယ့် သူ့ယောကျာ်းက သူ့ဆန္ဒတွေကို ဖြည့်ဆည်းဖို့ ဆန္ဒလဲမရှိဘူး၊ အချိန်လဲမရဘူးဆိုတဲ့အခါမျိုး ကျတော့ စီစဉ်ဖန်တီးရတာ လွယ်ပါတယ်ဗျာ၊ ဝါရှင်တန် တစ်ဝိုက်မှာ ဒီကိစ္စမျိုးတွေကလဲ ရှိနေပါပြီ'

'ဒီကိစ္စမျိုးမှာတော့ ကျွန်တော်က ရှေးဆန်တယ်ဗျ'

'အဲဒီအတိုင်းပဲ ဆက်နေပါ၊ ခင်ဗျားက ရှင်းလွန်း သန့်လွန်းတဲ့ ခွဲစိတ်ကုဆရာဝန် တစ်ယောက်၊ ခင်ဗျားအနေနဲ့ လင်မယားကွာရှင်းမှုတွေ၊ မယားငယ်ထားတာတွေ၊ သွေးသားဖောက်ပြန် သောင်းကျန်းမှုတွေမှာ မပါသင့် မပတ်သက်သင့်ဘူး၊ ဒါ့အပြင် ဂျက်နက်ကလဲ စည်းနဲ့ကမ်းနဲ့ ကြီးပြင်းလာတဲ့ မိန်းကလေးဆိုတော့ သူ့ကိုယ်ကျင့် တရားက ခိုင်မာတယ်၊ အိမ်ထောင်ပြုမှုဆက်တစ်ဆင့်လျော့တဲ့ ပေ့ပေ့ လီလီကိစ္စမျိုးကို သူ လက်မခံဘူး။

'ဘာပဲဖြစ်ဖြစ်လေ.... ကျွန်တော် ပြောသလို ကိုဗင်တို့နဲ့ ကျွန်တော်က ကျောင်းသား ဘဝကတည်းက ပေါင်းခဲ့ကြ သူတွေဆိုတော့ ကျွန်တော်က နာလန်ထစခန်းကလေး လိုအပ်ချိန်၊ သူတို့ကလဲ အနားယူ အပန်းဖြေဖို့နေရာလိုအပ်ချိန် မှာ ကျွန်တော်က အိမ်ငှားပေးတယ်၊ သူတို့က ကျွန်တော့်ကို ဧည့်သည်အဖြစ် လက်ခံတယ်၊ ဒါပါပဲ၊ တခြား ဘာမှ မရှိပါဘူး'

'တယ်လဲအဆင်ပြေပါလား'



'ကျွန်တော်တို့က အဲဒီလိုနေရတာကိုကြိုက်တယ်၊ ခင်ဗျာ့ စိတ်ထဲမှာ အတော်အောက်တန်းကျတဲ့ ကိစ္စလို့ ကျိန်းသေ တွက်မယ့် ကျွန်တော်တို့ဇာတ်လမ်းကို ခင်ဗျား အစအဆုံး သိရပြီမဟုတ်လား၊ ဒီတော့ ခင်ဗျာ့ရင်ထဲမှာ ဘာတွေ ကသိ ကအောက် ဖြစ်နေတာ ရှိသေးလဲ သူငယ်ချင်း'

'စိတ်ကုဆရာပနံ တစ်ယောက်အနေနဲ့ ခင်ဗျာ့ အကြံဉာဏ် ကို လိုနေတယ်'

'ခင်ဗျားအတွက်မဟုတ်တာတော့သေချာတယ်၊ ခင်ဗျား လောက် စံကိုက်ဖြစ်နေတဲ့ ယောကျာ်းတစ်ယောက်ကို ကျွန်တော် မမြင်ဖူးပါဘူး'

'ဂျက်နက် အတွက်ပါ၊ ခင်ဗျား သိတဲ့အတိုင်း သူဟာ လေယာဉ်ပျက်ကျပြီးတဲ့နောက်ပိုင်း သူ့စကားအရဆို သတိ လစ်လစ်သွားတယ်ပေါ့ဗျာ၊ အဲဒီလို ဖြစ်ဖြစ်နေတဲ့အတွက် ခွဲစိတ်ကုသမှု ခွင့်ပြုလာမှာ သူ လက်မှတ်ထိုး မထိုးဆိုတဲ့ ပြဿနာမျိုးတွေ ပေါ်ခဲ့ရတယ်'

'ဦးခေါင်းမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရပြီး သတိမေ့ နေခြင်းရဲ့ အကျိုးဆက်တွေဟာ ဆန်းပြားတယ်ဗျ....၊ ဒီ အကြောင်း ခင်ဗျားကို ပြောပြနေဖို့ မလိုပါဘူး၊ သူဟာ သုံးဆယ့်ခြောက်နာရီနီးပါး သတိမေ့နေခဲ့တယ်၊ ဒီတော့ သူ့ဦးနှောက်ရဲ့ ကလာပ်စည်းတချို့ဟာ ပျက်စီးသွားနိုင် တယ်'

'ကျွန်တော်ကော ဂျက်နက်ပါ စိုးရိမ်နေတာက သတိလစ်သွားတဲ့ အချိန်ဟာလတွေပဲ'

'သတိလစ်သွားတယ် ဆိုတဲ့စကားက ဘာကိုဆိုလိုတယ် ဆိုတာ ထပ်ရှင်းပြရင်ကောင်းမယ်၊ ဒီစကားလုံးဟာ ဆေးပညာအရ အခြေအနေ အမျိုးမျိုးကို အဓိပ္ပာယ်ဆောင်နိုင်တယ်လေ'

မိုက်က ဂျက်နက်၏ အဖြစ်အပျက်များကို အကျဉ်းချုံးပြောပြသည်။ သူ့ဘာသာမသိဘဲ ညဘက်တွင် တစ်ယောက်တည်း ရေကူးခဲ့ပုံ၊ ကဗားနားမိုလာနိုသို့ မက်ကာသီ၊ ကိုဗင်တို့နှင့်အတူ သွားခဲ့သည်ကို မမှတ်မိပုံ။

'ဟိုညကကိစ္စကိုတော့ ကျွန်တော်လွယ်လွယ်ကူကူ ရှင်းပြလို့ရပါတယ်၊ ခင်ဗျားကို ဂျက်နက်ပြောပြသလိုပဲ၊ ကျွန်တော်တို့ သူ့ဆီသွားတယ်၊ ကျွန်တော်တို့နဲ့ လိုက်ပြီး ဟေးလားဝါးလား လုပ်မလားလို့ မေးတယ်၊ သူက မလိုက်ချင်ဘူး၊ ဒါနဲ့ ကျွန်တော်တို့ အဲဒီမှာပဲထိုင်ပြီး အရက်သောက်ကြတယ်ဗျာ၊ နှစ်ခွက်စီလောက်လဲ သောက်ပြီးရော ခင်ဗျာ့ကောင်မလေးတာ လျှာချောင်လာတော့တာပဲ၊ နောက်တော့ ကျွန်တော်တို့နဲ့ လိုက်မယ်လို့ ဆုံးဖြတ်လိုက်တော့တာပဲ၊ ဒါပေမယ့် အဲဒီညကတော့ ကျွန်တော်ပြောတာယုံ၊ သူဟာကျွန်တော်တို့ရဲ့ ပွဲရဲ့အသက်ပဲဗျ'

'အဲဒီညက သူ့အမူအကျင့်တွေဟာ ခါတိုင်း သူ့စရိုက်နဲ့ မကိုက်ညီဘူးလို့ ခင်ဗျား မထင်မိဘူးလား'



'အရက်မူးပြီဆိုရင် လူအတော်များများဟာ မူပြောင်းသွားတတ်ကြတယ် သူငယ်ချင်း၊ နောက်ပြီး သူက အရက်သောက်နေကျမဟုတ်တော့ သူ မူပြောင်းသွားတာ မဆန်းပါဘူး၊ သူ ဘယ်လောက်ထိ ပေါက်ကြောက်သွားသလဲ ဆိုတာ ကြည့်ပြီး ကျွန်တော် အံ့ဩမိတယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်၊ ဒါပေမယ့် မိန်းမချောကလေးတွေ အဲ့ဒီလို ဖြစ်တာကို မကြာမကြာ တွေ့ဖူးပါတယ်'

'သူဟာ ခင်ဗျားတို့နဲ့လိုက်လာတာကိုတောင် မမှတ်မိဘူးဗျ၊ ဟကယ်လို့ သူပြောသလို သတိလစ်သွားတာ မဟုတ်ဘူးဆိုရင် အဲဒီလိုဖြစ်လာတာကို ခင်ဗျား ဘယ်လို ရှင်းပြမလဲ'

မက်ကာသီ မျက်မှောင်ကြုတ်၏။

'သူ ဘာဆိုဘာမှ မမှတ်မိဘူး ခင်ဗျား ပြောနေတာလား'

'ခင်ဗျားတို့ သူ့အိမ်ကထွက်လာပြီးတဲ့နောက်ဘာဆိုဘာမှ မမှတ်မိဘူး'

'အဲဒါ ဆန်းတယ်၊ သူ့ကြည့်ရတာ ညဉ့်ကလပ်မှာလဲ သူ့စိတ်သူသိနေပုံပဲ၊ ကျွန်တော်တို့ နည်းနည်းပါးပါး ကတယ်၊ နောက်ပိုင်း ကျွန်တော်နဲ့ရီတာ ကနေတော့ သူက ရော်ဂျာနဲ့ စကားပြောနေတယ်၊ ဒါပေမယ့်အသိရှိရှိနဲ့စကားပြောနေတာပါ'

'ကျွန်တော် အစိုးရိမ်ဆုံးကတော့ လိင်ကိစ္စအရ မသော်တရော်တွေ ဖြစ်ကုန်မှာကို....'

'အဲ့ဒီညကတော့ ဘာမှ မဖြစ်ဘူး၊ ကျွန်တော့်စကားကို ယုံ၊ ကျွန်တော်ဟာ သိပ်ပြီး စည်းကမ်းကြီးတဲ့သူမဟုတ်ဘူး၊ ဒါပေမယ့် သူတို့ ဘာလုပ်လို့လုပ်မှန်း မသိလောက်အောင် မူးနေတဲ့ မိန်းကလေးတွေကို သိမ်းသွင်းတဲ့အကျင့်တော့မရှိဘူး'

'ရော်ဂျာကကော....'

'လုံးဝ မဖြစ်နိုင်ဘူး၊ အဲဒီကိစ္စမျိုးကို ရော်ဂျာ လုပ်ပြီဟေ့ဆိုရင် ရော်ဂျာ ကြောင်သွားပြီလို့သာမှတ်၊ ဂျက်နက်ဟာ မူးနေရင် အတော်မြူဆွယ်တတ်တဲ့ မိန်းကလေးဗျ၊ ဒါပေမယ့် သူက ကလိသူသက်သက်ပါ၊ ခင်ဗျားကို မထိန်းနိုင် မသိမ်းနိုင်အဆင့်ရောက်အောင် ကလိမယ်၊ပြီးရင်ဒေါ်နဲ့မောင်းထုတ်ပစ်မယ်ဆိုတဲ့မိန်းမစားမျိုးဗျ၊ သူမူးနေတဲ့အချိန်မှာ အသိုင်းအဝိုင်း ကောင်းကောင်းနဲ့ အတူရှိနေရင်တော့ မဖြစ်ပါဘူး၊ အဲ....မဟုတ်တဲ့အသိုင်းအဝိုင်းထဲရောက်နေရင်တော့ မတရားအကျင့်ခံရတာနဲ့ ဇာတ်သိမ်းသွားနိုင်တယ်'

'တခြားကိစ္စတွေထက် အဲ့ဒီလိုဖြစ်သွားမှာကို ကျွန်တော်စိုးရိမ်တာ'

'ခင်ဗျားနေရာမှာ ကျွန်တော်သာဆိုရင် သူ့ကို ကျွန်တော် အကြံပေးမှာပဲ၊ တကယ်လို့ သူသာ အဲဒီလိုပျံ့တန်တန်နဲ့ တန့်တန့် ဆက်ပြီးနေသွားဖို့ စိတ်ကူးမထားရင် အထိန်းအကွပ်မရှိတဲ့ ဟန်ပန်မျိုးတွေ မလုပ်ပါနဲ့လို့ အကြံပေးမှာပဲ၊



မဟုတ်လို့ကတော့ အုပ်စုလိုက် ဝိုင်းပြီး မတရား ကျင့်ခံရတဲ့သားကောင် ဖြစ်သွားလိမ့်မယ်။

'ကျွန်တော် စိတ်ရောဂါကု ဆရာဝန်တစ်ယောက်အနေနဲ့ အဲ့ဒီလိုဖြစ်ပြီးတဲ့မိန်းကလေးတချို့ရဲ့စိတ်ဝေဒနာကိုကုသပေးဖူးတယ်၊ အဲဒီလိုဖြစ်တဲ့အခါကျတော့ ရုပ်ပိုင်းအရခံစားရတဲ့ ဝေဒနာထက် စိတ်ပိုင်းအရခံစားရတဲ့ ဝေဒနာကပိုဆိုးတယ်'

'ခု ကျွန်တော်တို့ ရင်ဆိုင်တာနေရတာမျိုး ပေါင်းစုံကိုယ်ရည်ကိုယ်သွေးရောဂါအစစ် ဟုတ်ရဲ့လား'

'ဖြစ်နိုင်ပါတယ်၊ စိတ်ပိုင်းဆိုင်ရာ စမ်းသပ် စစ်ဆေးမှု မလုပ်ဘဲနဲ့တော့ ကျွန်တော် ကံသေကံမ မပြောနိုင်ဘူး၊ စစ်ဆေးမှု လုပ်ပြီးတာတောင် အပ်ချမတ်ချ မပြောနိုင်ဘဲလဲဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါပေမယ့် နှစ်ယောက်၊ဒါမှမဟုတ် နှစ်ယောက်ထက် ပိုတဲ့ ကိုယ်ပွားတွေဟာ လူတစ်ဦးတည်းကိုစိုးထားပြီး အချိန်ကာလတွေခြားပြီး ပေါ်ပေါက်လာတတ်တဲ့ ဖြစ်စဉ်တချို့ရှိတယ်ဗျ၊ အဲဒီအမှုတွေဟာ 'စနစ်တကျစမ်းသပ် စစ်ဆေးပြီး တရားဝင် မှတ်တမ်းတင်ထားတာ၊ သူတို့ဟာ မကြာမကြာဆိုသလို ဆန့်ကျင်ဘက်စရိုက်ရှင်တွေဖြစ်နေတတ်တယ်၊ဂျက်နက်ရဲ့ပုံမှန်စရိုက်နဲ့ တဗားနားမီလာနဲ့မှာ လှုပ်ရှားသွားတဲ့ စရိုက်မျိုးပေါ့ဗျာ'

'ကိုယ်ပွားတစ်ခုက စိုးပြီး လှုပ်ရှားနေချိန်မှာ ဘာတွေလှုပ်ရှားနေတယ် ဆိုတာ တခြားတစ်ယောက်က မသိဘူးလား'

'အမှတ်သညာ လုံးဝမရှိတော့တာကို မကြာမကြာတွေ့ရတယ်၊ ဒါပေမယ့် ငုပ်နေတဲ့ တစ်ယောက်ကလဲ သက်ဝင်လှုပ်ရှားနေသူ့ရဲ့ အပြုအမူတွေကို ထိန်းချုပ် ဟန့်တားနေတာမျိုးလဲ တွေ့ဖူးတယ်၊ ဟိုညက ဂျက်နက်ရဲ့ အပြုအမူတွေကို ကြည့်ရင် အဲ့ဒီလိုဖြစ်နေတာကို သေချာပေါက် တွေ့ရတယ်'

'ခင်ဗျား ဆိုလိုတဲ့ အဓိပ္ပာယ်ကို ရှင်းစမ်းပါဦး'

'အင်း....တကယ်လို့ အဲဒီညက ခင်ဗျားသာ ရှိနေမယ် ဆိုရင်၊ နောက်ပြီး ကောင်မလေးကလဲ ခင်ဗျားကိုချစ်နေတယ် ဆိုရင် နောက်ဆုံးဇာတ်သိမ်းပိုင်းမှာ သူ့စရိုက်ဟာ တခြားတစ်မျိုး ဖြစ်သွားနိုင်တယ်ဗျ၊ ယေဘုယျအားဖြင့် ပြောရရင် ကိုယ်ရည်ကိုယ်သွေး တစ်ခုကနေတစ်ခုကို ပြောင်းပြီဆိုရင် ရုတ်တရက်ပြောင်းတတ်တယ်၊ ကိုယ်ရည်ကိုယ်သွေးအပြောင်းအလဲကလဲ မိန်းမတွေမှာအဖြစ်များတယ်၊ အဲဒီလို ပြောင်းသွားပြီဆိုတဲ့အခါ ဒုတိယ ကိုယ်ရည်ကိုယ်သွေး....ဒုတိယ ကိုယ်ပွားပေါ့ဗျာ....သူဟာ ဘယ်နေရာရောက်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာကို လုံးဝမသိဘူး၊ တိတိကျကျပြောရရင် ပုံမှန်မဟုတ်တဲ့ကိုယ်ပွားဟာ... ဘယ်ဟာကပုံမှန်၊ ဘယ်ဟာက ပုံမှန်မဟုတ်ဘူးဆိုတာ ခွဲလို့ရရင်ပေါ့ဗျာ....အဲ ရှေး ဟဲ့ အကြောင်းဟဲ့ အကျဉ်းအကျပ်အနေအထားမျိုးနဲ့ ကြုံရရင် ပြန်ငုပ်သွားရောဗျ၊ ထွက်ပြေးသွားတတ်တယ် ပေါ့ဗျာ၊ ဂျက်နက်ကိစ္စမှာ ကျွန်တော်ပြောတဲ့ ဖြစ်ပေါ်သွားနိုင်တဲ့ အနေအထားမျိုးနဲ့ကြုံရင်ပေါ့'



'ဒါဆို ဂျက်နက်ဟာ မျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေး ရောဂါဖြစ်နေတာလို့ ခင်ဗျား ရောဂါအမည် မတပ်ချင်ဘူးပေါ့'

'ကျွန်တော် ခုလေးပဲ ပြောပြီးပါပြီကော....ကျွန်တော် စမ်းသပ်စစ်ဆေးမှုအပြည့်အစုံ လုပ်ရပါဦးမယ်လို့၊ ဒီမနက် ဒီကိုရောက်လာချိန်တိကတော့ဂျက်နက်ဟာအရက်နဲ့ပတ်သက်ရင် အူရှိုင်းတယ်၊ ဟိုညကအမူး လွန်ပြီး ဘာတွေဖြစ်လို့ဖြစ်မှန်း မသိဘူးလို့ပဲ သရုပ်ခွဲထားတယ်၊ ကံကောင်းထောက်မစွာ သူဟာ မိတ်ကောင်းဆွေကောင်းတွေနဲ့ရှိနေတာမို့ အိမ်ပြန်ရောက်တော့ ဇုံတာက သူ့ကို အိပ်ရာပေါ်တင်ပေးခဲ့တယ်လေ'

'အဲဒီအတွက် ကျေးဇူးတင်ပါတယ်ဗျာ'

'ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ ဂျက်နက်မမှတ်မိတာကိုလဲ ကျွန်တော်ကတော့ မအံ့ဩဘူးဗျ၊ အရက်သောက်စလက်သင်တစ်ယောက်ဟာ ပထမဦးဆုံးအကြိမ် သောက်စားမူးယစ်ပြီး အပျော်ကြူးပြီဆိုရင် သူဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ပြန်ပြီးသတိရချင်စိတ်မရှိဘူး၊ သူ့စိတ်က မှတ်ဉာဏ်ရှေ့မှာ ကန့်လန့်ကာချထားတတ်တယ်'

'တခြားကိစ္စတွေကျတော့ကော၊ ရင်သားခွဲစိတ်ပြုပြင်ဖို့ ပြောတာကို သတိမရတာနဲ့ တခြား အလားတူကိစ္စတွေကို သတိမရတာတွေလေ'

'အဲဒါကတော့ ဦးခေါင်းထိခိုက်မှုကြောင့် ဦးနှောက်တွေ ပုံမှန်အလုပ်မလုပ်တာလို့ပဲ ယူဆလိုက်ပါ၊ ကျေနပ်ပြီလား'

'မကျေနပ်သေးဘူး၊ ဒါပေမယ့် ခင်ဗျား ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ဆက်ဆံပြောဆိုတဲ့အတွက်ရယ်၊ ဟိုညက ဖြစ်တဲ့ကိစ္စအတွက် အာမခံချက်ပေးသွားတာရယ်နဲ့ပတ်သက်လို့တော့ သဘောကျပါတယ်'

'ဒီမယ်မိုက်....သူငယ်ချင်းရေ၊ ကျွန်တော်ဟာ ကိုယ့်ဘာသာကိုယ်ထုတ်ဖော်ဝန်ခံထားတဲ့အကျင့်ပျက်တစ်ယောက်ဗျ၊ အဲဒီလိုဝန်ခံရတာကိုလဲမရှက်ပါဘူး၊ ကျွန်တော်စူးစမ်းလေ့လာနေတာက စိတ်နယ်လွန်ပညာရပ်ပါ၊ စိတ်နယ်လွန်ပညာဆိုတာကို တရားဝင်မသိတဲ့လူတွေကတော့ လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်ဆန်းတွေလို့ခေါ်တာပေါ့ဗျာ၊ ကျွန်တော်က အဲဒီ စိတ်နယ်လွန်ပညာကိုပဲယုံကြည်တာ၊ မကောင်းဆိုးဝါးတို့ ဘာတို့ကို ယုံကြည်တာမဟုတ်ဘူး'

စိတ်ရောဂါကုဆရာဝန်ပြန်သွားပြီး မိုက်ကရိတ်ထားသည့် မြက်များကို ထွန်ခြစ်ဖြင့်စုပုံနေခိုက် ဂျက်နက် အိမ်ထဲမှထွက်လာသည်။

'နေ့လယ်စာစားတော့မလား၊ ရှင်နဲ့ရန်းဒေါ်က အရမ်းစကားကောင်းနေတော့ ကျွန်မ မနှောင့်ယှက်ချင်တာနဲ့ ထွက်မလာတာ၊ နောက်တစ်ခုက ဝက်ပေါင်ခြောက်က ကျွန်မတို့နှစ်ယောက်စာပဲရှိတော့လို့'



'ညစာအတွက် ဂဏန်းတွေထောင်ပေးမယ်'

သူက ထွန်စက်ကိုစက်သတ်ရင်း ကတိပြုလိုက်၏။

'နောက်ပြီး မနက်ဖြန်မနက်လမ်းဆုံကိုထွက်ပြီး တနင်္ဂနွေထုတ် သတင်းစာတွေဂယ်ရင်း ဝက်ပေါင်ခြောက်ပါဝယ်ခဲ့ပါမယ်'

'ကျွန်မတော့ အဲဒီသတင်းစာတွေကိုကြည့်ရမှာ ရင်ဘောင်တုန်နေတယ်'

'ရင်တုန်စရာမလိုပါဘူးဗျာ၊ မနက်ဖြန် ဒီအချိန်ဆိုရင် ခင်ဗျားဟာ ကမ္ဘာပေါ်မှာ အချောအလှဆုံး မိန်းကလေးတစ်ယောက်ဆိုတာကို တစ်ကမ္ဘာလုံးက သိနေလောက်ပြီပေါ့'

အသားညှပ်ပေါင်မုန့်၊ ဒိန်ခဲ၊ ပန်းသီးချဉ်ရည်တို့ဖြင့် ပြင်ဆင်ထားသည့် နေ့လယ်စာစားပွဲတွင် ဝင်ထိုင်ကြသည်။

'စကားစပ်မိလို့ပြောရဦးမယ်၊ ဟိုညက တဗားနားမိလာနီမှာ ဖြစ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်လို့ ခင်ဗျား ဘာမှသောကပွားနေစရာမလိုတော့ဘူး၊ မက်ကာသီကပြောသွားတယ်၊ အဲဒီညက ခင်ဗျားဟာ ပျော်ပွဲရဲ့အသက်ပဲတဲ့၊ ယောကျာ်းတွေအားလုံး သွေးဆူလာအောင်လဲမြှူဆွယ်တယ်တဲ့၊ ဒါပေမယ့် အဲဒီလောက်နဲ့ပဲပြီးသွားပါတယ်တဲ့၊ ဒီလူက ကြုံလေဆုံမေ့ အကျင့်ရှိပေမယ့် လူကြီးလူကောင်းတစ်ယောက်ပဲ၊ သူက

အာမခံသွားတယ်လေ....အဲ့ဒီညက ခင်ဗျားမှာ မဲ့ဘာဒ်ပေါက် မစွန့်သင်းခဲ့ပါဘူးတဲ့'

'ရှင်တို့နှစ်ယောက် ကျွန်မအကြောင်း ဘာတွေများ တရင်းတနှီးပြောနေကြတာလဲ'

ဂျက်နက်က လေသံကလေးမာမာဖြင့်မေး၏။

'ဘာမှမပြောပါဘူး၊ သူပြောတာကတော့ ကျွန်တော့် အနေနဲ့ ခင်ဗျားကိုသတိပေးသင့်တယ်တဲ့၊ တခြားယောက်ျား တွေရှေ့မှာ ခင်ဗျား အဲ့ဒီညကလုပ်ပုံမျိုး မလုပ်သင့်ဘူး ဆိုတာပေါ့လေ၊ ဒါပေမယ့် ကျွန်တော် တနုံ့နုံ့ဖြစ်နေတာ က ခင်ဗျား ကျွန်တော်နဲ့ကျတော့ ဘာဖြစ်လို့ အဲ့ဒီလိုမနေ သလဲ ဆိုတာပဲ'

'ရှေ့ဆက်ပြီး ဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့် ဖို့ပဲ စဉ်းစားပါရှင်ရယ်'

ဂျက်နက်က ခေါင်းကိုင်းပြီး မိုက်အားနမ်းလိုက်၏။

'ကျွန်မ ပေါ့တန်တန်နဲ့ ဟန်ဆန်လုပ်မိတာကို ခွင့်လွှတ်ပါ၊ ကျွန်မမူးပြီး ကျွန်မကိုယ်ကျွန်မ အရူးလုပ်မိတယ်ထင်တာပဲ၊ နောက်တစ်ခါ အဲဒီလိုမဖြစ်စေရပါဘူး'

မိုက် ပြုံးဖြဲဖြဲလုပ်နေသည်။

'နောက်တစ်ခါ အဲ့ဒီလိုဖြစ်မယ်ဆိုရင်လဲ ခင်ဗျားနံဘေး မှာ ကျွန်တော်ရှိနေချိန်မှလုပ်ပါ'

'ရှင်က ရန်းဒေါမက်ကာသီလောက် စည်းစောင့်နိုင်ရဲ့ လား'



'ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တော့ တယ်ပြီး မထင်ဘူး၊ ဒါပေမယ့် ကံကောင်းထောက်မစွာပဲ တစ်ကိုယ် ထဲမှာ မိန်းကလေးနှစ်ယောက်ဖြစ်နေတဲ့အဖြစ်က ကြာရှည် တည်မြဲနေမှာ မဟုတ်ပါဘူး၊ ခုဖြစ်နေတာက ဦးခေါင်းထိ ခိုက်မှုကြောင့် ယာယီဖြစ်ပေါ်နေတဲ့ကိစ္စတစ်ခုပါ'

'ရှင်တို့နှစ်ယောက်ယုံကြည်သလို ကျွန်မလဲယုံကြည်လိုက် ချင် စမ်းပါဘိရှင်'

ဂျက်နက် ဆွေးဆွေးမြေ့မြေ့ပြောလိုက်၏။

* * *

တနင်္ဂနွေနေ့ နံနက်ရှစ်နာရီတွင် မိုက်အိပ်ရာကနိုးတော့ ဂျက်နက်သည် အိပ်ပျော်နေဆဲဖြစ်၏။ သည့်တော့ မိုက်က ဂျက်နက်ကိုနှိုးမနေတော့ဘဲ ဘောင်းဘီတိုနှင့် တီရှပ်ကို ကောက်စွပ်ပြီး လမ်းဆုံဘက်သို့ ကားမောင်းထွက်ခဲ့၏။ စတိုးဆိုင်တစ်ဆိုင်တွင် ဝက်သားခြောက် တစ်ပေါင်ဝယ် သည်။ ထိုဆိုင်မှအမ်းလိုက်သည့်အကြွေစေ့များကို ပစ္စည်း ရောင်းစက်ထဲထည့်ပြီး 'စတားနယူး' သတင်းစာများဝယ်

သည်။ သတင်းစာကိုလှန်ပြီး ဌာနေသတင်းကဏ္ဍကိုကြည့်လိုက်သည်။ ပြီးတော့ မိုက်က ကျေနပ်အားရစွာ ခပ်တိုးတိုး လေချွန်လိုက်မိ၏။

ဓာတ်ပုံဆရာ အင်ဒီစတွီကား သူ့ကင်မရာကို အနုပညာမြောက်အောင် အသုံးချနိုင်စွမ်းရှိသူဖြစ်၏။ ဘီကီနီဝတ်စုံအဖြူနှင့် ကိုယ်ဟန်ပြနေသည့် ဂျက်နက်၏ ရောင်စုံဓာတ်ပုံကြီးသည် သတင်းစာစာမျက်နှာ၏ လေးပုံတစ်ပုံကိုလွှမ်းမိုးနေ၏။ သည်ပုံမှာ အသက်ရှူ မှားရလောက်အောင်လှသည်။ သတင်းစာစာမျက်နှာ၏ တခြားထောင့်တစ်ထောင့်တွင် အဖြူအမည်းဓာတ်ပုံ ခပ်သေးသေးသုံးပုံကို တန်းစီပြီး ဖော်ပြထားသည်။ တစ်ပုံမှာ ပရက်စီကလိစ်၏ အက်ဖရိုဒိုက်ပန်းပုရုပ်၊ နောက်တစ်ပုံမှာ မိုက်သွန်းထုထားသည့် နမူနာရုပ်တုနှင့် အခြားတစ်ပုံမှာ ချစ်စရာကောင်းလှသည့် ဂျက်နက်၏ပုံရိပ်။ သည်ပုံရိပ်ကလေးကား လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ထောင်ကျော်က ထုလုပ်ခဲ့သည့် အချစ်နတ်ဘုရားမ၏ ရုပ်တုလိုပင် လှပတင့်တယ်နေ၏။

အဆိုပါ ဓာတ်ပုံသုံးပုံအောက်တွင် မေးခွန်းတစ်ခုကို စာလုံးမည်းကြီးများဖြင့် ပုံနှိပ်ဖော်ပြထား၏။

'ဘယ်ပုံက အက်ဖရိုဒိုက်အစစ်လဲ'

မော်လီဝေါကာကလည်း သူ့အလုပ်ကို သူလုပ ခမ်းနားစွာ လက်စွမ်းပြထားသည်။ စာမျက်နှာ၏ ကျန်နေရာများတွင် သူ့ဆောင်းပါးကနေရာယူထားသည်။ စာမျက်နှာ



အောက်ထောင့်နားတွင် မိုက်၏ ဓာတ်ပုံ သေးသေးတစ်ပုံကိုလည်း ဖော်ပြထားသည်။

ဂျက်နက်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဂျက်နက်က မိုက်အား အမှတ်ပြည့် ပေးထားသည်။ မိုက်သည် သူ့အသက်ကို ကယ်လိုက်သည့် အသက်သခင် ကျေးဇူးရှင်သာ မဟုတ်၊ ရှက်ကြမ်းရေကျူ ဂျက်နက်ဘဝမှ ရင်သပ်ရှုမောဖွယ်ကောင်းအောင် လှသော အလှဘုရင်မဘဝ သို့ပြောင်းလဲပေးသူလည်း ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားသည်။

မိုက် ပြန်ရောက်လာသည့်တိုင် ဂျက်နက်က အိပ်ပျော်နေဆဲ။ မိုက်က ဂျက်နက်၏အိပ်ခန်းတံခါးကို ခေါက်ပြီး...

'ကျွန်တော် သတင်းစာတွေ ဝယ်လာခဲ့ပြီ၊ ကျွန်တော်တို့ကတော့ မြို့ထဲမှာ ဟိုးလေးတကျော် ဖြစ်နေပြီဗျ'

ဟု ပြောသည်။

ဂျက်နက်က ခုတင်ပေါ်တွင် ထိုင်နေသည်။ အိပ်ရာခင်းဖြင့် ရင်သွန်ကို စည်းထားသည်။ မျက်လုံးတွေက အိပ်ချင်မူးတူးဖြင့် ရီဝေနေဆဲ။ ဆံပင်တွေက ပခုံးနှစ်ဖက်ပေါ်သို့ ဖွာရရာ ကျလျက်။ မိုက်ကတော့ သူတွေ့ဖူး မြင်ဖူးသမျှထဲတွင် ဂျက်နက်သည် အလှဆုံးမိန်းကလေးဟု မှတ်ယူလိုက်၏။

'ခင်ဗျာ့ ဦးလေးကတော့ ခင်ဗျားအတွက် လက်ကုန်ကြဲထားတာပဲဗျို'

ဂျက်နက်ရှေ့မှ အိပ်ရာဖုံးပေါ်တွင် သတင်းစာတွေကိုဖြန့်ချပြလိုက်၏။

'အိုး....မိုက်'

ပထမတစ်ကြိမ် ကြည့်ပြီးသည်နှင့် ဂျိုက်နက် တအံ့တဩ ရေရွတ်လိုက်၏။

'ကျွန်မဟာ ဗေကယ်လှတာပါကလားနော်'

'အဲဒီအတွက် ဘာမှ ယုံမှားသံသယ ဖြစ်စရာ မလိုဘူး၊ ခင်ဗျားကို မြတ်နိုးကိုးကွယ်မယ့် ယောကျ်ားတွေ ဝိုင်းဝိုင်း လည်နေတာကို ခင်ဗျား ကျင့်သားရအောင် လုပ်ရတော့မယ်၊ အဲဒီအထဲမှာ အလုပ်ကို ကြိုးစားပမ်းစား လုပ်တတ်တဲ့ သရာဝန်တစ်ယောက်လဲ ပါလိမ့်မယ်'

'ကျွန်မရဲ့ ဖန်ဆင်းရှင်လို့ ပြောပါမိုက်၊ အဲဒီမျက်နှာပေါ်မှာ ရှိနေတဲ့ အရာအားလုံးဟာရှင့်လက်ရာတွေပဲမဟုတ်လား'

'ပါးရဲ့အောက်ပိုင်း မပါဘူး၊ အဲဒီအပိုင်းက ခင်ဗျားမှာ အရင်ကတည်းက ရှိပြီးသားပဲ၊ ဒါပေမယ့် ခင်ဗျားကကိုယ့်ကိုကိုယ် မလှဘူးလို့ အစွဲကြီးခဲ့နေတော့ ခင်ဗျားရဲ့အလှပေါ်လွင်အောင် စိတ်စားဆင်ယင်မှု မလုပ်ခဲ့ဘူးလေ'

'ခုတော့ ကျွန်မ သိလာပါပြီလေ'

'ကျွန်တော် လက်စွမ်းပြချင်တာတစ်ခုပဲရှိတယ်၊ ခုနေမှာ ခွဲစိတ်ဓားကိုယူပြီး ခင်ဗျာ့ကိုယ်ပေါ်ကတခြားတစ်ယောက် တစ်ခုခုလုပ်ပြီး သူ့ဘာသာသူ သတိမရတဲ့ တစ်ယောက်ကို တစ်နည်းနည်းနဲ့ ဖြတ်ထုတ်ပစ်လိုက်ချင်တယ်ဗျာ'

ဂျိုက်နက်က တည်ကြည်လေးနက်စွာ ခေါင်းညိတ်သည်။



'ကျွန်မလဲ အဲဒါကိုပဲ စိတ်ပူနေတာ၊ သူက သူလုပ်ချင်တာကို စွတ်လုပ်ဖို့ ကျွန်မကို ခိုင်းလာရင် ဘယ်နှယ်လုပ်မလဲ၊ ကုန်ကုန်ပြောရရင် ဟို....ဟို....'

သူ့အသံ ပြတ်တောက်သွားသည်။ စကားကို ဆုံးအောင် ဆက်မပြောနိုင်။ သို့သော် ဘာကိုစိုးရိမ်သောကပွားနေသည်ကို မိုက် သိနေသည်။

'အဲဒီ တခြားတစ်ယောက်ဟာ ဘယ်သူနဲ့မဆို သွေးသားသောင်းကျန်းမယ် ဆိုတဲ့ လမ်းစဉ်အတိုင်းတော့ ခင်ဗျားကို ခေါ်သွားနိုင်မှာ မထင်ဘူး၊ ဟုတ်စွအဆုံး ခင်ဗျားကို သူ ခေါ်မသွားနိုင်ပါစေနဲ့လို့ ကျွန်တော် ဆုတောင်းတယ်'

'ကျွန်မတို့ ဘယ်လိုလုပ်ပြီး ကံသေကံမ ပြောနိုင်မလဲ'

'ခင်ဗျားဟာ နှုတ်ကပွင့်ပြီး ဝန်မခံသေးပေမယ့်ခင်ဗျား ကျွန်တော့်ကို ချစ်နေတယ်၊ ခင်ဗျာ့ရင်ထဲမှာနင့်နင့်နဲနဲရှိနေတဲ့ အဲဒီအချစ်က ခင်ဗျားကို တခြားတစ်ယောက်က ချောက်နက်ထဲထိ ဆွဲချမသွားအောင် ထိန်းထားနိုင်မှာပါ၊ ဒါပေမယ့် ဒီပြဿနာကို ဘယ်လိုနည်းနဲ့ပဲကြည့်ကြည့် ခင်ဗျားစိတ်ရောဂါကု ဆရာဝန်တစ်ယောက်ရဲ့အကြံဉာဏ်ကိုတော့လိုအပ်မှာပဲ။

'တနင်္လာနေ့ မွန်းလွဲပိုင်းမှာ ကျွန်တော်နဲ့ မက်ကာသီနဲ့ ရုံးခန်းမှာတွေ့ဖို့ ချိန်းထားတယ်၊ သူ့မျက်နှာမှာ တိစရာ ဖြတ်စရာကလေး နည်းနည်းရှိနေလို့၊ သူက ခင်ဗျားရဲ့ တခြား

ကိုယ်ပွားကိုလဲ မြင်တွေ့သွားတာဆိုတော့ ခင်ဗျားကို စိတ် ပညာရှင် ရှုထောင့်သက်သက်နဲ့ လေ့လာချင်လိမ့်မယ်'

'ဒါပေမယ့် သူရှိနေချိန်မှာတခြားတစ်ယောက်ကဝင်စီး နေပြန်ရင် ကျွန်မတို့ သူ့ကို စိတ်ချရပါ့မလား'

'စိတ်ချရမှာပါ၊ ယုတ်စွအဆုံး လောလောဆယ်အချိန်မှာ ခင်ဗျားကို စိတ္တဇဆေးရုံမှာ တင်မထားချင်ရင်တော့ ဒီနည်း ဟာ အကောင်းဆုံးပဲ၊ ခင်ဗျားကို မကြာမကြာလာကြည့်ဖို့ ရန်းဒေါမက်ကာသီကို ကျွန်တော် မှာထားမယ်၊ ဒါပေမယ့် ရော်ဂျာနဲ့ ရီတာကိုဗင်တို့နဲ့တော့ ခပ်ကင်းကင်းနေဗျာ၊ သူတို့ ကို ကျွန်တော် မယုံဘူး'

ဂျက်နက်က မထိတရိပြုံးလိုက်၏။

'အဲဒီအတွက် ရှင် စိတ်ပူနေစရာ မလိုပါဘူး၊ ဟိုညက တဗားနားမိလာနိုမှာ ကျွန်မ သရုပ်ဆောင်ပြလိုက်ပုံနဲ့ဆိုရင် တခြားယောကျ်ားတွေ ရှိနေတဲ့ အချိန်မျိုးမှာ ရီတာဟာ ကျွန်မနဲ့ အခန်းတစ်ခန်းတည်းမှာတောင်အတူနေမှာမဟုတ် ဘူး၊ နောက်ပြီး သူပြောပုံအရဆိုရင် ရော်ဂျာကဝါရှင်တန် မှာ၊ ဒါမှမဟုတ် လီန်းဂေဟာမှာသူ့ဖွဲ့စည်းထားတဲ့ ခတ် ခန်းထဲမှာပဲ အချိန်ကုန်နေတာတဲ့'

'လာမယ့် သီတင်းပတ်ကုန်ရက်တွေမှာနှစ်ပတ်ဆက်တိုက် ဆေးရုံ အရေးပါ ဌာနမှာ တာဝန်ကျမယ်၊ ဒါပေမယ့် ခင်ဗျားတစ်ယောက်တည်း ဖြစ်နေမှာမဟုတ်ပါဘူး၊ ခင်ဗျာ



ဦးလေးဂျော့ကို ကျွန်တော် ပြောထားလိုက်ပါ့မယ်၊ အဲဒီ ရက်တွေအတွင်း ခင်ဗျားနဲ့ အတူလာနေဖို့လေ'

နောက်နေ့နံနက် အိမ်မှမထွက်မီ မိုက်က ဂျက်နက်အား မှာကြားနေသည်။

'အဲဒါကောင်းတာပေါ့၊ ကျွန်မနဲ့ဦးလေးနဲ့ အတူမနေ တာ နှစ်နဲ့ချီပြီး ကြာနေပြီ'

☆

ပျော်ရွှင်ချမ်းမြေ့နေတဲ့ အိမ်ထောင်ရှင် တစ်ယောက်၊ ပြီးတော့ ကလေးနှစ်ယောက်ရဲ့ မိခင်ဗျ၊ ကဲ....ကဲ.... ခင်ဗျား ညာဘက် နံ့အောက်မှာ တွဲကျနေတဲ့ အရေပြားကိုကြည့်ပါရစေဦး၊ အရေပြား အပိုတွေကို ညှပ်ပစ်တုန်းက ကျွန်တော့်ကတ်ကြေး ချော်သွားတာဖြစ်မယ်'

မိုက်က အပိုတွဲကျနေသည့်အရေပြား၏အခြေကိုပိုနှိုဗိုကိန်းဆေးထိုးသည်။ ပြီးတော့ အရေပြားအပိုကို ညှပ်ပစ်ပြီး ဒဏ်ရာကို ပြန်ချုပ်ပေးသည်။ လုပ်ငန်းစဉ်အစအဆုံး ဆယ်မိနစ်ပင် မကြာ။

'အချိန် နည်းနည်းပါးပါး ရမလား'

မိုက်က ဒဏ်ရာပေါ်တွင် ပတ်တီးကပ်ပေးရင်း မေး၏။

'ရပါတယ်....ဒို့တာက အလှပြင်ဆိုင်မှာ ဆံပင်ပြုပြင်နေတယ်၊ ရော်ဂျာကတော့ အနုမြူစွမ်းအင် ကော်မရှင်မှာ၊ ကျွန်တော်က ယူနီယံသူတာရှေ့ကို ငါးနာရီအရောက်သွားပြီး သူတို့နဲ့ ဆုံဖို့ချိန်းထားတယ်'

'သူတို့နှစ်ယောက်က စိတ်ဝင်စားစရာ ကောင်းတဲ့ စုံတွဲပဲနော်၊ ခင်ဗျားသူတို့နဲ့ သိခဲ့တာ အတော်ကြာပြီလို့ ခင်ဗျား ပြောခဲ့သလားလို'

'ဆယ့်နှစ်ကျော်ပြီ၊ ကျွန်တော် ခင်ဗျားကို ပြောခဲ့သလိုပေါ့၊ ကျွန်တော်နဲ့ ဒို့တာက မကောင်းဘူးလေ၊ ခုထိလဲသူက အကောင်းကြီး ရှိသေးတာဗျာ့'

'အတ်ရစ်ရဲ့ အကြောင်း သူတစ်ခါက ပြောဖူးတယ်'

၄၄။

'ခင်ဗျား အောင်နိုင်ခဲ့ပြီပေါ့၊ ကျွန်တော့် ရုံးခန်း

ဆရာမကိုလေ'

တနင်္လာနေ့ နေ့လယ်စာ စားပြီးစ အချိန်တွင် စိတ်ရော

ဂါကုဆရာဝန်အား မိုက်၏ သူနာပြုဆရာမက ရုံးခန်းထဲသို့

ခေါ်လာသည်ကို တွေ့ရတော့ မိုက်က မက်ကာသိအာ

အီးပြောလိုက်၏။

'အပြင် ဘက်မှာထုန်းကတော့ ရပ်ခုန်နှုန်း ကလေးတေ

မဆိုးဘူးဗျ၊ ကျွန်တော် သူ့ကိုဖိတ်ခေါ်ရင် ခင်ဗျား က

ဘက်မှာလား၊ နေ့လယ်စာစားဖို့ ဖိတ်မှာပါ၊ ဗိုက်ဆာဆ

ပြေဖို့နဲ့၊ ရမ္မက်တွေပြေဖို့ပေါ့ဗျာ'

'ခင်ဗျားဖိတ်ခေါ်ချင်သပါဆိုရင် နေ့လယ်စာစားဖို့ဖိ

ပါ၊ ဒါပေမယ့် ရမ္မက်ပြေဖို့ကတော့ မဖိတ်ခေါ်ပါနဲ့၊ သူဟ

'သူတို့ အဲဒီကို ဒုတနေ့ပြောင်းသွားတာ၊ အဲဒီမှာ နှစ်အတော်ကြာကြာ နေသေးတယ်၊ လွန်ခဲ့တဲ့ နှစ်ကမှ ရော်ဂျာက အထူးတာဝန်တစ်ခုနဲ့ ချီကာဂိုတက္ကသိုလ်ကို ပြောင်းလာတာ၊ ဒုတိယ ကမ္ဘာစစ်အတွင်းက အားကစားရုံကြီးအောက်မှာ စမ်းသပ်ဖောက်ခွဲမှု လုပ်ပြီးတဲ့နောက်ပိုင်း ချီကာဂို တက္ကသိုလ်ဟာ အနုမြူ ရူပဗေဒဆိုင်ရာ ဗဟိုဌာနကြီးဖြစ်လာတယ်လေ'

'သူတို့ကိုကြည့်ရတာ တစ်နေရာကနေ တစ်နေရာကို လှည့်ပတ် ကူးသန်းနေသလိုပဲနော်'

'ပညာရပ်ဆိုင်ရာ လောကမှာ ပါရမီရှိတဲ့ လူတွေဟာ ဒီလိုပဲ တစ်နေရာကနေ တစ်နေရာ ကူးပြောင်းနေကြတာပါပဲ၊ ရော်ဂျာနဲ့ လွှတ်တော်အမတ် မက်နက်တို့က ကလေးဘဝကတည်းက သူငယ်ချင်းတွေလေ၊ လွန်ခဲ့တဲ့ နှစ်နှစ်က တော့ မက်နက်ဟာ ပါတီ ရွေးချယ်ပွဲမှာ ရှုံးသွားတယ်၊ အမတ်အဖြစ် ဝင်မရွေးရတော့ဘူး၊ အဲဒီနောက် မက်နက်ဟာ အနုမြူစွမ်းအင် ကော်မရှင်မှာ အကောင်ကြီးဖြစ်လာ တယ်၊ ဒီတော့ ရော်ဂျာအနေနဲ့ သူ့စိတ်ကြိုက် လုပ်ငန်းတာဝန်ကို တောင်းယူလို့ ရတာပေါ့၊ ဒါနဲ့ ရော်ဂျာက ပါရှင်တန်ကို ရွေးလိုက်တာ'

'အဲဒီ ရွေးချယ်ပွဲအကြောင်း ကျွန်တော်နည်းနည်း မှတ်မိသလိုပဲဗျ၊ အဲဒီ ရွေးချယ်ပွဲနဲ့ ပတ်သက်ပြီး မက်နက်ဟာ တော်တော်နာနာကြည်းကြည်း ဖြစ်ခဲ့ဘယ်မဟုတ်လား'



'ဖြစ်လဲဖြစ်လောက်ပါတယ်၊ သူဟာရှစ်မဲတည်းနဲ့ ကပ်ပြီးရှုံးသွားတာ၊ အဲဒီရှစ်မဲစလုံးနဲ့ တခြားမဲတချို့ဟာ သံသယရှိစရာကောင်းတဲ့ မဲတွေ ဖြစ်နေတာကိုး၊ ဒါပေမယ့် မက်နက်က ရီပတ်ဘလစ်ကန် တစ်ယောက်ဆိုတော့ ဒီမိုကရက်တွေ အသာရနေတဲ့ ကွန်ဂရက် လွှတ်တော်မှာ သူ ရာထူး တစ်နေရာရဖို့ မလွယ်ပါဘူး၊ ဒါနဲ့ သူက သူ့ ပြည်နယ်ကို နှစ်ဆင်ကို လွှဲပေးလိုက်တယ်၊ အဲ့ဒီအတွက် သူ့ကို တုံ့ပြန်ကျေးဇူးပြုတဲ့အနေနဲ့ အနုမြူစွမ်းအင် ကော်မရှင်ရာထူး တစ်နေရာပေးလိုက်တယ်လေ၊ ဟေး....ကျွန်တော့်ရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို ဖြုန်းပစ်နေမိပြီထင်တယ်၊ ကျွန်တော်လဲ တက္ကသိုလ်ကို ခဏဝင်စရာရှိသေးတယ်၊ ဒီတော့ ပြောဗျာ၊ ခင်ဗျားပြဿနာက ဘာလဲ'

ဂျက်နက်ရဲ့ ကိုယ်ခန္ဓာကို မကြာမကြာအုပ်စိုးသွားတဲ့ အဲဒီ ဒုတိယကိုယ်ပွားကိစ္စပေါ့၊ အဲ့ဒီ ကိုယ်ပွားဟာ ဂျက်နက်ရဲ့ ကိုယ်ထဲမှာ တစ်ချိန်လုံးရှိနေပြီး ခုချိန်ထိ ပြန်ပေါ်မလာသေးတဲ့ အဖြစ်မျိုးဟာ တကယ်ပဲ ရှိနိုင်သလားဗျ'

'ကျွန်တော်တို့သိသလောက်ကတော့ အဲဒီအတိုင်းဖြစ်နေတာပဲ၊ ဒါပေမယ့် ဒီကိစ္စကိုရှင်းပြဖို့ မလွယ်ဘူးဆိုတာ ကျွန်တော် ဝန်ခံရလိမ့်မယ်၊ တစ်ယောက်က အုပ်စိုးနေချိန်မှာ ကျန်တစ်ယောက်က ဘာတွေဖြစ်မှန်း သတိမရတာကို ရှင်းပြရ ခက်သလိုပေါ့'

'ကျွန်တော် စဉ်းစားလို့မရတာလဲ အဲ့ဒါပဲပေါ့'

'ကျွန်တော်ကော ဂျက်နက်ပါ လူနာဘဝမှာ ရှိတုန်းက ကျွန်တော်တို့နှစ်ယောက် ဆေးရုံပေါ်မှာ အတော်များများ စကားပြောဖြစ်တယ်ဗျ၊ သူ့စကားတွေကို လေ့လာကြည့်တော့ သူဟာ သူ့အလုပ်၊ သူ့ဝါသနာနဲ့ ပတ်သက်လာရင် စိတ်ဓာတ်ပြင်းထန်တဲ့ မိန်းကလေး တစ်ယောက်ဗျ၊ သူ့အသိုင်းအဝိုင်းမှာပွဲတိုင်းကျော်မဖြစ်ချင်ဘူး၊ ရှေးရိုးဆန်ဆန် လူမှုရေးအသင်းအဖွဲ့ လုပ်ငန်းတွေပဲ လုပ်တယ်၊ ဒီတော့ အထက်တန်းကျောင်းမှာကော ကောလိပ်မှာပါ သူနဲ့ သူ့အပေါင်းအသင်းတွေဟာ စာတော်တဲ့ စာသင်သားတွေဖြစ်လာတာ မဆန်းဘူးပေါ့။

'သူက ကောင်လေးတွေနဲ့ ချိန်းပြီး လည်ပတ်တာမျိုးလဲ သိပ်မလုပ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုသိပ်ချောသိင်လှတဲ့ မိန်းကလေးစာရင်းမှာ မသွင်းကြဘူးလေ၊ အဲဒါကို ကြည့်ခြင်းအားဖြင့် အလှတရားကို တန်ဖိုးဖြတ်တဲ့ နေရာမှာ ယောကျ်ားတွေဟာ ဘယ်လောက်တုံးသလဲဆိုတာပေါ်လွင်နေတာပဲ၊ လှလှပပဖြစ်လာအောင် ခင်ဗျား ပြုပြင်ပေးလိုက်တဲ့ရုပ်သားတွေ သေးနေတာကလွဲရင် သူဟာအတော့်ကို ချောင်မောင်းတောင့်တင်းတဲ့ မိန်းကလေးတစ်ယောက်ဗျ၊ တကယ်တော့ သူဟာကျောင်းသူတွေထဲမှာ ရေပန်း မစားခဲ့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတာကို ကျွန်တော်မှန်းဆကြည့်လို့ ရသလောက်ပြောရရင် သူဟာဒီခေတ်ကောလိပ်ကျောင်းသူတွေလို တွေ့ရာ ယောကျ်ားလေးတွေနဲ့တွဲပြီး ကြုံရာယောကျ်ားလေးတွေနဲ့ အတူအိပ်တဲ့အကျင့် မရှိလို့ပဲ'



'သူ့မှာ စွမ်းအားပိုရှိလာတာပေါ့'

မက်ကာသီ ပြုံးစိစိလုပ်လိုက်၏။

'အားကောင်း မောင်းသန် ခင်ပွန်း တစ်ယောက်လို့ ပြောလိုက်တာပေါ့လေ၊ ဘာပဲဖြစ်ဖြစ်ပါ၊ သူသာ တကယ် ပွဲတိုင်းကျော် တစ်ယောက် ဖြစ်ချင်ရင်အချိန်မရွေး ဖြစ်နိုင်တယ်ဆိုတာကို ဂျက်နက်သိတယ်၊ ဒါပေမယ့် သူက ပြောတယ်၊ သူ ဒဲ့ဒီလိုလုပ်မှာကို သူ့အတ္တစိတ်ရဲ့တခြားအပိုင်းက ခွင့်မပြုဘူး၊ ဖြစ်တာင်ဖေဖန်တယ်တဲ့၊ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ ဂုဏ်ခြေသိက္ခာကြီးတဲ့မိန်းကလေးတစ်ယောက် ဖြစ်နေတာကိုး၊ ဘာပဲဖြစ်ဖြစ် သူဟာ ထင်ပေါ် ကျော်ကြားချင်စိတ်ကို ထိန်းချုပ်ထားနိုင်ခဲ့တယ်၊ သူ့ရဲ့ စွမ်းအားတွေကို အသက်မွေးဝမ်းကျောင်း ပညာဘက်မှာ ထူးချွန်အောင် အသုံးချခဲ့တယ်၊ လင်းတောလ်မင်းရဲ့ကိစ္စကသူ့ကိုလူသိလာအောင် လုပ်ပေးလိုက်တယ်၊ ဒါပေမယ့် အဲဒီဖြစ်ရပ် မတိုင်ခင်ကတည်းက သူဟာ ထိပ်တန်း သတင်းထောက် ဆိုတဲ့ လမ်းမပေါ်ကို ရောက်နှင့်နေပြီ'

'လူသိလာတယ်ဆိုတာထက် အောင်မြင်ကျော်ကြားလာတယ်ဆိုရင် ပိုမှန်မယ်ဗျ'

'ဘာပဲဖြစ်ဖြစ်လေ၊ သူဟာ အသက် မွေးဝမ်းကျောင်း ပညာတစ်ခုကို ပျိုးထောင်နေတယ်၊ နောက်ပြီး တခြား မိန်းကလေးတွေကို တိတ်တဆိတ်အားကျပြီး မနာလို ဖြစ်နေတယ်၊ အဲဒီအချိန်မှာ ဂျယ်ရယ်ဟာတ်ချင်ဆန်ကသူ့ဘဝထဲကို

ဝင်လာတယ်၊ သူနဲ့ ဘဝအဖော်အဖြစ် လက်တွဲဖို့ ပထမဆုံး စ ပြောသူဟာ ဒီလူဖြစ်နေတယ်၊ ဒီတော့ ဂျက်နက်တစ်ယောက် မဆိုင်းမတွ လက်ခံပြီး သူတို့နှစ်ယောက် စေ့စပ်လိုက်ကြတယ်'

'ကျွန်တော် စဉ်းစားလို့မရတာက ဒီလူဟာ ဟန်သမား ဆိုတာကို ဘာဖြစ်လို့ သူ စောစောကတည်းက သတိမထားမိခဲ့သလဲ ဆိုတာပဲ'

'သူ သိခဲ့ကောင်း သိခဲ့မှာပါ၊ ဒါပေမယ့် သူ့ခမျာ ကယောင်ချောက်ချားဖြစ်သွားတယ်လေ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလူက ချောတယ်၊ ပြီးတော့ သူ့ကို ရွေးချယ်လိုက်တာကိုး၊ အဲ့ဒီနောက် သူဟာ လေယာဉ်စက်ခန်းထဲကလွင့်စဉ်ကျပြီး ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရသွားချိန်မှာ ရွှေမင်းသားကလေးက ရောက်လာတယ်၊ ရွှေမင်းသားကလေးက သူ့အသက်ကို ကယ်ဆယ်လိုက်ရုံမဟုတ်ဘူး၊ သူ့ကို အလှဘုရင်မဖြစ်အောင်ပါ လုပ်ပေးလိုက်တယ်၊ သူ့အသိဉာဏ်ထဲမှာ သူလိုချင်တဲ့ ယောကျ်ားဆိုရင် ဘယ်သူ့ကိုမဆို အဲဒီအထဲမှာ ခင်ဗျားအပါအဝင်ကို ခေါ်ခေါ် ရွေးနိုင်ပြီဆိုတာလဲ သိလာတယ်။

'ထုံးစံအတိုင်း သူဟာ လမ်းနှစ်ခွရဲ့ထိပ်မှာရပ်နေမိလျက်သား ဖြစ်နေတာပေါ့၊ တစ်လမ်းက သူ့ရဲ့ဘဝဟောင်းလမ်း နောက်တစ်လမ်းကတော့ သူဖြစ်ချင်တာကို အလွယ်တကူဖြစ်နိုင်တဲ့လမ်း၊ ရုပ်ရှင်လောကကို ဝင်မလား၊ ဝါရှင်တန်အထက်



တန်းလွှာ အသိုင်းအဝိုင်းကို ဝင်မလား၊ ခင်ဗျားကြိုက်တာကို ပြော၊ သူ အလွယ်တကူ ဝင်ဆန့်သွားပြီလေ'

'ကျွန်တော် ကြိုက်တာကို ပြောရရင်တော့ ဇနီး တစ်ယောက်ဖြစ်ဖို့၊ မိခင်တစ်ယောက်ဖြစ်ဖို့ပဲ၊ ဒါပေမယ့်ခင်ဗျား ပြောနေပုံအရ ဆိုရင်တော့ အဲ့ဒါတွေဖြစ်လာဖို့ မလွယ်ဘူး ထင်ပါရဲ့'

'ဒုတိယကိုယ်ပွား အနေအထားနဲ့တော့ ဟုတ်အင်းပဲ၊ ဒါပေမယ့်လဲ လေဆိပ်အဆောက်အဦးရဲ့ကြမ်းပြင်နဲ့ခေါင်းနဲ့ ရိုက်မိတဲ့ဒဏ်က အဲဒီဒုတိယကိုယ်ပွားပေါ်လာအောင်လှုပ်နှိုး ပေးလိုက်တာလဲ ဖြစ်နိုင်တယ်၊ အဲဒီ ဒုတိယ ကိုယ်ပွား ကွယ်ပျောက်သွားအောင် ကုသပေးလိုက်နိုင်တာနဲ့ ဂျက်နက်ဟာ ခင်ဗျားအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာသိသာလာ ပါလိမ့်မယ်၊ ဂျက်နက်ဟာ လေးနက်ပြီး ချင့်ချိန်တတ်တဲ့ မိန်းကလေးပါ'

'တခြားတစ်ယောက်ကိုမောင်းထုတ်နိုင်အောင် ခင်ဗျား ကူညီချင်ရဲ့လား ဟင်၊ စိတ်ရောဂါကုဆရာဝန်တစ်ယောက် အနေနဲ့လေ'

'ရပါတယ်၊ ကျွန်တော်ကုခဲ့တဲ့ ဝေဒနာရှင်တွေထဲမှာ သူက စွဲမက်စရာအကောင်းဆုံး ဝေဒနာရှင် တစ်ယောက်ပျ၊ ဒါပေမယ့် ခင်ဗျား ကျွန်တော့်ကို စိတ်ချရဲ့လား'

'စာသင်ခန်းထဲနဲ့ စာသင်ခန်းပြင်ပမှာထွက်နေတဲ့ခင်ဗျား ရဲ့ဂုဏ်သတင်းအရဆိုရင်တော့ ခပ်ကြောက်ကြောက် ဖြစ်မေ

မယ့် ကျွန်တော် စိတ်ချပါတယ်၊ ဒါပေမယ့် ဒုတိယကိုယ်ပွားက ထင်တိုင်းကြံပြီး တခြားတစ်ယောက်ယောက်နဲ့ ဖောက်ပြန်မှုမျိုးကို ထိန်းသိမ်းနိုင်အောင် ဂျက်နက်အစစ်ရဲ့အချစ်ကို ရအောင်လဲ ကျွန်တော် ကြိုးစားနေပါတယ်'

'ခင်ဗျား အောင်မြင်နိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျား ပြောတဲ့ ဒုတိယကိုယ်ပွား တစ်ယောက်ရဲ့ လှုပ်ရှားမှုတွေကို ခင်ဗျား မြင်တွေ့သွားရင်....'

မက်ကာသီကစကားကိုရုတ်တရက် ရပ်လိုက်၏။ သူစကားဆက်ပြောသောအခါ သူ့အသံဘွင် စိတ်လှုပ်ရှားမှုအလေးမဆိုစလောက် စွက်နေ၏။

'ဒါပေမယ့် အဲဒါဟာ ခင်ဗျာ့ပြဿနာရဲ့အဖြေဖြစ်နေပြီပဲဗျ'

'ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ'

'ယောကျ်ားတစ်ယောက်ယောက်က ဂျက်နက်အမှတ်နှစ်ကို မြူဆွယ်သိမ်းသွင်းမှာကို ခင်ဗျား စိုးရိမ် ပူပန်နေတာ မဟုတ်လား၊ ဒီတော့ အကောင်းဆုံးကတော့ခင်ဗျား ကိုယ်တိုင်ပဲ မြူဆွယ်သိမ်းသွင်းလိုက်ပေါ့ဗျာ'

'ဟာ....ဘယ်လိုလုပ်ပြီး....'

'တို....တစ်ညကလို အရက်နှစ်ခွက်လောက် တိုက်လိုက်ရင် ကိစ္စက ပြီးနေပြီ၊ အဲဒါဆို ဒီနေရာမှာတင် စိတ်ကူးယဉ် တစ်ရပ် ပြဇာတ်ကလေး က,လို့ရတယ်လေဗျာ'

'အလုပ်ဖြစ်မှာ မဟုတ်ပါဘူး'



'ဘာကိစ္စ မဖြစ်ရမှာလဲ'

'အဲ့ဒီလို အကြံအစည်မျိုးကို ကျွန်တော် အဆိုပြုပြီးပြီဗျ၊ ဒါပေမယ့် သူက လက်မခံဘူးလေ'

'လက်မခံတာ ဂျက်နက်အမှတ်နှစ်က မဟုတ်ပါဘူး'

'မဟုတ်ဘူး'

'ဒါဆို ခင်ဗျားလုပ်ဖို့တာဝန်ရှိတယ်၊ ခင်ဗျား အတွက်ကော သူ့ အတွက်ပါပေါ့၊ အဲဒီလို လုပ်တာကိုတော့ ဂျက်နက်အမှတ်နှစ်နဲ့ ကြိုးစားကြည့်၊ မိန်းမတွေနဲ့ ပတ်သက်တဲ့ ကျွန်တော့် အတွေ့အကြုံ အားလုံးအရပြောရရင် အဲ့ဒီ အတွေ့အကြုံကို ခင်ဗျား တစ်သက်လုံး မေ့လို့ရမှာ မဟုတ်ဘူး'

'သူ့ကို လှည့်စားရမှာ မတရားဘူးထင်ပါရဲ့'

'ဒီမယ်....ကျွန်တော်ပြောတာကိုယုံ မိုက်၊ ငွေကြီးတစ်ခွဲဘားနဲ့ ဟန်ဆောင်နေတဲ့ မိန်းမတစ်ယောက်ပါလာအောင် လှည့်စားတယ်ဆိုတာ သူ့ကို ကျေးဇူးပြုလိုက်တာပဲဗျ၊ အဲ.... ခင်ဗျား ကိုယ်ခင်ဗျား ကျေးဇူးပြုရာလဲရောက်ပါတယ်'

'တခြားရွေးစရာလမ်း ရှိသေးလား'

'ကျွန်တော် သိသလောက်တော့ မရှိဘူး၊ ကာမသုက် ယိန်းခါးပတ်တွေဆိုတာလဲ ရာစုနှစ်ပေါင်းများစွာကတည်းက ခေတ်မမီတော့ပါဘူး၊ အဲ့ဒီ ရာစုနှစ်ပေါင်းများစွာတုန်းကတောင် သော့တုပ်ဇာတွေ အများကြီးရှိနေမယ် ဆိုတာ ကျွန်တော် ယုံတယ်'

မက်ကာသီ မတ်တတ်ရပ်လိုက်၏။

'ကျွန်တော် ဂျက်နက်ကို ဆရာဝန်တစ်ယောက် အနေနဲ့ ကုသပေးဖို့ ခင်ဗျားက ပြောမယ်ဆိုတာကိုဂျက်နက်သိလား၊ ခုချိန်ထိတော့ သူ အထင်ကြီးလေးစားလာအောင်အိမ်မှူချ ပညာအကြောင်း တို့တို့တိတိ ပြောထားတာလောက်ပဲ ရှိသေးတယ်'

'ကျွန်တော် ပြန်မလာခင် သူ့ကို နားချခဲ့တယ်၊ ဒါထက် ဗိုသိတင်းပတ်ကုန်ရက်မှာ ဂျော့စတန်းဖီးတောင် သူနဲ့လာပြီး နေလိမ့်မယ်၊ ဒီမနက်ပဲ အဘိုးကြီးဆီ ကျွန်တော် ဖုန်းဆက်လိုက်တယ်၊ ဒုတိယကိုယ်ပွား ရှိနေတယ်ဆိုတာကို အဘိုးကြီးက မယုံဘူးဗျ'

'သူကိုယ်တိုင် တွေ့တဲ့အခါ ယုံလာလိမ့်မှာပေါ့ဗျာ'

'အဲဒီလို ဖြစ်လာအောင် ခင်ဗျား ဘယ်လိုလုပ်မလဲ'

'အိပ်မွေ့ချနည်းကို သုံးကြည့်မယ်၊ အဲဒါမှ အလုပ်မဖြစ်ရင် ဂျက်နက်ကို အရက်နှစ်ခွက်တိုက်မယ်ဗျာ၊ ခင်ဗျား ဝယ်ထားတဲ့အရက်က နှင်းခဲလူရုပ်ကြီးကိုတောင် သွေးသူလာအောင် လုပ်နိုင်တယ်ဗျ'

၃၄။

နောက်တစ်ပတ်တနင်္လာနေ့မနက်တွင် မိုက်၏ရုံးခန်းသို့ ဂျော့စတန်းဖီး တယ်လီဖုန်း ဆက်ပြီး ဂရီဗီရွန်ကလပ်တွင်နေ့လယ်စာ အတူစားဖို့ ဖိတ်ခေါ်သည်။ ကလပ်ထဲသို့ မိုက် ဝင်သွားသောအခါသတင်းစာဆရာကြီးသည်အရက်တစ်ခွက်သောက်ရင်း စောင့်နေသည်ကို တွေ့ရ၏။

'မောင်ရင် လာနိုင်တာ ဝမ်းသာပါတယ်ကွယ်၊တစ်ခုခုသောက်ပါလား၊ ဦးလဲ နောက်တစ်ခွက်လောက် သောက်ဦးမယ်'

စားပွဲထိုးချုပ်က သူတို့နှစ်ယောက်အား စားပွဲတစ်လုံးဆီသို့ ခေါ်သွားပြီး နေရာချပေးခိုက် ဂျော့စတန်းဖီးက ပြော၏။

'ဘာဘွန်နဲ့ ဆိုဒါ ပေးပါ'

မိုက်က ပြော၏။ ဂျော့စတန်းဖီးက သူ့အတွက် စီစကီနှင့် ရေကို ဒုတိယခွက်အဖြစ် မှာလိုက်၏။

'စနေနေ့မွန်းလွဲပိုင်းက ကျွန်တော် ဂျက်နက်အိဖုန်းဆက်ဖြစ်သေးတယ်၊ သူ ပြောပုံအရဆိုရင်တော့ ဦးတို့နှစ်ယောက်ရိပ်သာကလေးမှာ ခမ်းနားထည်ဝါတဲ့ ညစာခံပွဲကြီး နဲ့တော့မယ့် အတိုင်းပဲ'

မှာထားသည့် ယမကာများကို စောင့်ရင်း ဟင်းလျာစာရင်းကို လေ့လာရင်း မိုက်က သတင်းစာဆရာကြီးကို ပြော၏။

'ကြည်နူးစရာ ကောင်းပါတယ်၊ ဂျက်နက်ကတော့ အဲဒီမှာနေရတာ အတော် ပျော်နေပုံရတယ်၊ သူ့စာအုပ်ဟာအတော်ကြီးကို ရေးဖြစ်တယ်လေ၊ ဒေါက်တာမက်ကာသီနဲ့လဲ ဦးစကားပြောခွင့် ရခဲ့တယ်ကွယ်၊ ဦး သူ့ကို အကဲဖြတ် မှားနေတာတော့ ဦး ဝန်ခံရမှာပဲ၊ ဒီလူက ဟာသဓာတ်ခံ အတော်ရှိတဲ့လူပဲဟ၊ နောက်ပြီး ဒီလူက သွေးသားကိစ္စနဲ့ ပတ်သက်လာရင် သိပ် ထိန်းထိန်းသိမ်းသိမ်း မရှိပေမယ့် ဒီလူဟာ လူတော်ကွယ့်၊ ပြီးတော့ တယ်စကားပြော ကောင်းတာကလား'

သူတို့အတွက် ယမကာခွက်များ ရောက်လာသည်။ သူတို့က အစားအစာများ ထပ်မှာသည်။

'ကိုဗင်တို့ကို ဦး ဘယ်လိုသံဘောရလဲ'

စားပွဲထိုး ထွက်သွားသည်နှင့် မိုက်ကမေး၏။



'ဒီကလေးမက ဦးလို အဘိုးကြီး တစ်ယောက်ကိုတောင် မျှငှာလွန်းတာ အမှန်ပဲကွယ့်၊ အဲ့ဒါကို သူ့ယောကျ်ားကလဲ သိပ်ပြီး ဂရုစိုက်ပုံမရဘူး၊ ဦးတို့ငယ်ငယ်တုန်းက ဆိုရင်တော့ သူတို့ဟာ လူမှုရေးအရ ဝိုင်းပယ်ခံရတဲ့သူတွေဖြစ်သွားမှာပဲ၊ ဒါပေမယ့် ခုခေတ်မှာတော့လဲ ဒါတွေဟာ ရိုးနေပါပြီလေ၊ ရော်ဂျာကိုဗင်ဟာ ကိုယ့်အတွေးနဲ့ကိုယ် နေတဲ့လူ၊ ဒါမှမဟုတ် လောကကြီးကို မကျေမနပ်ဖြစ်နေတဲ့လူဖြစ်မယ်၊ ဘယ်ဟာဖြစ်မလဲ ဆိုတာတော့ ဦးလဲ အတပ်မပြောနိုင်ဘူး၊ တာပဲဖြစ်ဖြစ် သူ့ကို ဦးမကြိုက်ဘူး၊ ဘာကြောင့်မကြိုက်တာလဲ ဆိုတာတော့ ဦးလဲ အတိအကျ မပြောတတ်ဘူး'

'ကျွန်တော်လဲ အဲဒီအတိုင်း ခံစားရတယ်ခင်ဗျာ၊ ဒါပေမယ့် သူတို့က ဂျက်နက်အပေါ် အတော် ဂရုတစိုက် ရှိကြတယ်'

'သူကလဲ ဒီလင်မယားကို ခင်ပုံရတယ်ကွယ့်၊ နောက်ပြီး အဲဒီမှာနေရတာက သူကိုးကွယ့်'

'ဦး အဲဒီမှာရှိနေတုန်း ဒုတိယကိုယ်ပွားဆိုတာ ပေါ်လာသေးလား'

'မပေါ်ပါဘူး၊ ဂျက်နက်တစ်ယောက် အရက်နဲ့မယဉ်ပါးလို့ ဖြစ်လာတဲ့ ကိစ္စတစ်ခုကြောင့် မောင်ရင်တို့ဟိုဟိုဒီဒီ ကောက်ချက်ပေါ့ သူတာ စောလွန်းနေသလားလို့တောင် ဦးတွေးမိတယ်၊ တကယ်တမ်းပြောရရင် သူဟာ ချီကာဂိုမှာ အရက်မသောက်သလောက်ပဲကွယ့်၊ ဒီတော့ ...က်ဒဏ်ကို

သိပ်မခံနိုင်တာ မှဆန်းပါဘူး၊ အရက်နှစ်ခွက်ဆိုတာ မိန်း
အတော်များများကို ကြောင်ကလေးတစ်ကောင်လိုဖြစ်သွာ
စေနိုင်တာကလား၊ အဲဒီလိုဖြစ်သွားတာကို တစ်မျိုးတစ်မဉ
အထင်မှားသွားနိုင်တာပေါ့ကွယ်'

'ဦး ပြောတာ မှန်ပါစေလို့ပဲ ဆုတောင်းရမှာပဲ'

'မက်ကာသီက အိပ်မွေ့ချတဲ့နည်းနဲ့ ဂျက်နက်ကို ကု
ကြိုးစားကြည့်တယ်၊ ဒါပေမယ့် သိပ်အောင်မြင်ပုံ မရဘူ
အဲဒီအကြောင်း မောင်ရင့်ဆီ သတင်းပို့မယ်လို့ သူ ပြေ
တယ်'

'သူ့နှုတ်ရွက်က ချုပ်ရိုးတွေ ဖြေပေးဖို့ အင်္ဂါနေ့မ
ကျွန်တော့်ရုံးခန်းကို လာလိမ့်မယ်၊ အဲဒီတော့မှ ဂျက်နက်
အခြေအနေကို မေးကြည့်လိုက်ပါ့မယ်'

'မောင်ရင် သူ့မျက်နှာကို ပြုပြင်ပေးလိုက်တာတော
တကယ်လက်ရာမြောက်တယ်လို့ပဲ ဦးပြောရလိမ့်မယ်၊ ဦး
သူ့ကို မှတ်တောင် မမှတ်မိဘူးကွယ့်၊ ဒါထက် စကားမစ
ပြောရဦးမယ်၊ စားဖိုဆောင်ထဲက လက်ဆေး ကြွေခွ
အပေါ်မှာ မောင်ရင်ချိတ်ထားတဲ့ ရဲအဖွဲ့နဲ့ မီးသတ်ဌာ
တယ်လီဖုန်းနံပါတ်တွေ တွေ့လို့ ဦးရဲ့မိတ်ဆွေ ငါးမျှားဖေ
ရဲ့မှူးကြီး နေ့ဆီကို တယ်လီဖုန်း ဆက်ဖြစ်သေးတယ်၊သူ
ပြောပါတယ်၊ ဒီဒေသအတွင်းမှာ ရဲအဖွဲ့ကို မမှတ်မိတဲ့
တစ်ဦးတစ်ယောက်မှ မတွေ့ပါဘူးတဲ့၊ ဒါနဲ့ ဦးကတော



ပြောလိုက်တယ်၊ ဘာပဲဖြစ်ဖြစ် သူ့လက်ထောက်တစ်ယောက် လောက်ကိုတော့ ဂျက်နက်ဆီကို နေ့တိုင်းလွှတ်ပေးပါလို့'

'စုံထောက်စတက်ဖို့ကတော့ ဂျက်နက်ကို နှုတ်ပိတ်ပစ်ဖို့ တောလ်မင်းဂိုဏ်းကလူတွေ လိုက်လာစရာအကြောင်းမရှိဘူးလို့ ပြောတာပဲ၊ ဒါပေမယ့် အဲဒီ အိမ်ကလေးမှာ ဂျက်နက်တစ်ယောက်တည်း နေနေတာကို ဦးက သိပ် စိတ်မချဘူးလေ...'

'မက်ကာသီနဲ့ ကိုဗင်တို့ကိုလဲ ကျွန်တော်မှာထားပါတယ် ဂျက်နက်ကို စောင့်ရှောက်လိုက်ဖို့ပေါ့၊ သူခိုး သူဝှက်တွေအတွက်တော့ သိပ်မပူရပါဘူး၊ ဒါပေမယ့် ကျွန်တော့်အိမ်နဲ့ ကပ်နေတဲ့ နိုင်ငံပိုင် သစ်တောထဲမှာ အခြေအနေမဲ့ 'ဟစ်ပီ'တွေလာလာပြီး စတည်းချတတ်ကြတယ်၊ ကျွန်တော်ဆို တစ်နှစ်တစ်ခါလောက် ရေဒီယိုကလေး၊ တီဗီစက်ကလေး စသည်ဖြင့် ပျောက်နေတာပဲ၊ နောက်ပြီး လူငယ် စုံတွဲတွေကလဲ ကျွန်တော့်အိမ်ကို ဝင်တဲ့လမ်းပေါ်မှာ လာလာပြီး အချစ်ပလူးကြတာ မကြာမကြာ တွေ့ရတယ်ဦးရဲ့'

'နောက်တစ်ပတ်အကုန်မှာ လင်းတောလ်မင်းအကြောင်း ရေးထားတဲ့ သူ့စာမူကို အပြီးအပ်ဖို့ ဂျက်နက်က စီစဉ်ထားတယ်၊ ဒါနဲ့ ဦးကလဲ စာမူအပ်ပွဲကို သောကြာနေ့ ညနေမှာလုပ်ဖို့ စီစဉ်လိုက်တယ်၊ ဒါမှ တနင်္ဂနွေ ထုတ် သတင်းစာမှာ သတင်းထည့်ဖို့ အချိန်မီမယ်လေ'

'လင်းတောလ်မင်း အကြောင်း ဂျက်နက် ရေးထားတဲ့ စာအုပ်ထဲကကောက်နုတ်ဖော်ပြတဲ့ အခန်းဆက်ဆောင်းပါး

အစကိုလဲ အဲဒီ တနင်္ဂနွေနေ့ကစပြီး ထည့်ဖို့စီစဉ်ထားတယ်၊ ဒါမှ သူ့စာအုပ် ဆိုင်မတင်မီ ဆောင်းပါး အတော်များ များကို တနင်္ဂနွေနေ့တိုင်း ဖော်ပြလို့ရမှာ'

'ကောင်းတာပေါ့၊ ဒါဖြင့်ရင် နောက် တစ်ပတ်ကုန်ဆို သူမြို့ထဲကို ပြန်လာလို့ ချပြီပေါ့၊ အဲဒီအချိန်မှာ ကျွန်တော် ကလဲ ဆေးရုံမှာ တာဝန်ကျနေတယ်လေ'

'မောင်ရင့်ကိုလဲ သတင်းစာရှင်းလင်းပွဲကို ဖိတ်မယ်လို့ မောင်ရင် ဂျက်နက်ရဲ့ မျက်နှာကို ပြန်ပြီးပြုပြင်ရာမှာ ဘယ် လိုကြောင့် ဒီပုံစံကို ရွေးခဲ့တယ်ဆိုတာ သတင်းထောက် တွေက မေးချင်ကြလိမ့်မယ်၊ ဒီလို လူသိများအောင် လုပ် ပေးတဲ့အတွက် မောင်ရင့်အလုပ်ကို မထိခိုက်နိုင်ဘူးလို့ ဦး ထင်ပါတယ်'

'ခုပဲ နေ့စဉ်နဲ့အမျှ လုပ်ငန်းက တိုးပွားနေပါပြီ၊ ဂျက် နက်ကို ခွဲစိတ်ပြုပြင်ပေးခွင့်ရတာကို ကျေးဇူးတင်နေရမှာပဲ၊ ဒီ မြို့နယ်တွင်းမှာရှိတဲ့ ရင်သားတွေထဲက တစ်ဝက်လောက် ဟာ တွဲကျနေပြီ ထင်ပါရဲ့ဦးရယ်'

၁၄။

အင်္ဂါနေ့မွန်းလွဲပိုင်းတွင် လမ်းထိပ်ရှိ မက်ဒေါနယ် အဆာ ပြေ မုန့်ဆိုင်တွင် နေ့လယ်စာစားပြီးပြန်လာတော့ မက်ကာ သီကို ဧည့်ခန်းထဲတွင် တွေ့ရ၏။ မက်ကာသီက သူ၏ ပျော် ရွှင်ဖွယ် နေ့ရက်များ ပုံပြင်များဖြင့် မိုက်၏ရုံးခန်း သူနာပြု ဆရာမ မစ္စဲဗင်းတားကို ဧည့်ခံနေ၏။

သူ့ဒဏ်ရာများမှ ချုပ်ရိုးများကို ဖြေရသည်မှာ မိနစ် အနည်းငယ်သာကြာ၏။ ချုပ်ရိုးဖြေသည့်အလုပ် ပြီးသော အခါ မက်ကာသီအား မိုက်က သူ့ရုံးခန်းထဲသို့ ခေါ်သွား သည်။

'ခင်ဗျာ့ကောင်မလေးရဲ့ ကိုယ်ပွားကိုအိပ်မွေ့ချတဲ့နည်းနဲ့ ဖော်ထုတ်တာ မအောင်မြင်ဘူးဆိုတဲ့အကြောင်း ခင်ဗျားကို ဂျော့စတန်းဖီး ပြောပြပြီးရောပေါ့'

မက်ကာသီက စကားစသည်။

'ဒုတိယကိုယ်ပွားက ဘာဖြစ်လို့ ပေါ်မလာရတာလဲဗျ'

'စိုးမိုးနေတဲ့ ကိုယ်ရည်ကိုယ်သွေးက ဂျက်နက် ဖြစ်နေသမျှ သူက သူ့ကိုယ်ပွားကို ဆွဲမြှုပ်ထားတာဖြစ်နိုင်တယ်၊ အဲ...အရက်နှစ်ခွက်လောက်သောက်ပြီး သူ့ရဲ့စိတ်အင်အားတွေ ပျော့ညံ့သွားတဲ့အခါ ဆိုရင်တော့ တစ်မျိုးပေါ့'

'စိုးမိုးနေတဲ့ ကိုယ်ရည်ကိုယ်သွေးက ဂျက်နက် ဖြစ်နေသမျှ ဆိုတာက ဘာအဓိပ္ပာယ်လဲဗျ'

'ဟိုနေ့က ကျွန်တော် ဒီကပြန်သွားတော့ ဆေးကျောင်းစာကြည့်တိုက်ကိုဝင်ပြီး မေ့နေတာလေးတွေ ပြန်ပေါ်လာအောင် စာအုပ်တွေ၊ ဂျာနယ်တွေဖတ်ခဲ့တယ်၊ စိတ်ပျော့တဲ့လူတွေမှာ ဒုတိယကိုယ်ပွား ပေါ်လာတယ်ဆိုတာဟာ များသောအားဖြင့် ကာယကံရှင်ဟာ သူ့အဆင့်၊ သူ့အနေအထားကို မကျေနပ်မှုကြောင့် ပေါ်ပေါက်ရတာဘဲ၊ အဲ့ဒီလို ဝေဒနာရှင်အများစုဟာ ဒုတိယကိုယ်ပွားကို ကာလအတော်ကြာအောင် ပေါ်လာခွင့်မပေးဘဲ ထားတတ်ကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သိပ်ပြာမသန့်လို့၊ ဒါမှမဟုတ် ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေကို ကြောက်လို့ပဲ။

'ဘာပဲဖြစ်ဖြစ်လေ...နံပါတ်နှစ်ကို ပေါ်လာခွင့်ပေးလိုက်တဲ့အခါ အနေအထားတွေက နံပါတ်တစ်စိုးမိုးနေတဲ့ အနေအထားထက် ပိုပြီး ပျော်စရာကောင်းနေတာ တွေ့ရတယ်၊ ဒီတော့ နံပါတ်တစ်က ဖြည်းဖြည်းချင်း နောက်ဘက်မှာ ခိုဝင်နေပြီး နံပါတ်တစ်ကို ပွဲထုတ်ပေးတာဘဲ'



'ခင်ဗျားခေါ်တဲ့အတိုင်း ခေါ်ရရင် ဝေဒနာရှင်ပေါ့ဗျာ၊ အဲဒီဝေဒနာရှင်က ဒါတွေကိုကြိုတင်တွက်ချက်ပြင်ဆင်ထားတယ်လို့ ဆိုလိုတာလား'

'လုံးဝမဟုတ်ဘူး၊ အဲဒီလိုအပြောင်းအလဲတွေဟာ အမြဲတမ်း မသိစိတ်ကနေ ဖြစ်သွားတာ'

'ဒါဆို ဂျက်နက်က သူ့ကိုယ်ပွားကို ဘာဖြစ်လို့ ပွဲထုတ်မပေးတာလဲ'

'ဂျက်နက်အမှတ်တစ်က သူ့ဦးလေးရှိနေချိန်မှာ ဂျက်နက် အမှတ်နှစ် ဖြစ်မလာချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့သဘာဝဗီဇစိတ်မှာ မြူဆွယ်နှိုးဆွတတ်တဲ့ ဗီဇစိတ်လဲ ရှိနေတယ်ဆိုတာကို သူ့ဦးလေး မသိစေချင်လို့ပဲ'

'ဒါပေမယ့်ဗျာ ဂျက်နက်အမှတ်နှစ် စိုးမိုးလှုပ်ရှားနေချိန်မှာ ရုပ်ရှင်ဖြစ်ဖြစ် ရိုက်ယူထားပြီး ဂျက်နက် အမှတ်တစ်ကို ပြန်ပြရင်ကော၊ အဲဒီနည်းမျိုးနဲ့ ရောဂါ ပျောက်အောင် ကုသပေးလို့ မရဘူးလား'

'ဖြစ်နိုင်ပါတယ်၊ ခင်ဗျား တကယ်ပဲ ရောဂါပျောက်ကင်းစေချင်တယ်ဆိုရင်ပေါ့'

'ခင်ဗျားစကားက ဘာအဓိပ္ပာယ်လဲဗျ'

'ခင်ဗျား ဒီကောင်မလေးကို လက်ထပ်ချင်တယ်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တယ်လေ၊ ကျွန်တော်တို့ လက်မထပ်ဖြစ်သေးတာက ဂျက်နက်အမှတ်နှစ် ပေါ်လာနိုင်တဲ့အခြေအနေမျိုးရှိနေသရွေ့ သူက ကျွန်တော့်ကို လက်မထပ်နိုင်ဘူးလို့ ဇွတ်တင်း

ခံနေလို့ပဲ၊ ဂျက်နက်အမှတ်နှစ် ရှိနေသမျှ ကာလပတ်လုံး ပြဿနာတွေ ရှုပ်ထွေးနိုင်တယ်၊ ကျွန်တော် အပေါ်မှာ တောင် သစ္စာမဲ့တဲ့အဖြစ်မျိုးတွေ ဖြစ်သွားနိုင်တယ်လေ'

'ဟိုတစ်နေ့က ခင်ဗျားကို ကျွန်တော် တိုက်တွန်းသလို သူတို့ နှစ်ယောက်စလုံးကို ခင်ဗျား လိုချင်ပါတယ် ဆိုတဲ့ အကြောင်း သူယုံကြည်လာအောင် ဘာဖြစ်လို့ နားမချလဲ၊ အဲဒီလိုလုပ်လိုက်ရင် ယောကျ်ားတွေအားလုံးနီးပါး လိုချင် တပ်မက်နေတဲ့ ရတောင့်ရခဲ အခွင့်အရေးကို ခင်ဗျားရမယ် ဗျာ၊ စီးပွားရေး လုပ်ငန်းအတွက် လူတိုင်းနဲ့ လိုက်လျော ညီထွေဖြစ်မယ့် မိန်းမတစ်ယောက် ရမယ်၊ ပျော်ရွှင်သုခ အတွက် လူတိုင်းနဲ့ လိုက်လျောညီထွေ မဖြစ်မယ့် မိန်းမတစ် ယောက် ရမယ်'

'ပေါက်တတ်ကရတွေ မပြောစမ်းပါနဲ့ဗျာ'

မက်ကာသီ ပခုံးတွန့်လိုက်၏။

'ကျွန်တော်ဆိုရင်တော့ အချိန်မရွေး ဂျက်နက် အမှတ် နှစ်ကိုရွေးမှာပဲ၊ သူက ဘယ်ယောကျ်ားအတွက်မဆို ရင်ဖို လှုပ်ရှားစရာ ကောင်းတယ်ဗျ'

'သူ အရှက်တကွဲ အကျိုးနည်းဖြစ်နိုင်မယ့် တခြား တစ် ယောက်အဖြစ် ပြောင်းလဲသွားနိုင်တယ်ဆိုတာကို သိနေတဲ့ နောက် ဂျက်နက်အစစ်ဟာ ဘယ်တော့မှ စိတ်ချမ်းသာမှု ရမှာမဟုတ်ဘူး၊ အဲဒါကို ခုလောက်ဆို ခင်ဗျား သဘော ပေါက်သင့်နေပါပြီ'



'သူဟာ တကယ့်လူနှစ်ယောက်ဖြစ်မနေတာဘယ်လောက် ကြေကွဲစရာကောင်းလိုက်သလဲနော်၊ ခုတော့တစ်ကိုယ်တည်း နဲ့ လူနှစ်ယောက် ဖြစ်နေရတယ်၊ တဗားနားမီလာနို့မှာ မြင်တွေ့ခဲ့ရတဲ့ ရင်ခုန်စရာသတ္တဝါမကလေးကို ချေမှုန်းပစ်ဖို့ စဉ်းစားတဲ့အခါ ကျွန်တော်လေ အသည်းကြေမတတ်ခံစား ရတယ်ဗျာ'

မက်ကာသီပြန်ရန် မတ်တတ်ထ၏။

'အဲဒီနေရာမှာတော့ သူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာ လောက်က အသက်ရှင်နေတာမဟုတ်ဘဲ ခုမှ အသက်ရှင်နေ တာ အများကြီး ကံကောင်းတယ်ဗျ'

'ဘာဖြစ်လို့'

'အဲဒီခေတ်ကဆို မျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေးရှိတဲ့ သူတွေကို စုန်းမ၊ ဒါမှမဟုတ် မကောင်းဆိုးဝါး ပူးကပ်နေ သူလို့ယူဆကြတယ်၊ အဲ....သူတို့ကို မီးရှို့ပြီး ကုစားပစ်တတ် ကြတယ်လေ'

* * *

လင်းတောလ်မင်း၏ ဇာတ်လမ်းကို စာအုပ်အဖြစ်မထုတ် ဝေမီ 'စတားနယူး'သတင်းစာတွင် အခန်းဆက် ဆောင်း ပါးအဖြစ် ထည့်သွင်းမည်ဖြစ်ကြောင်းကြေညာသည့် အခန်း

အနားကို သောကြာနေ့ညနေ ငါးနာရီတွင် 'စတားနယူး' သတင်းစာတိုက်၌ ကျင်းပသည်။ ယမကာ၊ စားသောက်ဖွယ်များဖြင့် တည်ခင်းဧည့်ခံပွဲသို့ ရုပ်မြင်သံကြားအဖွဲ့များ အပါအဝင် သတင်းလောကမှ လာရောက်သတင်းယူသူများပြားလှ၏။

ထိုပွဲတွင် မိုက်က ခပ်လျှိုလျှို ခပ်ကုပ်ကုပ် လုပ်နေသည်။ သို့သော် ဂျက်နက်က မိုက်အား သူ့အသက်သခင်၊ သူ့အလှဖန်ဆင်းရှင်အဖြစ် ဇွတ်ပွဲထုတ်သည်။ ဧည့်ခံပွဲ ပြုလုပ်နေချိန်အတွင်း ဂျက်နက်က အရက် လုံးဝမသောက်။ ဆိုဒါကိုသာ ရုံဖန်ရံခါ နည်းနည်းပါးပါး သောက်သည်။

ဂျက်နက်နှင့်ဂျော့စတန်းဖီး၏ ဖိတ်ကြားချက်အရဧည့်ခံပွဲသို့ မက်ကာသီလည်း လာသည်။ ထုံးစံအတိုင်း သူ၏ရယ်မောပျော်ရွှင်ဖွယ် ပုံပြင်များကြောင့် လူပျော်အုပ်စုကသူ့နံဘေးတွင် ဝိုင်းဝိုင်းလည်နေသည်။ ကိုဗင်ဇနီးမောင်နှံကိုဖိတ်ကြားသော်လည်း မလာရောက်နိုင်ကြောင်း တောင်းပန်စကားပြောခဲ့ကြ၏။

'ခင်ဗျားရဲ့ ခင်ပွန်းလောင်းဖြစ်လာမယ့် လူတစ်ယောက်အနေနဲ့ ခင်ဗျားရယ်၊ ခင်ဗျာ့ဦးလေးရယ်ကို ထိတ်ဆိတ်အေးချမ်းတဲ့ တစ်နေရာရာမှာ ညစာကျွေးခွင့် ပြုနိုင်မလားဟင်'

နောက်ဆုံး ဧည့်သည်ကို ဂျက်နက်က နှုတ်ဆက်ပြီးသောအခါ မိုက်က မေး၏။



'မောင်ရင်တို့ နှစ်ယောက်ပဲ သွားကြပျော်ကြပါကွယ်၊ ဦးအတွက်တော့ ဒီနေ့အဖို့ တော်လောက်ပါပြီ၊ အိပ်ခန်းလေ့ ညည်းဆီမှာရှိတယ်မဟုတ်လား ဂျက်နက်'

'ကျွန်မ လက်ကိုင်အိတ်ထဲမှာ ရှိပါတယ်၊ ဦးလေး ဂျော့စိတ်အနှောင့်အယှက် မဖြစ်တာ သေချာပါတယ်နော်၊ ဦးလေးက မိတ်ဆွေအပေါင်းအသင်းတွေရဲ့ ဖိတ်ကြားချက်ကို ငြင်းပယ်လေ့ မရှိလို့ပါ၊ အထူးသဖြင့် ဦးလေး သိပ်ခင်တဲ့ မိုက်က ဖိတ်ကြားတာကို ငြင်းနေတာတာခါတိုင်းဦးလေးနဲ့ မတူလို့ပါ'

'ညည်းတို့ ပြန်လာပြီး အိမ်ထဲဝင်ရင်သာငါ့ကိုမနှိုးစေနဲ့၊ ငါက အသေကောင်လို အိပ်တတ်တဲ့လူပါ၊ ဒါပေမယ့် အိပ်ရာက တစ်ခါ နိုးသွားရင် ပြန်အိပ်ပျော်ဖို့ မလွယ်တော့ဘူးကွယ့်'

'ကျွန်တော် သူ့ကို ဂရုတစိုက် စောင့်ရှောက်လိုက်ပါ့မယ် ဦး၊ ကဲ....ခင်ဗျား ဘယ်ကိုသွားချင်လဲ ဂျက်နက်'

'ဝံပုလွေထောင်ချောက် ပန်းဥယျာဉ်ကိုသွားရင်ကောင်းမလားဟင်၊ အဲဒီမှာ ဖျော်ဖြေတဲ့ရိုးရာဂီတ အစီအစဉ်တွေကို ချီကာဂို ရုပ်မြင်သံကြားမှာ ကြည့်ကြည့်နေရတာ၊ ကျွန်မက သိပ်သဘောကျတာရှင့်'

သို့ဖြင့် ဂျက်နက်ရွေးသည့်နေရာသို့ သွားဖြစ်ကြသည်။ ပန်းဥယျာဉ်ထဲတွင် ရိုးရာဂီတ၏ အရသာကို ခံစားကြသည်။ စားကောင်းသောက်ဖွယ်များ၏ အရသာကိုခံစားကြသည်။

'ကျွန်မတစ်သက်မှာတစ်ညနေတည်းနဲ့ဒီလောက်ပျော်ရွှင်ကြည်နူးစရာများများကို တစ်ခါမှ မခံစားဖူးဘူး'

ဆယ်နာရီခွဲလောက်တွင် မိုက်၏ ကားရပ်ထားရာသို့ ပြန်ထွက်လာရင်း ဂျက်နက်က ပြော၏။

'ခုစာမူက ရေးပြီးသွားပြီဆိုတော့ ကျွန်တော်တို့ရိပ်သာကလေးကို ပြန်သွားဦးမှာလား'

'ဝယ်စရာ ခြမ်းစရာကလေးတွေ မမှောင်ခင်ဝယ်ခြမ်းပြီးသွားရင် တနင်္လာနေ့မှာတော့ ပြန်သွားဖြစ်မယ် ထင်တယ်၊ ဦးလေးဂျော့က ကျွန်မကို ဒါရှင်တန်မှာပဲနေပြီး သတင်းဆောင်းပါးတွေ ရေးစေချင်တယ်၊ အဲဒီလိုမှရေးခင် တစ်လလောက်အနားယူလိုက်ပါဦးတဲ့၊ ဒီတော့ ကျွန်မကအနားယူတဲ့ တစ်လကို ကခြားနေရာတွေမှာထက်ရိပ်သာကလေးမှာပဲ နေချင်တယ်။

'ဒါ့အပြင် ဦးခေါင်းထိခိုက်မှုကြောင့် ကျွန်မဦးနှောက်ထဲမှာဘာရှုတ်သွက်ဖြစ်နေတာကိုကုစားနိုင်မလားလို့ရန်းဒေါက်တာသီက ကြိုးစားကြည့်ချင်သေးတယ်တဲ့၊ အဲဒါက တစ်ပတ်နှစ်ပတ်လောက်တော့ အချိန်ယူရမယ်လေ'

'သူက ခင်ဗျားကို ဘယ်လောက်ထိ ပြောပြထားလဲ'

'သူ့အခေါ်အရ ဂျက်နက် အမှတ်နှစ်ပေါ့လေ၊ အဲဒီဂျက်နက်အမှတ်နှစ်ဟာ ကျွန်မနဲ့လုံးဝမတူဘူးဆိုတာလောက်ပဲ ပြောတယ်၊ကျွန်မ နားမလည်နိုင်တာက အဲဒီတစ်ယောက်ဘယ်လိုလုပ်ပြီး သက်ဝင်လှုပ်ရှားနေနိုင်ရတာလဲ ဆိုတာပဲ၊



သူ ပေါ်ချင်တဲ့အချိန်မှာ ပေါ်လာ၊ သူလုပ်ချင်ရာလုပ်၊ အဲဒါတွေကို ကျွန်မကလဲ သတိမရတဲ့နဲ့လေ'

သူ့အသံသည် သည်ညအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် စိုးရိမ်သောအသံက စွက်လာသည်။

'သူဟာ တကယ်ပဲရှိနေသလားဟင်....မိုက်၊ ဒါမှမဟုတ် ကျွန်မပဲ ရူးနေတာလား'

'သူ တကယ်ရှိနေတာ အမှန်ပဲ၊ အဲဒါကို ကျွန်တော် ယုံတယ်၊ ဒါပေမယ့် ရှိပုံရှိနည်းကို သရုပ်ခွဲရာမှာ ကျွန်တော်နဲ့ မက်ကာသီ မတူဘူး၊ ခြားနားတယ်'

'တဗားနားမီလာနီကို သွားတဲ့ညကအကြောင်း ရီတာကိုဗင်ကို မေးကြည့်တယ်၊ သူပြောတာကတော့ ကျွန်မနည်းနည်း အမူးလွန်သွားလို့ အဲဒီလိုဖြစ်တာပါတဲ့၊ သူက ပြောတယ်လေ၊ အရက်က သူ့ကိုလဲ အဲဒီလိုဖြစ်စေတယ်တဲ့၊ သူလဲ သွေးဆူလာတတ်တယ်တဲ့လေ'

'မတူတာတော့ ရှိတာပေါ့၊ ရီတာက သွေးဆူလာတာလောက်နဲ့ မတင်းတိမ်ဘူးလေ'

'ခုလိုသာ ဂျက်နက်အမှတ်နှစ်က လုပ်ချင်ရာလုပ်သွားတာကို ကျွန်မ မမှတ်မိရင် ဂျက်နက်အမှတ်တစ်အနေနဲ့ မလုပ်ချင်တဲ့ ကိစ္စတွေကို သူမလုပ်နိုင်အောင် ဘယ်လို တားဆီးနိုင်ပါတော့မလဲ'

'ခင်ဗျားရင်ထဲမှာ အမြစ်တွယ်နေတဲ့ ခံစားချက်မျိုး၊ ယုံကြည်ချက်မျိုးနဲ့ ဆန့်ကျင်တဲ့ လုပ်ရပ်တွေကို အဲဒီတစ်ယောက် မလုပ်ဖြစ်အောင် ခင်ဗျားအစစ်က တားဆီးမှာပါ'

မိုက်က အားပေးစကားပြောသည်။ သို့သော် ဂျက်နက်က ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါသည်။ မိုက်၏ ရှင်းပြချက်ကို ကျေကျေနပ်နပ် မရှိသည့်ပုံ။

'အဲဒီလို ဖြစ်နိုင်တယ်ဆိုတာကို ကျွန်မ တိတိကျကျသိချင်လိုက်တာနော်'

ဂျက်နက် ပြော၏။ ထို့နောက် သူ့မျက်နှာ ဝင်းပလာသည်။

'ဒါပေမယ့် ရှင်ပြောတာဖြစ်နိုင်မဖြစ်နိုင်ဆိုတာ စမ်းသပ်ဖို့ နည်းတစ်နည်းတော့ရှိတယ်ရှင့်'

'ဘယ်လိုနည်းပါလိမ့်'

'လမ်းမကြီးပေါ်မှာ ယမကာဆိုင်တစ်ဆိုင်ရှိတာ ကျွန်မ သတိရတယ်'

'နာမည်ကြီး ဆိုင်တစ်ဆိုင် ရှိတယ်လေ၊ ခရမ်းရောင်ကြောင်ကလေး ဆိုတဲ့ဆိုင်ပေါ့'

'ကျွန်မတို့ အဲဒီဆိုင်မှာ ဝင်ပြီးတစ်ခွက်တစ်ဖလားသောက်လိုက်ရအောင်လေ၊ ဒီတစ်ညနေလုံး ကျွန်မကိုအရက်သောက်မလားလို့ ရှင် တစ်ခါမှ မေးဖော်မရဘူး'

'အကြောင်းတစ်ခုကြောင့်ပါ၊ ကျွန်တော်က ဂျက်နက်အမှတ်တစ်နဲ့ နေရတာကိုပဲ စိတ်ချမ်းသာတယ်လေ၊ ခီစကီသောက်လိုက်ရင် ဟိုတစ်ယောက်ကို လျှောင်အိမ်ထဲက လွှတ်ပေးလိုက်သလို ဖြစ်မှာစိုးလို့'



'ကျွန်မ ရှင်နဲ့အတူ ရှိနေသမျှ ကာလပတ်လုံး....ကျွန်မ ဂျက်နက် အမှတ်နှစ် ဖြစ်လာတဲ့ တိုင်အောင်....လုံခြုံစိတ်ချရတယ်လေ'

ယမကာဆိုင်၏ အဆင်အပြင်မှာ မီးမှိန်မှိန်၊ နူးညံ့ညင်သာသော ဂီတသံ၊ တိတ်ဆိတ်ပြီး လွတ်လပ်သောစားပွဲဝိုင်းများ ဖြစ်၏။ သူတို့ကို စားပွဲတစ်လုံးတွင် နေရာချပေးသည်။ မိုက်က ယမကာများ မှာသည်။ အခန်းပတ်လည်ကို လှည့်ပတ်ကြည့်နေသည့် ဂျက်နက်၏ မျက်လုံးများသည် အရောင်တောက်နေ၏။

'ဒီနေရာကလေးက ဒိုသာယာလိုက်တာနော်၊ လူတိုင်း လူတိုင်းက တစ်ယောက်ကို တစ်ယောက် သိပ်တယုတယ ဖြစ်နေတော့ ကိုယ်ပါ ရောပြီး စိတ်ကူးယဉ်လာတယ်'

'ခင်ဗျားအနားမှာ ကျွန်တော် ရှိနေလို့ကတော့ ကျွန်တော့်ကို စိတ်ကူးယဉ်ပါလို့ အကူးတလည်တိုက်တွန်းနေစရာ မလိုဘူးဗျ'

ဖန်ခွက်ချင်းထိခတ်ရင်း မိုက်ကပြော၏။

'ရှေးခေတ်က အက်ဖရိုဒိုက်ရဲ့ ကျောင်းတော်ကြီးဟာ ဒီလိုပဲနေမလားလို့ ကျွန်မ စဉ်းစားမိတယ်'

'စိတ်ကူးချင်းကတော့ အကြမ်းဖျင်းအားဖြင့် အတူတူပါပဲ၊ ဒါပေမယ့် နတ်ဘုရားမကို ပူဇော်ပသတဲ့ ကျင့်စဉ်တွေကတော့ နည်းနည်းပိုပြီး ခေတ်မီလာတဲ့အကြောင်း ကျွန်တော်က စဉ်းစားနေတာဗျ'

မိုက်က ပြုံးစိစိဖြင့်ပြော၏။

‘ရှင်က ကျွန်မကိုနတ်ဘုရားမတစ်ပါးဖြစ်အောင်လုပ်ပေးလိုက်ပြီ ဆိုတော့ နတ်ဘုရားမတွေ ဘာလုပ်သလဲဆိုတာသိရအောင် အဲဒီ ပူဇော်ပသနည်းတွေကိုလဲ လျှောက်ဖတ်ကြည့်ဦးမှပဲ’

‘ခင်ဗျား ဘယ်နတ်ဘုရားမရဲ့ပုံစံကိုပဲအတုခိုးခိုး....ပူဇော်ပသခွင့်ကိုတော့ တခြား ဘယ်သူ့ကိုမှမပေးဘဲ ကျွန်တော့်ကိုပဲ ပေးပါ’

ယမကာဖန်ခွက်ရှည်နှစ်လုံး ထည့်ထားသည့် လင်ပန်းကို ကိုင်လျက် စားပွဲထိုးတစ်ဦး သူတို့စားပွဲနားတွင် လာရပ်သည်။ သည်တော့မှ ဂျက်နက်၏ဖန်ခွက်ထဲတွင် အရက်ကုန်နေပြီဖြစ်ကြောင်း မိုက် သတိထားလိုက်မိ၏။

‘ချစ်စရာကောင်းပြီး အောင်မြင်ကျော်ကြားတဲ့မိန်းစ်ဘတ်အတွက် ကျွန်တော်တို့ ဆိုင်လူကြီးတွေရဲ့ဂုဏ်ပြုလက်ဆောင်ပါ’

မိုက် မကန့်ကွက်နိုင်မီ စားပွဲထိုးကပြောလိုက်၏။

‘သူ ကျွန်မစိတ်ကို သိနေတယ် ထင်ပါရဲ့၊ ကျွန်မကလဲ ကျွန်မဖို့ နောက်တစ်ခွက်မှာပေးဖို့ ရှင့်ကို ပြောတော့မလို့၊ ဒီဝီစကီက တော်တော်အရသာ ရှိတာပဲနော်’

‘ပြင်းလဲ ပြင်းတယ်’

‘ဒါလေးများ’

မိုက်တစ်ယောက် အချိန်နှောင်းစွာ သတိပြုမိလိုက်သည်မှာ ဂျက်နက်၏အသံသည်လည်းချောင်းသံအက်ကွဲကွဲဖြစ်လာခြင်း။ နောက်ပြီး မျက်လုံးတွေမှာထွန်းလင်းတောက်ပနေသည့်



အရောင်။ ဤကား ဂျက်နက်၏ကိုယ်ပွား ပေါ်ပေါက်လာခြင်း၏ သင်္ကေတလက္ခဏာ။

‘မနက်ကျရင် မောင် ခွဲစိတ်ခန်း ဝင်ရဦးမှာလားဟင်’

‘ဟင့်....အင်’

ဆုတ်ဆိုင်းဆိုင်း ပြောသည်။ တစ်ဖက်က ဘာဆက်ပြောလာတော့မည် ဆိုတာကို သိနေသည်။ ပြောလာမည့်စကားကို ကြားချင်သလား၊ မကြားချင်ဘူးလား....ကိုယ့်ဘာသာကိုယ်လည်း မသေချာ။

‘ဒါဆိုလဲ ဒီည ပျော်လိုက်ကြရအောင်လေ’

* * *

သူ့အသံ အက်ကွဲကွဲဖြစ်နေသည်ကို ဘာသာ သတိထားလိုက်မိ၏။ မူပျက်နေသည့် မိမိအသံကို အဘိုးကြီးသတိပြုမိပြီး မိမိတို့ ဖြစ်ပျက်တော့မည့်အနေအထားကိုရိပ်မိသွားလေသလားဟု မိုက် တွေးမိ၏။

‘ကျွန်တော်တို့ အရက်တစ်ခွက်စီ သောက်ပြီး ဂျက်နက်က....ဟို....’

စကား ထစ်နေသည်။ ပြီးမှ ဆက်ပြောချလိုက်သည်။

'ရေအိမ်ကိုသွားတယ်'

'သူ့ကို ခေါ်မနေနဲ့တော့လေ၊ ဦးလဲ အိပ်တော့မယ်၊ ခြေကုန်လက်ပန်း ကျလာပြီကွ'

'ဘာများဖြစ်လို့ပါလိမ့်'

နည်းနည်းပိုပြီး ပုံမှန်သည့်လေသံဖြင့် မေးလိုက်၏။

'ပင်မစက်တွေထဲက စက်တစ်လုံး ပျက်သွားလို့ဟေ့၊ ဟဲဒါ 'ပွိုင့်'သတင်းစာကို နက်ဖြန်မနက် အချိန်မီထွက်နိုင်အောင် ပြေးပြီးစီစဉ်ခဲ့ရတာ၊ ဂျက်နက်ကိုပြောလိုက်ပါကွာ၊ ဦး အိပ်ရာဝင်သွားပြီလို့'

'ဟုတ်ကဲ့....ပြောလိုက်ပါ့မယ် ဦး'

အခြား အိပ်ခန်းထဲသို့ ဂျော့စတန်းဖီး ဝင်သွားသည်။ မိုက်က အရက်စင်ကိုမှီပြီး လက်ကိုင်ပဝါဖြင့် မျက်နှာကို သုတ်သည်။ ဂျက်နက် အိပ်ခန်းထဲသို့ ဝင်မပြေးမီသတင်းစာဆရာကြီး မြင်တွေ့သွားခြင်းမရှိဟု မိုက်ထင်သည်။ မည်သို့ဖြစ်စေ အဖြစ်က လက်မတင်ကလေး ဖြစ်၏။

ဂျော့စတန်းဖီး၏အိပ်ခန်းတံခါး ပိတ်သွားသည်။တခြား အခန်းထဲမှ ရေကျသံ ကြားနေရသည်။ မိုက်က ဂျက်နက်ဝင်ရောက်ပျောက်ကွယ်သွားသည့် အိပ်ခန်းတံခါးကို ခပ်ဖွဖွ ခေါက်ကြည့်သည်။ ဖြေသံမကြားရ။ သည်တော့ တံခါးကို တွန်းဖွင့်လိုက်၏။ အိပ်ခန်းမီးတော့ လင်းနေသဲ။ဂျက်နက်သည် စောစောကဝတ်ထားသည့် ပါးပါးလွှာလွှာ ညဥ့်ဝတ်အင်္ကျီဖြင့်ပင် ခုတင်ပေါ်တွင် ကန့်လန့်ကြီး လဲလျောင်းနေသည်။ အိပ်မောကျနေမှန်းလည်း သိသာသည်။



မိုက်က အခန်းထဲသို့ ဝင်လိုက်သည်။ ဂျက်နက်အား ခုတင်ပေါ်တွင် နေသားတကျ ဖြစ်အောင် ရွှေ့တင်ပေးသည်။ ပြီးတော့ ပခုံးကိုကိုင်ပြီး လှုပ်နှိုးကြည့်သည်။ အကြောင်းမထူး။ ပခုံးနှစ်ဖက်ကို ကိုင်ပြီး ခပ်ကြမ်းကြမ်းလှုပ်နှိုးသည်။ နိုးမလာ။ သည်တော့မှ ဂျက်နက်ဘာဖြစ်သွားပြီ ဆိုသည်ကို နားလည်လိုက်၏။

မြစ်ကမ်းနဖူးပေါ်ရှိ မိုက်၏ ကွန်းရိပ်သာကလေးတွင် ဂျော့စတန်းဖီး ရှိနေစဉ်အတွင်း ရန်းဒေါမက်ကာသီသည် ဂျက်နက်အမှတ်နှစ်ကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့သည်။သို့သော် အောင်မြင်မှု မရခဲ့။ အဖြေမှာ တစ်ခုပဲရှိသည်။ဂျော့စတန်းဖီး၏ ရှေ့မှောက်တွင် ဂျက်နက်၏ကိုယ်ပွားသည် ထွက်ပေါ်လာခြင်း မရှိ။ထွက်ပေါ်လာဖို့ ငြင်းဆန်သည်။ ယခုဖြစ်ရပ်သည်လည်း သည်အတိုင်းဖြစ်မည်။

ဂျော့စတန်းဖီး အိမ်ခန်းထဲဝင်လာသည်နှင့် ဂျက်နက်အမှတ်နှစ်သည် တစ်ချိုးတည်း ပြန်ငုပ်သွားသည်။ သည်တော့ ဘာတွေဖြစ်ပျက်ခဲ့မှန်း မသိသည့် ဂျက်နက်အစစ်သည် ခုတင်ပေါ်တွင် ကန့်လန့်ဖြတ်ကြီး လဲလျောင်း အိပ်ပျော်နေနေတော့၏။ ဂျက်နက်အစစ်သည် 'ခရမ်းရောင် ကြောင်ကလေး'တွင် အရက်သောက်ကြသည်မှစပြီး ဂျော့စတန်းဖီးနှင့် ပက်ပင်း တိုးသည်အထိ ဘာဆိုဘာမျှ သတိရလိမ့်မည် မဟုတ်။

မိုက်က အဖြူရောင် ညဥ့်ဝတ်အင်္ကျီ ပါးပါးလွှာလွှာကလေးနှင့် အိပ်မောကျနေသော ချစ်စရာမိန်းကလေးကို

အကြာကြီးစိုက်ကြည့်နေ၏။ အိပ်ပျော်နေပုံမှာ ငြိမ်းချမ်းငြိမ်သက်လွန်းလှသည်။ စောစောက ကထိကဝတ်တွေ ပေးခဲ့သည့် ရင်ဖိုလှိုက်မောဖွယ် မိန်းကလေးအဖြစ် ပြန်ပြီးပြောင်းလဲလာမည့် အနေအထားမရှိ။ နောက်ဆုံးတွင် ရေအိမ်ထဲ၌ ဂျက်နက်ဖွင့်ထားခဲ့သည့် ရေပိုက်ခေါင်းကို သွားပိတ်လိုက်၏။ ပြီးတော့ ခါးကိုင်းပြီး ကောင်မလေးကိုနမ်းသည်။ ကောင်မလေး၏ နှုတ်ခမ်းများက နူးညံ့ ပျော့ပျောင်းနေသည်။ တုံ့ပြန်မှုပြန်မလာ။ သည်တော့ မိုက်ကအိပ်ခန်းထဲမှ ထွက်ခဲ့၏။ ပြီးတော့ အိမ်ခန်းထဲမှ ထွက်ခဲ့၏။ ပြီးတော့ မိမိအခန်းဆီသို့ပြန်ခဲ့၏။ သူတစ်ကိုယ်တည်းအထီးကျန်စွာ အိပ်ရမည့် ခုဘင်ရှိရာသို့ ကြေကွဲစွာ ပြန်လာခဲ့၏။

☆

၃၅။

လူနာများအား လှည့်လည် စစ်ဆေးသည့်အလုပ်မှာ ဆယ်နာရီခွဲ တွင် ပြီးသွားသည်။ သူ့တာဝန်ပြီးသည်နှင့် မိုက်ကဂျော့စတန်းဖီး၏ အိမ်ခန်းဆီသို့လာခဲ့သည်။ ခုလောက်ဆိုဂျက်နက် အိပ်ရာမှ နိုးလောက်ပြီဟုတွက်သည်။ တံခါးခေါင်းလောင်းကို နှစ်ကြိမ်တိတိ တီးရသည်။ တံခါးဖွင့်ပေးသူမှာဂျက်နက် ဆံပင်တွေ ပြေလျော့ကျနေသည်။ မျက်လုံးတွေအိပ်ချင်မူးတူးဖြင့် ရီဝေနေသည်။ ကြော့ရှင်းပြေပြစ်သောကိုယ်ခန္ဓာပေါ်တွင် ပါးလွှာသော ညဥ့်ဝတ်အင်္ကျီကို ဝတ်ထားဆဲ။

'သွားစမ်း၊ ကျွန်မခုမှ အိပ်ရာကနိုးတယ်၊ ကျွန်နောက်ထပ် မတွေ့ချင်ဘူး၊ ဘယ်တော့မှ မငေ့ဘူး'

တံခါးကိုပိတ်ဖို့ ကြိုးစားသည်။ သို့သော် မိုက်က ခြေထောက်ထိုးခံထားသည်။ ပြီးတော့ တံခါးကိုတွန်း ဖွင့်ပြီး ဂျက်နက်ကိုပွေ့ဖက်လိုက်၏။ သူ့ကိုယ်ခန္ဓာသည် ခဏတာမျှ တောင့်တောင့်ကြီးဖြစ်နေသည်။ ထို့နောက် တွန်းလှန်မှုတွေမရှိတော့။ မိုက်၏ရင်ခွင်ထဲတွင် ပျော့ခွေသွား သည်။ မိုက်၏လည်တိုင်တွင် မျက်နှာအပ်ပြီး ပခုံးများသိမ့်သိမ့်ခါအောင် ငိုသည်။ နောက်ဆုံး အားချပါးရငိုကြွေးပြီး ငြိမ်သက်သွားမှ မိုက်က သူ့မေးစေ့လေးကိုကိုင်ပြီး မျက်နှာကို ဆွဲမော့သည်။ ပြီးတော့ လက်ကိုင်ပဝါထုတ်ပြီး မျက်ရည်များကို သုတ်ပေးသည်။

'ကျွန်...ကျွန်မ နိုးလာတော့ ကျွန်မကိုယ်ပေါ်မှာ နိုင်လွန်အကျီကလေးပဲရှိတယ်၊ ကျွန်မကို ရှင်ပဲ အဝတ်အစားတွေ ချွတ်ပြီး လဲပေးတာ ဖြစ်ရမယ်၊ ညကဘာတွေဖြစ်ခဲ့သလဲ'

'ခင်ဗျားဘာသာခင်ဗျားအဝတ်အစားတွေချွတ်ပြီး လဲတာပါဗျာ၊ ပြီးတော့ ကျွန်တော့ကိုတောင် မဘာရာမကျင့်တော့မလို့၊ ခရမ်းရောင်ကြောင်ကလေးမှာ ခင်ဗျားအရက်နှစ်ခွက် သောက်တယ်၊ ဒီကိုရောက်တော့ နောက်ထပ် ခွက်ထပ်သောက်တယ်၊ ဒီတော့ ခေါင်းတွေ အရမ်းကိုက်နေမှာပေါ့'

'ရှင် အဲဒီလိုအနေအထိုင်မျိုးနဲ့ နေ့သိုင်ပြီးမှများ ကျွန်မကိုရှင်မျက်နှာချင်းဆိုင်နိုင်သေးသလားဟင်'



'အဲဒါ ခင်ဗျားမဟုတ်ဘူးလေ၊ အဲဒါက တခြား တစ်ယောက်ဗျ၊ ကဲ ခုသွားပြီးရေချိုး၊ သံပင်ဖြီးခဲ့၊ ကျွန်တော်က ရေခဲသေတ္တာထဲမှာ ဘာရှိမလဲရှာဖွေပြီး ခင်ဗျား မနက်စာ စားဖို့ပြင်ဆင်ထားမယ်၊ ခုလောလောဆယ် ခင်ဗျားအတွက် လိုအပ်နေတာက မြတ်မြတ်နိုးနိုး ယုယမှု၊ ကော်ဖီနဲ့ အစားအစာ၊ အဲဒီအစီအစဉ်အတိုင်းပဲ'

'ဒါပေမယ့်....'

'ဒါပေမယ့်တွေ မလိုချင်ဘူး၊ သွားတော့'

ဂျက်နက်က နာခံသည်။ မိုက်က စားဖိုဆောင်ထဲသို့သွားပြီး ရေခဲသေတ္တာထဲတွင် မွှေနှောက်ရှာဖွေသည်။ အသင့်ဖျော် ကော်ဖီမှုန့်ထုပ်ကိုတွေ့တော့ ရေနွေးကျို ထားလိုက်သည်။ ပြီးတော့ ဝက်သားခြောက် ခြောက်မြောင်းကိုကြော်သည်။ နံနက်စာ စားပွဲကိုအသင့်ပြင်ထားသည်။ ရေမိုးချိုးပြီး ပုံမှန်နီးပါး ဖြစ်လာသည့် ဂျက်နက်ဝင်လာသောအခါ မိုက်က ကြက်ဥကြော်နေပြီဖြစ်၏။

'ဒီလိုမှပေါ့'

မိုက်က ကော်ဖီငှဲ့ထည့်ပေးရင်း ပြော၏။

'ဇနီးမယားတိုင်း မနက်မိုးလင်းလင်းချင်း သူတို့ကိုယ်သူတို့ ပြန်မြင်ချင်တဲ့ ပုံစံမျိုး ခုမှပေါ်လာတယ်'

'ရှင် ပြောပြောနေတဲ့ အိပ်ခန်းထဲမှာ အထိန်းအကွပ်မရှိတဲ့ ဇနီးမယားဟာ ဘယ်လိုနေလဲဆိုတာကို ရှင်မနေ့ညက တွေ့ခဲ့ရပြီ မဟုတ်လား'

'သူဘယ်လိုသွင်ပြင်ရှိတယ်ဆိုတာကိုတွေ့ခဲ့ရတာပါ၊ မနှေ့ညက ခင်ဗျာ့ဦးလေးခမျာ ပုံနှိပ်စက်ကို ပြေးတော့မင်းဟာ ချစ်ဖော်တစ်ဦးအနေနဲ့ ဘယ်လိုနေလဲဆိုတာ ဖော်ထုတ်သိရမယ့်ဆဲဆဲ အချိန်မီကလေး သူမပြန်ရောက်လာတယ်လေ'

'မိုက်က ကြက်ဥကြော်နှစ်လုံးကိုဂျက်နက်၏ပန်းကန်ပြားထဲ ထည့်ပေးနေခိုက် ဂျက်နက်က စိတ်ဆင်းရဲစွာဖြင့် မေးလိုက်၏။

'အဲ့ဒီတစ်ယောက်ဟာ ဘာတွေကိုဘယ်အထိလုပ်နိုင်တယ်ဆိုတာ မနေ့ညက ရှင်မြင်ခဲ့ရပြီပဲ'

'ကျွန်တော်နဲ့လက်ထပ်လိုက်၊ အဲဒါဟာ ခင်ဗျားအတွက် အလားအလာ အကောင်းဆုံး လောင်းကြေးဖြစ်နေသေးတယ်'

'ကျွန်မ ရှင့်ကို အဲဒီလို မလုပ်ရက်ပါဘူး'

'အဲ့ဒီကိစ္စကို ကျွန်တော် ပူပန်ပါရစေ၊ အဲ့ဒီတာဝန်ကို ကျွန်တော် ယူချင်ပါတယ်၊ လိုချင်စိတ်ကို ပြင်းထန်နေပါတယ်'

'ကျွန်မကို တစ်ခုပဲဖြေ၊ ကျွန်မ အမှန်တရားကို အပြည့်အဝ သိချင်တယ်၊ မနေ့ညက ခရမ်းရောင်ကြောင်ကလေးကို သွားကြတယ်၊ အဲဒီကိုသွားတာက လွဲပြီး နောက်ထပ်ဘာမှ မမှတ်မိဘူး၊ တကယ်လို့ အဲဒီမှာ နံကျမတစ်ယောက်တည်းရှိနေပြီး ယောကျ်ားတစ်ယောက်ယောက်၊ ဒါမှမဟုတ် ယောကျ်ားတွေက ကျွန်မကို အဲ...သူ့ကိုဖိတ်ခေါ်ဖို့အလား



အလာရှိလား၊ အဲ့ဒီလူတွေနဲ့ သူ သွားမယ်လို့ ရှင်ထင်သလား'

'ကျွန်တော်....'

စကားရပ်လိုက်၏။ သည်မေးခွန်းကို မဖြေချင်။

'အမှန်အတိုင်းပြောပါ မိုက်၊ ဒါဟာ အရမ်း အရေးကြီးပါတယ်'

'အင်း....အဖြေက အဝိုး, ့ိုဖြေရမှာပဲ၊ ဒါပေမယ့် ခင်ဗျား ကျွန်တော်နဲ့ လက်ထပ်ထားရင်....'

'ကျွန်မ ရှင်နဲ့အတူ ရှိမနေခဲ့ချိန်မှာ ကျွန်မ ဘယ်ရောက်နေလဲ၊ ဒါမှမဟုတ် ကျွန်မ ဘာလုပ်နေလဲဆိုတာ ရှင် ဘယ်တော့မှ သေချာပေါက် မသိနိုင်ဘူးလေ၊ ရှင်ကလဲ ကျွန်မကို တစ်ချိန်လုံး စောင့်ကြည့် နေနိုင်မှာမှ မဟုတ်တာ၊ သူက သူ့ဘာသာသူ လုပ်ချင်ရာလျှောက်လုပ်တာရှင့်၊ ခုဆိုရင် သူ့စိတ်တန်ခိုးက ကျွန်မထက်တောင် ပိုပြီး အားကောင်းလာနေပြီ'

မိုက် မှတ်မိပါသည်။ ရန်းဒေါမက်ကာ သီကလည်း သည်မေးခွန်းအတိုင်း အတိအကျ မေးခဲ့ဖူးသည်။ သည်တော့ သူစားနေသည့် ကြက်ဥကြော်တွေသည် ရုတ်ခြည်း အနံ့အရသာ ကင်းမဲ့သွားတော့၏။

'ကျွန်မ ရိပ်သာကလေးကို ပြန်သွားမယ်၊ အဲဒီနေရာတစ်ခုပဲ ကျွန်မ သူ့ရန်က လုံခြုံ စိတ်ချရမယ်လို့ ထင်တယ်'

'အဲ့ဒီ စိတ်ကူး မဆိုးပါဘူး၊ ရန်းဒေါမက်ကာသီက သူ့ကိုမောင်းထုတ်ဖို့ ခင်ဗျားကို ကူညီနိုင်မှယ်လို့ ယုံကြည်

နေတုန်းပဲဗျ၊ ဒါထက် မနေ့ညကလေ....ခင်ဗျား၊ ဒါမှ မဟုတ် သူကပေါ့ဗျာ....သူ့နာမည်ကို သူပြောသွားတယ်ဗျ'

'ဘယ်သူတဲ့လဲ'

'လင်း....'

အံ့သြခြင်း၊ ထိတ်လန့်ခြင်း တို့ကြောင့် သူ့မျက်လုံးတွေ ရုတ်တရက် ပြူးကျယ်ဝိုင်းစက်သွားသည်။

'ဘာဖြစ်လို့သူက....ကျွန်မက ...အဲဒီလို လုပ်ရတာလဲ'

'ခင်ဗျားဟာ လင်းဟောလ်မင်းကို တိတ်တိတ် ကျိတ်ပြီး အားကျမနာလို ဖြစ်နေတယ်လို့ မက်ကာသီက ထင်တယ်'

'ပေါက်တတ်ကရ'

'သူက ဘယ်လိုနေလဲဟင်၊ ယောကျ်ားတွေ ရှိနေရင် ပြောတာ'

'အစောင့်တွေကတော့ ပြောတာပဲ၊ သူဟာ ပြိတ်တိ ညှုတုတုနဲ့ သူတို့ကို အရှုးအမူးဖြစ်အောင် လုပ်တတ်တယ်တဲ့၊ သူက ညဘက် မီးတွေမှိတ်သွားရင် အစောင့်တွေကို သူ့ အခန်းကိုလာဖို့ အမြဲဖိတ်ခေါ်တယ်တဲ့၊ ဒါပေမယ့် တချို့က တော့ သွားမှာ မဟုတ်ပါဘူး'

'အဲဒီအကြောင်းကို ခင်ဗျား စာအုပ်ထဲမှာ ထည့်ရေး ထားလား'

'အင်း....ဘာဖြစ်လို့လဲ'

'ကျွန်တော့် ထင်မြင်ချက်ကတော့ ခင်ဗျားစိတ်ရဲ့ တစ် စိတ်တစ်ပိုင်းဟာ မိန်းမသားစွမ်းအင်ကို အမြဲတမ်း စိတ်ကူး ယဉ် အားကျနေတဲ့ပုံပဲ။ ခင်ဗျားခြေရင်းမှာ ယောကျ်ားတွေ



ဝပ်စင်းခယရတဲ့အဖြစ်မျိုးလေ၊ မိန်းမငယ်လေးတွေအတော် များများဟာ ဒီလိုပဲ စိတ်ကူးပုံဖော်ကြည့်လေ့ရှိကြတယ်လေ၊ ဒီတော့ လေယာဉ်ပျက်ကျပြီး ခင်ဗျားဆီမှာ ဒုတိယ ကိုယ် ပွား ပေါ်လာတော့ အဲဒီကိုယ်ပွားဟာ လင်းရဲ့နာမည်ကို ယူလိုက်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ရဲ့ လှုပ်ရှားမှု တွေက လင်းရဲ့လှုပ်ရှားမှုအတိုင်းလုပ်နေတာကိုး၊ ရန်းဒေါ် မက်ကာသီ ယူဆတာ အဲ့ဒါပဲဖြစ်ရမယ်'

'ဒါဆို သူက ဘာဖြစ်လို့ ရန်းဒေါ်နဲ့ အတူမအိပ်သလဲ'

'မက်ကာသီ ထင်တာကတော့ ကျွန်တော့် အပေါ်မှာ ထားတဲ့ ခင်ဗျားရဲ့အချစ်က သူ့ကို အဲ့ဒီအတိုင်းအတာအထိ လွန်ကျူးအောင်မလုပ်ဖို့ တားဆီးထားတယ်တဲ့၊ ဒါပေမယ့်' စကားရပ်လိုက်၏။ ဆက်မပြောတော့။

'အဲဒီအတိုင်းဖြစ်နေပြီ'

'ဒီတော့ ကျွန်မက ဘာဆက်လုပ်ရမလဲ မိုက်'

သူ့ အသံထဲမှာ ကြည်နူးမှုနှင့် ကြံရာမရ ဖြစ်မှုများက မိုက်၏နှလုံးသားကို ဆွဲညှစ်လိုက်၏။

'တကယ်တမ်းကျတော့ သူ့ကို ကျွန်မ မထိန်းချုပ်နိုင် ဘူးဆိုတာ မနေ့ညကအဖြစ်က သက်သေပြလိုက်ပြီ မဟုတ် လား'

'မနေ့ညကတော့ ခင်ဗျားဟာ ကျွန်တော်နဲ့ အတူရှိနေ တာကိုး၊ ဒါကြောင့် ခင်ဗျား ရှေ့ဆက်တိုးချင်တာ ဖြစ်ပါ စေလို့ မျှော်လင့်ရမှာပဲ၊ ဒါပေမယ့် ကျွန်တော် ဆက်ပြီး

ပြောဦးမယ်ဗျာ....ကျွန်တော့်ကို လက်ဆပ်ပါ၊ အနာဂတ်အတွက် ပူပင်စရာတွေကို ကျွန်တော် ပူပင်ပါရစေ'

'ဒီဝန်ထုပ်ကြီးကို ရှင့်အပေါ်တင်မပေးရက်ဘူး၊ ဒီကိစ္စက ကျွန်မဘာသာ ကျွန်မ ကုစားရမယ့် ကိစ္စမျိုးပဲ'

'ဒါဆိုရင်တော့ စိတ်ပိုင်းဆိုင်ရာ ကုသမှုတစ်ခုပဲ ကျွန်တော်တို့ အားထားရတော့မှာပဲ'

'ရှင်က ကျွန်မကို စိတ်ရောဂါဆန်းသူလို့ ပြောနေတာလား၊ နောက်ထပ် လင်းဘောလ်မင်း တစ်ယောက်တောင် ဖြစ်ကောင်း ဖြစ်နိုင်တယ်လို့ ဆိုလိုတာလား'

'မဟုတ်ဘူး'

'ကျွန်မတောင်မပြောနိုင်တာကို ရှင်က ဘယ်လိုလုပ်ပြီး သေချာပေါက် ပြောနိုင်ရမှာလဲ'

'ပထမအချက်အနေနဲ့ ပြောရရင် ခင်ဗျားရဲ့ အဆိုးဆုံးအစိတ်အပိုင်း၊ သူ့ကိုယ်သူ လင်းလို့ခေါ်တဲ့ သူတောင်မှ တကယ့် လင်းအစစ်နဲ့မတူနိုင်ဘူး၊ ဒီတော့ လင်းဆိုတာထက် ဂျက်နုက်အမှတ်နှစ်လို့ ခေါ်ရတာ ပိုကောင်းပါတယ်ဗျာ၊ ဂျက်နုက်အမှတ်နှစ်ဟာ ခင်ဗျာ့ဘဝတစ်ခုလုံးကို စိုးမိုးချုပ်ကိုင်မသွားနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဂျက်နုက်အမှတ်တစ်ရဲ့ ကိုယ်ကျင့် တရားက ခိုင်မာလွန်းဘယ်၊ ဒီတော့ ဗိုးဖောက်ပြီး အဆောက်အဦးတွေပျက်စီး၊ လူတွေသေလို့ ခံစားရတဲ့ စိတ်လှုပ်ရှားမှုမျိုးကို အရယူဘတ်တဲ့ လင်းရဲ့အပြုအမူမျိုးအထိ ရောက်အောင် ခင်ဗျာ့ကိုယ်ကျင့်တရားက ခွင့်ပြုမှာ မဟုတ်ဘူး'



'အချစ်ရယ်....အနေအထားကြီးက မကောင်းပါဘူး'

နှံနက်စာ စားလက်စပန်းကန်ပြားကို တွန်းပစ်လိုက်၏။

'ကျွန်မ ကွန်းရိပ်သာကလေးကိုပဲ ပြန်မယ်၊ အဲဒီမှာ ကျွန်မ ပိုပြီးလုံခြုံစိတ်ချရတယ်'

'ကျွန်တော်က နှစ်ပတ်တိတိ ခင်ဗျားနဲ့ အတူလာမနေနိုင်ဘူး၊ ဆေးရုံမှာ အရေးပေါ်လူနာတွေအတွက် အလှည့်ကျ တာဝန်မှူး လုပ်ရမယ်ဗျ'

'ရှင်နဲ့ဝေးနေရတော့ ကျွန်မမှာ စဉ်းစားဖို့အချိန်ရပြီး အဖြေတစ်ခုရချင်ရလာမှာပေါ့၊ အဲဒီမှာဆို ကျွန်မ ဂျက်နုက်အမှတ်နှစ်နဲ့ ရန်ကင်းမယ်၊ ရန်းဒေါမက်ကာသီက ကျွန်မအပေါ် အခွင့်အရေးယူမှာမဟုတ်ဘူး၊ ရော်ဂျာကိုဗင်ကလဲ အဲဒီလိုမလုပ်မှာ သေချာပါတယ်၊ ရိတာကပြောတယ်လေ၊ ရော်ဂျာကို သီတင်းပတ်ရက်တွေမှာ မနက် အစောကြီးကပြီး ညစာစားချိန်ထိ မတွေ့ရဘူးတဲ့'

'သူက ဘာတွေလုပ်နေတာလဲ'

'ဒါရှင်တန်က အနုမြူစွမ်းအင် ကော်မီရှင်အတွက် တစ်ခုခု လုပ်ပေးနေမှာပေါ့၊ အဲဒီကော်မီရှင်မှာမရှိရင် လိန်းဂေဟာရဲ့ ကားဂိုဒေါင်ထဲမှာ တစ်ခုခုလုပ်နေတတ်တယ်တဲ့၊ သူဘာလုပ်နေတယ်ဆိုတာတော့ ရန်းဒေါ်လဲ့မသိဘူး၊ ဘာပဲဖြစ်ဖြစ်လေ.... သူ့ကိုယ်သူ လင်းလို့ပြောတဲ့ သူကတောင် ရော်ဂျာကိုတော့ မျက်စိကျမယ်မထင်ပါဘူး၊ လောလောဆယ်မှာတော့ သူ လွတ်မြောက် ပေါ်ထွက်မလာအောင် ကျွန်မ နည်းမျိုးစုံနဲ့ တားထားမှာပဲ၊ ဥပမာ အရက်လုံးဝ

မသောက်ဘူးရှင်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူက အရက်သောက်ပြီး' ပေါ်ထွက်လာရတဲ့လမ်းကို ကြိုက်ပုံရတာကိုး'

'ခင်ဗျာ့ကိုယ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ အဖြေရှာထားတဲ့ ကျွန်တော့် ကိုယ်ပိုင် ကြံဆချက်တွေ ရှိနေတယ်ဗျ၊ တကယ်လို့ ကျွန်တော့် စိတ်ထဲမှာ ထင့်နေတာကလေးသာ မှန်သွားလို့ကတော့ အဲဒီ လင်းဆိုတဲ့မိန်းမကို အပြီးအပိုင် မောင်းထုတ်နိုင်ပြီသာမှတ်'

'အမယ်လေး မိုက်ရယ်'

ရွှေသို့ခါးကိုင်းပြီး မိုက်ကို နမ်းလိုက်၏။

'ရှင်သာ အဲဒီလိုလုပ်ပေးရင်လေ.... ကျွန်မ ရှင့်ကို သေသည်အထိ ချစ်သွားပါ့မယ်'

* * *

လင်းဆိုသည့် ကိုယ်ပွားအား အပြီးအပိုင် မောင်းထုတ်မည့် အစီအစဉ်ကို ဘာမျှမစရသေးမီ မိုက်သည် မိုးပြိုမှုနှင့် ကြုံလိုက်ရပေသည်။

ဗုဒ္ဓဟူးနေ့ညပိုင်းတွင် မိုက်သည် သူ့အခန်း၌ဆေးပညာဂျာနယ်တစ်စောင်ကိုဖတ်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေ



သည်။ ညဆယ်နာရီခွဲခါနီးကလေးတွင် တယ်လီဖုန်းခေါ်သံမြည်လာသည်။ သူက အိပ်ခန်းထဲသို့ဝင်ပြီး စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

'မိုက်....'

သေးရှုးသေးတန်း ဖြစ်တော့မည့်ပုံ ပေါ်နေသည့် ဂျက်နက်၏ အသံကြောင့် မိုက်သည် မျက်လုံးကျယ်သွား၏။

'ရှင် ကျွန်မဆီကို ခုချက်ချင်း လာနိုင်မလားဟင်'

'ဖြစ်ပါတယ်'

စင်စစ် သူသည် ဆေးရုံတွင် တာဝန်ကျနေဆဲ ဖြစ်၏။ သို့သော် ဂျက်နက်၏အသံတွင် သိသာ ပေါ်လွင်နေသည့် စိုးရိမ်ထိတ်လန့်သံက အရေးကြီးသည်။ မြို့ထဲတွင် မိမိစောင့်နေရသည့်အလုပ်က သည်လောက် အရေးမကြီးဟု သူ့ကိုယ်ဆုံးဖြတ်စေလိုက်၏။

'ဘာပြဿနာပေါ်လို့လဲ'

'ကျွန်မ ခုလေးပဲ အချောင်သမား တစ်ယောက်ကို ရှင့်သေနတ်နဲ့ ပစ်လိုက်တယ်'

သူ့အသံ ပြတ်တောက်သွားသည်။ ရှိုက်သံ တစ်ချက်ကိုလည်း မိုက် ကြားလိုက်ရ၏။

'သူ....သူသေသွားပြီ'

★

၃၆။

'သေတဲ့လူက ဘယ်သူဘယ်ဝါမျှား စဉ်းစားမိလား'

ဤကား မိုက် ပထမဦးဆုံးမေးသည့် မေးခွန်းဖြစ်၏။

'ကျွန်မ မြင်ဖူးတဲ့အထဲက မဟုတ်ဘူး၊ ကျွန်မ လီဗီကြည့်နေတုန်း သူက နောက်ဖေးက သံဆန်ကာ တပ်ထားတဲ့ အခန်းသော့ကိုဖျက်ပြီး အိမ်ထဲ ဝင်လာတာ၊ သူ...သူက ကျွန်မကို မတရားကျင့်ဖို့ ကြိုးစားခဲ့တာ'

'ပစ္စတိုက ဘယ်မှာလဲ'

'ကြမ်းပြင်ပေါ်မှာ၊ သူလဲကျသွားတာတွေတာနဲ့ ကျွန်မလဲ သေနတ်ကိုပစ်ချလိုက်တယ်'

'သူသေပြီဆိုတာ သေချာရဲ့လား'

'သေမှာပဲ၊ သူ့နှဖူးမှာ အပေါက်တစ်ပေါက် ဖြစ်ပြီး ကော်ဇောပေါ်မှာ သွေးတွေကော ဦးနှောက်တွေကော



ပြန့်ကြဲနေတာရှင့်၊ ကျွန်မမှာ ရွေးစရာလမ်း မရှိတော့ဘူး မိုက်'

သူ့အသံသည် သွေးရူးသွေးတန်း ဖြစ်လာပြန်သည်။

'မှန်တင်ခုံအံဆွဲထဲက ပစ္စတိုကို ကျွန်မ ဆွဲထုတ်လိုက်တာလဲ တွေ့ရော သူက ပစ္စတိုလေးကို ဆွဲထုတ်တယ်လေ၊ အဲဒီ သေနတ်ကလေးလဲ ကြမ်းပြင်ပေါ်မှာပဲ၊ သူ့လက်ထဲက လွတ်ကျသွားတာ'

'အဲဒါကိုသွားမထိနဲ့၊ ပြီးတော့ အနေအထားတွေကိုလဲ ပြောင်းမပစ်နဲ့၊ လက်ဆေးကြွေခွက်အပေါ်ဘက်မှာ ရဲတပ်ဖွဲ့နဲ့ မီးသတ်ဌာန ဖုန်းနံပါတ်တွေ ချိတ်ထားတာ သတိရလား'

'အင်း....'

'ရဲမှူးကြီးရုံးခန်းကိုဆက်ပြီး ဖြစ်ပျက်သမျှကို ပြောပြ၊ ပြီးတော့ ကိုဗင်တို့အိမ်က ရန်းဒေါမက်ကာသီကိုလှမ်းဆက်၊ ခင်ဗျားဦးလေးနဲ့ကျွန်တော်တို့ ရောက်လာတဲ့အထိ ခင်ဗျားနဲ့ အတူလာနေပေးဖို့ သူ့ကိုပြော'

'ဟုတ်....ဟုတ်ကဲ့၊ ဒါပေမယ့် မြန်မြန်လာနော်'

'စိတ်ချောက်ချား မနေနဲ့၊ ခင်ဗျားလုပ်တာ မှန်တယ်၊ အဲဒီလူဟာ ဘယ်သူပဲဖြစ်ဖြစ်.... ဒီလူဟာ လက်နက်ကိုင်ပြီး ခင်ဗျားကို စော်ကားတာ၊ ဒီတော့ သူ့ကို ပစ်သတ်ခွင့် ခင်ဗျားမှာရှိတယ်၊ အစစအရာရာ အဆင်ပြေသွားမှာပါ'

'ကျွန်....ကျွန်မလဲထင်ပါတယ်၊ ကျွန်မ တယ်လီဖုန်းချပြီး ရဲမှူးကြီးဆီကိုဆက်ရင် ပိုကောင်းမယ်ထင်တယ်'

'အေး....ဒါမှပေါ့၊ လေးဆယ့် ငါးမိနစ် လောက်ဆို ရောက်လာမယ်လေ'

ကားပေါ်မှာ ဂျော့စတန်းဖီး ပါလာသည်။ ကွန်းခို ရိပ်သာ ခြံဝင်းထဲသို့ ကားဝင်ပြီး ရပ်လိုက်သည်။ ကားဒိုင် ခွက်ခုံပေါ်မှ နာရီကို ကြည့်လိုက်သည်။ဂျက်နက်တယ်လီဖုန်း ဆက်ပြီးနောက် မိနစ်လေးဆယ်ပဲကြာသည်။

ခြံထဲတွင်ရဲကားသုံးစီးနှင့်အတူမြို့နယ်ဒေသမှုသေခင်းဌာန မှအလောင်းသယ်ကားတစ်စီးလည်း ရပ်ထားသည်။မိုက်နှင့် စတန်းဖီးတို့ ကားထဲမှ ထွက်လိုက်တော့ ရဲဝန်ထမ်းတစ် ယောက်က အားကောင်းသော မီးမောင်းကိုဖွင့်ပြီး သူတို့ နှစ်ယောက်အပေါ်တွင် ထိုးထားလိုက်၏။

'ကျွန်တော်တို့ပါ၊ ကျွန်တော်က ဒေါက်တာကနန်း၊ သူက ဂျော့စတန်းဖီး၊ မီးစ်ဘတ်ရဲ့ ဦးလေးနဲ့ ရဲမှူးကြီး နေ့ဒ်ရှ မိတ်ဆွေပါ'

မိုက်က ရဲဝန်ထမ်းအား လှမ်းအော်ပြောသည်။

'ဝင်သွားလေ၊ လက်ထောက်အရာရှိသွန်ဘာန်က ဓာတ်ပုံ တွေရိုက်ပြီးတာနဲ့ သုသာန်ဌာနက ရဲဘော်တွေကအလောင်း ကို သယ်သွားကြတော့မှာ'

အိမ်ထဲဝင်သွားတော့ ဂျက်နက်က မိုက်ထံ ပြေးလာပြီး ဖက်၍ ငိုသည်။မိုက်က ဂျက်နက် သူ့ စိတ်သူ ထိန်းနိုင်သည် အထိ ပွေ့ဖက်ထားသည်။အခန်းပတ်လည်ကို လှည့်ကြည့်ပြီး ရန်းဒေါမက်ကာသီနှင့် ကိုဗင်တို့ကို ခေါင်းညိတ်ပြကာ နှုတ် ဆက်သည်။ ထိုအချိန်တွင် ဂျော့စတန်းဖီးက ရဲမှူးကြီးကို



နှုတ်ဆက်နေသည်။ရဲမှူးကြီးက တုတ်တုတ်ခိုင်ခိုင်နှင့်စတက် ဆန် နွားကျောင်းသား ဦးထုပ်ကြီး ဆောင်းထားသည်။ ရင်ဘတ်တွင် နယ်စီးရဲအရာရှိ တံဆိပ် တင်ထားသည်။

'ဘယ်လိုဖြစ်တာလဲ ဂျင်'

ဂျော့စတန်းဖီးက မေးသည်။

'မင်းတူမသာ ရုပ်ချောသလောက် သတ္တိ မကောင်းရင် ဒီည ဒီနေရာမှာ အချောင်သမားတစ်ယောက် သေနတ်ပစ်ခံ ရတာထက် ဆိုးရွားတဲ့ အဖြစ်မျိုးနဲ့ ကြုံရမှာ ဂျော့ရေ၊ ကံ ကောင်းချင်တော့ ဒေါက်တာကနန်းက အိပ်ခန်းထဲမှာပစ္စတို တစ်လက် ဆောင်ထားပြီး မီးစ်ဘတ်ကလည်းပစ္စတိုကို အသုံးချ တတ်ပေလို့ပေါ့'

'ဒီလူ ဘယ်သူလဲဆိုတာကော မင်းတို့သိသလား'

'ဒီဒေသမှာတော့ ဒီလူဟာ လူစိမ်းပါကွ၊ ဖြစ်နိုင်တာက တော့ အိမ်နဲ့ဆက်နေတဲ့ နိုင်ငံပိုင်သစ်တောထဲမှာ လာပြီး စတည်းချတဲ့ အခြေအနေမဲ့ တစ်ယောက် ဖြစ်နိုင်တယ်၊ ဒီ ကောင်တွေက ညဘက်ဆို လျှောက်ပြီး အလစ်ချောင်းလေ့ရှိ တယ်ကွ၊ သော့ခတ်ပိတ်ထားတဲ့အိမ်တို့၊ မိန်းမသား တစ် ယောက်တည်းရှိတဲ့ အိမ်တို့ကို ချောင်းတတ်ကြတယ်လေ'

'ဒီလူဟာ ဖြတ်သွားဖြတ်လာ အခြေအနေမဲ့လို့ မင်းက ဘာဖြစ်လို့ ပြောနိုင်ရတာလဲ'

'တောထဲမှာ အီလီနွိုက် မှတ်ပုံတင်နံပါတ်နဲ့ မော်တော် ဆိုင်ကယ်တစ်စီးတွေ့တယ်လေ၊ မနက်ကျအီလီနွိုက်အာဏာ ပိုင်တွေဆီ ဆက်သွယ်ပြီး အကူအညီ တောင်းမယ်ကွ၊

ဒီမော်တော်ဆိုင်ကယ်ကိုခိုးလာတာမဟုတ်ရင် ဒီလူဘယ်သူလဲ ဆိုတာ တို့ သိရမှာပေါ့’

‘ငါ ဒီလူကို ခဏကြည့်လို့ရမလား’

‘သိပ်ရတာပေါ့၊ ခုလောက်ဆို လက်ထောက်အရာရှိ သွန်တန် ခေတ်ုံတော့ ရိုက်ပြီးလောက်ပြီ၊ ပြီးရင်မှုခင်း ဆရာဝန် စစ်ဆေးကြည့်ဖို့ အလောင်းကို သေမှုသေခင်းဌာနကိုလွှဲပေးရမယ်’

မိုက်က ဂျက်နက်အား ညှော့ခန်းထဲတွင်ထားခဲ့ပြီး ဂျော့ စတန်းဖီးနှင့်အတူ အိပ်ခန်းထဲသို့ ဝင်ကြည့်သည်။ သေသူမှာ အသက် သုံးဆယ့်ငါးနှစ်လောက်ရှိပြီ။ မုတ်ဆိတ်မွေး ကြမ်းကြမ်းတွေ ရှိသည်။ ရွှေရောင်ဆံပင် ရှည်ရှည်ကို ကျစ်ဆံမြီး တိုးထားသည်။ အရောင်လွင့်နေပြီဖြစ်သည့် လီဗိုင်း ဂျင်းဘောင်းဘီနှင့် ကာကီရောင်ရှပ်အင်္ကျီ ဝတ်ထားသည်။ ခြေ စွပ်မပါဘဲ ညှပ်ဖိနပ်ကို စီးထားသည်။

ဘာကြောင့် သေဆုံးရသည်ဆိုသည်မှာ သိသာ ထင်ရှား ပါသည်။ သူ့နဖူးတည့်တည့်တွင်တစ်လက်မအကျယ်လောက် ရှိမည့်အပေါက်တစ်ပေါက်တွေ့ရသည်။ ခဲပျော့ ထိပ်သီးတပ် .၂၂ ကယ်လီဘာကျည်ဆန်သည် ဦးနှောက်နှင့် ဦးခေါင်းခွံကို ပွင့်ထွက်သွားစေသည်။မိုက်၏ လက်ချက်ကြောင့် လိပ်မှ တွင်းမှ ကိုယ်ခန္ဓာ ပွင့်ထွက်သွားသည့်အတိုင်း ဖြစ်၏။

‘ကျွန်တော် သူ့ကို တစ်ခါမှ မမြင်ဖူးဘူး’

မိုက်က ပြောသည်။



ဂျော့စတန်းဖီးက ကင်မရာကိုင်ထားသည့်ရဲဝန်ထမ်းတစ်ဦးနှ င့် တိုးတိုးတိတ်တိတ် စကားပြောနေသည်။ စကားဆုံးသွား တော့ ဂျော့စတန်းက ငွေစက္ကူတစ်ရွက် လက်သိပ်ထိုးပေးလိုက်သည်ကို မိုက်တွေ့ရ၏။ထို့နောက်တွင်မှဂျော့စတန်းဖီး လျှောက်လာပြီး အလောင်းကို အနီးကပ် ကြည့်သည်။

‘ဦးလဲ မမြင်ဖူးဘူး’

ပြောပြီး ရှေ့ခန်းသို့ ထွက်လာသည်။

‘ဂျက်နက်ကို ခေါ်ထားဖို့ လိုသေးလို့လား’

ရဲမှူးကြီးအား မေးသည်။

‘အမှုကတော့ ကိုယ့်ကိုကိုယ် ခုခံကာကွယ်မှု ဆိုတာ ရှင်းနေတာပဲ၊ တကယ်လို့ မင်းတို့ ဂျက်နက်ကိုခေါ်ထားဖို့ လိုတယ်ဆိုရင်လဲ သူ့ကိုအာမခံပြီးထုတ်ဖို့ ငါ့မှာ တာဝန်ရှိတယ်ကွ’

‘မှုခင်းဆရာဝန်က အလောင်းရဲ့နဖူးပေါက်ရဲ့နောက်စေ့က ပို့ပြီးကျယ်တဲ့အပေါက်ကို ကြည့်ရုံနဲ့ ကျေနပ်လောက်ပါပြီ၊ ခင်ဗျားက ဘာဖြစ်လို့ ခဲပျော့ထိပ်သီးတပ် ကျည်ဆန်တွေကို သုံးတာလဲ ဒေါက်တာကန်း’

‘လိပ်တွေကို ပစ်ဖို့ပါ၊ ဒါမှ ဒီကောင်တွေ ငါးတွေကို စားမပစ်နိုင်မှာလေ’

‘ကြည့်....ဒါကြောင့်ကိုး၊ နောက်ပြီး ဒီကောင်က စနေည အထူးထုတ်သတင်းစာ တစ်စောင်လဲ ကိုင်လာတယ်တဲ့၊ ပြီးတော့ သူ့ကိုပြတယ်လို့ မီးစ်ဘတ်က ပြောတယ်၊ ဒီတော့

ခင်ဗျာ့သေနတ်ထားတဲ့အိပ်ခန်းထဲကို ရောက်အောင်သွားနိုင်တာ အများကြီး ကံကောင်းတယ်ဗျို့'

သေမှုသေခင်းဌာနမှ ဝန်ထမ်းများက အလောင်းကို စောင်ဖြင့်အုပ်ပြီး သယ်ထုတ်သွားကြသည်။ ရဲမှူးကြီး၏အဖွဲ့သားတွေလည်း လိုက်သွားကြသည်။ ဧည့်ခန်းထဲတွင် မိုက်၊ ဂျက်နက်၊ စတန်းဖီး၊ မက်ကာသီနှင့် ကိုဗင်လင်မယားတို့ပဲ ကျန်ခဲ့သည်။

'ကဲ....ကျွန်တော်တို့လဲ သွားကြမှထင်တယ်၊ ဂျက်နက်ဖုန်းဆက်တော့ ကျွန်တော်တို့လဲ ရော်ဂျာ့မော်တော်ဘုတ်ပေါ် ခုန်တက်ပြီး ဒီကို ချက်ချင်းလို ရောက်လာကြတာပဲ'

မက်ကာသီက ပြော၏။

'မြင့်....မြင်ကွင်းကနှလုံးသွေးပျက်စရာကြီး....ကြမ်းပေါ်မှာ သွေးတွေကော ဦးနှောက်တွေကော ပြန့်ကျဲနေတာကလား၊ ကျွန်မ အရက်တစ်ခွက်လောက် သောက်မှ ဖြစ်တော့မယ်'

ရိတာကိုဗင်၏ အသံသည် ချောက်ချောက်ချားချား ဖြစ်နေ၏။ သူ့ကိုယ်သည် ယိမ်းထိုးပြီး သူ့ယောကျ်ားကိုမှီထားရ၏။

'အိမ်ကျမှ သောက်၊ လာဗျာ ရန်းဒေါ်'

ရော်ဂျာ့အသံသည် မာဆတ်နေ၏။ သူက သူ့မိန်းမ၏ လက်မောင်းကို ကိုင်ထားသည်။

'ဟုတ်ပြီ၊ အားလုံးကို နှုတ်ဆက်တယ်နော်'

စိတ်ရောဂါကုဆရာဝန်က ပြော၏။



'ကဲ....ဘယ်လိုလဲ ဂျက်နက်၊ ညည်း တို့နဲ့မြို့ထဲကိုပြန်လိုက်ခဲ့ရင် ပိုကောင်းမယ်လို့မထင်ဘူးလား'

အခြားသူတွေပြန်သွားတော့ ဂျော့စတန်းဖီးက ဂျက်နက်အား မေးသည်။

'အဲဒီအိပ်ခန်းထဲကို နောက်တစ်ခေါက် ထပ်ဝင်ဖို့ကလွဲရင် ကျွန်မ ဘယ်နေရာကိုမဆိုသွားမယ်၊ ရိတာပြောတာအမှန်ပဲ၊ သွေးတွေက....'

'အဲဒီသွေးတွေကို ခင်ဗျား နောက်ထပ် မမြင်စေရဘူး၊ တနင်္ဂနွေမနက်စောစော ကျွန်တော် ဒီကိုလာပြီးဆေးကြောသုတ်သင်ပစ်လိုက်မယ်၊ မြို့ထဲက အခန်းမှာ ညဝတ်အိပ်ဖို့ အဝတ်အစားတွေ ရှိရဲ့လား'

'ရှိတယ်၊ ကဲ....ခုချက်ချင်းပဲ သွားကြပါစို့နော်'

ဂျော့စတန်းဖီးက ဂျက်နက်အား အပြင်သို့ ခေါ်ထုတ်သွားခိုက် မိုက်က အိပ်ခန်းထဲသို့ဝင်သည်။ ဂျက်နက်၏ လက်ကိုင်အိတ်ကို ယူသည်။ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသည့်များကိုတော့ ဘာမျှမလုပ်။ သူက မီးတွေမှိတ်သည်။ အိမ်ကို သော့ခတ်သည်။ ပြီးတော့ ကားတွေရပ်ထားရာဆီသို့ လာခဲ့သည်။

'ဦးက ဂျက်နက်ကားကို မောင်းပြီး မောင်ရင်တို့နောက်က လိုက်ခဲ့မယ်၊ ဒါပေမယ့် ဦး မြို့နယ်မှူးရုံးခန်းဘက်ကို ကွေ့သွားရင် စိတ်မပူကြနဲ့နော်၊ ဓာတ်ပုံဆရာကို ဦး ဒေါ်လာငါးဆယ် လာဘ်ထိုးထားတယ်ကွယ့်၊ ခုလောက်ဆို ဂျင်နေ့ရဲ့ရုံးခန်းမှာ ကူးပြီးသားဓာတ်ပုံတွေ အသင့်ရောက်

နေလောက်ပြီ၊ ပြီးရင် သတင်းစာတိုက်ကို သွားမယ်၊ ဒီမှာ ဖြစ်ပျက်ခဲ့တာကို သတင်းရေးခိုင်းမယ်၊ အဲ့ဒီမှာ ဦး နှစ်နာရီလောက် ကြာမယ်၊ 'ပို့စ်' သတင်းစာက ခုလောက်ဆို စက်တင်နေပြီ၊ ဒီတော့ 'စတားနယူး' ထဲမှာပဲ အချိန်မီထည့်ရမှာပဲ'

'အိုး....ဦးလေးရျော့၊ ဦးလေးက ဒီသတင်းကို ထည့်မလို့လား'

'ငါက သတင်းစာသမားလေကွယ် တူမရဲ့၊ ညည်းလဲ သတင်းစာသမားပဲ မဟုတ်လား၊ ဒီသတင်း ပါလာရင် နေ့လယ်မတိုင်မီ ကြေးနန်းသတင်းတွေ ပြန့်သွားတော့မယ်၊ ဒါဆို ညည်းဟာ ကမ္ဘာတစ်ဝန်းလုံး ကျော်ကြားတဲ့ သူ့ရဲ့ ကောင်းမကလေး ဖြစ်သွားရောပေါ့'

☆

## ၃၆။

မိုက်ကယ်ကန်းက ဝါရှင်တန်သို့ အပြန်ခရီးကို ဖြည်းဖြည်း မှန်မှန်ပဲ မောင်းပြီးပြန်ခဲ့၏။ လမ်းခရီးတစ်ဝက်လောက် ကျိုးသည့်ထိ ဂျက်နက်က စကားတစ်ခွန်းမျှ မပြော။ ကားထိုင်ခုံ နောက်မှီပေါ်တွင် ခေါင်းတင်ပြီး မှေးလိုက်လာသည်။ သူ တစ်ရေးလောက် မှေးနေပါစေဟု မိုက်က ဆုတောင်းသည်။ သို့သော် ဂျက်နက်က တောက်ကာငင်ကာ စကား ထပြောသည်။ သူ့စကားကြောင့် မိုက်မှာအလန့်တကြားဖြစ်သွားသည်။

'မိုက်၊ ဒီညဖြစ်တဲ့ ကိစ္စမှာ ထူးခြားတာလေး တစ်ခုတော့ ရှိတယ်၊ အဲဒီလူ....သူ ဘယ်သူဖြစ်ဖြစ်ပေါ့လေ....အိမ်ထဲ ဝင်လာတော့ သူ့အမူအရာတွေက သူ့ကိုဖိတ်ခေါ်ထားတဲ့ ပုံမျိုးပဲ'

‘ဘာဖြစ်လို့ ခင်ဗျားက အဲဒီလိုပြောရတာလဲ’

‘သူက ကျွန်မနာမည် တပ်ပြီးခေါ်တယ်ရှင့်’

သူပြောမည့် စကားကို ရိပ်မိလိုက်၏။ ထိုသို့သိလိုက်ခြင်းက မိုက်၏ ဦးခေါင်းကို တူဖြင့် ထုလိုက်သလို ဖြစ်သွားသည်။

‘လင်းလို့ ခေါ်လိုက်တာလား’

‘ဟုတ်တယ်’

သူကမိုက်ကိုလှည့်ကြည့်သည်။ပြီးတော့မိုက်၏လက်မောင်းကို ဆတ်ခနဲ ကိုင်လိုက်သည်။ သူကိုင်လိုက်သည့် အရှိန်ကြောင့် မော်တော်ကားပင် အနည်းငယ်ကွေ့ကောက်သွားသည်။

‘ရှင်က အဲဒါကို ဘယ်လိုလုပ်ပြီးသိနေလဲ’

‘ကျွန်တော်ဖြေဖို့ မကြိုးစားခင် ခင်ဗျား ဘာတွေဖြစ်ခဲ့သလဲ ဆိုတာကို တိတိကျကျ ပြန်ပြောပြရင် ပိုကောင်းမယ်ထင်တယ်’

‘ရဲမှူးကြီးကို ပြောပြသလို ကျွန်မ တီဗီကြည့်နေတယ်၊ ဖားအော်သံတွေ၊ ကျွန်မသိပ်ချစ်တဲ့ ပိုးမွှားတိရစ္ဆာန်တွေ ညဘက်အော်သံတွေကလွဲပြီး ဘာသံမှ မကြားရဘူး၊ အဲဒီနောက် အမှတ်မထင်မော့ကြည့်မိတော့ အဲ့ဒီလူရောက်နေပြီ၊ အခန်းထဲမှာ ရပ်နေတယ်’

‘သူက ခင်ဗျားကိုသိတဲ့အမူအရာမျိုးပြသလား’

‘သိတာမဟုတ်ဘူး၊ အံ့ဩသွားတဲ့အမူအရာဆိုရင် ပိုပြီးမှန်မယ်၊ သူက ကျွန်မကို တစ်ယောက်ယောက်နဲ့တူလိမ့်မယ်-



လို့ မျှော်လင့်ထားပုံရတယ်၊သူပြောတာကိုမှတ်မိသေးတယ်၊ ‘ကလေးမရေ၊ သတင်းစာထဲမှာပါတဲ့ ဓာတ်ပုံတွေထောင် မင်းတကယ်လှသလောက် မလှပါကလားကွ’ တဲ့၊အဲဒီနောက် ကျွန်မက....

‘ရှင် ဘာလို့ချင်လို့လဲ’

လို့ မေးလိုက်တယ်။

သူက....

‘မင်းကိုလေ....မင်းတစ်ကိုယ်လုံးကိုပေါ့’ တဲ့။

‘ကျွန်မလေ....ယောကျ်ားတစ်ယောက်ရဲ့အသံမှာ အဲ့ဒီလောက် ရာဂခိုးလျှံနေတာ တစ်ခါမှမကြားဖူးဘူး၊ ဒါပေမယ့် မိန်းမဘာ့ဗီဇစိတ်အရ ချက်ချင်းသိလိုက်တယ်။ ဒီအသံမျိုးကို ဘယ်မိန်းမမဆိုသိတယ်....သူတို့ကို တစ်ဖက်လူက....’

‘မတရားကျင့်တော့မယ်ဆိုရင်’

‘မဟုတ်ဘူး၊ သူ့လေသံက အဲ့ဒီလိုလဲမဟုတ်ဘူး၊ ကျွန်မ တိတိကျကျပြောရမယ်ဆိုရင် သူက ကျွန်မကိုမျှော်လင့်ထားတာ၊သူအားတက်သရောဖြစ်နေသလို ကျွန်မကလဲအားတက်သရောနဲ့ သူ့ကိုလက်ကမ်းကြိုဆိုဖို့ မျှော်လင့်ထားတဲ့ပုံစံမျိုးရှင့်’

‘ခင်ဗျားအလှက ယောကျ်ားတွေကို ဘယ်လောက် ဒုက္ခပေးနိုင်တယ်ဆိုတာကို ခင်ဗျားက လျှော့တွက်ထားတာကိုး၊ ကျွန်တော်တို့ ‘ခရမ်းရောင်ကြောင်ကလေး’က ပြန်လာတုန်းက ကျွန်တော့်အသံကို ခင်ဗျားနားထောင်မိရင် ခုခင်ဗျား ကြားခဲ့တဲ့အသံအတိုင်း ကြားရမှာပဲ’

'မဟုတ်ဘူးမိုက်၊ သူက တိရစ္ဆာန်တစ်ကောင်လိုမာန်ဖီတာ....သူမအောင့်အည်းနိုင်တော့တဲ့ပုံမျိုး၊ ကျွန်မက ပစ္စတိုယူဖို့ အိပ်ခန်းထဲနောက်ဆုတ်သွားတော့'

'မင်းဟာ လူတစ်ဖက်သားကို တရိုရိုညွှဉ်းတတ်တဲ့မိန်းမ၊ ခု ငါ့ကိုလဲညှဉ်းဆဲမနေနဲ့၊ ခု မင်းကိုယ်မင်း ဘယ်လိုနာမည်ပဲ တပ်ထားထား၊ လင်းဟာလင်းပဲ၊ ငါ့မှာ ဒီးဘိစ္စအတွက် တစ်ညလုံး တစ်နေ့လုံး မော်တော်ဆိုင်ကယ်စီးလာခဲ့ရတာ၊ ဒီတော့ ဒီကိစ္စ....ရကိုရမှဖြစ်မယ်'

'သူက လင်းလို့ပြောတာသေချာရဲ့လား'

'သေချာတယ်၊ ဟိုညက ကျွန်မ....ကျွန်မကိုယ်ပွားက သူ့ကိုယ်သူ လင်းလို့ပြောတဲ့အကြောင်း ရှင် ပြောပြဘူးပေမယ့်....ခုသူက အဲဒီလိုခေါ်တာကို ကျွန်မနားမလည်နိုင်ဘူးဖြစ်နေတယ်၊ အဲ့ဒီလို လင်းလို့ခေါ်တာကို သူစိမ်းတစ်ရံဆန်ဘက်သက် တစ်ယောက်က ဘယ်လိုလုပ်ပြီးသိနေနိုင်မှာလဲ'

မိုက်မပြော။ သည်အကြောင်းကိုဝန်မခံချင်။ သူ့ကိုယ်သူမင် ဝန်မခံချင်။ သို့သော် သူ့စိတ်ထဲမှာတော့ စိုးရိမ်ထိတ်လန့်ဖွယ် ကိစ္စကြီးတစ်ရပ် ပုံပေါ်လာနေပြီဖြစ်၏။

'အဲဒီနောက် ဘာဆက်ဖြစ်လဲ'

'ကျွန်မက အိပ်ခန်းထဲကို နောက်ဆုတ်နောက်ဆုတ်သွားတယ်၊ သူကလိုက်လာတယ်၊ သူက ရယ်လဲရယ်နေတယ်၊ သူရယ်နေပုံက သူကြည်နူးတတ်တဲ့ကစားနည်း တစ်မျိုးကို ကျွန်မတို့နှစ်ယောက် ကစားနေတဲ့ပုံမျိုး။ ဘာဖြစ်လို့လဲဆိုတော့ နောက်ဆုံးကျ သူပဲအနိုင်ရမယ်ဆိုတာ သိနေသလိုပဲ



လေ၊ ကျွန်မ မှန်တင်ခုံကိုကျောမှီမိတော့ သူက တံခါးဝကနေ ဝင်လိုက်လာတယ်၊ ကျွန်မနဲ့ ဆယ်ပေလောက် ဝေးမှာပေါ့'

'ဟြော....မင်းက ငါ့ကို ဒီအထဲခေါ်လာတာကိုး'

လို့ သူကပြောတယ်။

သည်တော့ ကျွန်မက....

'အဲဒါ ရှင့်အထင်ကိုး'

လို့ပြောရင်း အံဆွဲထဲကသေနတ်ကိုစမ်းတယ်။ သေနတ်ကို ထုတ်ယူပြီး မောင်းထိန်းခလုတ်ကိုလဲ ဖြုတ်လိုက်ရော ကျွန်မဟာ သူထင်ထားတဲ့သူမဟုတ်ဘူးဆိုတာ သဘောပေါက်သွားပုံရပြီး သူ့ပစ္စတိုကလေးကိုဆွဲထုတ်တော့တာပဲ၊ ကျွန်မ သေနတ်မောင်းဖြုတ်လိုက်တော့ သူဟာ ကျွန်မနဲ့ ခြောက်ပေလောက်မကွာတော့ဘူး'

သူက မိုက်၏ကိုယ်ပေါ်သို့ ရုတ်တရက် ပြိုလဲကျလာသည်။

'အို၊ ဘုရား ဘုရား....အဖြစ်က သွေးပျက်ချင်စရာကြီးပဲ....သူ့နဖူးမှာ ရုတ်တရက် အပေါက်ကြီးဖြစ်သွားတာကိုမြင်ရတာ....နောက်ပြီးသေနတ်သံရဲ့ပဲ့တင်သံကိုကြားရသလို သူ့ခေါင်းထဲမှာ မပေါက်ကွဲသွားတဲ့အသံကိုကြားရတာ....'

'အဲဒီအကြောင်းကို နောက်ထပ် မစဉ်းစားနဲ့တော့'

ဂျော့စတန်းဖီး၏ အိမ်ခန်းအဆောက်အအုံ ရှေ့တွင် ကားကိုရပ်ရင်း မိုက်ကတိုက်တွန်းသည်။

'ကျွန်တော် ခင်ဗျားကိုအိပ်ဆေးတိုက်ပြီး အိပ်ရာထဲထိုပို့ပေးမယ်'

'ဦးလေးကျော့ပြန်မရောက်မချင်း ရှင်ပြန်ဖို့တော့ စိတ်မကူးလေနဲ့၊ ဒီညအဖို့ ဒီလောက်ဒုက္ခရောက်ရင် တော်လောက်ပြီ'

'ကောင်းပါပြီ၊ ကျွန်တော် ခင်မျှားကိုအိပ်ရာပေါ်တင်၊ စောင်ခြုံပေးပြီး ခင်မျှာ့လက်ကိုကိုင်ထားပါမယ်၊ဒီအိပ်ခန်းထဲကို နောက်ဆုံးရောက်ခဲ့တဲ့ အနေအထားမျိုးနဲ့တော့မတူဘူးပေါ့လေ၊ အပြောင်းအလဲကလေးတစ်မျိုးပေါ့'

ဂျက်နက်အတွက်အစားလဲနေခိုက် မိုက်က အရက်စင်မှ ဘာဘွန်တစ်ခွက်ကို ခပ်ပြင်းပြင်းစပ်ပြီး သောက်သည်။ ပြီးတော့ ထိုင်ပြီးစဉ်းစားနေသည်။ သူဘယ်နေရာကစစ၊ ဘယ်လိုပဲတွေးတွေး ဝါရှင်တန်သို့အလာလမ်းတွင် ဂျက်နက် ပြောပြသည့်ဖြစ်စဉ်များကို စီကာစဉ်ကာ တွေးကြည့်လိုက်လျှင် အဖြေကတစ်ခုပဲထွက်နေသည်။ တစ်မျိုးတည်းပဲထွက်နေသည်။ သည်အဖြေကိုသူလက်မခံချင်၊ သို့သော် အခြားအဖြေကိုစဉ်းစားလို့မရ။ သည်အဖြေသည် မည်မျှပင် အံ့ဩတုန်လှုပ်ဖွယ် ကောင်းနေသည်ဖြစ်ပါစေပေါ့။

'ရှင်ဝင်လာနိုင်ပြီ၊ ကျွန်မ အိပ်ရာထဲရောက်နေပြီ'

ဂျက်နက်လှမ်းခေါ်သည်။

အိပ်ခန်းထဲသို့ သူဝင်သွားတော့ ဂျက်နက် အိပ်ရာထဲမှာ။ ညဉ့်ဝတ်အင်္ကျီနှင့် ဘောင်းဘီဝတ်ထားသည်။ ခုတင်ခြေရင်းတွင် ပေါ့ပေါ့ပါးပါး စောင်နုံတစ်ထည်ရှိသည်။ မိုက်က အိပ်ရာဝင်ခါနီး အနမ်းကိုနမ်းသည်။ အိပ်ချင်စိတ် လွှမ်းနေပြီဖြစ်သည့် သူ့နှုတ်ခမ်းများ နူးညံ့ပျော့ပျောင်းနေ၏။



'ရှင်ပေးတဲ့ အိပ်ဆေးက အတော် ပြင်းဘယ်နော်၊ ဒီဆေးက လေထဲမှာလွင့်မျောနေသလို ခံစားရတယ်'

'ဒါဆိုလဲ အိပ်မက်ကမ္ဘာကိုရောက်အောင် လွင့်မျောသွားပေတော့၊ ခင်မျှာ့ဦးလေး ပြန်ရောက်ချိန်ထိ ကျွန်တော် ဒီမှာ နေပေးမယ်'

ကုလားထိုင်တစ်လုံးကို ခုတင်နားသို့ ဆွဲယူလာ၍ မပြီးမီမှာပင် ဂျက်နက် အိပ်ပျော်မတတ် ဖြစ်နေပြီ။

'နက်ဖြန်ကျရင် ဖုန်းဆက်မယ် မဟုတ်လား'

ဟု အိပ်ချင်မူးတူးမေးသည်။

'ဒီကိစ္စတွေအားလုံး ကျွန်မစိတ်ထဲမှာ ရှင်းသွားအောင် လုပ်ဖို့ အကူအညီလိုတယ်လေ'

'ဆယ့်တစ်နာရီလောက် ဆက်မယ်၊ တကယ်လို့ သတင်းထောက်တွေနဲ့ ရုပ်မြင်သံကြားသမားတွေ ရောက်မလာရင် ကျွန်တော်တို့ နေ့လယ်စာကို ခပ်သုတ်သုတ် အတူစားနိုင်တယ်၊ ခင်မျှားကတော့ မျက်နှာဖုံး သတင်းရှင် ထပ်ဖြစ်ဦးတော့မှာပဲ'

'ကျွန်မက လူမှုရေး စာမျက်နှာမှာပဲ ပါချင်ပါတယ်၊ ကျွန်မတို့ရဲ့ လက်ထပ်မင်္ဂလာသတင်းကို ကြေငြာရင်လေ'

ပြီးတော့ အိပ်ပျော်ခြင်းကမ္ဘာသို့ တဖြည်းဖြည်းချင်း ရောပါသွားလေသည်။

ကျော့စတန်းဗီးသည် သုံးနာရီထိုးပြီးစကလေးတွင် ပြန်ရောက်လာ၏။ အလွန်တရာ ပင်ပန်း နွမ်းနယ်လာပုံလည်း

ရ၏။ သူက လှုပ်ကုလားထိုင်တစ်လုံးတွင် ဝင်မထိုင်မီ အရက်တစ်ခွက်စပ်၏။

'ဘာတွေများ နောက်ထပ် သိခဲ့ရသေးလဲ'

မိုက်ကမေး၏။ သတင်းစာဆရာကြီး ခေါင်းခါပြသည်။

'ဦးကို ဓာတ်ပုံတွေပေးလိုက်တဲ့ လက်ထောက် အရာရှိကတော့ မနက်ကျမှ သေတဲ့လူ ဘယ်သူဆိုတာဖော်ထုတ်မယ်လို့ ရဲမှူးကြီးက ပြောတယ်တဲ့'

'မော်တော်ဆိုင်ကယ် နံပါတ်ကို စုံစမ်းပြီးတော့လား'

'မော်တော်ဆိုင်ကယ်ကို ခိုးလာတာ မဟုတ်ရင်ပေါ့လေ၊ ရဲမှူးကြီးက ဓာတ်ပုံတွေကိုလဲ သတင်းစာမှာ ထည့်ခွင့်ပြုလိုက်တယ်၊ သတင်းစာဖတ်မိတဲ့ တစ်ယောက်ယောက်က သေတဲ့လူကို မှတ်မိမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ပေါ့လေ၊ နောက်ပြီး လက်ဗွေပုံစံတွေကိုလဲ အက်ဖ်ဘီအိုင်ကို ပို့ပေးမယ်၊ ဒီလူဟာ ရာဇဝတ်မှုမှတ်တမ်းဝင်ဖြစ်ရင် ဒါမှမဟုတ် လက်နက်ကိုင် အဖွဲ့အစည်းတစ်ဖွဲ့ဖွဲ့မှာ တာဝန်ထမ်းဖူးရင်၊ ဒါမှမဟုတ် အစိုးရအမှုထမ်း ဖြစ်ခဲ့ဖူးရင် ဒီလူ ဘယ်သူဆိုတာကို ကွန်ပျူတာက မိနစ်ပိုင်း အတွင်း ဖော်ထုတ်ပေးလိမ့်မယ်၊ ဂျက်နက်က ဦးလေးတို့ မသိသေးတာ ဘာများပြောသေးလဲ'

မိုက်က ဂျက်နက်ပြောပြသည့်အကြောင်းတွေကို ပြန်ပြောပြဖို့ ခဏတစ်ဖြုတ်မျှ စဉ်းစားလိုက်သေး၏။ သို့သော် သူ့စိတ်ကူးကို စွန့်လွှတ်လိုက်၏။



ကျော့စတန်းဖီးက တာဝန်ကျေလွန်းသော သတင်းစာသမားကြီး မဟုတ်လား၊ သည်အကြောင်းတွေ သိရလျှင် သတင်းစာထဲ ဖော်ပြချင်နေဦးမည်။

'အရေးကြီးတာ ဘာမှမပြောပါဘူး၊ ကျွန်တော်သူ့ကို အိပ်ဆေးပြင်းပြင်း တိုက်ထားတယ်၊ ဒီတော့ နက်ဖြန် နေ့လယ်လောက်ထိ သူ အိပ်ပျော်နေလိမ့်မယ်'

မိုက်က အိပ်မောကျနေသည့် ဝါရှင်တန်ကို ဖြတ်မောင်းပြီး သူ့အခန်းသို့ ပြန်ခဲ့၏။ သူသည် ခုထိအတွေးရှုပ်နေဆဲ။ ဂျက်နက် ပြောသည့်အတိုင်း ဆိုလျှင် ဖောက်ထွင်းဝင်ရောက်သူသည် တစ်စုံတစ်ယောက်က သူ့အား စောင့်ကြိုမျှော်လင့်နေမည်ဟု ထင်ထားသည်ဆို၏။ သည်အချက်က နည်းနည်းဆန်းနေသည်။ သည်အချက်ကို သူအဖြေရှာလို့ မရ။

သို့သော် နံနက်ပိုင်း ဆေးရုံတွင် လူနာများအား လှည့်လည် စစ်ဆေးကြည့်ရှုပြီး ရုံးခန်းသို့ ကားမောင်းလာမှ အကြံတစ်ခုရသည်။ အဖြေကို ဖော်ထုတ်ဖို့ နည်းလမ်း တစ်လမ်းတော့ရှိသည်။ သည်နည်းလမ်းအတိုင်း အဖြေရှာကြည့်ရမည်။

ရုံးခန်းသို့ရောက်တော့ မိုက်က တယ်လီဖုန်းကုမ္ပဏီရုံးခန်းသို့ လှမ်းဆက်သည်။ အသံချိုချိုနှင့် မိန်းမတစ်ယောက်က ဖြေသည်။ သည် အမျိုးသမီးက မိုက်၏ ကွန်းခိုရိပ်သာ တယ်လီဖုန်းစာရင်းကို ကိုင်သူ။

'ခုပြောနေတာ ဒေါက်တာ မိုက်ကယ်ကန်းပါ၊ တစ်စုံတစ်ယောက်ဟာ ဗိုတိုပက်မြစ်ကမ်းနဖူးမှာရှိတဲ့ ကျွန်တော်

အိမ်ကနေပြီး တရားတဝင် ဖုန်းဆက်တယ်လို့ ကျွန်တော
ထင်တယ်၊ ဒီလအတွင်း ခုချိန်အထိ ဝါရှင်တန် မြို့နယ်
အပြင်ဘက်ကိုဆက်တဲ့ အဝေးပြေး တယ်လီဖုန်းဆက်သွယ်
တစ်ခုဘာလေ ရှိနေမလားဆိုတာ ကြည့်ပေးနိုင်မလားဗျာ

'ရပါတယ် ဒေါက်တာ၊ ရှင့်ဖုန်းနံပါတ်ဘို ပြောပါ

'ခုနစ်....ခုနစ်....လေး၊ နှစ်...ခုနစ်....သုည....ဘစ်'

အမျိုးသမီးက ခဏကလေးပဲ အချိန်ယူသည်။ ထို့နောက်
သူ့အသံ ပေါ်လာသည်။

'ထနင်္လာနေ့က တစ်ခါခေါ်ထားပါတယ် ဒေါက်တာ
ကန်း၊ ညရှစ်နာရီ နောက်ပိုင်းမှာ တိုက်ရိုက် အဝေးပြေး
လိုင်းကနေ ဆက်တာပါ၊ ချီကာဂို ၅၅၅-၇၆၇၇ ကိုပါ
စကားပြောချိန် ဆယ်မိနစ်ကြာပြီး ကျသင့်ငွေက ၃.၆
ဒေါ်လာပါ'

'ကျေးဇူးတင်ပါတယ်ဗျာ'

တယ်လီဖုန်းကို ပြန်ချပြီး ကြောင်ခေးစွာ အကြာကြ
စိုက်ကြည့်နေမိ၏။ ပြီးမှ... မက်ဆရိုပိုလီဘန် ဝါရှင်တ
တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ကောက်ယူသည်။

အက်ဖ်ဘီအိုင်ဌာနချုပ်ဖုန်းနံပါတ်ကိုရှာသည်။ အက်ဖ်
အိုင် ဌာနချုပ်သို့ဆက်တယ်။ သူက သူ့နာမည်ကိုပြောပြ
စုံထောက် စတက်ဖို့နှင့် စကားပြောလိုကြောင်း ပြောလို
သည်။

'ဒေါက်တာကန်း၊ ကျွန်တော် ခုလေးပဲ မနေ့ည
အဖြစ်အပျက်နဲ့ပတ်သက်တဲ့ ရဲမှူးကြီးနေ့ဘ်ရဲ့ အစီရင်ခံစာ



ဖတ်နေတာ၊ အစီရင်ခံစာနဲ့အတူ သေသူရဲ့ လက်ဗွေရာကိုလဲ
ခဖော်ထုတ်ပေးဖို့ မေတ္တာရပ်ခံထားတယ်လေ၊ မီးစ်ဘတ်တစ်
ယောက် နောက်ထပ်ရင်နာစရာဖြစ်ရပ်တစ်ခုနဲ့ ကြုံရတာစိတ်
မကောင်းပါဘူးဗျာ'

'ကျွန်တော် ခုဆက်နေတာလဲ ဒီကိစ္စအတွက်ပါ၊ ကျွန်
တော် ခင်ဗျားဆီက အကူအညီတစ်ခု တောင်းချင်လို့'

'ရပါတယ်၊ ကျွန်တော် လုပ်ပေးနိုင်တာ ဆိုရင်ပေါ့'

'ပထမအချက်၊ ပိုတိုမက် မြစ်ကမ်းနဖူးပေါ်က ကျွန်
တော့်အိမ်ကနေပြီး တနင်္လာနေ့က တရားမဝင်တယ်လီဖုန်း
ဆက်မှုတစ်ခုဖြစ်ခဲ့တယ်၊ ကျွန်တော့်နံပါတ် ၇၇၄-၂၇၀၁
ကနေ ချီကာဂိုကို ၅၅၅-၇၆၇၇ ကို ဆက်တာ၊ ကျွန်
တော် သိချင်တာက အဲဒီအိမ်ဟာ ဘယ်မှာရှိလဲ၊ ဘယ်သူ့
နာမည် စာရင်းသွင်းထားလဲဆိုတာပဲ'

'အဲဒါက လွယ်ပါတယ်၊ တယ်လီဖုန်းဆက်တာက မီးစ်
ဘတ်လား'

'ဖြစ်နိုင်တယ်၊ သေချာပေါက်တော့ မပြောနိုင်ဘူး'

'ဒီမနက်ပဲ စုံစမ်းလိုက်မယ်၊ ဒါပေမယ့် ခင်ဗျားကိုကူညီ
တဲ့ အနေနဲ့ တရားမဝင်ကူညီမှာနော်'

'နောက်တစ်ချက်ရှိသေးတယ်၊ ဝါရှင်တန်မှာ ဗဟို ကွန်
ပျူတာဌာန ရှိတယ်၊ အဲဒီမှာ အစိုးရဌာနထမ်း ဖြစ်ဖူးသူ
တွေ၊ ဒါမှမဟုတ် လက်နက်ကိုင်တပ်ဖွဲ့တွေမှာ လုပ်ဖူးသူ
တွေရဲ့ ကိုယ်ရေးရာဇဝင်အပြည့်အစုံ မှတ်တမ်းတင်ထားတယ်
ဆိုတာ အမှန်ပဲလား'

'အဲဒါက လျှို့ဝှက်သတင်းပဲ ဒေါက်တာ၊ အဲဒီလို ကွန်မြူတာ ဌာနချုပ်ရှိနေတဲ့တိုင် ကျွန်တော့်အနေနဲ့ ဖော်ထုတ်ပေးလို့ မရနိုင်ဘူး'

'မီးစ်ဘတ်၊ လင်းတောလ်မင်း၊ မနေ့ညက ပစ်အသတ်ခံရတဲ့လူ၊ နောက်ပြီး တခြားလူသုံးယောက်နဲ့ မပတ်သက်တာဆိုရင် ခင်ဗျား ကျွန်တော့ကို ဘာမှ ပြောပြစရာ မလိုဘူးဗျာ'

'အဲ့ဒါတော့ ငါသိပ်မလွယ်လှဘူး၊ သူတို့ကဘယ်သူတွေလဲ'

စတက်ဖို့၏အသံသည် ခုတော့ အလုပ်သဘော ဆန်လာသည်။

'အနုမြူစွမ်းအင် ကော်မီရှင်က အမှုထမ်းတစ်ယောက်၊ နာမည်က ရော်ဂျာကိုဗင်၊ သူ့မိန်းမ ရိတာ၊ ရိတာက အုတ်ရစ်ချ်မှာ လက်ရေးတိုလက်နှိပ်စက် စာရေးမ လုပ်ဖူးတယ်၊ နောက်တစ်ယောက်က ဒီမှာရှိတဲ့ ဆေးတက္ကသိုလ်၊ စိတ်ပညာနဲ့ စိတ်နယ်လွန်ပညာဌာနက ပါမောက္ခ ရန်းဒေါမက်ကာသီ၊ သူတို့အကြောင်းကို ခင်ဗျား ဘာတွေပဲ ဖော်ထုတ်နိုင် ဖော်ထုတ်နိုင်ဘာ၊ ကျွန်တော်က တောလ်မင်းရဲ့အမှု၊ ဒါမှမဟုတ်မနေ့ညက မီးစ်ဘတ် ပစ်သတ်လိုက်တဲ့လူနဲ့ ပတ်သက်တာပဲ သိချင်တယ်'

'မနေ့ညက အမှုနဲ့ပတ်သက်လို့တော့ ရဲမှူးကြီး နောကလက်ဗွေရာတွေကို ဖော်ထုတ်ပေးဖို့ မေတ္တာရပ်ခံထားတာကလွဲပြီး ကျွန်တော်တို့နဲ့ တရားဝင် ပတ်သက်မှုမရှိသေးဘူးဗျာ'



'ကျွန်တော့်မှန်းဆချက်သာ မမှားဘူးဆိုရင် သေတဲ့လူဘယ်သူလဲဆိုတာ ဖော်ထုတ်လိုက်နိုင်တာနဲ့ အဲ့ဒီအမှုဟာ ခင်ဗျားတို့ဆီ ရောက်လာလိမ့်မယ်ဗျ'

တစ်ဖက်မှ ခဏတာ တိတ်ဆိတ်နေသည်။ ထို့နောက် အက်ဖ်ဘီအိုင် စုံထောက်၏ ခပ်ဆတ်ဆတ်အသံပေါ် ထွက်လာသည်။

အဲဒီလိုဖြစ်နေရင်တော့ ခင်ဗျားနဲ့ကျွန်တော် စကားနည်းနည်း ထပ်ပြောကြရလိမ့်မယ်ဒေါက်တာ၊ ဒါပေမယ့်နှစ်ကိုယ်ကြား ပြောမှာနော်၊ ခင်ဗျားရဲ့ မေတ္တာရပ်ခံချက်တွေတစ်သီကြီးကို ကျွန်တော်စုံစမ်း....'

'အဲဒါတွေကို အလျင်အမြန် လုပ်ပေးပါဗျာ၊ မီးစ်ဘတ်ရဲ့ အသက်၊ ဒါမှမဟုတ် သူ့ရဲ့ရူးသွပ်ခြင်းဟာ အဲဒီအဖြေပေါ်မှာ တည်နေပါတယ်'

၃၇။

မွန်းတည့်ချိန်မတိုင်မီကလေးတွင် မိက်၏ရုံးခန်း သူနာပြု ဆရာမက စတားနယူး သဘင်းစာတစ်စောင်ကို ယူလာပေး သည်။

'မစ္စတာ စတန်းဖီးက ဒီသတင်းစာကို အထူးဆက်သား နဲ့ ပို့ခိုင်းလိုက်ပါတယ်။ ကြည့်ရတာ မနေ့ညက ဆရာတော် ဗျာများသွားပုံရတာဘ်နော်'

သဘင်းစာထဲတွင် မနေ့ညက ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှု အကြောင်းကို သေဆုံးသူ၊ ဘီကီနီဝတ်စုံ ဝတ်ထားသည့် ဂျက်နက်၊ မိုက်တို့၏ ဓာတ်ပုံများဖြင့် ဖော်ပြထားသည်။ ဂျော့စတန်းဖီးက သည်းထိတ်ရင်ဖိုဖြစ်အောင် ရေးသား ခြင်းကို ရှောင်ရှားကာ အဖြစ်မှန်အတိုင်း တဲ့ထိုးတင်ပြ ထားသည်။ အချောင်သမားနှင့် မုဒိမ်းသမား ဖြစ်နိုင်သ



တစ်ဦးကို ရဲဝံ့ပြောင်မြောက်သော မိန်းမငယ်လေးတစ်ဦး က ကြောက်ရွံ့ခြင်းမရှိဘဲသေနတ်ဖြင့်ခုခံပစ်သတ်ခဲ့ကြောင်း ယခုအခါ အိမ်နှင့်ယာနှင့် ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်လို သည့် မြို့သူမြို့သားများမှာ စည်းမဲ့ကမ်းမဲ့ အခြေအနေမဲ့ များ၏ ခြိမ်းခြောက်မှုကို ခံနေရကြောင်း ဖော်ပြထားလေ သည်။

ဆယ်နှစ်နာရီထိုးပြီးခါစတွင် တယ်လီဖုန်းခေါ်သံ မြည် လာသည်။ ဆက်သူမှာ စုံထောက်စတက်ဖို။

'ခင်ဗျားကတော့ ကြိုတင်တွက်ချက်တဲ့နေရာမှာ အရမ်း တော်နေပြီဗျို့၊ မနေ့ညက မီးစ်ဘတ် ပစ်သတ်လိုက်တဲ့ အချောင်သမားဟာ ဘယ်သူဖြစ်နေသလဲဆိုတော့ အာမန် ဒက်စကော့....'

'လင်းတောလ်မင်းကိုသတ်ဖို့ လေယာဉ်ထဲမှာဗုံးထောင် ပေးလိုက်တယ်လို့ ခင်ဗျားတို့ သံသယရှိနေတဲ့လူလား'

'ဒီလူဟာ အက်ဖ်ဘီအိုင်က အလိုရှိနေတဲ့ ထိပ်တန်းလူ ဆိုး ဆယ်ဦးစာရင်းဝင်ပေါ့၊ သူကျူးလွန်ခဲ့တဲ့အမှုတွေက ဗုံးဖောက်ခွဲမှု၊ မီးရှို့မှု၊ မုဒိမ်းမှု၊ ကားကြီး ကားကောင်း တွေခိုးမှု၊ အို....စုံလို့ပဲ၊ ဖြစ်ချင်တော့ သူစီးလာတဲ့ မော် တော် ဆိုင်ကယ်ကလဲ ချီကာဂိုနဲ့ားက မြို့ကလေးတစ်မြို့က ခိုးလာတာ နှစ်ရက်ရှိသွားပြီ၊ဒက်စကော့ဟာ လင်းတောလ် မင်းနဲ့ လုပ်ဖော်ကိုင်ဖက်၊ လင်းတောလ်မင်းရဲ့ ချစ်ဖော်လို့ လဲ လူသိများတယ်၊ ပြီးတော့ ဒီလူကသူတို့ရဲ့ အယူသည်း ဂိုဏ်းမှာ တန်ခိုးကြီးတဲ့ ဘိုးတော်ထစ်ဦးဗျ'

မိုက်က ယခုကြားနေရသည့်သတင်းအတိုင်း အတိအကျ
ကြားရလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။သို့သော် ယခုတကယ်
တုမ်းကြားရသောအခါ စိတ်ဓာတ်ကျသွားမိ၏။

'တယ်လီဖုန်းဆက်တာနဲ့ ပတ်သက်လို့ကကော....'

'ဘယ်တယ်လီဖုန်းနဲ့ ဘယ်လိပ်စာကို ဆက်တယ်ဆိုတာပဲ
သိရတယ်၊ ဆက်တဲ့သူက ဘယ်သူ့ကိုပြောတယ်ဆိုတာတော့
မသိရဘူး၊ ဒါပေမယ့် တိုက်ရိုက်လိုင်းနဲ့ဆက်တာ ဆိုတော့
ဆက်သူဟာ တယ်လီဖုန်းနံပါတ်ကို သိနေရမယ်၊ ဒါ့အပြင်
ဆက်တဲ့ မိန်းကလေးက....'

'ဟော့လူ....ခင်ဗျား ကောက်ချက်ဆွဲတာ မမြန်လွန်းဘူး
လား'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က ဆက်ပြော
မလို့ပါ၊ဖုန်းဆက်သူက ဒက်စကော့ကို ခင်ဗျာ့အိမ်ကလေးဆီ
လာခဲ့ဖို့ ဖိတ်ခေါ်တာကတော့ သေချာသလောက်ပဲဗျ၊အဲ့ဒီ
သက်သေ အထောက်အထားကတော့ ဘယ်ရှုဖောင့်က
ကြည့်ကြည့် သိပ်မနိမ့်ဘူးပေါ့ ဒေါက်တာ၊ ကျွန်တော်
မေတ္တာရပ်ခံချက်ကြောင့် ချီကာဂို အက်ဖ်ဘီအိုင်အဖွဲ့က အဲဒီ
ဖုန်းတပ်ထားတဲ့လိပ်စာကို ဒီမနက်အစောကြီးဝင်စီးခဲ့တယ်
အဲဒီလိပ်စာမှာ အသုံးမပြုတော့တဲ့ ကုန်လှောင်ရုံကြီးပဲ
တယ်၊ ပြီးတော့ ဂိုဏ်းသားတစ်ယောက်ကို ဖမ်းမိတယ်၊အဲ
ကုန်လှောင်ရုံကြီးဟာ ဒက်စကော့နဲ့ တခြား အကြမ်းဖက်



သမားတစ်စုရဲ့ ဌာနချုပ်ပဲ၊သူတို့တွေအားလုံး လင်းတောလ်
မင်းနဲ့ အဆက်အစပ်ရှိသူတွေချည်းပဲ'

'ခင်ဗျားပြောတော့ ဂိုဏ်းသားတစ်ယောက်ကို မိတယ်
ဆို'

'ထောင်ထွက် ဆေးသမား ဒုစရိုက်ကောင် အသေးစား
တစ်ယောက်ပါ၊ နာမည်ကတော့ ဖရယ်လင်းဟော့ဆန်တဲ့၊
ဒါပေမယ့်ဒီကောင်ကအရက်မူးနေတဲ့သာသိကာတစ်ကောင်
လို ထွက်ဆိုချက် ပေးနေတဲ့ကောင်ဗျ၊ ဒါမှမဟုတ် ဒီမနက်
အစောကြီး ဝါရှင်တန်နယ်မြေက တစ်ယောက်ယောက်က
ဖုန်းနဲ့အကြောင်းကြားတယ်၊ ပြီးတော့ ပထမတစ်ကြိမ် ဖုန်း
ဆက်တာကို ခြေရာခံပြီး သိမသွားမီ လူစုခွဲကြဖို့လဲ သတိပေး
သွားတယ်၊မနေ့ညကဖုန်းဆက်အကြောင်းကြားချက်ကသိပ်
အပူတပြင်းနိုင်တော့ သူတို့က ကမန်းကတန်း လူစုခွဲသွားကြ
တာ ပူပူနွေးနွေးဖြစ်နေတဲ့ဆေးတွေတောင် ယူမသွားနိုင်ကြ
ဘူး'

'ကောင်းလိုက်တဲ့ ဆောင်ရွက်ချက်ဗျာ'

'ဒါပေမယ့် ကောင်းသင့်သလောက် မကောင်းဘူး
ဒေါက်တာ၊ မနေ့ညက ခင်ဗျာ့ အိမ်ကလေးမှာ ခင်ဗျားရှိ
နေတော့ ရဲမှူးကြီးနေဘ့်နဲ့ သူ့ရဲဘော်တွေအပြင် တခြား
ဘယ်သူတွေများ ရှိနေလဲ၊ မှတ်မိလား'

'ဂျက်နက်က လှမ်းဆက်ဆက်ချင်း မော်တော်ဘုတ်နဲ့
ရောက်လာတဲ့ ဒေါက်တာ မက်ကာသီရယ်၊ ကိုဗင်တို့ လင်

မယားရယ်ရှိတယ်၊ ကျွန်တော်နဲ့စတန်းဖီး ရောက်သွားတော့ သေမှုသေခင်း ဌာနက ဝန်ထမ်းနှစ်ယောက်လဲ ရှိနေတယ်

'ခဏလေးနော်၊ ကျွန်တော် တခြား လိုင်းတစ်လိုင်းကို ဆက်မလို့၊ ခင်ဗျား ကိုင်ထားမလား၊ ကျွန်တော် ပြန်ဆက်ရ မလား'

'ကိုင်ထားမယ်၊ ဒီတယ်လီဖုန်းဆက်တဲ့ ကိစ္စတွေကိုရှင်းပစ် ဖို့ ခင်ဗျား စိတ်စောသလို ကျွန်တော်လဲ စိတ်စောနေတယ် ဗျ'

ငါးမိနစ်မပြည့်မီ အက်ဖ်ဘီအိုင် စုံထောက်၏အသံ ပြန် ပေါ်လာသည်။

'တယ်လီဖုန်းကုမ္ပဏီကပြောတယ်၊ မနေ့ညကတော့ကိုဗ တို့အိမ်ကနေ အဝေးပြောတယ်လီဖုန်းဆက်တာ မရှိဘူးတဲ့ ဒီတော့ ကျွန်တော်တို့ ခြေရာခံဖို့ သဲလွန်စပျောက်သွားပြန်ပြ ပေါ့'

'ခင်ဗျား ဂျက်နက်ကို မသင်္ကာမဖြစ်တာ ဝမ်းသာ....'

'ဒုတိယအကြိမ် ဆက်တာကိုတော့ လုံးဝ သံသယမဖြ ဘူး၊ ဒါပေမယ့် မေးရမယ့်မေးခွန်း အကြီးကြီးက ပထ တစ်ကြိမ်ကို ဘယ်သူဆက်တာလဲဆိုတာပဲ၊ ဒီမနက်တီဗီသတ မှာ ကြားလိုက်ရတယ်၊ သူဟာ သူ့ဦးလေးရဲ့အိမ်မှာ ရှိတယ် သူ့ဆရာဝန်....ခင်ဗျားပေါ့ဗျာ၊ အဲ....သူကို အိပ်ဆေးတို



ထားတယ်တဲ့၊ ကျွန်တော် ဒီနေ့ သူနဲ့စကားပြောခွင့် ရနိုင် မလား'

'ဒီမနက်တောင် ပိုစ် သတင်းစာက သတင်းထောက်တစ် ယောက် ကျွန်တော့်ဆီ လှမ်းဆက်သေးတယ်၊ စတန်းဖီးက နှာတစ်ဖျားသာသွားတာကို သူတို့ မခံချိမခံသာဖြစ်နေပုံပဲ၊ ဒီတော့သူ့အခန်းကို သတင်းထောက်တွေဝိုင်းနေမှာသေချာ တယ်၊ ဒီတော့ အဲဒီကို ခင်ဗျားရောက်လာတာနဲ့ ဒီကိစ္စမှာ တောလိမ်မင်းရဲ့အမှု ပါဝင်ပတ်သက်နေပြီဆိုတာ ဒီလူတွေ ရိပ်မိသွားလိမ့်မယ်'

'ကျွန်တော်ကလဲ လောလောဆယ်မှာတော့ သတင်းစာ သမားတွေ အဲဒီလို ကောက်ချက်ချမသွားစေချင်သေးဘူး'

'ဒါဆို ဒီကိစ္စကို ကျွန်တော်ကြည့်စီစဉ်လိုက်ပါ့မယ်၊ ဒီ မနက်တော့ ကျွန်တော် သူနဲ့ စကားမပြောရသေးဘူး၊ သူ အိပ်ပျော်နေတုန်းဖြစ်မယ်၊ ဒါပေမယ့် သူလဲကျွန်တော့်လို ပဲ ဒီပြဿနာကြီးကို မြန်မြန်ထက်ထက် ရှင်းပစ်ချင်စိတ်ရှိချင် စိတ် ရှိမှာပါ၊ ဒီညနေ ခပ်စောစော သူ့ကို တိုက်နောက် ဖေးပေါက်ကနေ ခိုးထုတ်ခဲ့မယ်၊ ခင်ဗျား သူ့ကို ဘယ်မှာ တွေ့ချင်လဲ'

'ကျွန်တော့်ရုံးမှာပဲ တွေ့မယ်လေ၊ ဒါမှ သူပြောတာတွေ ကို အသံသွင်းထားလို့ ရမယ်၊ သူ ခေါ်ချင်သပ္ပါဆိုရင် သူ့ ရှေ့နေကို ခေါ်လာနိုင်ပါတယ်'

'ကျွန်တော်တို့ဟာ ခင်ဗျားတို့နဲ့ရာနှုန်းပြည့် ပူးပေါင်းဆောင်ရွက်နေတာပဲဗျာ၊ ဒီတော့ သူ့အနေနဲ့ ရှေ့နေခေါ်လာဖို့ ဘာလိုသေးဖို့လဲ'

'မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သူ့ကိုယ်သူ ကာကွယ်ရင်း အာမန်ဒက်စကော့ကို ပစ်သတ်ခဲ့တာပဲဟာ၊ ခင်ဗျားသူ့ကို နှစ်နာရီအရောက် ခေါ်လာနိုင်မလား'

'လာခဲ့ပါမယ်၊ ဒါပေမယ့် ကျေးဇူးပြုပြီး သူ့ကိုညင်ညင်သာသာ ဆက်ဆံပေးပါနော်၊ ဒီအမှုမှာ သွင်ပြင် လက္ခဏာတွေရှိနေတယ်ဗျ၊ ဆေးဘက်ဆိုင်ရာသွင်ပြင်လက္ခဏာတွေပေါ့ဗျာ၊ ကျွန်တော်ကိုယ်တိုင်ကို နားမလည်နိုင်တဲ့ ဟာတွေပေါ့ဗျာ'

'ခင်ဗျား ဒီကိုလာတုန်း နောက်ယောင်ခံပြီး လိုက်လာတယ်လို့ သံသယရှိရင် မစိုးရိမ်ပါနဲ့၊ ချီကာဂိုအဖွဲ့က ကုန်လှောင်ရုံဟောင်းကို ဝင်စီးပြီး ဒုတိယအကြိမ် တယ်လီဖုန်းဆက်ပြီး ဂိုဏ်းသားတွေကို သတိပေးတယ်ဆိုကာ သိပြီးတဲ့နောက်ပိုင်း မီးစ်ဘတ်ကို အက်ဖ်ဘီအိုင်က စောင့်ကြည့်နေတယ်၊ အကာအကွယ်လဲ ပေးနေတယ်'

'ဒါပေမယ့်....'

'ချီကာဂိုမှာဖမ်းမိတဲ့ နောက်လိုက်အငယ်စားကလေးက ပြောတယ်၊ တောလ်မင်း ဒက်စကော့ဂိုဏ်းဝါရှင်တန်ကို လာနေကြပြီတဲ့၊ သူတို့ရဲ့စရိုက်ကို သိထားတော့ သူတို့ရဲ့ဘိုးတော်



နဲ့ မြင့်မြတ်တဲ့ခေါင်းဆောင် ဒက်စကော့ကိုသတ်ပစ်တဲ့ မီးစ်ဘတ်ကို လုပ်ကြံဖို့ဆုံးဖြတ်ကောင်းဆုံးဖြတ်သွားကြလိမ့်မယ်၊ ဒါမှမဟုတ်လဲ တခြားသစ်ကျယ်ကျယ်အကြံအစည်မျိုး ရှိနေနိုင်တယ်၊ ဘယ်ဟာဖြစ်မယ်ဆိုတာတော့တော်တော်နဲ့ သိဦးမှာ မဟုတ်ဘူး၊ တစ်ခုခုဖြစ်ပြီးမှ သိတာမျိုးလဲ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ကျွန်တော်တို့ မီးစ်ဘတ်ကို ကြိုးစားပြီး ကာကွယ်စောင့်ရှောက်နေမှာပါ'

☆

## ၃၀။

အက်ဖ်ဘီအိုင် အဆောက်အဦးထဲရှိ စုံထောက် စတက်ဖို့၏ ရုံးခန်းထဲသို့ မိုက်၊ ဂျော့ဇတန်းဖီးနှင့် ဂျက်နက်တို့ ဝင်သွားတော့ နှစ်နာရီထိုးပြီးစပဲ ရှိသေးသည်။

'မစ္စတာစတန်းဖီးလဲ ဒီကို လိုက်လာသင့်တယ်ထင်လို့'

သူတို့အား စတက်ဖို့က ဖော်ဖော်ရွေရွေ နှုတ်ဆက်တော့ မိုက်က မှင်းပြသည်။

'ဦးက ဂျက်နက်ရဲ့ တရားဝင်အုပ်ထိန်းသူလဲဖြစ်၊ အလုပ်ရှင် ကိုယ်စားလှယ်လဲ ဖြစ်ပါတယ်၊ ဦးက ဂ ါရှင်တန်ထုတ် 'စတားနယူး' သတင်းစာကလေ'

'ကြော်....ဟုတ်ကဲ့၊ ထိုင်ကြပါ ခင်ဗျား၊ ပထမဆုံးအနေနဲ့ ခင်ဗျားတို့ကို ကျွန်တော်ကြိုတင်သတိပေးထားချင်တာတစ်ခု ရှိတယ်၊ ဒါမှလဲ တရားမျှတရာ ရောက်မယ်၊ မီးစ်ဘတ်လဲ



တရားဥပဒေအရ သူ့ရပိုင်ခွင့်တွေ ရရာရောက်ပါမယ်၊ အဲဒါကတော့ ကျွန်တော်တို့ ဒီဆွေးနွေးပွဲကို အသံသွင်းပြီး မှတ်တမ်း တင်ထားမယ် ဆိုတာပါပဲ'

'ကျွန်မကို ရာဇဝတ်မှုတစ်ခုခုနဲ့များ တရားစွဲထားပြီလား စုံထောက်ကြီးရှင်'

ဂျက်နက် မေးသည်။ မနေ့ညက ကွန်းခိုရိပ်သာမှာ သေွးမျက်ချင်စရာ ပြဿနာနှင့် တိုးပြီးနောက် ကောင်းကောင်း အိပ်လိုက်ရသည့် အတွက် ဂျက်နက် စိတ်တည်ငြိမ်မှု ပြန်ရနေပြီ။ ထိန်းထိန်းသိမ်းသိမ်းတည်တည်ငြိမ်ငြိမ်နှင့်မေးလိုက်သော ဂျက်နက်၏ဟန်ပန်ကြောင့် မိုက် ကျေနပ်အားရ ဖြစ်သွားသည်။

'အက်ဖ်ဘီအိုင်ကတော့ တရားမစွဲဘူး မီးစ်ဘတ်၊ ဒါပေမယ့် ပစ်ခတ်မှုက အနီးအနားမြို့နယ်မှာ ဖြစ်တာဆိုတော့ စိတ်ထက်သန်မှု လွန်ကဲတဲ့ မြို့နယ်အစိုးရရှေ့နေတစ်ယောက်ယောက်က....'

'ဝင်ရှုပ်ချင် ရှုပ်မယ်၊ နိုင်ငံရေးအရ သူ့ဂုဏ်သတင်း ကျော်ကြားလာအောင်နဲ့ သူ့ကို လူသိများလာအောင်ပေါ့လေ'

ဂျော့စတန်းဖီးက ခြောက်ကပ်သောလေသံဖြင့်ကြားဖြတ်ပြောသည်။

'သတင်းထောက်တွေအနေနဲ့ ဦးရဲ့တူမကော ဦးပါ ဒီလိုလူစားတွေအကြောင်းသိနေပါတယ် စုံထောက်ကြီး၊ ဒီတော့ ဦးတို့က ဘာတွေများ ဆက်ပြီး ရင်ဆိုင်ရဦးမလဲ'

'မီးစ်ဘတ်က အစိုးရအလိုရှိနေတဲ့ ရာဇဝတ်ကောင် တစ်ကောင်ကို ဖြားယောင်းပြီး ရထောင်ချောက်ထဲသွင်းခဲ့တယ်၊ နောက်ဆုံးမှာ ရာဇဝတ်ကောင် သေသွားတယ်၊ အဲဒီအတွက် မီးစ်ဘတ်ကို တရားမစွဲဖို့ ဆုံးဖြတ်တဲ့ မေရီလင်းကအရာရှိတွေလဲ ပေါ်ပေါက်လာနိုင်ကောင်းပါတယ်'

'ဘာထောင်ချောက်လဲ၊ ကျွန်မ အဲဒီလူကို တစ်ခါမှမမြင်ဖူးဘူးရှင့်'

ဂျက်နက် ဒေါနှင့်မောနှင့် မေး၏။

'ဘာပဲဖြစ်ဖြစ်လေ၊ လွန်ခဲ့တဲ့ တနင်္လာနေ့ညက ခင်ဗျား နေနေတဲ့ ဒေါက်တာကနန်းရဲ့ အိမ်ကနေ တယ်လီဖုန်း တစ်ခါ ဆက်ခဲ့တယ်၊ အဲဒါက ချီအာဂိုမှာရှိတဲ့ ကုန်လှောင်ရုံဟောင်းကြီးကို လှမ်းဆက်တာ၊ အဲဒီ ကုန်လှောင်ရုံဟောင်းကြီးဟာ အာမန်ဒက်စကော့နဲ့ သူ ခေါင်းဆောင်တဲ့ အယူသည်းဂိုဏ်းရဲ့ ဌာနချုပ်ပဲ၊ လင်းတောလ်မင်း မသေခင်က သူလဲ အဲဒီမှာ စတည်းချတာပေါ့။

'အဲဒီလိုတယ် လီဖုန်းဆက်လိုက်တဲ့အတွက် ဒက်စကော့ဟာ ဌာနချုပ်ကနေ အမြန်ဆုံးထွက်ခွာလာတယ်၊ ရှာနီးချုပ်စပ်က မော်တော်ဆိုင်ကယ်တစ်စီးကို ခိုးတယ်၊ အဲဒီမော်တော်ဆိုင်ကယ်ကို စီးပြီး ဒေါက်တာကနန်းရဲ့အိမ်ကို တိုက်ရိုက်လာခဲ့တယ်၊ အဲဒီအိမ်မှာ ခင်ဗျား နေနေတယ်လေ'

'အို....ဘုရား ဘုရား'

ဂျက်နက်က မိုက်၏လက်ကိုဖမ်းကိုင်သည်။သူ့လက်သည်းများက မိုက်၏လက်ဖဝါးထဲသို့ စူးဝင်သွားသည်။



'ဒါဆို ဒီလူပြောတာမှန်တာပေါ့၊ ဟိုမိန်းမကသူ့ကိုခေါ်လိုက်တာပေါ့'

'ဒါ့ဒါတွေက ဘာတွေလဲဟေ့'

ဂျော့စတန်းဖီး မေးလိုက်၏။

'မနေ့ညက ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဂျက်နက်ကိုယ်တိုင်ပြောပြတာကို နားထောင်လိုက်ရင် ကျွန်တော်တို့ ဇာတ်ရည်လည်လာလိမ့်မယ် ထင်ပါတယ်'

မိုက်က အကြံပေး၏။

'ဒီအကြောင်းကို မောင်ရင်သိလျက်နဲ့ ဦးကို မပြောမပြခဲ့တာလို့ မောင်ရင် ပြောနေတာလား'

ဂျော့စတန်းဖီးက စိတ်ဆိုး မာန်ဆိုးဖြင့် တောင်းဆိုသည်။

'မနေ့ညက ကျွန်တော်တို့ ဝါရှင်တန်ကို ပြန်လာတော့ ဒက်စကော့ရဲ့ အမူအရာ ဟန်ပန်တွေအကြောင်း ဂျက်နက်က ကျွန်တော့်ကို ပြောပြပါတယ်၊ဒါပေမယ့်ဒီအကြောင်းတွေ ထုတ်ပြောလိုက်ရင် လူတွေကတောင်တွေးမြောက်တွေးတွေးကြမယ်၊ မလိုလားအပ်တဲ့ ဟိုးလေးတကျော်တွေ ဖြစ်ကုန်မယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်၊ ဒီတော့ ကျွန်တော် ဒီမနက်ထိ စောင့်တယ်၊ ကျွန်တော့် အိမ်ကနေ ဆက်တဲ့ တယ်လီဖုန်းခေါ်တာတွေကိုစစ်ကြည့်တယ်၊လွန်ခဲ့တဲ့ တနင်္လာနေ့ညက တစ်ကြိမ်ခေါ်ထားတာ သိရတော့ ဘယ်ကို ဆက်တာလဲ ဆိုတာ ဖော်ထုတ်ပေးဖို့ စုံထောက်ကြီးစတက်ဖ်ကို အကူအညီတောင်းခဲ့ပါတယ်'

‘ဦးလေးဂျော့ ဇာတ်လမ်းအစအဆုံးကို ကြားရနိုင်ပါသေးတယ် ဦးလေးဂျော့၊ တကယ်လို့ စုံထောက်ကြီးစတက်ဖို့က ကျွန်မ ပြောတာတွေကို အသံသွင်းထားမယ် ဆိုရင်ပေါ့လေ’

‘ခင်ဗျားခွင့်ပြုသလား မီးစ်ဘတ်’

‘ရှင် အသံသွင်းနိုင်ပါတယ် စုံထောက်ကြီး၊ ကျွန်မစကတည်းက အဖြစ်မှန်တွေချည်း ပြောခဲ့ပါတယ်၊ နောင်လဲ ဒီအတိုင်း ဆက်ပြောမှာပါ’

‘ဒါဆို စပြောတော့လေ’

စတက်ဖို့က သူ့စားပွဲပေါ်မှ ခလုတ်ကိုလှမ်းနှိပ်သည်။

‘ဒီအသံသွင်းမှတ်တမ်းကို မီးစ်ဂျက်နက်ဘတ်က ဘယ်သူ့တိုက်တွန်းချက်မှမပါဘဲ သူ့ဆန္ဒအလျောက် ကျမ်းမကျိန်ဘဲ ထွက်ဆိုပါတယ်၊ ကဲ....မီးစ်ဘတ်၊ စပြောပါ’

ဂျက်နက်က မနေ့ညက မိုက်အား ပြောပြခဲ့သည့် ဇာတ်ကြောင်းကို ဖြည်းဖြည်းမှန်မှန်နှင့် ပီပီသသ ပြန်ပြောသည်။ အိမ်ထဲသို့ ဖောက်ထွင်း ဝင်ရောက်လာသော အာမန်ဒက်စကော့၏ အမူအရာများ၊ ပြောသည့်စကားလုံးများ၊ လှုပ်ရှားမှုများကို အသေးစိတ် ပြောပြသည်။

‘ကျေးဇူးတင်ပါတယ် မီးစ်ဘတ်’

ဂျက်နက် ပြောပြီးသွားတော့ စတက်ဖို့ကပြောသည်။

‘ဒက်စကော့ ရောက်မလာခင် ခင်ဗျား သူ့ဆီကိုတယ်လီဖုန်း ဆက်သေးလား၊ ဒါမှမဟုတ် အဲဒီနောက်ပိုင်းမှာ ချီကာဂိုက သူ့ဌာနချုပ်ကို ဆက်သေးလား’



‘ကျွန်မ မဆက်ခဲ့ဘူး၊ ခု ကျွန်မပြောခဲ့တာတွေ အားလုံးအတွက် ကျွန်မ ကျမ်းကျိန်ဖို့ အဆင်သင့်ရှိပါတယ်’

‘ဘာပဲဖြစ်ဖြစ် တနင်္လာနေ့ညက ဒက်စကော့ရဲ့ဌာနချုပ်ကို ဒေါက်တာကန်းရဲ့ အိမ်ကနေ တယ်လီဖုန်း ဆက်ခဲ့တယ်လို့ တယ်လီဖုန်းကုမ္ပဏီ မှတ်တမ်းထဲမှာ ဖော်ပြထားတယ်’

‘အဲဒါ ကျွန်မဆက်တာ မဟုတ်ဘူး’

‘တနင်္လာ တစ်ညလုံး ခင်ဗျားတစ်ယောက်တည်းပဲ ရှိသလား’

‘ဟုတ်ကဲ့’

‘ဒါပေမယ့်ခင်ဗျာစကားအရ ဆိုရင် ခင်ဗျားက သူ့ကို ရင်ဖွင့်ကြိုဆိုလိမ့်မယ်လို့ ဒက်စကော့က မျှော်လင့်ထားပုံရတယ်ဆို’

‘အဲဒီမေးခွန်းကို မဖြေနဲ့ ဂျက်နက်’

ဂျော့စတန်းဖီးက ခပ်ထန်ထန် ဝင်ပြီးတားသည်။

‘ကျွန်မ လိမ်မပြောနိုင်ဘူး ဦးလေးဂျော့၊ သူက အိမ်ကိုလာဖို့ သူ့ကို ဖိတ်ခေါ်ထားတယ်လို့တောင်· ပြောသွားတာ’

‘တနင်္လာနေ့ညက အိမ်မှာ ခင်ဗျား တစ်ယောက်တည်းရှိနေပါလျက်နဲ့ ချီကာဂိုကိုဖုန်းဆက်တာ ခင်ဗျား မဟုတ်ဘူးလို့ ဘယ်လိုယုတ္တိဗေဒနဲ့ ခင်ဗျားပြောတာလဲ’

ဘယ်လိုမေးခွန်းမျိုးမေးလျှင် ဘယ်လိုဖြေရမည်ဟုအလာလမ်းတစ်လျှောက်လုံး သင်ပေးလာသည့် မိုက်အား ဂျက်နက်က လှည့်ကြည့်သည်။

'ကျွန်မဟာ ဒေါက်တာဂန်းရဲ့ ကုသမှုကို ခံယူနေပါ တယ်၊ ဒီအကြောင်းကို သူရှင်းပြတာ ပိုကောင်းပါလိမ့် မယ်'

'ခင်ဗျား ရှင်းနိုင်မလား ဒေါက်တာ'

'ဒါးလက်စ်လေယာဉ်ကွင်းမှာ လေယာဉ်တိုက်မှုကြောင့် မီးစ်ဘတ်ရခဲ့တဲ့ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်တွေကို ကျွန် တော် ကုသပေးနေပါတယ်၊ အဲဒီထိခိုက်မှုတွေထဲကတစ်ခုက ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်မှုကြောင့် သူဟာ သုံးဆယ့်ခြောက်နာရီလုံးလုံး သတိမေ့နေပါတယ်၊ အဲဒီဒဏ် ကြောင့် ထာဝရ ဦးနှောက်ပျက်သွားမယ့် အလားအလာကို ကျွန်တော် စိုးရိမ်မိတယ်၊ ဒါနဲ့ ဦးနှောက်နဲ့ အာရုံကြော ဆရာဝန်ကြီး ဒေါက်တာဂျော့ရှ်ဖော်ဂါတီနဲ့ စိတ်ရောဂါကု ဆရာဝန် ဒေါက်တာ ရန်းဒေါမက်ကာသီတို့ကို အကူအညီ တောင်းခဲ့ပါတယ်'

'အာဖြစ်လို့ စိတ်ရောဂါကု ဆရာဝန်ကို ခေါ်ရတာလဲ ဒေါက်တာ'

'မီးစ့်ဘတ် သတိပြန်လည်မလာမီ သူ့ရဲ့ဦးနှောက် လျှပ် စစ်တိုင်း ကိရိယာပေါ်မှာ ဖြစ်နေကျမဟုတ်တဲ့ လျှပ်စစ် လှိုင်းတွေပေါ်နေတာကို ဒေါက်တာ ဖော်ဂါတီက တွေ့ တယ်၊ ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်ပြီးရင် ဆိုး ဝါးတဲ့ ကိုယ်ရည်ကိုယ်သွေးဖောက်ပြန်မှုတွေ နောက်ဆက်တွဲ ဖြစ်ပေါ်လာတတ်တယ်၊ ဒီတော့ အဲဒီလိုဖြစ်လာရင် ကျွန်



တော်တို့က လက်ဦးအောင် ဖိနှိပ်ထားချင်တယ်လေ၊ ခုတော့ အဲဒီဖောက်ပြန်မှုတွေ....'

'ခဏလေးနေပါဦး မိုက်၊ ဂျက်နက်ဟာ ဘာမှ ဖြစ်မှ မဖြစ်ဘဲ'

'ဂျော့စတန်းဖီးက ကမန်းကတန်း ပြော၏။

'ဘာဖြစ်တယ်ဆိုတာကို မိုက်နဲ့ ဒေါက်တာ မက်ကာသီ တို့က တိတိကျကျ ဖော်မတုတ်နိုင်ခင် ဦးလေး စိတ်အနှောင့် အယှက်ဖြစ်မှာစိုးလို့ မပြောခဲ့တာ ဦးလေးဂျော့၊ ကျွန်မလဲ ကျွန်မကိုယ်ကျွန်မ နားမလည်နိုင်လောက်အောင်ပဲ၊ ဒါပေမယ့် ကျွန်မဟာ လူနှစ်ယောက် ဖြစ်နေပုံပဲ'

'မျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေးလား၊ ကျွန်တော် ဘာမင်ဂန်ရုံးမှာ တာဝန်ကျတုန်းက ဒီအမှုမျိုး ကြုံဖူးတယ် ဗျ....'

စတက်ဖို စိတ်လှုပ်ရှားစွာ ပြောလိုက်၏။

'ဒီတော့ ဘာတွေဖြစ်နေတယ်ဆိုတာ ခင်ဗျား ရိပ်မိပြီ ပေါ့'

မိုက်၏လေသံက စိတ်သက်သာရာ ရသွားသည့် လေသံ။

'ဒေါက်တာမက်ကာသီရဲ့ ထင်မြင်ချက်အရဆိုရင် ဂျက် နက်ရဲ့ ဦးခေါင်းထိခိုက်မှုဟာ သူ့ရဲ့ဦးနှောက်လှုပ်ရှားမှုတွေ ကို အနှောင့်အယှက် ဖြစ်သွားစေတယ်၊ အဲဒါကြောင့် မတူ ညီတဲ့ ကိုယ်ရည်ကိုယ်သွေး နှစ်မျိုး သူ့ကိုယ်မှာ ပေါ်လာ တယ်၊ တစ်ခုက ခင်ဗျား ချမြင်နေရတဲ့ ဂျက်နက်ဘတ်ပဲ၊ နောက်ကိုယ်ပွားတစ်ခုက မီးစ်ဘတ်ရဲ့ ကိုယ်ခန္ဓာကို အခ

အားလျော့စွာ အပိုင်စီး သွားတတ်တဲ့ ညစ်ကျယ်ကျယ် မိန်းကလေး.... သူ့ကိုယ်သူ လင်းလို့ ခေါ်တယ်'

'အဲဒီကိုယ်ပွားကို ခင်ဗျားမြင်ဖူးလား ဒေါက်တာ'

'ဟုတ်ကဲ့....မြင်ဖူးတယ်၊ သူ့လှုပ်ရှားမှုတွေဟာ ချီကာဂိုမှာတုန်းက လင်းတောလ်မင်းရဲ့ လှုပ်ရှားမှုတွေ အကြောင်း ဂျက်နက်ပြောပြတာနဲ့ တော်တော်တူနေတယ်'

'ဘုရားရေ....မယုံနိုင်စရာပဲ'

ဂျော့စတန်းဖီး ရေရွတ်လိုက်၏။

'တနင်္လာနေ့ညက ချီကာဂိုကို တယ်လီဖုန်းဆက်တာဟာ သူ့ကိုယ်သူ လင်းလို့ခေါ်တဲ့ မိန်းကလေးက ဆက်တာလို့ ပြောနေတာလား ဒေါက်တာကန်း'

စတက်ဖိုက မေး၏။

'တခြား ဖြေရှင်းချက်တစ်မျိုး ရှိနိုင်တော့မယ် မထင်ပါဘူး ခင်ဗျာ'

'ဒါပေမယ့် တယ်လီဖုန်းနံပါတ်ကို ခင်ဗျားဘယ်လိုလုပ် သိနိုင်မလဲ'

စတက်ဖိုက ဂျက်နက်ကို မေးသည်။

'ခင်ဗျား ချီကာဂိုကနေ ထွက်မလာခင်ကတည်းက သူတို့ဂိုဏ်း ဘယ်မှာ စတည်းချတယ်ဆိုတာ လင်းတောလ်မင်းက ခင်ဗျားကို ပြောပြထားမှသာ သိနိုင်မှာပေါ့'

'သူ မပြောခဲ့ဘူး၊ တကယ်တမ်း ပြောရရင် သူ့ကို ထောင်ထဲမှာ တွေ့ဆုံမေးမြန်းမှုတွေ မလုပ်ခင်က ကျွန်မ သူ့ကို မြင်တောင်မြင်ဖူးတာ မဟုတ်ဘူး၊ ကျွန်မက တခြား



ဂိုဏ်းသားတွေအကြောင်း မေးလိုက်ရင်လဲ သူက ပါးစပ်ပိတ်သွားတာချည်းပဲ'

'တယ်လီဖုန်းနံပါတ် အမှန်ကို သူသိနေတာကို ခင်ဗျား ရှင်းပြနိုင်မလား ဒေါက်တာ'

'ရှင်းပြနိုင်မယ် ထင်ပါတယ်၊ ဒါပေမယ့် ဘာ့ကြောင့် ဆိုတာတော့ မပြောတတ်ဘူး၊ ယုတ်စွအဆုံး လောလော ဆယ်မှာပေါ့ဗျာ'

'မိုက်....ရှင် ဘာတွေပြောနေတာလဲ'

'ဒီကိစ္စအားလုံးနဲ့ပတ်သက်ပြီး ကျွန်တော့်ခေါင်းထဲမှာ ယူဆချက်တစ်ရပ် ဆောက်တည်ထား တယ်၊ ဒါပေမယ့် မှန်ကန်ကြောင်း သက်သေ ထုတ်မပြနိုင်သေးသရွေ့ ဒီယူဆချက်ကို ထုတ်မပြောနိုင်ဘူး'

'ခင်ဗျားဘက်က ခိုင်မာပြီဆိုရင် ကျွန်တော့်ကို အသိပေးပါနော် ဒေါက်တာ'

စတက်ဖို၏လေသံသည် ချက်ချင်းစူးရှလာသည်။

'ချက်ချင်းပြောပါ့မယ်'

'ကောင်းပြီလေဒေါက်တာ၊ မီးစ်ဘတ်ကို သူ့ကိုယ်ပွားက စိုးမိုးနေတာကို ခင်ဗျားမြင်တွေ့ခဲ့တယ်လို့ စောစောက ပြောသွားတယ်၊ သူ့အနေအထားဘယ်လိုရှိတယ် ဆိုတာ ပုံဖော်ပြနိုင်မလား'

မိုက်က 'ခရမ်းရောင်ကြောင်ကလေး'မှဖြစ်စဉ်ကို ခပ်သွက်သွက် ရှင်းပြသည်။ သို့သော် ဂျော့စတန်းဖီး၏အိမ်ခန်းတွင် ဂျော့စတန်းဖီးမထင်မှတ်ဘဲ ပြန်ရောက်လာသဖြင့် ဂျက်နက်

အစစ်ကိုထားခဲ့ပြီး ငုပ်လျှိုးသွားသည့် လင်း၏စရိုက်သဘော အကြောင်းကိုတော့ ချန်ထားခဲ့သည်။

'တစ်ကိုယ်တည်းမှာ လူနှစ်ယောက်....တစ်ယောက်က လူသတ်သမကို ပုံတူအတုခိုးတယ်'

ဂျော့စတန်းဖီးက နဖူးကိုလက်ကိုင်ပဝါဖြင့်သုတ်၏။

'ကျွန်တော်တို့ ဒေါက်တာမက်ကာသီရဲ့ နှစ်ကိုယ်ပွား ယူဆချက်ကို လောလောဆယ် လက်ခံထားတယ်ဆိုပါစို့။ လွန်ခဲ့တဲ့ တနင်္လာနေ့ညကတယ်လီဖုန်းဆက်တာ ကျွန်တော်တို့ထင်ထားသလို ကိုယ်ပွားလင်းဖြစ်နေတယ် ဆိုဦး....မီးစ်ဘတ်က အဲဒါကို ဘာဖြစ်လို့ မမှတ်မိရတာလဲ'

စတက်ဖိုက မေးသည်။ သူ့စားပွဲပေါ်မှ အသံသွင်းစက် တဖြည်းဖြည်းချင်းလည်နေသည်။

'အဲဒါဟာ မျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေးရောဂါရဲ့ နောက်ထပ် ထူးခြားချက်တစ်ခုပဲ၊ တစ်ဦးပြောတာဆိုတာ ဒါမှမဟုတ် ပြုလုပ်တာကို ကျန်တဲ့တစ်ဦးက လုံးဝ မမှတ်မိဘူး'

'သူ့ကိုယ်သူ လင်းလို့ခေါ်တဲ့ကိုယ်ပွားက သူ့ဆန္ဒရှိရင် ရှိသလို ပေါ်ထွက်လာနိုင်သလား'

စတက်ဖိုက မေး၏။

'ကျွန်မရဲ့ဆန္ဒအလျောက်မဟုတ်ဘူး၊ သူ့ဆန္ဒအလျောက် ပေါ်ထွက်လာတာ'

'အဲ့ဒါက ဘာထူးခြားစရာအကြောင်းရှိလို့လဲ'

ဂျော့စတန်းဖီးက စူးစမ်းစွာမေးသည်။



'အများကြီးကွာခြားနိုင်တာပေါ့၊ ချီကာဂိုမှာဝင်စီးလို့ မိတဲ့လူဆိုး ဖရယ်လင်ဟောဝဆင်ကပြောတယ်၊ ဒုတိယတယ်လီဖုန်းဟာ မနေ့ညသန်းခေါင်ကျော်ကျော်ကလေးမှာ ဝင်လာတယ်၊ ဒက်စကော့သေပြီလို့ တခြား ဂိုဏ်းသားတွေကို အသိပေးတယ်တဲ့၊ သူကလွဲပြီး ကျန်တဲ့ ဂိုဏ်းသားအားလုံး လွတ်မြောက်သွားတာဟာ တနင်္လာနေ့ညကဆက်တဲ့ တယ်လီဖုန်းကြောင့်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒက်စကော့ဟာ ချီကာဂိုက မထွက်ခွာခင်မှာ ဂိုဏ်းသားတွေအားလုံး သူ့နောက်ကို လိုက်ခဲ့ကြဖို့ အမိန့်ပေးသွားတယ်၊ ဖရယ်လင်ဟောဝဆင်ပြောတဲ့အတိုင်းဆိုရင် ဒက်စကော့ကမခေါ်မချင်း သူတို့ဟာ ဝါရှင်တန်မှာ လူဖြန့်ပြီးနေရမယ်တဲ့၊ ဒက်စကော့က သူတို့ဆုံတွေ့မယ့်နေရာကို ဘယ်လိုရှာရမယ်ဆိုတာတော့ ညွှန်ကြားချက်တွေ ပေးသွားတယ်ဆိုပဲ'

'အဲဒီ ဆုံတွေ့ရမယ့်နေရာက ကျွန်တော့် အိမ်ကလေးလား'

'ဖရယ်လင်ဟောဝဆင်က အမူးလွန်နေလို့ ညွှန်ကြားချက်တွေကို သိပ်မမှတ်မိဘူး၊ ဒါပေမယ့် သူ မှတ်မိသလောက် ပြောပြချက်ကတော့ ခင်ဗျာ့အိမ်နေရာနဲ့ကွက်တိ ဖြစ်နေတယ်'

ဂျက်နက် ဆတ်ခနဲ တုန်သွားသည်။

'ဒါဆို ဟိုလူဟာ တစ်ယောက်ယောက်က သူ့ကို ကြိုဆိုလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ အိမ်ကိုလာတာပေါ့'

'လင်းဆိုတဲ့ကိုယ်ပွားပဲဖြစ်နိုင်တယ်၊ သူက အယူသီးဂိုဏ်းမှာ လင်းတောလ်မင်းယူခဲ့တဲ့နေရာကို ဆက်ခံဖို့ကြံစည်နေတာဖြစ်မှာပေါ့'

မိုက်ကပြော၏။

'မိုက်၊ ရှင်ဘယ်လိုဖြစ်ပြီး ဒီလောကကြီးအထိ စဉ်းစားရတာလဲ'

'ကျွန်တော်တို့လက်တွေ့ဆန်ရမှာပဲ အချစ်ရေ့၊ ခင်ဗျားဟာ ဟိုတစ်ယောက်လှုပ်ရှားနေတာကို တစ်ခါမှမြင်ဖူးတာမဟုတ်ဘူး၊ မှတ်မိတာလဲမဟုတ်ဘူး၊ ဒီတော့ သူဟာဘယ်လောက် အန္တရာယ်ကြီးနိုင်တယ်ဆိုတာ ခင်ဗျား မသိဘူး၊ တကယ်လို့ လင်းတောလ်မင်းထူထောင်ခဲ့တဲ့ အာဏာစက်ကွင်းကို သူသိမ်းပိုက်မယ်လို့ ဆုံးဖြတ်ထားရင် သူ ပထမဆုံး လုပ်မယ့်အလုပ်က အာမန်ဒက်စကောဒ့်ကိုအပြတ်ရှင်းပစ်ဖို့ပဲ၊ အာမန်ဒက်စကောဒ့်က ခေါင်းဆောင်နေရာကိုလုနေတဲ့လူလေ'

'ဒီလူကို ဝါရှင်တန်ကိုတယ်လီဖုန်းနဲ့မျှားခေါ်၊ ပြီးတော့ ဒက်စကောဒ့်ရဲ့ခြေလှမ်းတွေကို မီးစ်ဘတ်ကဆန့်ကျင်တွန်းလှန်မယ့် အခြေအနေမျိုးဖန်တီး၊ အဲဒီမှာ မီးစ်ဘတ်ကသေနတ်နဲ့ ပစ်ချင်ပစ်မယ်ပေါ့ဗျာ၊ အဲ့ဒီမှာ အယူသီးဂိုဏ်းကို ခေါင်းဆောင်လုပ်ဖို့ သူပဲကျန်နေ၊ ယုတ္တိတန်တဲ့ ယူဆချက်ပါပဲ ဒေါက်တာ'

စတာက်ဖို့ကသုံးသပ်သည်။



'အင်း၊ ကျွန်မအတွက်တော့ ယုတ္တိမတန်ပါဘူး၊ ရှင်တို့ဟာ ကျွန်မကို လူသတ်သမားဖြစ်အောင်လုပ်နေတာပဲ'

ဂျက်နက်က မခံမရပ်နိုင်စွာပြော၏။

'ခင်ဗျားမဟုတ်ဘူးလေ...လင်းပါ၊ သက်သေအထောက်အထားတွေက ခင်ဗျားဟာ ကိုယ့်ကိုကိုယ်ကာကွယ်ရင်း ပစ်ရတယ်ဆိုတာရှင်းနေတာပဲ၊ ဒီတော့ ခင်ဗျားဟာ ဒက်စကောဒ့်ကိုသတ်မှုနဲ့ အပြစ်မရှိနိုင်ဘူး၊ ကျွန်တော်ပြောတာမှန်ရဲ့လားစုံထောက်ကြီး'

'အမှုသွားအမှုလာအရ မှန်ပါတယ်'

'စောစောက ကျွန်တော်အကြမ်းဖျင်းပြောပြတဲ့ ယူဆချက်ကိုလက်ခံပြီး ဂျက်နက် သူ မကျူးလွန်တဲ့အမှုအတွက် သူကျူးလွန်တယ်လို့ ကောက်ချက်ချပြီး ပြစ်ဒဏ်ချမှတ်တဲ့ တရားသူကြီးမျိုး တစ်ယောက်တလေများ တွေ့ဖူးသလား စုံထောက်ကြီး'

'ဟင့်အင်း'

စတာက်ဖို့က အာသံသွင်းစက်ခလုတ်ကိုလှမ်းပိတ်လိုက်၏။

'ဒါပေမယ့် မီးစ်ဘတ်အနေနဲ့ တခြား ကိုယ်ပွားတစ်ခုပွားပြီး လင်းတောလ်မင်းလုပ်တဲ့ အကုသိုလ်စရိုက်မျိုးတွေလုပ်နိုင်တယ်ဆိုတာကိုတော့ ကျွန်တော် ယုံရခက်နေသေးတယ်ဗျ'

'ရှင် တစ်ခုမေ့နေပြီ'

ဂျက်နက်၏အသံပြတ်သွားသည်။ မိုက်က အထာသပေါက်စွာဖြင့် ဂျက်နက်ကိုနှစ်သိမ့်ဖို့လက်လှမ်းလိုက်၏။ သို့သော် ဂျက်နက်က သူ့လက်ကိုတွန်းထုတ်လိုက်၏။

'ကျွန်မတစ်ကိုယ်ထဲမှာ လူနှစ်ယောက်ဖြစ်နေတယ်၊ နှစ်ယောက်ထဲက တစ်ယောက်က သူ့ကို ယုံကြည်စိတ်ချတဲ့ယောကျ်ားတစ်ဦးကိုမြူဆွယ်မျှားခေါ်ပြီး သေတွင်းထဲပို့ပစ်လိုက်တယ်၊ အဲဒါကိုသိနေတဲ့ကျွန်မက ဘယ်လိုလုပ်ပြီးဒီအတိုင်း ဆက်နေသွားနိုင်မှာလဲ'

☆

၃၉။

မိုက်က ဂျက်နက်အား ဂျော့စတန်းဖီး၏ အိမ်ခန်းရှေ့တွင်ချပေးပြီး သတင်းစာဆရာကြီးကို သတင်းစာတိုက်သို့ လိုက်ပို့ပေးသည်။

'ဂျက်နက်ဟာ တစ်ကိုယ်တည်းနဲ့ လူနှစ်ယောက်ဖြစ်နေတယ်ဆိုတဲ့ မောင်ရင့်ယူဆချက်နဲ့ ပတ်သက်လို့တော့ ဦးလဲစုံထောက်စတက်ဖို့လိုပဲကွယ့်၊ ဦးလက်မခံနိုင်ဘူး'

'ကျွန်တော်လဲ လက်မခံပါဘူး'

မိုက် ပြန်ပြော၏။ သည်တော့ ဂျော့စတန်းဖီးက အလန့်တကြား လှည့်ကြည့်လိုက်၏။

'ဒါပေမယ့် မောင်ရင်ပဲ ပြောတယ်မဟုတ်လား'

'ဂျက်နက်ရဲ့ စရိုက်လက္ခဏာနဲ့ ပတ်သက်လို့ ဒေါက်တာမက်ကာသီရဲ့ ယူဆချက်နဲ့ ရှင်းပြချက်ကို ကျွန်တော်က ထပ်

ဆင့် ပြန်ပြောတာသက်သက်ပါ၊ ဒါမှဒက်စကော့သေဆုံးမှု အတွက် ဂျက်နက်မှာ တာဝန်ရှိတယ်လို့ စတက်ဖိုက ယူဆမလာမှာ၊ ကျွန်တော့်ရဲ့ ပုဂ္ဂလိက ယူဆချက်ကိုကြားရင် ဦး ပိုပြီးတော့ လက်ခံရခက်ဦးမယ်၊ ကျွန်တော့် အနေနဲ့က တော့ ပထမယူဆချက်ထက် ပိုပြီး ကြောင်းကျိုး ယုတ္တိတန် နေသေးတယ်'

'မောင်ရင် ဘာကိုဆိုလိုတာလဲ'

'ကျွန်တော့် ယုံကြည်ချက်က ဂျက်နက်ကို မကောင်း ဆိုးဝါးတစ်ကောင်က ပူးကပ်နေတယ်ဆိုတဲ့ ယုံကြည်ချက်ပဲ'

'လွန်ခဲ့တဲ့ ခြောက်ပတ်လောက်က အဲဒီလိုဖြစ်နိုင်တယ်လို့ မောင်ရင်ပြောခဲ့တယ်၊ အဲဒီတုန်းက ဦးမယုံခဲ့သလို ခုလဲ မယုံနိုင်ဘူး၊ ဒါမျိုးတွေဟာ ဖြစ်မှမဖြစ်နိုင်ဘဲကွာ'

'ကျွန်တော်လဲ အဲဒီအတိုင်း ထင်ခဲ့ပါတယ်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်က အံ့လွန်ထူးခြားတဲ့ လူနာတစ်ယောက်နဲ့ စကားပြောမိပြီးမှ ယုံလာတာ၊ သူ့နာမည်က ဆရာတော် ဂျူလီယံဒိုမီယာရာ....'

'သူ့နာမည်ကို တစ်ခါမှ မကြားဖူးဘူး'

'ကက်သလစ်ဘုရားကျောင်းရဲ့ မှတ်တမ်းတွေထဲမှာတော့ သူဟာ ဝါရှင်တန်ဆင်ခြေဖုံးမှာရှိတဲ့ သာသနာပိုင်နယ်မြေ ကျဉ်းကျဉ်းကလေးရဲ့ဘုန်းကြီးတစ်ပါးပဲ၊ ဒါပေမယ့် သူ့ရဲ့ တရားဝင်ရာထူးက အဲဒီနယ်မြေရဲ့ တာဝန်ခံ ဝိညာဉ်နှင့် ဆရာကြီးပဲ၊ သူကပြောပါတယ်၊ မကောင်းဆိုးဝါးပူးကပ်မှု တွေဟာ ခုလို ဒုက္ခရောက်နေချိန်မျိုးမှာ ပိုပြီး များပြား



လာတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ လူတွေဟာ စိတ်ဓာတ် ရေးရာအရ ပျက်စီးလွန်းနေတော့ မာရ်နတ်ရဲ့ ကိုယ်စား လှယ်တွေကို တိုက်ထုတ်နိုင်လောက်အောင် ကိုယ်ကျင့်တရား မခိုင်မာတော့လို့ ဖြစ်နိုင်တယ်တဲ့'

'ဂျက်နက်ဟာ ဦးရဲ့ တစ်ဦးတည်းသော တူမ၊ သူ့ကို ဦးရဲ့ သမီးတစ်ယောက်လို ပြုစုပျိုးထောင်ခဲ့တာပါကွယ်'

ဂျော့စတန်းဖီး ခံစားနေရသည့် နာကြည်းမှုဝေဒနာက သူ့မျက်နှာသွင်ပြင်ကို စိတ်နှလုံးပူပန် ညှိုးနွမ်းနေသူအဖြစ်သို့ ပြောင်းသွားစေ၏။

'သူဟာ အဝိဇ္ဇာအမှောင်ဖုံးတဲ့ တောလမ်းလို မိန်းကလေးအဖြစ် ပြောင်းလဲသွားနိုင်တယ် ဆိုတာကို ယုံကြည် လက်ခံဖို့ ဦးကို မပြောပါနဲ့ကွာ'

'ဂျက်နက်က မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် ဂျက်နက်ကို ပူးကပ်နေတဲ့ မကောင်းဆိုးဝါးက ဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ အစိုးရိမ်ရဆုံးကိစ္စက အဲ့ဒါပါပဲ'

'ဒါပေမယ့် ဘာဖြစ်လို့လဲ'

'လင်တောလမ်းဟာ အရှုံးလို့ ပြောလို့မရဘူး၊ သူ့ အကြောင်း ဂျက်နက်ရေးထားသမျှတွေက သက်သေထူနေ တယ်၊ အဓိပ္ပာယ်ကတော့ ဂျက်နက်ရဲ့ စိတ်အင်အားက သူ့ကို မတားဆီးနိုင်လောက်အောင် အားပျော့နေတဲ့အချိန်

မှာ သူဟာ ဂျက်နက်ရဲ့ ကိုယ်ခန္ဓာကို အပိုင်စီး၊ နိုင်စွမ်း အပြည့်အ၀ ရှိတယ်၊ ဒီတော့ လေယာဉ်တိုက်မှုကြောင့် ဂျက်နက် သတိမေ့နေတဲ့အချိန်၊ ပြီးတော့ လင်းကိုယ်တိုင် မီးတောက်တွေထဲမှာ ပျက်စီးမှုကိုရင်ဆိုင်ရချိန်၊ အဲဒီအချိန်မှာ သူဟာ ဂျက်နက်ရဲ့ ကိုယ်ခန္ဓာမှာ ပူးကပ်လိုက်တယ်၊ ပူးကပ်ဖို့အချိန်ဟာ ဒီအချိန်ထက်ကောင်းတာ ဘယ်ရှိမလဲ’

‘ငရဲပြည်က မကောင်းဆိုးဝါး တစ်ကောင်ဟာ မီးကို မကြောက်ဘူးလား’

‘ဦးမေ့နေတာ တစ်ခုရှိတယ်၊ ငရဲပြည်မှာ ကိုးထပ်မြောက် ငရဲဟာ အဆိုးဆုံးလေ၊ လင်းတောလ်မင်းကို အပိုင်စီးထားတဲ့ မကောင်းဆိုးဝါး ဝိညာဉ်မျိုးတွေဟာလဲ အဲဒီအထပ်ကလာတာဖြစ်နိုင်တယ်၊ အဲဒီကိုးထပ်မြောက် ငရဲက အရမ်းအေးတယ်တဲ့၊ ဆရာတော်အိုမီယာရာကလဲပြောတယ်၊ သူတို့ပယောဂအစွဲချတ်နေချိန်မှာ အခန်းပြင်ဘက်မှာ ဘယ်လောက်ပဲ ပူပြင်းနေပေမယ့် အခန်းထဲမှာ ချက်ချင်းကို အပူချိန် ကျသွားတတ်တယ်တဲ့’

‘ဦးတော့ နားလည်ယောင်လဲ မဆောင်ချင်ဘူး၊ ယုံချင်ယောင်လဲ မဆောင်ချင်ဘူး၊ဒါပေမယ့် ဂျက်နက်ဟာ မေဗင်ရင့်ကို ချစ်တယ်၊ ပြီးတော့ ယုံကြည်စိတ်ချတယ်ဆိုတာတော့ ဦးသိတယ်မိုက်၊ နောက်ပြီး မေဗင်ရင်ကလဲ သူ့ကိုချစ်နေတာဆိုတော့ သူ့ကိုယ်ထဲက မကောင်းဆိုးဝါးရဲ့ ရန်က



သူ့ကို ကာကွယ်နိုင်တာ မေဗင်ရင် တစ်ယောက်ပဲရှိတော့တဲ့ ပါပဲ’

‘ကျွန်တော် ကာကွယ်ဖို့ ရည်စူးပါတယ်၊ ဒါပေမယ့်.... ဂျက်နက်ရဲ့ ကိုယ်ခန္ဓာထဲမှာ မကောင်းဆိုးဝါး ဝိညာဉ်က ဝင်ပြီးပူးကပ်နေတယ်ဆိုတာကို အရင် သက်သေ ထူရပါဦးမယ်၊ ကံအားလျော်စွာပဲ ဆရာတော် အိုမီယာရာ ကတော့ ဘယ်လိုလုပ်ရမယ်ဆိုတာ သိမှာပါ’

☆

၄၀။

ရှယ်ရတန်ကာလ်တန်ဟိုတယ်ရှိ ဖောလ်စတင် အခန်းထဲသို့ မိုက်နှင့် ဧည့်သည်တစ်ဦး ဝင်လာသည်။ ထိုနေ့မှာ တနင်္လာနေ့။ အချိန်မှာ မွန်းလွဲဆယ့်နှစ်နာရီ။ ဧည့်သည်ဖြစ်သူမှာ အရပ်ရှည်၏။ ဆံပင်တွေဖြူစပြုနေပြီ။ သူကားနော်တာဒိမ်း လက်ပစ်ဘောအသင်းတွင် ထင်ရှားကျော်ကြားခဲ့သည့် အားကစား သမားပီပီ ပခုံးကြီးတွေ ကားနေသည်။ သူ့မှာ သွယ်ပြီး ထက်မြက်သော မျက်နှာမျိုးရှိပြီး နွေးထွေး ဖော်ရွေသော မျက်လုံးများရှိသည်။သူက အားကစားဘောင်းဘီ ခပ်ပွပွနှင့် လည်ထောင်အင်္ကျီပေါ်တွင် အားကစား ကုတ်အင်္ကျီတစ်ထပ် ဝတ်ထားသည်။ သူတို့နှစ်ယောက်အား မိုက်ကြိုတင်မှာကြားထားသည့် သီးသန့်စားပွဲတစ်လုံးသို့ပို့ပေးသည်။ သူတို့စားပွဲမှာ လူရှင်းသည့်နေရာတွင် ရှိ၏။



'မီးစိတ်တတ် ခုလေးပဲရောက်လာတော့မှာပေါ့ ဆရာတော်၊ စမ်းသပ်မှုကို ဆရာတော် ဘယ်လိုလုပ်မယ်ဆိုတာ တပည့်တော်ကို ပြောပြနိုင်မလား'

'ဒီမကောင်းဆိုးဝါးတွေမှာ စိတ်တွေကိုသိနိုင်တဲ့တန်ခိုး ရှိတယ်ကွယ့်၊ ဒကာလေးသိရင် ဒကာလေးရဲ့ ဇနီးလောင်းပါ ချက်ချင်းသိပြီးသတိပေးထားပြီးသားဖြစ်နေလိမ့်မယ်၊ဒါပေမယ့် ကျုပ်ကတော့ ပယောဂပူးကပ်နေတယ်လို့ သံသယရှိသူတွေနဲ့ ဆက်ဆံတဲ့အခါမှာ အတွေးတွေကိုစိတ်ထဲက ဘယ်လို ဖယ်ထုတ်ထားရမယ်ဆိုတာ ဆည်းပူး လေ့လာထားတယ်လေ'

'စမ်းသပ်မှုက ဘယ်အချိန်မှာ ဖြစ်ပေါ်လာမလဲ'

'ကျုပ် တစ်ခုပဲ ကတိပေးနိုင်တယ်၊ ဒဲ့ဒါက တကယ်လို့ သူ့ကို ဝိညာဉ်ဆိုးကပ်နေရိုးမှန်ရင် ဒကာလေး စိတ်ထဲမှာ မေးစရာ မေးခွန်းကို ရှိတော့မှာ မဟုတ်ဘူး'

ဆရာတော် အိုမီယာရာ၏ မျက်လုံးတွေ ဖြုန်းခနဲ ဖြူးကျယ်သွားသည်။

'ဟောဟိုတစ်ယောက်ဟာ သူဖြစ်ရမှာယ်၊ ဘယ်လဲလှတဲ့ မိန်းကလေးပဲ'

အခန်းထဲသို့ ဂျက်နက် ဖြတ်လျှောက်လာသည်ကို မိုက် မမြင်။ သို့သော် စားသောက်ခန်းထဲတွင် ရှိနေသည့် အမျိုးသား ဧည့်သည်များအကြား လှုပ်လှုပ်ရှားရှား ဖြစ်သွားခြင်းက ဂျက်နက်အား ခရီးဦးကြိုဆိုလိုက်သကဲ့သို့ ဖြစ်သွားသည်။ သို့ဖြင့် မိုက်က သူ့အား ထိုင်ရာမှထသွားပြီးကြိုဆို

လိုက်၏။ နွေဝတ်စုံကိုဝတ်ဆင်ထားသည့် မိန်းကလေးသည် ချစ်စရာကောင်းနေသည်။ သူဖြတ်လျှောက်လာစဉ်အတွင်း ယောကျ်ားတိုင်းက ပြောင်ပြောင်တင်းတင်းငေးစိုက်ကြည့်ကြသည်။ မိန်းမတိုင်းက မနာလိုတိုရှည် မျက်လုံးများဖြင့် လိုက်ကြည့်ကြသည်။ သည်တော့ဂျက်နက်၏ ပါးပြင်အရောင် နီသင့်သည်ထက် ပို၍ နီနေ၏။

'ဟဲ့လိုအချစ်'

မိုက်ကနှုတ်ဆက်သည်။ သူ့ တံတောင်ဆစ်ကိုကိုင်ပြီးသူတို့ စားပွဲဆီသို့ လမ်းပြခေါ်လာသည်။

'သူက မိတ်ဆွေဟောင်းကြီး ဆရာတော် ဂျူလီယံအိုမီယာရာလေ'

အိုမီယာရာသည် ဘုန်းကြီးတစ်ပါးဖြစ်ကြောင်းသိလိုက်ရသည်နှင့် ဂျက်နက်၏ကိုယ်ခန္ဓာ တောင့်ခနဲဖြစ်သွားသည်ကို တံတောင်ဆစ်ကိုကိုင်ထားသည့် မိုက်က ခံစားသိရှိလိုက်၏။ ထို့နောက် ဂျက်နက်သည် ပြေပြေလျော့လျော့ပြန်ဖြစ်သွားပြီး လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်၏။

'နေကောင်းပါရဲ့လား ဆရာတော်'

'နေကောင်းပါတယ်၊ ကျေးဇူးပဲ၊ကျုပ်လဲဒကာမလေးလိုပဲ ဒကာကလေးက ခင်ပွန်းလောင်းရဲ့ ခေါ်ချက်ကို ခံရတာပါပဲ၊ ဒါပေမယ့် ဒကာမလေးကိစ္စမှာ သူလက်စွမ်းပြခဲ့သလိုမျိုးတော့ မဟုတ်ဘူးပေါ့ဗျာ'

ယမကာမျှား မှာကြ၏။ အိုမီယာရာနှင့်ဂျက်နက်အတွက် ရှယ်ရီ၊ မိုက်အတွက် ဘာဘွန်၊ နွေလယ်စာကို မြိန်မြိန်ရှက်



ရှက် စတင်စားသောက်ချိန်ထိ ဘာမျှထူးထူးခြားခြားမဖြစ်။ အိုမီယာရာတွင် အိုင်းရင်လူမျိုးများတွင်ရှိသည့် ခင်မင်နှစ်လိုဖွယ်ကောင်းသည့် အရှည်အသွေးမျိုးရှိသည်။ အိုမီယာရာက သူဘာသာရေးလောကသို့မဝင်မီ 'လက်ပင့်ဘောကစားသမားတစ်ယောက်အနေဖြင့် တွေ့ကြုံခဲ့သည့် အတွေ့အကြုံများကို ပြန်ပြောပြသည်။ သူက ကောလိပ်တက်နေသည့် လေးနှစ်တာအတွင်း နော်တာဒိမ်းအသင်းအတွက် ကစားပေးခဲ့သည်။ ထို့နောက် ကြေးစားအားကစားသမားအဖြစ်နှစ်အတန်ကြာ ဆက်ပြီးကစားခဲ့သည်။

သို့ဖြင့် ပြန်ကြဖို့အချိန် နီးကပ်လာသည်။ မိုက်လည်းစိတ်ပူစ ပြုလာပြီ။ ထိုအခိုက် ဆရာတော်က အမှုမဲ့အမှတ်မဲ့ဖြင့် ပြောလိုက်၏။

'ကျုပ် တာဝန်ယူရတဲ့ သာသနာ့ပိုင်နယ်မြေ သေးသေးကလေး တစ်ခုရှိတယ်ဗျ၊ မြို့တော်ရဲ့ ဆင်းရဲသားရပ်ကွက်လို့ ခေါ်ရင်ရမယ်ထင်တယ်၊ ကျုပ်တို့က အားကစား ဝါသနာပါတဲ့ လူငယ်တွေကို အဒရှုံစိုက်ပြီး လေ့ကျင့်ပေးတာ အတော်အောင်မြင်တာကလား၊ မီးစ်ဘတ် ဒကာမလေးက သတင်းထောက်ဆိုတော့ တစ်ခါလောက် ကျုပ်တို့ဆီလာပြီး ကျုပ်တို့ ဘာတွေလုပ်နေတယ်ဆိုတာကြည့်စမ်းပါ၊ ဒါမှမဟုတ်လဲ အဲ့ဒီအကြောင်း ဆောင်းပါးတစ်ပုဒ်လောက်ရေးစမ်းပါ'

'ကောင်းမ လာချင်ပါတယ် ဆရာတော်'

'လွန်ခဲ့တဲ့ တနင်္လာနေ့ကတော့ ကျုပ်ရဲ့မွေးနေ့ဗျ၊ ကျုပ်ရဲ့နယ်မြေက ဘတ်စကတ်ဘောအသင်းက ကျုပ်ကိုပေးခဲ့တဲ့ လက်ဆောင်ကို ကြည့်စမ်းပါဦး'

သူ့အင်္ကျီအိတ်ထဲမှ လက်ဝါးကပ်တိုင်ကလေး တစ်တိုင် ထုတ်ပြသည်။ ရွှေရောင်ငင်းထိန်နေသည်။ ခြောက်လက်မ လောက်ရှည်မည်။ ရတနာ ကျောက်တုံးကလေးတွေ စီခြယ် ထားသည်။ ဆရာတော်က လက်ထဲမှ လက်ဝါး ကပ်တိုင် ကလေးကို မှောက်ချည်လှန်ချည် လုပ်နေသည်။ ပြီးတော့ အက္ခရာတွေ ထိုးထားသည်ကို ပြ၏။ အက္ခရာတွေ ထိုးထားသည်မှာ ငါးတစ်ကောင်၏ပုံစံပေါက်နေသည်။ သည်အက္ခရာတွေသည် ဂရိစာလုံးများ ဖြစ်ကြောင်း မိုက်မှတ်မိလိုက်၏။ သို့သော် ငါးရုပ်၏ အဓိပ္ပာယ်ကိုတော့ မသိ။

'ငါးရဲ့ သင်္ကေတလေ၊ ဘုရားသားတော်ရဲ့ နာမည်ကို ကိုယ်စားပြုတဲ့ ရှေးဟောင်း သင်္ကေတပေါ့'

အိုမီယာရာက လက်ဝါးကပ်တိုင်ကလေးကို ဂျက်နက်ရှေ့တွင် ချရင်း ပြောသည်။ လက်ဝါးကပ်တိုင်သည်ဂျက်နက်၏ ဝိုင်ဖန်ခွက်နှင့် ထိလုနီးပါး ဖြစ်နေသည်။

'အဲဒီသမိုင်းကြောင်းကို ကြားဖူးလား မိုးစ်ဘတ်'

အိုမီယာရာက လက်ဝါးကပ်တိုင်ကလေးကို စားပွဲပေါ် တင်သည်ကို မိုက်ကလိုက်ကြည့်နေမိ၏။ ခုတော့ ဆရာတော်၏ လေသံထဲမှ တစ်စုံတစ်ရာက သူ့ကိုသတိပေးလိုက်၏။ သူတစ်ချိန်လုံး စောင့်စားခဲ့သည့် စမ်းသပ်မှု စနေပြီ ဖြစ်ကြောင်း သိလိုက်သည်။ သည်တော့ သူက မျက်လုံးကို မော့ကြည့်လိုက်



၏။ ဂျက်နက်၏မျက်လုံးများနှင့်ဆုံသည်။ ဂျက်နက်၏မျက်လုံးတွေကြောင့် မိုက်မှာ ခေတ္တခဏမျှ မလှုပ်နိုင်မရှားနိုင် ဖြစ်သွားသည်။

လက်ဝါး ကပ်တိုင်ကလေးကို မြင်လိုက်ရသော အခါ ဂျက်နက်၏ပါးပေါ်မှ သွေးရောင်တွေ ဆုတ်သွားသည်။ မျက်လုံးတွေကတော့ မိုက်မြင်တွေ့ဖူးနေသည့် စိမ်းစိမ်းဝါးဝါးအကြည့်ဖြင့် ကြည့်နေသည်။ သူသည် ကုလားထိုင်ပေါ်တွင် တဖြုတ်မျှသာ ဆက်ထိုင်နေသည်။ ထို့နောက် ဗြုန်းစားကြီး ထွက်ပြေးတော့မည့်ဟန်ဖြင့် သူ့ ကုလားထိုင်ကို နောက်သို့ တွန်းလိုက်သည်။ ကုလားထိုင် လဲကျသွားသည်။ သူက ဂရုမစိုက်။ အနီးအနားမှ စားပွဲထိုးတစ်ယောက် ပြေးလာပြီး ကုလားထိုင်ကို ပြန်ထောင်ပေးသည်။

'ခွင့်လွှတ်ပါနော်၊ တပည့်တော်မ ရေအိမ်ကို သွားချင်လို့ပါ'

သူ့အသံမှာ ထိတ်လန့်မှုနှင့်ဒေါသ ရောစွက်ပြီး စူးစူးရှရှ ဖြစ်နေသည်။ သို့တိုင် ကိုယ်ပွား လင်း၏အသံ ဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာ မလိုပေ။

မိုက် ကုလားထိုင်ပေါ်မှ ထလိုက်ချိန်တွင် သူကဆယ်ပေ အကွာလောက်သို့ ရောက်နေပြီ။ အသော့ကလေး ပြေးလွှားသည့် ဂျက်နက်က အခြားစားပွဲများမှလူများကို ဝင်တိုက်သွားသည်။ သူက တောင်းပန်ဖို့သတိမရ။ လှည့်၍ပင် မကြည့်။ မိနစ်ဝက်လောက်အတွင်း ထွက်ပြေးသွားသည့် မိန်းကလေးသည် ညော့်ကြိုခန်းတံခါးပေါက်ထဲသို့ဝင်ရောက်ပျောက်ကွယ်

သွားသည်။ သူ့ အပြုအမူကြောင့် တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်
သက်သွားသည်ကို မိုက် သတိပြုမိလိုက်၏။

'ဒါ စမ်းသပ် စစ်ဆေးလိုက်တာပေါ့နော်၊ ဟုတ်တယ်
မဟုတ်လား'

စကား ပြန်ပြောဖြစ်သောအခါ မိုက်ကဆရာတော် အိုမီ
ယာရာအား မေးလိုက်၏။ အိုမီယာရာ ခေါင်းညိတ်ပြသည်။
သူ၏ အနက်ရောင်မျက်လုံးတော့ထဲတွင် ကရုဏာတရားနှင့်
စိုးရိမ်ကြောင့်ကြရိပ်ကလေး တွဲခိုနေသည်ကို တွေ့ရ၏။

'ဘာမှ ယုံမှားသံသယဖြစ်နေစရာ မလိုတော့ဘူး ဒကာ
လေး၊ ဒကာလေးရဲ့ချစ်သူကို မကောင်းဆိုးဝါး ဝိညာဉ်
တစ်ခုကပူးကပ်နေပြီ'

'အင်း....တတိယအကြိမ် မိုးနဲ့မြေက အပ်နှစ်စင်းထိပြန်ပြ
ပေါ့'

မိုက်၏အသံသည် အက်ကွဲနေ၏။ တကယ်တော့ သည်လို
ဖြစ်လိမ့်မည်ဆိုတာကို စကတည်းက သံသယရှိခဲ့၏။ ခုတော့
အပြီးသတ် သက်သေ ထူလိုက်နိုင်ပြီ။ သည်သို့ သက်သေ
လိုက်နိုင်ခြင်းက သူ့ အသည်းကို နာကျင် ကွဲအက်စေပ
သည်။

# ၄၁။

'တပည့်တော်တို့ ဘာလုပ်လို့ရနိုင်မလဲ ဆရာတော်'

မိုက်က ဘုန်းတော်ကြီးအား အက်ကွဲစွာ မေးလိုက်၏။

'လောလောဆယ်မှာတော့ သူ လင်းအဖြစ်နဲ့ထွက်မသွားခင် ဖမ်းထိန်းထားရင်ကောင်းမယ်၊ မဟုတ်ရင် သူ့ နဂိုမိန်းကလေး ဘဝကို ဘယ်တော့မှ ပြန်ရတော့မှာ မဟုတ်ဘူး'

'ခု ရွေ့နေရတာဟာ လင်းတောလ်မင်း မသေခင်က လင်းတောလ်မင်းကို စိုးမိုးစေခိုင်းနေတဲ့ မကောင်းဆိုးဝါး ဝိညာဉ်နဲ့ အတူတူပဲဆိုတာ ဆရာတော် လုံးဝဥဿုံ သေချာတယ်နော်'

'တောလ်မင်းဆိုတဲ့ မိန်းကလေးနဲ့ သူ့ရဲ့မိစ္ဆာဝါဒဂိုဏ်းသားတွေ စထားတဲ့ ဇာတ်လမ်းကို ဆက်ကဖို့ လူစီဖာက တခြား မကောင်းဆိုးဝါး တစ်ကောင်ကို ခိုင်းစေကောင်း

ခိုင်းစေနိုင်တယ်၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် မထူးပါဘူးလေ’

ဆရာတော် ထိုင်ရာမှထသည်။ ဂျက်နက်အား တိတ်ထိတ်ပျာပျာ ပြောင်းလဲသွားစေသည့် လက်ဝါးကပ်တိုင်ကလေးကို ကောက်ယူပြီး အိတ်ထဲပြန်ထည့်သည်။

‘တကယ်လို့ ဒကာမကလေး ဒီကမသွားမီ ကျုပ်နဲ့မတွေ့ဖြစ်တော့ဘူးဆိုရင် သူဘာဖြစ်သွားတယ်ဆိုတာ ဒကာလေးက သူ့နဂိုဘဝကို ပြန်ရအောင် ကူညီပါ၊ ကျုပ်အထင်တော့ ခု ဖြစ်သွားတာတွေကို သူ ဘာမှမှတ်မိမှာမဟုတ်ဘူး၊ ဒါမှ မဟုတ်လဲ ဘာကိုမှ ဝန်ခံမှာ မဟုတ်ဘူး’

မိုက်က ငွေချေသည်။ ဂျက်နက် ရေအိမ်ထဲမှထွက်လာချိန်တွင် သူက စင်္ကြံလမ်းတွင် စောင့်နေ၏။ ဂျက်နက်က သူနှင့် ပေအနည်းငယ်ခန့် အကွာမှ ဖြတ်လျှောက်သွားသည်။ သူ့အား မှတ်မိသည့် အရိပ်အယောင်တစ်စက်မျှ မပြ။ သို့သော် သူနှင့် မျက်နှာချင်းဆိုင်မိသည့် ခဏတာကလေး အတွင်း ဂျက်နက်၏ မျက်လုံးတွေထဲတွင် တစ်စုံတစ်ခုကို တွေ့လိုက်ရ၏။ ထိုတစ်စုံတစ်ခုကို ယခင်က တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ဖူး။ ထိုတစ်စုံတစ်ခုကား ထိတ်လန့်ကြောက်ရွံ့သောအကြည့် ဖြစ်၏။ သည်အကြည့်၏ အဓိပ္ပာယ်မှာ တစ်မျိုးတည်းသာ ဖြစ်၏။ ဂျက်နက်၊ သို့မဟုတ် လင်းသည် မည်မျှပင် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချဟန် ပေါက်နေသည့်တိုင် သူသည်အခြား....အခြားသောအရာများထက် လက်ဝါးကပ်တိုင်ကိုကြောက်၏။ ဘုန်းတော်ကြီးကိုကြောက်၏။ ဘုန်းတော်ကြီး ကိုယ်စားပြုနေသည့်တန်ခိုးအာရှိန်အဝါကို ကြောက်၏။



သည်တော့ မိုက်၏ရင်ထဲတွင် မျှော်လင့်ချက်တွေ တဖွားဖွား ပေါ်လာ၏။ လင်းတောလ်မင်းထံမှ ဂျက်နက်ဆီသို့ ကူးပြောင်းပူးကပ်လာသည့် မကောင်းဆိုးဝါး ဝိညာဉ်ကို အပြီးအပိုင် မောင်းထုတ်ဖို့ လမ်းစပေါ်လာပြီမဟုတ်လား။

မိုက်က သူ့လက်မောင်းကို ဖမ်းကိုင်လိုက်ချိန်တွင် ဂျက်နက်သည် တံခါးဝသို့ ရောက်လုနီးနေပြီ။ ဧည့်ကြိုခန်းတွင် လူတွေ ရှုပ်ယှက်ခတ်နေသည့်တိုင် ဂျက်နက်သည် သူ့လက်ထဲမှ ရုန်းထွက်တော့မည်ဟု တစ်ဖြုတ်မျှထင်လိုက်၏။ ထို့နောက် ဂျက်နက်ကြွက်သားတွေထဲမှ တင်းမာမှုတွေ ပြေလျော့သွားသည်။

ပြီးတော့ အေးစက်စက်လေပြင်းတင်ချက်ဖြတ်တိုက်သွားသည်ကို ခံစားလိုက်ရ၏။ လင်း ဆိုသည့် မကောင်းဆိုးဝါးက သူ့အပြုအမူများကို စွန့်လွှတ် ထွက်ခွာသွားသည့်အခါ သည် လို လေအေးတိုက်သည်ကို မိုက် ယခင်ကပင် သတိပြုမိခဲ့သည်။ ထို့နောက် မိန်းကလေးက သူ့ဘက်သို့ လှည့်ကြည့်သည်။ သူနှင့် မျက်နှာချင်းဆိုင်သည်။ မိန်းကလေး၏မျက်လုံးတော့ထဲတွင် မြင်တွေ့ရသည်မှာ နာကြည်းမှုများ၊ မျှော်လင့်ချက် ကင်းမဲ့မှုများ။ သည်အကြည့်ကြောင့် မိုက်ကကောင်မကလေးအား ရင်ခွင်ထဲ ဆွဲသွင်းပြီး နှစ်သိမ့်လိုစိတ်များပေါ်ပေါက်လာသည်။

‘စားသောက်ခန်းထဲမှာ ဘာဖြစ်ခဲ့တာလဲဟင် မိုက်’

လေသံမျှဖြင့် မေး၏။

'ကျွန်တော်တို့အပြင်ဘက်ရောက်တော့ ပြောပြမယ်၊ သူ....ဟိုတစ်ယောက် ထွက်သွားပြီမဟုတ်လား'

'အင်း....ဒါပေမယ့် ကျွန်မ နားမလည်သေးဘူး'

အပြင်ဘက် ကားရပ်ကွင်းတွင် မိုက်က သူ့အား ကားပေါ် တင်ပေးသည်။ ထိုင်ခုံခါးပတ်ဖြင့် ပတ်ပေးသည်။ ပြီးမှ ကားမောင်းသူနေရာတွင် ဝင်ထိုင်သည်။ ကားမှာ နေရောင်အောက်တွင် ရပ်ထားသဖြင့် ကားထဲ၌ မုန့်ဖုတ်ဖိုလို ပူလောင်နေ၏။ သို့သော် မိုက်က လေအေးပေးစက် ဖွင့်လိုက်သဖြင့် မြန်မြန်ဆန်ဆန် အေးသွားသည်။

ဂျက်နက်က ခေါင်းမှီကိုမှီပြီး မျက်လုံးတွေ မှိတ်ထားသည်။ သည်တော့ သူ့ကို အနှောင့်အယှက်မပေးဘဲ ကားမောင်းထွက်ခဲ့၏။ သူက နှုတ်ဆိတ်စွာဖြင့် 'ကျောက်ဆောင်ချောင်း' လမ်းအတိုင်း မောင်းလာသည်။ 'ကျောက်ဆောင်ချောင်း ဥယျာဉ်' သို့ ရောက်တော့ ဥယျာဉ်ထဲသို့ချိုးကွေ့သည်။ လေတဝှီးဝှီးတိုက်နေသည့် ချောင်းကမ်းစပ်ရှိ ကိုင်းခက် ပြာစေသော ဂက်သစ်ချပင်ကြီးအောက်တွင် ကားကို ရပ်သည်။ လေပြည်ညင်းက ဂရာမဂက်သစ်ချပင်ကြီး၏အရွက်များ တရှဲရှဲမြည်အောင် တိုက်ခတ်နေသည်။ သည် လေပြည်လေညင်းကလေး သူ့ကားထဲမှ ဖြတ်သန်းသွားအောင် မိုက်က ကားမှန်များကို ချလိုက်၏။

ဂျက်နက် အိပ်ပျော်နေသည် ထင်မိ၏။ လင်းအဖြစ်မှ ဂျက်နက်အဖြစ်သို့ ပြန်ပြောင်းသွားပြီဆိုလျှင် ဂျက်နက်သည်



တစ်ခါတစ်ရံ အိပ်မောကျသလို ဖြစ်ပြီး ကျန်ခဲ့တတ်၏။ ထိုနောက်တွင်မှ ဂျက်နက်က သူ့ကိုမေးသည်။ မေးသာမေးသည်၊ မျက်လုံးတွေတော့ မဖွင့်။

'ကျွန်မတို့နဲ့အတူ နေ့လယ်စာစားတာ ဘယ်သူလဲဟင်၊ ကျွန်မ သူ့နာမည်ကို မမှတ်မိတော့ဘူး'

'ဆရာတော်ဂျူလီယံအိုမီယာရာ၊ သူသီတင်းသုံးတဲ့အရပ်က ဝါရှင်တန်ရဲ့ ဆင်းရဲသားရပ်ကွက်ကလေး တစ်ခုပေါ့၊ ကျွန်တော် တက္ကသိုလ်ဆေးရုံမှာ လက်ထောက်ဆရာဝန်ဘဝနဲ့ ကတည်းက သူနဲ့သိခဲ့တာလေ'

'သူက တော်တော် ရည်မွန်တယ်နော်၊ အဲဒီလောက်ထိတော့ ကျွန်မ မှတ်မိတယ်၊ အဲဒီနောက် တစ်ခုခု ဖြစ်ပြီး ကျွန်မ....'

စကားဖြတ်လိုက်သည်။ ခဏတာမျှ စကားမဆက်။ ပြီးမှ ဆက်ပြောသည်။

'ဟိုတစ်ယောက်က ဝင်စီးသွားတာဖြစ်မယ်၊ ရှင့်မိတ်ဆွေကို ကျွန်မ ရိုင်းရိုင်းစိုင်းစိုင်းကြီး မဆက်ဆံမိဘူး ထင်ပါရဲ့နော်'

'ထကယ်တမ်းပြောရရင် ကျွန်တော်က ခင်ဗျားကို လှည့်စားလိုက်တာပါ၊ ဒါပေမယ့် အဖြစ်မှန်ကိုသိရဖို့ တခြားနည်းလမ်း မရှိတော့လို့....'

'လင်းနဲ့ ပတ်သက်လို့လား'

တီးတိုးလေသံလာသာမျှဖြင့် မေး၏။

'ဟုတ်တယ်၊ ရန်းဒေါမက်ကာသီပြောသလို ခင်ဗျားဟာ မျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေး ရောဂါရဲ့ သားကောင် ဖြစ်နေတယ် ဆိုတာကို ကျွန်တော်က စကတည်းကယုံရုံခက် နေတာ၊ ဒါပေမယ့် တခြား ဖြစ်နိုင်ခြေတစ်ခုကို ပိုပြီးတော့တောင် မယုံချင်ဘူး ဖြစ်ခဲ့တယ်၊ ဒါပေမယ့် ခင်ဗျား လူနှစ်ယောက်လို ဖြစ်နေတဲ့ကိစ္စဟာ ဘာကြောင့် ဆိုတဲ့ အဖြေကို နှလုံးသားထဲကတော့ သေချာပေါက်နီးပါး ယုံနေခဲ့တယ်'

'တစ်ယောက်က အတော်လေးကောင်းနေပြီး....နောက်တစ်ယောက်က အရမ်းကြီး ဆိုးနေတာလား'

'တစ်ယောက်က ကျွန်တော်ချစ်လာမိသူ၊ နောက် တစ်ယောက်က ကျွန်တော် သိပ်ကြောက်တဲ့သူ၊ ဘာဖြစ်လို့လဲ ဆိုတော့ ခင်ဗျားအစစ်ကို သူ ဘာတွေ လုပ်နိုင်တယ်ဆိုတာ မှန်းဆလို့ မရနိုင်လောက်အောင်ပဲ၊ ဒါနဲ့ ဆရာတော်ဂျူလီယံကို အကူအညီတောင်းရတာ'

'ဒါပေမယ့် ရှင်ကော ကျွန်မကော ကက်သလစ်ဘာသာဝင်တွေမှ မဟုတ်တာ'

'ဒီကိစ္စမှာ ဘာမှ ထူးခြားမသွားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာတော်ဂျူလီယံကိုယ်တိုင်က နှစ်ဘာသာစလုံး ပြောရမှာပဲ၊ သာသနာပိုင် နယ်မြေတစ်ခုရဲ့ ဘုန်းတော်ကြီးဆိုတာ သူ့ရဲ့ ဟန်ပြအလုပ်ပဲ၊ အမှန်တကယ်က သူဟာ အဲဒီနယ်မြေရဲ့ အစွဲချွတ်ဆရာ၊ ဒါမှမဟုတ် ဝိညာဉ်နှင်တဲ့ဆရာပဲ'



ဂျက်နက် သက်ပြင်းရှိုက်သည်ကို ကြားလိုက်ရ၏။ မိမိပြောသည့် စကားအဓိပ္ပာယ်ကို သူ နားလည်ကြောင်းလည်း သိလိုက်၏။

'ဒါနဲ့ ခင်ဗျားနဲ့ ဆရာတော် ဂျူလီယံဆုံမိအောင် ဒီနေ့ နေ့လယ်စာစားပွဲကိုစီစဉ်လိုက်ရတာ၊ ဒါပေမယ့် သူဘယ်လို လုပ်ဖို့ စီစဉ်ထားတယ်ဆိုတာ သူက ကျွန်တော့်ကို ကြိုပြီး ပြောမထားဘူး'

'ဘာဖြစ်လို့လဲဟင်'

'လူတွေရဲ့စိတ်တွေကို မကောင်းဆိုးဝါးတွေက ရန်းဒေါမက်ကာသီတက် ပိုပြီးထိုးဖောက်သိမြင်နိုင်ကြတယ်၊ တကယ်လို့ ဆရာတော် ဘာလုပ်ဖို့စီစဉ်ထားတယ်ဆိုတာ ကျွန်တော်သိထားရင် လင်းက ကျွန်တော့်စိတ်ကနေတစ်ဆင့်သိသွားမယ်၊ ဆရာတော် ဂျူလီယံဟာ ဘယ်သူလဲ၊ ဘာလဲဆိုတာ အပြင် နေ့လယ်စာစားပွဲမှာ ဘာလုပ်ဖို့ စီစဉ်ထားတယ်ဆိုတာတွေကို ကြိုသိသွားမယ်၊ အဲဒါဆို သူဟာ ဒီကိုလာဖို့ ဘယ်တော့မှ သဘောတူမှာ မဟုတ်ဘူး'

'ကျွန်မ ကြောက်နေခဲ့တာ၊ ဒီမနက် ဆယ့်တစ်နာရီလောက်က ရှင့်ဆီတောင် ဖုန်းဆက်ခဲ့သေးတယ်၊ ကျွန်မတို့ နေ့လယ်စာစားဖို့ ချိန်းထားတာကို ဖျက်လိုက်ဖို့လေ၊ ဒါပေမယ့် ရှင့်ရုံးခန်းဆရာမက ပြောတယ်၊ ဒီညနေထိ ပြန်လာမှာမဟုတ်ဘူးတဲ့၊ ဒါနဲ့ ကျွန်မ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်လိုက်တာ၊ လင်း ဒီလောက်စိတ်ဆိုးမာန်ဆိုးဖြစ်သွားအောင် ဘုန်းတော်ကြီးက ဘာလုပ်လိုက်လို့လဲဟင်၊ ကျွန်မတို့အချိပ်ပွဲ

စားပြီး နောက်ပိုင်း ဘာတွေဖြစ်တယ်ဆိုတာကိုဘာ တစ်ခုမှ မမှတ်မိတော့ဘူး’

‘ဆရာတော် ဂျူလီယံက အတော်စကားပြောကောင်းတဲ့ လူဗျ၊ ခင်ဗျားလဲ သူ့စကားကြားမှာ မျောပါနေပုံပဲ၊ အဲဒီနောက် သူ့နှယ်မြေက လူငယ်တွေက သူ့ကို မွေးနေ့ လက်ဆောင်ပေးထားတဲ့ ရတနာကျောက်စီ လက်ဝါးကပ် တိုင်ကလေးကို အမှုမဲ့အမှတ်မဲ့ ထုတ်ပြလိုက်တယ်’

လေပြည်လေညင်းက နွေးနေသည်။ သို့တိုင် ဂျက်နက်သည် ဆတ်ခနဲတုန်သွား၏။

‘လက်ဝါးကပ် တိုင်ကလေးကို ကျွန်မ သတိရတယ်၊ ရတနာကျောက်တွေ စီခြယ်ထားတယ်လေ၊ ဆရာတော်က တိုဘက်ဒီဘက်လှန်လိုက်တော့ ကျောဘက်မှာ အမှတ်အသား တစ်ခု....’

‘ရှေးဟောင်းသင်္ကေတ တစ်ခုလေ၊ ယေရှုခရစ်တော်၊ ဘုရားသားတော်၊ ကယ်တင်ရှင် ဆိုတာကို ဂရိဘာသာ စကားနဲ့ အတိုကောက် ရေးထိုးထားတာ၊ ပုံစံက ငါးတစ် ကောင်လို ဖြစ်နေတယ်၊ အဲဒါဟာ ရှေးဟောင်း ဘုရား ကျောင်းမှာ မြင့်မြတ်တဲ့ အမှတ်လက္ခဏာလို့ ဆရာတော် ဂျူလီယံက ပြောတယ်’

‘အဲဒီအမှတ်သင်္ကေတကို တွေ့လိုက်ရချိန်မှာ ကျွန်မ သတိ လစ်သွားတယ်လို့ ထင်တာပဲ’

‘အဲဒါ လင်းကလှမ်းမိုးလိုက်တဲ့ အချိန်ပေါ့၊ ဒါပေမယ့် သူဟာ လက်ဝါးကပ်တိုင်၊ ဒါမှမဟုတ် ပိုပြီး တိတိကျကျ



ပြောရရင် အထိမ်းအမှတ်ရုပ်ပုံကို သေမယောက် ကြောက် နေတာကလား၊ နောက်တော့ သူဟာ ရေအိမ်ဆီကို ပြေး တော့တာပဲ’

‘လက်ဝါးကပ်တိုင်ကို တွေ့ပြီးတဲ့နောက် ကျွန်မပထမဆုံး ပြန်ပြီးသတိရတာက ညည့်ကြီးခန်းမှာ ရှင် ကျွန်မလက်မောင်း ကို ဖမ်းကိုင်လိုက်တာပဲ၊ ကျွန်မကို ပြန်ခေါ်လိုက်တာလေ’

ခေတ္တခဏမျှ သူ့အသံပြတ်တောက်သွားသည်။

‘လူမှန်စိတ်မှန်ဘဝကို ပြန်ရောက်အောင်ဆိုပါတော့’

‘ခင်ဗျာ့ကိုယ်ခန္ဓာကို အပိုင်စီးလုနီးပါးဖြစ်အောင်သွား တဲ့ လင်းတောလ်မင်းရဲ့ မကောင်းဆိုးဝါးဆီကနေ ဂျက် နက် အစစ်အမှန်ဘဝကို ပြန်ရောက်အောင် ခေါ်လိုက်တာ ပါ....’

‘အပိုင်စီးလုနီးပါး အပိုင်စီးသွားတာ’

‘အပြည့်အဝတော့ ကျွန်တော် သဘောမတူဘူး’

‘အာမင်ဒက်စကော့ ဝါရှင်တန်ကိုလာအောင် တယ်လီ ဖုန်းနဲ့မျှားခေါ်တယ်၊ အာမန်ဒက်စကော့က သူ့ကိုကြိုဆို လိမ့်မယ်လို့ ထင်နေချိန်မှာ ကျွန်မကသေနတ်နဲ့ပစ်သတ်တယ်၊ ဒီလိုဖြစ်လာအောင်လုပ်ဖို့ သူကကျွန်မကိုအသုံးချသွားတယ်၊ ကဲ....ကျွန်မကို အပိုင်မစီးဘဲ အဲ့ဒါတွေ သူဘယ်လိုလုပ်ပြီး စီစဉ်နိုင်မလဲ’

ဒက်စကော့ကို စကားပြောခဲ့တာ ခင်ဗျားမဟုတ်ဘူး လင်းကပြောခဲ့တာလေ၊ နောက်ပြီး သူက ခင်ဗျားကိုလုံးဝ

ဥဿုံ အပိုင်စီးထားတာ မဟုတ်ဘူး၊ ယုတ်စွအဆုံး လော လောဆယ် အချိန်အထိပေါ့'

'သူလုပ်ချင်တာတွေလုပ်ဖို့ ကျွန်မကို အသုံးချနေနိုင်တာ သိရက်နဲ့ ရှင်က ဘယ်လိုဖြစ်ပြီး အဲ့ဒီလို ပြောနိုင်ရတာလဲ'

'စောစောလေးကပဲ ကြည့်လေ၊ ခင်ဗျား ကျွန်တော် မပါဘဲ ထွက်မသွားဘူး၊ တကယ်တော့ လင်းကကျွန်တော် မပါဘဲ လစ်သွားဖို့ ရည်ရွယ်တာ ရှင်းနေတယ်လေ'

'ဒါပေမယ့် ရှင်....ကျွန်မကို ဖမ်းဆွဲထားလို့သာကိုး'

'ဝိဉာဉ်နှင်တဲ့အချိန်တွေမှာ ဘာတွေဖြစ်တတ်တယ် ဆိုတာကို ဆရာတော် ဂျူလီယံက ပြောပြခဲ့တယ်၊ အထောက်အထားမှတ်တမ်းတွေကိုလဲ ကျွန်တော်ဖတ်ခဲ့တယ်၊ မကောင်းဆိုးဝါးတွေ အနေနဲ့ သူတို့ပူးကပ်ခိုလှုံရမယ့်ရုပ်ခန္ဓာတွေမရှိတာတောင် သူတို့မှာ စွမ်းအားဘန်ခိုးတွေရှိတယ်၊ တကယ်လို့ စောစောလေးက လင်းလင်းဟာ ခင်ဗျားကိုလုံးဝဥဿုံ အပိုင်စီးထားနိုင်တယ်၊ တကယ်ပဲ ကျွန်တော်မပါဘဲ ထွက်သွားချင်တယ်ဆိုလို့ကတော့ သူ့အနေနဲ့ ကျွန်တော့်ကိုကြိုးလမ်းပေါ်မှာ လွင့်ထွက်သွားအောင် ကိုင်မြှောက်ပစ်နိုင်တာပေါ့၊ ဒါပေမယ့် ဂျက်နက်အစစ်ဟာ သူ့ကိုအဲဒီလိုလုပ်ခွင့် မပေးခဲ့ဘူး၊အဓိပ္ပာယ်က လင်းတောလ်မင်းရဲ့မကောင်းဆိုးဝါး ဝိဉာဉ်က ခင်ဗျားကို တစ်စိတ်တစ်ပိုင်း အပိုင်စီးထားနိုင်တာ မှန်တယ်၊ ဒါပေမယ့် ကျွန်တော့်ကို ချစ်နေတဲ့ ကျန်တစ်စိတ်တစ်ပိုင်းက သူ့ကိုဟန့်တားထားနိုင်သေးတယ်'



'သူဟာ တဖြည်းဖြည်း ပိုပြီး စွမ်းအားကြီးလာပြီ၊ သူ ကျွန်မကို အပိုင်ကိုင်ပြီး၊ ပုံမှန်ဘဝကို ပြန်ရဖို့ တစ်ကြိမ် ထက်တစ်ကြိမ် ပိုးပြီး ခက်ခက်လာတယ်'

'အဲဒီလိုဖြစ်နေတာကို ကျွန်တော်တို့မကြာမီအတွင်းပြုပြင် ကုသပစ်မှာပါ'

မိုက်က ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ပြော၏။

'ဘယ်လို ကုသမှာလဲ'

'ဝိဉာဉ်နှင်တဲ့နည်းနဲ့ပေါ့'

'အဲဒီနည်းတွေကို ခုခေတ်မှာ ဘယ်သူမှ အယုံအကြည် မရှိတော့ဘူး မိုက်၊ အဲ့ဒါတွေက စုန်းပညာ ကဝေပညာတွေ ပဲဟာ'

'ဆရာတော် ဂျူလီယံက ယုံတယ်၊ အဲဒီလိုပဲ မကောင်းဆိုးဝါးတွေ အပူးအကပ်ခံနေရတာကို နှင်ထုတ်ပြီးအကုစားခံပြီးတဲ့ လူတွေကလဲ ယုံတယ်၊ သူတို့အထဲက တချို့နဲ့ ကျွန်တော် စကားပြောကြည့်ပြီးပြီ၊ နောက်ပြီး ဝိဉာဉ်နှင်တဲ့ အမှုငါးမှုကို အထောက်အထားတွေနဲ့ မှတ်တမ်းတင်ဖော်ပြထားပြီး မကြာခင်ကမှ ထုတ်ဝေခဲ့တဲ့ စာအုပ် တစ်အုပ်ကိုလဲ ဖတ်ပြီးပြီ'

'အထောက် အထားတွေနဲ့ မှတ်တမ်း တင်ထားတယ်၊ ဟုတ်လား'

'အသံသွင်းစက်နဲ့ အသံသွင်း ထားတာတွေ၊ မျက်မြင် သက်သေတွေ၊ တချို့ အမှုတွေမှာ ရုပ်ရှင်တောင် ရိုက်ထားတယ်'

'သူ ဘယ်လောက်ထိ စွမ်းအားကြီးတယ်ဆိုတာ ရှင်မသိဘူး နော် မိုက်'

ဆက်ခနဲ တုန်သွားပြီး မိုက်၏လက်ကို လှမ်းကိုင်သည်။

'သူ လုပ်ချင်တာ တစ်ခုခုကို ကျွန်မက ဘားဆီးရင် ကျွန်မကို သတ်ပစ်ချင် သတ်ပစ်မှာ။ ဒါမှမဟုတ်လဲ သူ့တို ဆန္ဒ ကျင်ချင် လောက်အောင် ရှင့်ကို ကျွန်မချစ်နေတဲ့ အတွက် ရှင့်ကို သတ်ပစ်ချင် သတ်ပစ်မှာ'

'ဒါဆို ခင်ဗျားကို မကောင်းဆိုးဝါး တစ်ကောင်က ပူးကပ်နေတယ် ဆိုတဲ့ ဆရာတော်ဂျူလီယံရဲ့ ရောဂါအမည်တစ်ခုကို ခင်ဗျားလက်ခံတယ်ပေါ့'

'လက်ခံတယ်၊ ဟုတ်လား၊ ကျွန်မ အာမန့်ဒက်စကောကို သတ်လိုက်တယ်၊ အဲ့ဒီနောက်ပိုင်း ကျွန်မက သူ့ကို မျှားခေါ်ခဲ့တယ် ဆိုတာကို ရှင်က သက်သေ ထူခဲ့တယ်၊ အဲ့ဒီကတည်းက ကျွန်မကို မကောင်းဆိုးဝါးတစ်ကောင် ပူးကပ်နေပြီဆိုတာကို ယုံခဲ့တာရှင့်'

'မျှားခေါ်ခဲ့တာ ခင်ဗျားမဟုတ်ပါဘူး၊ လင်းပါ'

'ကျွန်မတို့ဟာ တစ်ကိုယ်တည်းနဲ့ နှစ်ပိုင်း ဖြစ်နေတာ၊ ခုဆို စိတ်တစ်စိတ်တည်းတောင် ဖြစ်လာ....'

'ကံကောင်းချင်တော့ ခင်ဗျားတို့နှစ်ယောက်စလုံး တစ်ယောက် လုပ်တာတွေကို တစ်ယောက်က မှတ်မိ နိုင်စွမ်း မရှိဘူးလေ'

'ကျွန်မကတော့ အဲဒါကိုတောင် သိပ်စိတ်မချတော့ဘူး၊ သူ ဘာလုပ်တယ်ဆိုတာတွေကို ကျွန်မ မမှတ်မိတာမှန်တယ်၊



အိပ်မက်တစ်ခုရဲ့ အပိုင်းအစလေးတွေကို ပြန်ပြီး သတိရသလောက်ပဲ ရှိတယ်၊ ဒါပေမယ့် အပိုင်းအစတွေကလဲ တစ်ခုနဲ့ တစ်ခု ဘာမှဆက်စပ်လို့ မရဘူး၊ ဒါပေမယ့် သူ့ကိုယ်ပွားက ကျွန်မကို ထိန်းမထားပေမယ့်လဲ ကျွန်မစိတ်ထဲမှာ ဘာရှိနေတယ်ဆိုတာကို သူသိနေတယ်လို့ ကျွန်မ ထင်တယ်၊ အဲဒါ သူ့စွမ်းအားက ထက်မြက်လာတာနဲ့အမျှ သူ့ရဲ့သိနိုင်မှု စွမ်းအားကလဲ တိုးတိုးလာနေတယ်လို့ ကျွန်မ ထင်တယ်'

'ဒီတော့ ဝိညာဉ်နှင်တဲ့နည်းနဲ့ ကုသဖို့ ပိုပြီး လိုအပ်သလို ဖြစ်လာတာပေါ့၊ အရေးကြီးတာက ခင်ဗျားကိုယ်တိုင်က ကော အဲဒီနည်းနဲ့ ကုသချင်တဲ့ဆန္ဒ ရှိရဲ့လားဆိုတာပဲ'

'သူက ကျွန်မကို သတ်ပစ်ချင်လဲ သတ်ပစ်ပါစေတော့၊ ကျွန်မ ပုံမှန်ဘဝကို ပြန်ရဖို့ဆိုရင် ဘာမဆိုလုပ်မယ်ရှင်'

'ခင်ဗျားကို သတ်လိုက်ရင် ခင်ဗျာ့ခန္ဓာကိုယ်ကို သူ စွန့်လွှတ်လိုက်ရမှာပေါ့၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် သူ နောက်ထပ် ကြံစည်နေတဲ့ရက်စက်ယုတ်မာမှုတစ်ခုခုကို အကောင်အထည် ဖော်ဖို့ ခင်ဗျားရဲ့ ခန္ဓာကိုယ်ကိုလောလောဆယ်တော့လိုအပ် နေဦးမှာပဲ'

'ရှင်က ဘယ်လိုလုပ်ပြီး အဲဒီလောက် အပ်ချမတ်ချပြော နိုင်ရတာလဲ'

'အာမန်ဒက်စကောဟာ ချီကာဂိုက မိစ္ဆာဝါဒီဂိုဏ်းမှာ လင်းတောလ်မင်း ရထားတဲ့ ခေါင်းဆောင်နေရာကိုလုနေတဲ့ လူနော်၊ အဲဒီလူ အသတ်ခံရအောင် ဝါရှင်တန်ကိုဖြားယောင်း ခေါ်လိုက်တဲ့ ဘင်ကွက်ကလေးရယ်... နောက်ပြီး တခြား

ဂိုဏ်းသားတွေ ဒီကိုလိုက်လာကြဖို့ ခေါ်လိုက်တာရယ်ကို ကြည့်ရင် သူဟာအကြမ်းဖက်မှုအသစ်တစ်ခုလုပ်ဖို့ကြံစည်နေတယ် ဆိုတာ ထင်ရှားတယ်'

'ကျွန်မခန္ဓာကိုယ်ကို အသုံးချပြီးတော့ပေါ့၊ သူလုပ်တာကို တားဆီးဖို့ နေနေသာသာ ကျွန်မကိုယ် ကျွန်မတောင် မသေအောင် မကာကွယ်နိုင်တဲ့ ဘဝနဲ့ပေါ့လေ'

'အဲဒါကို စဉ်းတောင် မစဉ်းစားနဲ့ဗျာ၊ ခင်ဗျားမှာ အရေးပါတဲ့ တစ်ပန်းသာမှုတစ်ရပ် ရှိနေတယ်၊ သူဘာလုပ်ဖို့ ကြံစည်နေသလဲတော့ မသိဘူး၊ ဘာပဲဖြစ်ဖြစ်ပေါ့... အဲဒီ အကြံအစည်ကို အကောင်အထည်ဖော်ဖို့ ခင်ဗျာ့ခန္ဓာကိုယ်ကို လိုအပ်နေတယ်၊ ဒီတော့ လင်းတောလ်မင်းရဲ့ ဝိညာဉ်ဆိုးကို ကျွန်တော်တို့ မောင်းထုတ်လိုက်နိုင်ရင် သူဟာ ဘာ့ယ်ရာမဲ့ ဖြစ်သွားမှာပဲ'

'နောက်ထပ် တစ်စုံတစ်ယောက်ကို မပူးကပ်နိုင်သေးသရွေ့ပေါ့'

'ဆရာတော်ဂျူလီယံ ပြောတဲ့အတိုင်း ဆိုရင် အစွဲချွတ်နည်းနဲ့ ဝိညာဉ်ကို အောင်အောင်မြင်မြင် နှင်လိုက်နိုင်ရင် အဲဒီ မကောင်းဆိုးဝါး ဝိညာဉ်ဟာ သူပူးကပ်ထားတဲ့ ခန္ဓာကိုယ်ကို စွန့်ခွာရရုံ မဟုတ်ဘူး၊ တစ်နည်းတစ်ဖုံ အားဖြင့် မစွမ်းမသန်၊ ဒါမှမဟုတ် သူ့ရဲ့စွမ်းအားတန်ခိုးတွေ အားပျော့သွားတယ်တဲ့၊ နောက်တစ်ခု ရှိသေးတာက သူတို့ကို ဝိညာဉ်နှင်နေစဉ်အတွင်းမှာ သူတို့က ပါတ်ဟန်တစ်လုံးနဲ့ကြားဝါတတ်တယ်၊ ဘယ်လို ယုတ်မာပက်စက်မှုမျိုးတွေ ဘာ ကျိုး



လုပ်ပြမယ် ဆိုတာမျိုးပေါ့၊ ဒီတော့ လင်းကို ခင်ဗျာ့ကိုယ်ထဲက နှင်ထုတ်ပစ်ရုံမဟုတ်ဘူး၊ သူ လောလောဆယ်ကြံစည်နေတဲ့ ယုတ်မာပက်စက်မှုကိုလဲ ဖျက်ဆီးပစ်လို့ ရတာပေါ့'

'ဆရာတော်ဂျူလီယံကို လျှောက်ထားပါ....မြန်မြန်ဆန်ဆန် ကူစားပေးပါတော့လို့၊ ကျွန်မတို့ သူ့ကိုအမြန်ဆုံး နှင်မထုတ်နိုင်ရင် ကျွန်မတို့ သိပ်နောက်ကျသွားတော့မယ်လို့ အာယိတ်ဆိုး နိမိတ်ဆိုးတွေ မြင်နေပြီရှင့်'

* * *

'ဂျက်နက်ကတော့ အသင့်ဖြစ်နေပါပြီ ဆရာတော်၊ တပည့်တော်တို့ အမြန်ဆုံးစ,ချင်ပါတယ် ဖခင်'

ထိုနေ့ညနေပိုင်း ဘုန်းကြီးကျောင်းသို့ရောက်သောအခါ မိုက်က ဆရာတော်ဂျူလီယံအား လျှောက်ထားသည်။

'ကျုပ်ရဲ့ပြက္ခဒိန်ကို ကြည့်ပါရစေဦး၊ ဒကာမကြီးမီးစ်ဘတ် အရှင် အမှုအတော်များများ ရက်ချိန်းပေးထားတာ ကျုပ် သိတယ်'

'ဆရာတော် တစ်ဆိတ်လောက် ရှေ့နောက်ပြောင်းပေးနိုင်မလား'

'ဝိညာဉ်နှင်တယ်ဆိုတာ အဆောတလျင်လုပ်လို့မကောင်းတဲ့ ကိစ္စကွယ့်၊ ကျုပ်တို့ လိုအပ်တဲ့ ပြင်ဆင်မှုတွေ လုပ်ရဦး

မယ်၊ ဒီတော့ အစောဆုံးလုပ်နိုင်မှာ အလုပ်သမားနေ့ရဲ့ နောက်တစ်ပတ်အတွင်းမှာ ဖြစ်သွားလိမ့်မယ်'

'ပြင်ဆင်မှုတွေ....ဟုတ်လား၊ ဘယ်လိုပြင်ဆင်မှုမျိုးတွေ ပါလိမ့်'

'ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုတွေ ပြည့်ပြည့်စုံစုံ မလုပ်ရသေးသရွေ့ ကျုပ်တို့ ဝိညာဉ်နှင်မှုကို မလုပ်ဘူး၊ ဥပမာ လူနာရဲ့ နှလုံးအားစိုက်မှု ဘယ်လောက်များပြားသလဲဆိုတာမျိုးပေါ့၊ တကယ်တမ်းပြောရရင် ကျန်းမာရေးကောင်းတဲ့ လူကလွဲရင် ခန္ဓာကိုယ်တစ်ခုလုံးဟာ အသက်အန္တရာယ် ဖြစ်လောက်အောင် မကြာမကြာ ဒုက္ခပေးတတ်တယ်'

'ဆရာတော် သူ့ကို နေ့လယ်က တွေ့ခဲ့သားပဲ၊ သူက ကျန်းမာရေးကောင်းနေတဲ့ပုံပဲ'

'ခုလောလောဆယ် အနေနဲ့ ကျုပ် သဘောတူတယ်၊ ဒါပေမယ့် သူဟာ လွန်ခဲ့တဲ့ လအနည်းငယ်ကပဲ လေယာဉ်ပျက်ကျတဲ့ ဒဏ်ကြောင့် သေလုမြောပါး ခံစားခဲ့ရတယ် မဟုတ်လား၊ ဒီတော့ ပေါ်မလာသေးတဲ့ အကျိုးဆက်တွေ မရှိဘူးလို့ ပြောနိုင်မလား'

'ဖြစ်နိုင်ပါတယ် ဖာသာ'

မိုက် အင်တင်တင်ဖြင့် ဝန်ခံလိုက်ရ၏။

'ဒါ့အပြင် စိတ်ရောဂါကုဆရာဝန် တစ်ယောက်က ပတ်ပတ် နပ်နပ် စစ်ဆေးကြည့်ရှုမပြီးမချင်း ကျုပ်တို့က ဝိညာဉ်နှင်မှု မပြုလုပ်ဘူး'



'အဲဒါကိုဒေါက်တာမက်ကာသီ ဆောင်ရွက်နေပါတယ်၊ တပည့်တော် တင်ပါတယ်၊ သူ့ဆောင်ရွက်မှုက ရက်ပိုင်းအတွင်း ပြီးသွားမှာပါ'

'ဒါဆို ပြင်ဆင်မှုတွေ ပြုလုပ်ပြီးပြီဆိုပါတော့၊ ဒီတော့ စက်တင်ဘာလလယ်မှာ လုပ်ပေးဖို့ ဒကာမကလေးကို ရက်ချိန်း ပေးလိုက်မယ်'

'သူကတော့ စောင့်ချင်မှာမဟုတ်ဘူး ဆရာတော်၊ ဒါပေမယ့် တပည့်တော် သူ့ကို နားချနိုင်ပါတယ်'

မည်သို့ဖြစ်စေ ဂျက်နက်ကို နားချရသည်မှာ သူထင်ထားသည်ထက် လွယ်ကူနေပါသည်။ နေ့လယ်ကဆို ဝိညာဉ်နှင်ရမည့်အလုပ်ကို တွေးပြီး ဂျက်နက် စိတ်ဓာတ်ကျပြီး ကျန်ခဲ့သည်။ ယခု မိုက်က ဆရာတော်နှင့် ညှိနှိုင်း၍ ပြန်လာပြီး တယ်လီဖုန်း ဆက်တော့ ဂျက်နက်တစ်ယောက် စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေပြန်သည်။

'ဘာဖြစ်လို့ ဒီလောက်တောင် မြူးနေ့တာလဲ'

'အံ့ဩစရာ အကောင်းဆုံးကိစ္စတစ်ခု ဖြစ်သွားတယ် မိုက်ရေ့၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က အာရုံခံအမြင်နဲ့ပတ်သက်ပြီး ကျွန်မရေးခဲ့တဲ့ ဆောင်းပါးကို မှတ်မိလား၊ ရန်းဒေါ်မက်ကာသီ ဒီက တက္ကသိုလ်ကိုမလာမီ စတင်းဖို့ သုတေသနဌာနမှာ အဲဒီပညာရပ်နဲ့ပတ်သက်ပြီး လက်တွေ့ စမ်းသပ်မှုတချို့တောင် လုပ်ခဲ့သေးတယ်လေ'

'မှတ်မိပါတယ်၊ ဒီပညာက သိပ်ကောင်းတယ်၊ ဒါပေမယ့် ယုံရခက်တယ်'

'ဌာနကိုတင်တဲ့ ရန်းဒေါ်ရဲ့ အစီရင်ခံစာတွေကို ကျွန်မ ဖတ်ရတယ်၊ အဲဒါတွေကို ရှင်ဖတ်ပြီးရင် ရှုပ်ယှက်သွားမှာပါ၊ တကယ်တော့ ကျွန်မက နော့သ်ဝက်စတန်းမှာ သတင်းစာပညာနဲ့ မဟာတန်းတက်နေကတည်းက စောင်ရေများတဲ့ မဂ္ဂဇင်းကြီးတစ်စောင်ကိုထိုးဖောက်ဝင်ရောက်နိုင်ဖို့ကြိုးစားနေခဲ့တာလေ၊ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး၊ ကဲ....ဒီနေ့တော့ မနက်စောစောစီးစီး လေးဒီးစ်ဟုမ်း ဂျာနယ်ကအယ်ဒီတာက ဖုန်းဆက်တယ်၊ အာရုံခံအမြင်နဲ့ ပတ်သက်လို့ ရန်းဒေါ်နဲ့တွေ့ပြီး ဆောင်းပါးတစ်ပုဒ် ရေးပေးနိုင်မလားတဲ့၊ ဒီတော့ ကျွန်မလဲ ရတဲ့အခွင့်အရေးကို မလွှတ်တမ်း ဖမ်းကိုင်လိုက်တော့တာပေါ့'

'အဲ့ဒါ သိပ်ကောင်းတာပေါ့ အချစ်ရယ်၊ ဒါပေမယ့် ကျွန်တော် ဆရာတော် ဂျူလီယံနဲ့ ဝိညာဉ်နှင်ဖို့ကိစ္စတွေ စီစဉ်ခဲ့တာ ဘယ်နှယ်လုပ်မလဲ'

'အဲ့ဒီကိစ္စက ဆိုင်းလို့ရပါတယ်၊ မဟုတ်ဘူးလား၊ ဂျာနယ်က ဆောင်းပါးကို ချက်ချင်း လိုချင်နေတာ ရှင်ရဲ့'

'အဲ....ကျွန်တော်ပြောချင်တာက....'

'ဆရာတော် ဂျူလီယံကဘယ်တော့လောက်လုပ်ချင်တာတဲ့လဲ'

'အဆင်အပြေဆုံးက စက်တင်ဘာလလယ်ပဲ'

'ဂျာနယ်အတွက် ဆောင်းပါးက အဲဒီရက်မတိုင်မီ ပြီးသွားမှာပါ၊ သူတို့က အလုပ်သမားနေ့အလွန် အင်္ဂါနေ့မှာ ပေးဖို့ ရက်သတ်မှတ်ထားတယ်'



'ဆရာတော်က ဆေးဘက်ဆိုင်ရာနဲ့ စိတ်ဘက်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှုတွေ မဖြစ်မနေ ပတ်ပတ်နပ်နပ်လုပ်ဖို့လဲပြောနေတယ်'

'စိတ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုတွေကို ရန်းဒေါ်လုပ်တာ ပြီးသလောက်ရှိနေပြီ၊ ကျန်းမာရေးအရတော့ခုဆို ကျွန်မဟာ မြင်းတစ်ကောင်လို ဒေါင်ဒေါင် မြည်နေတာပဲဟာ၊ ကျန်တဲ့ကိစ္စတွေကတော့ တက္ကသိုလ်ဆေးရုံက သီးသန့်ရောဂါရှာဖွေရေး ဆေးခန်းကို နှစ်ရက်လောက် သွားပြီး အစစ်ဆေးခံလိုက်ရင် ပြီးသွားမှာပါ'

'ကျွန်တော် လက်ခံလာအောင် ခင်ဗျား နားချနိုင်ပါပေတယ်၊ အဲ....အဲ့ဒီလို နောက်ကျနေတဲ့အတွက် ကျွန်တော် စိုးရိမ်တာ တစ်ခုပဲ ရှိတယ်'

'ဘာများပါလိမ့်'

'ခင်ဗျာ့ကိုယ်ထဲက သင်းဟာ ခင်ဗျာ့အသိနဲ့ခင်ဗျာ့စရိုက်ကိုတောင် ပုံတူကူးနိုင်လောက်အောင် ဆန်းကြယ်တဲ့ အရည်အချင်းတစ်မျိုး ရှိနေပြီ၊ ကျွန်တော်ကတော့ ကျွန်တော့်ကို အရူးလုပ်တဲ့အဆင့်ထိ ကျော်မလာပါစေနဲ့လို့ပဲ ဆုတောင်းတယ်'

'ရှင့်အတွက်တော့ ကျွန်မက မစိုးရိမ်ပေါင်၊ ရှင်ကတော့ ထင်ချင်ထင်မိမယ်၊ ကျွန်မဟာ အရှက်မရှိဘူးလို့၊ ဒါပေမယ့် ကျွန်မလေ တစ်ခါတစ်ခါ စဉ်းစားတယ် သိလား၊ ခရမ်းရောင် ကြောင်ကလေးကနေပြီး ရှင် ကျွန်မကို ပြန်ခေါ်လာ

တဲ့ညက ဦးလေးဂျော့သာ ဝင်မလာရင် ဘယ်လောက်ကောင်းမလဲလို့'

မိုက် ရယ်မောလိုက်၏။

'ကျွန်တော် တစ်ခါက ပြောဖူးတယ်လေ၊ အိပ်ခန်းထဲမှာ အထိန်းအကွပ်မဲ့တဲ့ ဇနီးမယားမျိုးကိုယောကျ်ားတိုင်းလိုချင်ကြတယ်လို့၊ ကြည့်ရတာ ကျွန်တော်လဲ အိပ်ခန်းထဲမှာဖဲဒိမိန်းကလေးမျိုး တွေ့ရတော့မယ် ထင်ပါရဲ့၊ နောက်ဆုံးကျတော့ အဲဒီ မိန်းကလေးဟာ လင်းပဲ့ဖြစ်နေနေ၊ ဂျက်နက်ပဲဖြစ်နေနေပေါ့'

'လင်းတော့ မဖြစ်ပါစေနဲ့အချစ်ရယ်၊ လင်းတော့ မဖြစ်လိုက်ပါရစေနဲ့'

ဒုတိယပိုင်းပြီး။

(တတိယ ဇာတ်သိမ်းပိုင်းကို ဆက်လက် ဖတ်ရှုပါရန်)

၃၆။

'သေတဲ့လူက ဘယ်သူဘယ်ဝါမျှား စဉ်းစားမိလား'

ဤကား မိုက် ပထမဦးဆုံးမေးသည့် မေးခွန်းဖြစ်၏။

'ကျွန်မ မြင်ဖူးတဲ့အထဲက မဟုတ်ဘူး၊ ကျွန်မ လိဗီကြည့်နေတုန်း သူက နောက်ဖေးက သံဆန်ကာ တပ်ထားတဲ့အခန်းသေ့ကိုဖျက်ပြီး အိမ်ထဲ ဝင်လာတာ၊ သူ...သူက ကျွန်မကို မတရားကျင့်ဖို့ ကြိုးစားခဲ့တာ'

'ပစ္စတိုက ဘယ်မှာလဲ'

'ကြမ်းပြင်ပေါ်မှာ၊ သူလဲကျသွားတာတွေ့တာနဲ့ ကျွန်မလဲ သေနတ်ကိုပစ်ချလိုက်တယ်'

'သူသေပြီဆိုတာ သေချာရဲ့လား'

'သေမှာပဲ၊ သူ့နဖူးမှာ အပေါက်တစ်ပေါက် ဖြစ်ပြီးကော်ဇောပေါ်မှာ သွေးခတွေကော ဦးနှောက်တွေကော



ပြန့်ကြဲနေတာရှင့်၊ ကျွန်မမှာ ရွေးစရာလမ်း မရှိတော့ဘူးမိုက်'

သူ့အသံသည် သွေးရူးသွေးတန်း ဖြစ်လာပြန်သည်။

'မှန်တင်ခုံအံဆွဲထဲက ပစ္စတိုကို ကျွန်မ ဆွဲထုတ်လိုက်တာလဲ တွေ့ရော သူက ပစ္စတိုလေးကို ဆွဲထုတ်တယ်လေ၊ အဲဒီသေနတ်ကလေးလဲ ကြမ်းပြင်ပေါ်မှာပဲ၊ သူ့လက်ထဲက လွတ်ကျသွားတာ'

'အဲဒါကိုသွားမထိနဲ့၊ ပြီးတော့ အနေအထားတွေကိုလဲ ပြောင်းမပစ်နဲ့၊ လက်ဆေးကြွေခွက်အပေါ်ဘက်မှာ ရဲတပ်ဖွဲ့နဲ့ မီးသတ်ဌာန ဖုန်းနံပါတ်တွေ ချိတ်ထားတာ သတိရလား'

'အင်း....'

'ရဲမှူးကြီးရုံးခန်းကိုဆက်ပြီး ဖြစ်ပျက်သမျှကို ပြောပြ၊ ပြီးတော့ ကိုဗင်တို့အိမ်က ရန်းဒေါမက်ကာသီကိုလှမ်းဆက်၊ ခင်ဗျားဦးလေးနဲ့ကျွန်တော်တို့ ရောက်လာတဲ့အထိ ခင်ဗျားနဲ့အတူလာနေပေးဖို့ သူ့ကိုပြော'

'ဟုတ်....ဟုတ်ကဲ့၊ ဒါပေမယ့် မြန်မြန်လာနော်'

'စိတ်ချောက်ချား မနေနဲ့၊ ခင်ဗျားလုပ်တာ မှန်တယ်၊ အဲဒီလူဟာ ဘယ်သူပဲဖြစ်ဖြစ်.... ဒီလူဟာ လက်နက်ကိုင်ပြီး ခင်ဗျားကို စော်ကားတာ၊ ဒီတော့ သူ့ကို ပစ်သတ်ခွင့် ခင်ဗျားမှာရှိတယ်၊ အစစအရာရာ အဆင်ပြေသွားမှာပါ'

'ကျွန်....ကျွန်မလဲထင်ပါတယ်၊ ကျွန်မ တယ်လီဖုန်းချပြီး ရဲမှူးကြီးဆီကိုဆက်ရင် ပိုကောင်းမယ်ထင်တယ်'